# အကြိုမှာ သိပါသည်

မောင်စိန်ဝင်း(ပုတီးကုန်း)

2019.GRAPHIC DESIGN : KYAW MINN MOUNG

ပုံနှိပ်မှတ်တမ်း


**ထုတ်ဝေသည့်ကာလ**
၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (စတုတ္ထအကြိမ်)

**ပုံနှိပ်တိုက်**
ဖြိုးဝေလျှံပုံနှိပ်တိုက်၊
ဒေါ်ယဉ်ယဉ်မွန် (၀၀၂၃၈)

**မျက်နှာဖုံး**
ကျော်မင်းမောင်

**ထုတ်ဝေသူ**
ဒေါ်သန်းသန်းဌေး (၀၀၄၃၄)၊
လဝန်းရိပ်စာပေ
အမှတ် (၂၅)၊ (၆)လွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၉ ၅၄၀၃၃၂၁၊ ၀၉ ၅၁၃၉၂၆၄၊
၀၁ ၃၉၁၃၂၂

**ဖလင်** - Eagle
**စာအုပ်ချုပ်** - ရွှေသမီး
**အုပ်ရေ** - ၅၀၀ အုပ်
**တန်ဖိုး** - ၄၅၀၀ ကျပ်



အချိန်မှာ သိပါသည်
မောင်စိန်ဝင်း (ပုတီးကုန်း)
2019 GRAPHIC DESIGN : KYAW MINN

# ကျေးဇူးတင်လွှာ

ပုဂံမြို့ သ/မဟိုတယ် ညောင့်ကြီးရွာနမှ ကိုသန်းညွှန့်
အား ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

မောင်စိန်ဝင်း (ပုတီးကုန်း)

# အရိန္ဒမာ သိပါသည်

မြင်ကာတည်းက
ရင်ထဲက စွဲခဲ့တယ် မဏိစန္ဒာ။

တုရင့်တဂ္ဂျာ မတော်မတရားနဲ့
အရှင့်အာဏာ စော်ကားခဲ့သူမို့
ပြော် ... ဓားထိကာ အသေသတ်ရင်လည်း
ကျေနပ်မှာပါ။

မလျော်တာ အကော်ကြံဆမိလို့
အနော်ရထာ မျက်မာန်ရှမှာလည်း
ခံရမယ် အသေအချာသိပေမယ့်
သေနာရှိသူရင်မှာ မအေးလေတော့
သေတေားကိုတဲ့ မမြင်သာ
အကြွင်နာက နှစ်ဆင့်ပိုကဲ။

မသင့်လျော်တာ၊ ချစ်လာခဲ့သူမို့
အရှင့်အပေါ် မှာ သစ္စာမဲ့သူလို့
ကဲ့ရဲ့ကာ ဆိုချင်ဆို
ငြိဖြင်လိုက ငြိဖြင်လိုက်
ကိုယ့်ထိုက်နဲ့ ကိုယ့်ကြမ္မာမို့၊
တုရင့်အာဏာ မပီဆန်ရဲတာကြောင့်
လက်လွှဲကာ ရှေ့တော်ဆက်ရပေမယ့်
မွှေ့ပျော်ရက်တယ် သခင် ထင်သလား
ရင်ခွင်မှာ ဆယ်နေကဲသလို
အမြဲပူလောင်လှချည်ရဲ့
ကြိုးနောင်ကာ အရှင်တည်းပါလို့
ရင်ထဲကို လှံမထိခင်က
ချစ်မိသူ အသည်းကြွေပြုန်းကာ
(မဏိစန္ဒာရယ် . . .)
ကိုယ်ကတော့ အမြဲသေဆုံးခဲ့ပြီပဲ။

ဒီနေ့ သစ်ပင်တွေဟာ မနေ့က လေရဲ့တိုက်ခတ်ခြင်းကို မခံရနိုင်တော့ပါဘူး။ ဒီနေ့ နေမင်းဟာ မနက်ဖြန် သစ်ပင်တွေပေါ်ကို နေရောင်ဖြာမကျနိုင်တော့ပါဘူး။

ကျနေအောက်တွင် လွှမ်းမောစရာ လှမ်းမြင်နေရသော တုရင်တောင်ခြေကို လှမ်းငေးမိရင်း ဖတ်ဖူးသောစာတစ်ပုဒ်ကို ပြန်သတိရသည်။ မနေ့က ဒီနေ့နှင့် မနက်ဖြန်တို့၏ အဆက်အစပ်ကို တွေးမိ၏။ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်သည် ဘဝမှာ တစ်စပ်တည်း ရှိနေကြပါသလား။ ထာဝရပြောင်းလဲဖြစ်တည်နေတတ်သော လောက၏ မမြဲခြင်းသဘောကို ဖော်ကျူးပြသနေပါသလား။

စီယာရင်းကို လက်ဖြင့် တင်းတင်းဆုပ်ထားလိုက်မိ၏။
ပုဂံ၏အရိပ်အငွေ့ကို စတင်ခံစားရပြီလေ။
မကြာမီ ပုဂံကိုရောက်တော့မှာပါလား။

■

ကျွန်တော် သွားနှင့်မယ် အန်တီဟု အခန်းဝမှလှမ်းပြောသည်။ အခန်းတံခါးတစ်ချပ်ပွင့်လာပြီး သွားနှင့်သွားနှင့် စားချင်တာမှာထားလိုက်ပါကွယ်ဟု အန်တီမေက ပြန်ပြော၏။

ညွှေ့ဂေဟာ အဆောက်အအုံအတွင်းမှ ထွက်ခဲ့ပြီး ပန်းခြံလေးကို ဖြတ်လျက် ခုံတန်းလျားဆီသို့ အကြည့်ရောက်သည်။ စူးနှင့်ထိခိုက်ဖွယ် ခံစားမှုဟု ဘာသာသိ၏။ ပန်းအိချုံတို့ကို ကျော်ဖြတ်လျက် စားသောက်ခန်းရှိရာ မျက်နှာ

မှုသည်။ ကန်တော့ပလ္လင် ဂူဘုရားကြီးကို လှမ်း၍ဖူးမြော်မိရင်း သတိတရ ဖြစ်ချင်နေသည့်စိတ်ကို ပြန်လည်ထိန်းချုပ်၏။ အရာရာသည် ထာဝရပျောင်းနွမ်းသွားနိုင်ပါလျက် ပျိုမြစ်ဆဲခံစားမှုကို အံ့ဩရပြန်သည်။ သည်နေရာမှာ တည်းရတော့မည်ဆိုတော့ မခိုင်သည့်စိတ်ကြောင့် တထိတ်ထိတ် ရင်ခုန်ချင်သေး၏။

"ဟော့ကောင် ... ရဲ"

ဆိုင်ထဲသို့လှမ်းအဝင် ခေါ်သံကြားရာ ထောင့်စားပွဲဆီသို့ လှမ်းကြည့်လိုက်မိသည်။

"ဟော့ကောင်...သိန်းဇော်"

နှုတ်မှအသံထွက်ပြီး သိန်းဇော်ရှိရာ စားပွဲဆီသို့ သွားလိုက်၏။ သိန်းဇော်က မတ်တတ်ရပ်လျက် ကြည့်စမ်း ... မင်းနည်းနည်းတောင် ဝလာတယ်ဟု ပြောပြီး ပခုံးကိုဖက်သည်။ သိန်းဇော် ပခုံးကို ပြန်ပြီးဖက်ထားလိုက်ရင်း မင်း ဘယ်လိုလုပ် ဒီရောက်နေတာလဲ သိန်းဇော်ဟု မေးလိုက်၏။

"ကားငှားလို့ လိုက်လာတာကွ ...။ အခုနေ့လယ်ပဲ ငါ ပြန်တော့မလို့။ ထိုင်ကွာ၊ မင်းကရော တစ်ယောက်တည်းလား"

နှစ်ယောက်သား ထိုင်လိုက်ကြသည်။

"အန်တီမေနဲ့ သက်ပါတယ်။ သူတို့က ကားမောင်းမယ့်လူ မရှိလို့ လိုက်ခဲ့ပါခေါ်လို့ ပါလာတာ"

စီးကရက်မီးညှိရင်း သိန်းဇော်က သူ့မျက်နှာကို ကြည့်သည်။

"အေးကွာ ... တိုက်တိုက်ဆိုင်ဆိုင်"

စီးကရက် မီးခိုးငွေ့တို့ကို မှုတ်ထုတ်လျက် သိန်းဇော်က ပြော၏။

"ဘာတိုက်တိုက်ဆိုင်ဆိုင်လဲကွ"

"မဟုတ်ပါဘူး" ဟု ပြောလျက် စကားကိုဖြတ်သည်။

"မင်းနဲ့ မတွေ့တာကြာလှပြီ။ ပုဂံမှာ တိုက်တိုက်ဆိုင်ဆိုင် ပြန်ဆုံတာကို ပြောတာပါ" ဟု ဆက်ပြောလျက် စီးကရက်ဗူးကို ရှေ့တိုးပေး၏။

"မင်း လှမြင့်နဲ့တော့ ခဏခဏ တွေ့တယ်မဟုတ်လား။ ငါလည်း လှမြင့်နဲ့တော့ တွေ့ပါတယ်"

"ငါက ကားသမားဆိုတော့ ခဏခဏ မတွေ့ဖြစ်ပါဘူးကွာ။ ဒါပေမဲ့ ... မင်း ပထမ တစ်ခေါက်ပြန်လာပြီး ကားရောင်းသွားတာလည်း ငါ သိလိုက်တယ်။ နောက်တစ်ခေါက် ပြန်လာပြီး စာမေးပွဲအောင်လို့ အဆင့်တက်သွားတယ်ဆိုတာရော၊ လက်ထပ်တော့မယ် ဆိုတာတွေပါ ကြားတယ်ဆိုပါတော့ကွာ"

"ချက်ချင်း လက်မထပ်သေးပါဘူးကွာ"

"အားလုံးပြည့်စုံနေပြီပဲကွာ၊ ဘာလိုသေးလို့လဲ" ဟု ပြုံးရင်းပြောသည်။

"ဒါပေမဲ့ ..."

ပြောလက်စ စကားကို မဆက်ဖြစ်ဘဲ ဖြတ်လိုက်ပြီး သက်ပြင်းငယ်တစ်ခုကို ချမိသည်။

"ငါ နောက်တစ်ခေါက်ပြန်လာမှ အေးအေးဆေးဆေးပဲလို့ စဉ်းစားထားတယ်" ဟု စကားကို အဆုံးသတ်လိုက်၏။

သိန်းဇော်က သူ့ကို ဘာမှပြန်မပြောသော်လည်း ပြုံးလျက် ကြည့်နေဆဲ။ ကျောင်းကတည်းက အတူတွဲလာတဲ့သူတွေပါ ရဲရယ်ဟု စိတ်ထဲက ပြောနေမည်လားဟု ရဲအောင် တွေး၏။

"ဟိုကလာနေတာ အန်တီမေနဲ့ သက်လေ"

မေးငေါ့ပြရင်း အဝင်ဝဆီသို့ကြည့်လျက် ပြော၏။

"ယောက္ခမလောင်းနဲ့ ဇနီးလောင်းပေါ့ ဟုတ်လား ... ရဲ၊ မင်း ကံကောင်းပါတယ်ကွာ၊ သက်ကလည်း ချောတာပဲ"

သိန်းဇော်မျက်နှာဆီသို့ ဖျပ်ခနဲ အကြည့်ရောက်သည်။ သိန်းဇော်ကို ဘာမှတော့ ပြန်မပြောဖြစ်တော့။ ငါ သွားမယ်ဟု နှုတ်ဆက်လျက် သိန်းဇော် ထသွားသည်။

■

"သိပ်ပြီး ကြီးကျယ်ခမ်းနားတာပဲ"

သဗ္ဗညုဂူတော်ကြီးကို မော့ကြည့်ရင်း အန်တီမေက ဆိုသည်။

"ပုဂံမှာ အမြင့်ဆုံးအဆောက်အအုံလို့ ပြောတယ် မေမေ၊ ပေ ၂၀၀ ကျော် ရှိတယ်တဲ့"

သက်က သူ့မေမေကို ရှင်းပြနေသည်။

"ဒီလိုကြီးကျယ်ထည်ဝါတဲ့ အဆောက်အအုံမျိုးကို တို့ဗမာတွေ ပုဂံခေတ်ကတည်းက ဆောက်နိုင်ကြတယ်ဆိုတာ ဂုဏ်ယူစရာပေါ့ သမီးရယ်"

"အပေါ်တက်ကြည့်ရအောင် အန်တီ ..."

အလှူခံသေတ္တာအတွင်း ပိုက်ဆံထည့်နေသော အန်တီမေကို လှမ်းခေါ်လျက် အပေါ်တက်ရာ လှေကားဆီသို့ သွားလိုက်၏။

"ကိုရဲ ... အရင်က ရောက်ဖူးတယ်မဟုတ်လား"

သူ့ဘေးနားရောက်လာပြီး သက်က မေးသည်။

"ရောက်ဖူးတယ် သက် ...၊ ဘာဖြစ်လို့လဲဟင် ..."

"ဩော် ... ကိုရဲသိသလောက် မေမေ့ကို ရှင်းပြနိုင်းမလို့ပါ"

"သက်ကလည်းကွာ ...၊ ကိုရဲကို နောက်နေပြန်ပြီ၊ ကိုရဲတို့ ရောက်ဖူးတယ်ဆိုတာက သာမန်ဘုရားဖူးသက်သက်ပါ။ သက်တို့ တက္ကသိုလ်က ဆရာတွေလို အချက်အလက်တွေ ပြည့်ပြည့်စုံစုံ ဘယ်သိနိုင်ပါ့မလဲ၊ ဟုတ်ဘူးလား။ သက် ရှင်းပြတာကို နားထောင်မှတ်သားထားဖို့ ကိုရဲလည်း အားခဲထားတာ"

သက်ကို ရယ်ပြောပြောလျက် လှေကားကို စတက်လိုက်ကြသည်။

"ဟုတ်သားပဲ ... သမီးအားကိုးနဲ့ မောင်ရဲအောင်နဲ့ မေမေတို့က လိုက်လာကြတာပဲ" ဟု အန်တီမေက လှမ်းပြောသည်။

"ဒါဆို အလကားတော့ မရဘူးနော်။ ဂိုက်လုပ်ခတော့ ယူရလိမ့်မယ်"

လမ်းညွှန်လုပ်ခ ပေးရမည်ဟု သက်က ရယ်ရင်းပြော၏။

"ရပါတယ် သက်ရယ် ..." ဟု သူ ပြန်ပြောလိုက်သည်။

လာ ... မေမေ၊ ဖြည်းဖြည်းတက်ဟု သက်က အန်တီမေ့လက်မောင်းကို ဆွဲရင်းခေါ်သည်။

■

လှေကားထိပ်တွင် စကြာလမ်းတစ်ခုနှင့် သွားဆုံ၏။

"ပိတ်ထားတယ်နော် ..."

စကြံလမ်း၏ လက်ဝဲဘက်နှင့် လက်ယာဘက်ဆီသို့ မျှော်ကြည့်ရင်း သက်က ပြောသည်။ သစ်သားတန်းများဖြင့် ပိတ်ထားသည်ကို လှမ်းမြင်ရ၏။

"အရင်က လျှောက်သွားပြီး ပတ်ကြည့်လို့ရတယ်"

"ဟုတ်တယ် ... သက်"

"လာ ... အပေါ်ဆက်တက်ရအောင်"

အန်တီက အပန်းဖြေရင်း သူတို့စကားကို နားထောင်နေသည်။ အပေါ်ထပ်သို့ ဆက်တက်သော လှေကားမှတစ်ဆင့် တက်ခဲ့ကြသည်။ ဗုဒ္ဓရုပ်ပွားတော်ကြီးရှေ့ခန်းသို့ လျှောက်လာကြ၏။

"သပ္ပာယ်လိုက်တာကွယ်"

ဝတ်ပြုရန် ထိုင်ရင်း အန်တီမေက ဆိုသည်။ ဗုဒ္ဓရုပ်ပွားတော်ကြီးကို ကြည်ညို ဝတ်ပြုလိုက်ကြ၏။

"ဒီကနေပြီး အရုပ်လေးမျက်နှာကို ကြည့်ရင် သိပ်သာယာတာ"

သက်က ပြောပြီး ရှေ့မှလျှောက်သည်။

တန့်ကြည့်တောင်တန်း နောက်ခံလျက် စီးဆင်းနေသော ဧရာဝတီကို လှမ်းမြင်ရသည်။ မြင်ကွင်းမှာ ကြည်နူးမိရင်း တစ်ဦးကိုတစ်ဦး စကားမဆိုမိကြ။

"ဟို ... အနောက်ဘက်တည့်တည့်မှာ မြင်ရတာ စွယ်တော်ရှင်စေတီလေ။ အနော်ရထာမင်းကြီး တည်ဆောက်ခဲ့တာ"

လက်ညှိုးညွှန်ပြရင်း သက်က ပြော၏။

"ဟိုဟာက နတ်လှောင်ကျောင်းလေ"

"ဘာကျောင်း သက် ..."

သက်ဘက်သို့ လှည့်ကြည့်ရင်း မေးသည်။

"နတ်လျောင်းကျောင်းတဲ့၊ တချို့ကတော့ နတ်လှောင်ကျောင်းလို့ ပြောတယ်"

သက်ပြသော အုတ်ကျောင်းငယ် ခပ်သေးသေးကို လှမ်းကြည့်နေမိကြသည်။

"ကဲ ... ဆက်ပြောပါဦး မရွှေသက်ရဲ့"ဟု အန်တီမေက ဆို၏။

"အနော်ရထာမင်းကြီးက နတ်တွေကို လှောင်ထားတဲ့နေရာမို့ နတ်လှောင်ကျောင်းလို့ ခေါ်တယ်ဆိုတာက မမှန်ပါဘူး မေမေ၊ တကယ်တော့ ဒီကျောင်းလေးက ဗိဿနိုးနတ်ဆိုင်ရာ ရုပ်တုတွေနဲ့ တည်ဆောက်ထားတာ အမှန်ပဲ၊ ပဓာနဖြစ်တဲ့ နတ်ရုပ်က လဲလျောင်းနေတဲ့ပုံလို့ အဆိုရှိတယ်၊ ဒါကြောင့် နတ်လျောင်းကျောင်းလို့ ခေါ်တာတဲ့၊ အခုတော့ အဲဒီလဲလျောင်းနေတဲ့ နတ်ရုပ်က မရှိတော့ဘူးလေ၊ ပျက်စီးသွားပြီ၊ ဒါနဲ့ နတ်လျောင်းကျောင်းလို့ မှန်းပြီး ခေါ်ကြတယ်လို့ ထင်တာပဲ၊ တကယ်တော့ ဒီကျောင်းလေးဟာ ပုဂံခေတ်မှာတုန်းက ဗြာဟ္မဏဘာသာ ကိုးကွယ်ခဲ့တဲ့သူတွေ ရှိတယ်ဆိုတာ ပြတဲ့ အထောက်အထားတစ်ခုပါပဲ မေမေ"

သက်က စကားရပ်လိုက်ပြီး ရဲအောင်မျက်နှာကို လှည့်ကြည့်သည်။

"သက်က သိပ်တော်တာပဲနော်၊ အားလုံး သိတယ်"

"ကိုရဲရယ်၊ သက်က တက္ကသိုလ်က ဆရာမဆိုတာလည်း သတိထားဦးမှပေါ့၊ နောက်ပြီး သက်က ပုဂံခေတ်ကို စိတ်ဝင်စားလို့ လေ့လာတယ်၊ ဒီကို ရောက်ဖူးတာ လေးငါးခေါက်ရှိပြီလေ၊ အခု တစ်ခေါက်ကတော့ မေမေ သွားချင်တယ်ဆိုလို့"

"သမီးတို့သာ ရောက်ဖူးတာ၊ မေမေကမှ မရောက်ဖူးသေးတာပဲ"

ဟု အန်တီမေက ပြောလိုက်၏။

ခပ်လှမ်းလှမ်းမှာမြင်နေရသော စေတီပုထိုးတို့ကိုကြည့်ရင်း ရှေးခေတ်ပုဂံကို လွမ်းမောတသစွာ ခံစားလာရသည်၊ အရှေ့ဘက်ကို အကြည့် မနီးမဝေးမှာ အာနန္ဒာဂူတော်ကြီးကို မြင်ရပြန်သည်။

အာနန္ဒာဂူတော်ကြီးကို တည်ဆောက်ခဲ့သူမှာ ကျန်စစ်သားမင်းကြီးပါလားဟူသောအတွေးဖြင့် ကျန်စစ်သားနှင့် အနော်ရထာကို တစ်ဆက်တည်း တွေးမိပြန်သည်။

သည်အတွေးသည် ရင်ကို ထာဝရနှိပ်စက်နေတတ်သည့် အတွေးပါလား။

သက်ပြင်းတစ်ချက် ချလိုက်မိဆဲ။ အာနန္ဒာကို ဆက်သွားမယ်နော် ကိုရဲဟု သက်က လှမ်းပြောသည်။

"သက် ကောင်းသလိုသာ စီစဉ်ပါ သက်ကဂိုက်ပဲ"ဟု ပြောရင်း ဂိုက်လုပ်ခတော့ ယူရမယ်ဆိုသည့် သက်စကားကို ပြန်ကြားယောင်၏။

■

ထနောင်းပင်များကို ဖြတ်လျှောက်လာသည်။

"အဲဒါ ပုဂံပြည်ရဲ့ အရှေ့ဘက်တံခါး သရပါတံခါးလေ"

မြို့ရိုးပျက်တစ်ခုကို အဖြတ်မှာ သက်ကပြောသည်။ သက်ပြရာသို့ လှမ်းကြည့်လိုက်မိသေး၏။ အာနန္ဒာဂူဘုရားကြီးရှေ့မှာ ကားရပ်ထားပြီး ဘုရားတွင်းသို့ ဝင်ခဲ့ကြ သည်။

"နစ်ပေါင်းကိုးရာနီးပါး ရှိပြီပေါ့။ ပုဂံခေတ်က လက်ရာတွေ၊ ယဉ်ကျေးမှုတွေကို အများကြီးလေ့လာလို့ ရနိုင်တယ်လေ"

အတူယှဉ်လျှောက်ရင်း သက်က ပြော၏။ အန်တီမေက ယွန်းထည်ဆိုင်မှ ပစ္စည်းများကို ငေးရင်းလျှောက်လာသည်။ မတ်တတ်ရပ်ကိုယ်တော်ကြီး ရှေ့မှောက်သို့ ရောက်သည့်အခါ ဝတ်ပြုကြည်ညိုကြ၏။

"ပြောမယ်ဆိုရင်တော့ အာနန္ဒာနဲ့ ပတ်သက်ပြီး ပြောပြစရာတွေက အများကြီးရယ်။ သမိုင်းသုတေသီတွေအတွက် လေ့လာစရာတွေ အများကြီး ရှိတာပေါ့"

"ကိုရဲတို့ကတော့ လူပြိန်းတွေပဲ သက်ရယ်၊ လူပြိန်းတွေ နားလည်ရုံလောက်ပဲ ရှင်းပြပေါ့ ဟုတ်လား"ဟု ရယ်ပြော ပြောလိုက်၏။

သက်က ရယ်ရင်း ...

"သက် သိသလောက်တော့ ရှင်းပြမယ်လေ၊ ကိုရဲ သိချင်တာရှိလည်း မေးပေါ့" ဟု ပြော၏။

"ဒီဘုရားမှာ မတ်တတ်ရပ် ကိုယ်တော်ကြီးလေးဆူကို အရပ်လေးမျက်နှာမှာ မျက်နှာမူထားပြီး အလယ်မဏ္ဍိုင်ပြုထားတယ်။ အဲဒီမတ်တတ်ရပ် ကိုယ်တော်ကြီးတွေကို အတွင်းပတ်လမ်းနဲ့ အပြင်ပတ်လမ်း နှစ်ခုဖောက်ပြီး ပတ်ထားတယ်လေ။ လေးဘက်လုံးမှာ မုခ်ဝတွေအဖြစ်နဲ့ အဆောင်တွေထုတ်ထားတယ်။ မုခ်ပေါက်ကြီးတွေကို မဝင်ခင် ရှေ့ဆောင်မှာရပ်ပြီး ဒါမှမဟုတ် ထိုင်ပြီးဖူးလိုက်ရင် အဲဒီမတ်တတ်ရပ် ကိုယ်တော်ကြီးတွေကို မော့ဖူးစရာမလိုဘဲ တစ်ကိုယ်လုံးအပြည့် ဖူးလို့ရတယ်။ အမိုးပေါင်းကူးနဲ့ လေဝင်လေထွက် အလင်းဝင်ဖို့ အပေါက်တွေ ပြုလုပ်ထားတာက မြန်မာ့ရှေးဟောင်းဗိသုကာလက်ရာရဲ့ အဆင့်အတန်း မြင့်မားပုံကို ပြနေတာပဲလို့ ဆိုတယ်လေ။ မတ်တတ်ရပ် ကိုယ်တော်ကြီးတွေရဲ့ မျက်နှာတော်နဲ့ ကိုယ်တော်အထက်ပိုင်းကို အလင်းရောင် ရနိုင်ဖို့အတွက် စနစ်တကျ ပြုလုပ်ထားတယ်တဲ့။ ညလသာနေစဉ်မှာ အဲဒီအလင်းဝင်ပေါက်က နေပြီးကျလာတဲ့ လရောင်မျှင်တန်းဟာ မျက်နှာတော်ပေါ်ကို ကျလာတယ်လို့ ပြောကြတယ်"

"အဲဒီအချိန်မျိုးဆို ပိုလို့ကြည်ညိုစရာကောင်းမယ်ကွယ့်" ဟု အန်တီမေက စကားထောက်၏။

"လာ ... မေမေ ပတ်ပြီးကြည့်ရအောင်"

"သက် ... အဲဒီမတ်တတ် ရပ်ပွားတော်ကြီးတွေအကြောင်း ပြောပါဦး။ တစ်ဆူနဲ့ တစ်ဆူ အသားချင်းမတူကြဘူးဆို" ရဲအောင်က ပြောလိုက်သည်။

"ဟုတ်တယ် ကိုရဲ ...၊ ရပ်တော်မူ ကိုယ်တော်ကြီးတွေဟာ အမြင့်ရှစ်ပေရှိတဲ့ ပလ္လင်ပေါ်မှာရှိပြီး ဉာဏ်တော်က (၃၁) ပေ ရှိတယ်လို့ ဖတ်ဖူးတယ်။ အရှေ့ဘက်မျက်နှာ ရပ်ပွားတော်က ပဒ္ဓလောဟာနဲ့ တောင်ဘက်က ဟင်္သပဒါကရတဲ့ ထင်းရှူးသားနဲ့ မြောက်ဘက်က စကားသား ထုလုပ်ထားတယ်လို့ ဆိုတယ်။ ပွင့်ပြီးတဲ့ဘုရားများ ဖြစ်ကြတဲ့ ကကုသန်၊ ကောဏာဂုံ၊ ကဿပနဲ့

ဂေါတမဘုရားတွေရဲ့ ပုံတော်တွေလို့ ဆိုတယ်။ အနောက်ဘက်မုခ်က ရုပ်တော်မူ ကိုယ်တော်ကြီးက ဂေါတမ ဘုရားလေ။ အခုတော့ တောင်ဘက်နဲ့ မြောက်ဘက်မှာပဲ ပုဂံခေတ် မူလ သစ်သားရှိတော့တယ်"

"ဟုတ်လား သက် ...၊ ဘယ်လိုဖြစ်လို့လဲ ..."

"အရှေ့ဘက်က မူလရုပ်တော်မူ ကိုယ်တော်ကြီးက မီးလောင်ပျက်စီးသွားတယ်လို့ ဖတ်ရတယ်။ အခုရှိတာက မင်းတုန်းမင်းလက်ထက်မှာ ပုဂံမြို့ဝန်က ပြန်ပြီးအသစ်ပြုလုပ်ထားတာတဲ့။ အနောက်ဘက်က ကိုယ်တော်ကြီးကတော့ အင်းဝနဲ့ ဟံသာဝတီ စစ်မက်အတွင်းက အဖျက်ဆီးခံရတာလို့ အဆိုရှိတယ်။ အခု ရှိတာက ပုဂံက ကုန်သည်ကြီးရဲ့ကောင်းမှုလို့ ဆိုတယ်"

"နမြောစရာပါလားကွယ်" ဟု အန်တီမေက စုပ်သပ်ပြီး ဆို၏။

"သေသေချာချာယှဉ်ပြီး လေ့လာကြတဲ့ သုတေသီတွေက ပြောတယ်။ ပုဂံခေတ် မူလလက်ရာကို မမီကြဘူးတဲ့"

အပြင်ဘက် လမ်းတစ်လျှောက်မှ ကျောက်ဆစ်လက်ရာများကို ကြည့်ရှုကြရင်း တစ်ပတ် ပတ်မိ၏။ အတွင်းနံရံများ၊ တိုင်များ၊ မုခ်ခုံးများ၊ အမိုးမျက်နှာကြက်များမှာ ယခင်က ပန်းချီများ ရေးဆွဲထားသည်ဟု သက်က ရှင်းပြခဲ့၏။

ဇဟိုလိုက်ဂူ၏ အမိုးပေါင်းကူးတို့ကို သစ်၊ သံမပါဘဲ အင်္ဂတေဖြင့် ဖွဲ့စည်းပြုလုပ်ထားသည်ဟု သိရသဖြင့် ရှေးခေတ်ဗိသုကာ ပညာရှင်တို့၏ ပညာအစွမ်းကို အံ့ဩရသေးသည်။

"ကိုရဲ ... သေသေချာချာသိချင်ရင် သက်မှာ စာအုပ်တွေ ရှိတယ်။ ပေးဖတ်မယ်လေ" ဟု သက်က ပိုက်ဆံအိတ်ဖွင့်ပြီး မှတ်စုစာအုပ်ငယ်လေးကို ထုတ်ယူလိုက်သည်။

သက် နတ်ထုတ်ထားတာတစ်ခု ဖတ်ပြမယ်နော်ဟု ပြောလျက် စာမျက်နှာကို လှန်ရှာသည်။

"ဒီမှာတွေ့ပြီ။ သက် ဖတ်ပြမယ် နားထောင် ..."

အန်တီမေနှင့် သူ နှစ်ဦးလုံး သက်ထံမှ အသံကိုနားစွင့်ကြ၏။

"ဒီဘုရားကြီးရဲ့အုတ်မြစ်က ပေ ၆၀ တဲ့၊ ပေ ၃၀ အထိ ကျောက်များ ခင်းပြီး အထက်ပေ ၃၀ မှာ ဌာပနာတိုက် ပြုလုပ်ထားတယ်တဲ့။ ပန်းရံ ကံကျွေး၊ လေးသောင်း ဗိသုကာလေးရာ အသုံးပြုပြီး လက်ခရွှေစင် လေးသိန်းကုန်ကျ တယ်တဲ့"

သက်က စာအုပ်ငယ်လေးကို ပိတ်လိုက်သည်။

"ဒါ ရှေးခေတ်ပုဂံသားတွေရဲ့ ညီညွတ်မှု၊ ပေါင်းစည်းမှုကို ပြတာပဲ ပေါ့နော်။ အနုပညာလက်ရာ၊ ဗိသုကာလက်ရာတွေကို လေ့လာနိုင်သလို ပုဂံ ခေတ်ရဲ့ ညီညွတ်မှုအားမာန်ကိုလည်း သတိထားမိနိုင်တဲ့ အဆောက်အအုံ တစ်ခုပဲ"

"ဟုတ်တယ် ကိုရဲ ...၊ ကျန်စစ်သားမင်းကြီးက အနော်ရထာမင်း တည် လို့ မပြီးပြတ်ခဲ့တဲ့ ရွှေစည်းခုံစေတီတော်ကြီးကို အပြီးတည်ပြီး မကြာခင်မှာပဲ ဒီအာနန္ဒာလိုဏ်ဂူ ဘုရားကြီးကို တည်ခဲ့တာလို့ ဆိုတယ်"

"ဪ ..."

အတွေးထဲမှာတော့ အနော်ရထာ၊ ကျန်စစ်သား၊ ကျန်စစ်သားနှင့် အနော်ရထာ ယောက်ယက်ခတ် ရှုပ်ထွေးသွားပြန်သည်။

အနော်ရထာဘုရင် ပြုစုပျိုးထောင်ခဲ့သော နိုင်ငံတော်ကို ဆက်လက် တည်တံ့စေခဲ့သူ။ အနော်ရထာ တည်ခဲ့သော မပြီးမပြတ်သော စေတီတော်ကို ပြီးပြတ်အောင် ထပ်မံတည်ဆောက်ခဲ့သူပါလားဟု ကျန်စစ်သား၏ လေးစား ဖွယ်ရာ စိတ်ဓာတ်သတ္တိကို တွေးတောချီးကျူးမိပြန်၏။

■

ပြန်ရောက်တော့ ပင်ပန်းသည်ဆိုပြီး အန်တီမေက အိပ်ရာမှာ လှဲ သည်။ အဝတ်အစားလဲပြီး ထွက်လာစဉ် ပန်းအိချုံတွေကြား ပန်းခြံထဲမှ ထိုင်ခုံ မှာ တစ်ဦးတည်းထိုင်နေသည့် သက်ကို လှမ်းမြင်၏။ သူ့ကို မြင်သွားပြီး လှမ်း ပြီး ပြုံးပြ သည်။ သက်ရှိရာသို့ လျှောက်သွားလိုက်၏။

"လာလေ ... ကိုရဲ ထိုင် ..."

သက်က ထိုင်ခုံတစ်ဘက်စွန်းသို့ ရွှေ့ပေးရင်း မော်ကြည့်ခေါ်သည်။

"ဒီနေ့ ဘုရားတော်တော်စုံသွားတာပဲ၊ သက်လည်း တော်တော်ပင်ပန်းသွားမှာပဲနော်" ဟု ပြောရင်းပင် ထိုင်လိုက်၏။

သက်ထံမှ ရှယ်နယ်ရေမွှေးနံ့သင်းသင်းကို ရလိုက်သည်။

"သက်က မေမေနဲ့ ကိုရဲတို့ရဲ့ ပုဂံခရီးမှာ ဂိုက်အဖြစ် တာဝန်ယူထားရတာကိုး၊ ပင်ပန်းပေမဲ့ တာဝန်ရှိတယ် မဟုတ်ဘူးလား"

ဟု ရယ်ပြီးပြောသည်။ သက်နှင့်အတူ ရောပြီးရယ်မိသေး၏။ ကျနေဝင်သွားသည်နှင့် အအေးဓာတ်က ကဲလာသလိုဖြစ်သည်။

"ကိုရဲ"

"ပြောလေ ... သက်"

သက် မျက်နှာကို စူးစိုက်ကြည့်ရင်း ဆိုသည်။ သက်က သူ့မျက်နှာကို ကြည့်လျက် ဖျတ်ခနဲ အကြည့်ကိုလွှဲ၍ သက်ပြင်းတစ်ခုကို ခိုးချသည်။

"ကိုရဲကို ကျန်စစ်သားနဲ့ အနော်ရထာတို့ရဲ့အကြောင်းကို ဆွေးနွေးချင်သေးတယ်"

"ပြောပါ၊ သက်ပြောတာကို ကိုရဲ နားထောင်ပါ့မယ်၊ ပြန်ဆွေးနွေးနိုင်လောက်အောင်တော့ ကိုရဲမှာ ဗဟုသုတ ရှိမယ်မထင်ဘူး သက်"

သက်ကငြိမ်နေသည်။ဟိုခပ်လှမ်းလှမ်းမှာမြင်နေရသောထနောင်းပင်ထိပ်များကို အကြည့်က ရောက်နေသည်ထင်၏။

"အခု မဟုတ်သေးပါဘူး ကိုရဲရယ်၊ မနက်ဖြန် ပြန်လာမှ အေးအေးဆေးဆေး ဆွေးနွေးမယ်နော်။ ဒီနေ့ ရောက်ခဲ့တဲ့ ဘုရားတွေထဲက အနော်ရထာနဲ့ ကျန်စစ်သားတို့ရဲ့ ဘုရားတွေကိုရောက်တော့ ပုဂံခေတ်ကို ပိုပြီး သတိရ တမ်းတမိသလိုပါပဲ။ သူတို့ရဲ့ ကြီးကျယ်မြင့်မြတ်တဲ့ ဦးဆောင်မှုနဲ့ ပုဂံသားတွေရဲ့ စည်းလုံးမှုကို မျက်ဝါးထင်ထင် တွေ့ရသလို ခံစားရတယ်လေ။ နောက်ပြီး ကျန်စစ်သားရဲ့သဘောထားကြီးမှု"

သက်က စကားကို ဖြတ်ထားလိုက်သည်။

"ပြောပါ သက် ... နားထောင်နေပါတယ်"

"တော်ပြီ ကိုရဲရယ် ...၊ မနက်ဖြန်မှ ပြောကြတာပေါ့။ မနက်ဖြန်ကျရင် မနုဟာဘုရားကိုလည်း ရောက်မှာ။ အဲဒီမှာလည်း ခံစားစရာတွေ ရှိတာပါပဲ"

သက်က စကားလွှဲလိုက်မှန်း သိသည်။

သက် မျက်နှာကိုကြည့်ရင်း ပြုံးပြလိုက်မိ၏။

■

"သံသရာအဆက်ဆက် ကျင်လည်နေရသမျှ နိဗ္ဗာန်မရမချင်း ရန်သူ မနိုင်ကွပ်နိုင်သော မင်းချည်းသာ ဖြစ်ရပါလို၏လို့ မနုဟာမင်းက ဆုတောင်း တယ်နော် သက်"

"ဟုတ်တယ်လေ ကိုရဲ ...၊ မနုဟာကျောက်စာမှာ ဒီလိုပဲပါတယ်လေ"

"မြင်ကပါရွာမှာ အနော်ရထာမင်းရဲ့ သုံ့ပန်းဘဝနဲ့ နေရတာကို မကျေ နပ်လို့၊ စစ်ရှုံးရတာကို အခဲမကျေလို့ ဒီလိုဆုတောင်းတာ ထင်တယ်။ နောက် ဘယ်ဘဝကိုရောက်ရောက် မင်းပဲဖြစ်ချင်ပြီး ဘယ်သူကမှ မနိုင်ကွပ်နိုင်တဲ့ မင်း ဖြစ်ချင်တဲ့ မနုဟာမင်းဟာ စိတ်ကြီးပုံရတယ်။ အခု အပြိုးကြီးပုံရတယ်လို့ ယူဆလို့ ရမယ်ထင်တယ်နော် သက်။ တစ်ခါရှုံးထားရတာကို ကြောက်ပြီး နောက် ဘယ်တော့မှ အရှုံးသမား မဖြစ်ချင်တော့တဲ့ ဆုတောင်းပဲ"

ပန်းအိချိုဘေးမှာရပ်ရင်း သက်ကို သူ မေးလိုက်သည်။ သက်က ပြုံးပြီး သူ့စကားကို နားထောင်နေ၏။

"ဟုတ်တယ် ကိုရဲ ... ကိုရဲ ပြောသလိုပါပဲ။ မနုဟာမင်းဟာ စိတ်ဓာတ် အကြီးအကျယ် ကျနေတယ်၊ စိတ်ဆင်းရဲ ညှိုးငယ်နေတယ်။ ဒါကြောင့် မဟာ နုဟာဘုရားကို တည်ဆောက်ခဲ့တဲ့နေရာမှာ ကျဉ်းကျပ်မှုဝေဒနာ၊ လှောင်ပိတ် မှုဝေဒနာတွေ ကူးစက်နိုင်အောင် ဆောက်လုပ်ထားခဲ့တယ်။ အလင်းအမှောင် ပေးမှုစနစ်မှာလည်း ခပ်မှိန်မှိန် ခပ်ဖျော့ဖျော့သာ ပေးထားခဲ့တယ်၊ အလင်း ဝင်ပေါက်များကို တိုက်ရိုက်မကျစေဘဲ သွယ်ဝိုက်ယူထားပြီး အလင်းအား ပျော့အောင် လုပ်ထားခဲ့တာ။ ဘုရားထဲဝင်လာရင် ကျဉ်းကျပ်မှုကို ခံစား ရအောင် ဘုရားဖူးဖို့ နေရာပေးမှု နည်းပါးတာတွေဟာ ဗိသုကာပညာရှင်

တွေရဲ့ သက်သက်ဖန်တီးထားမှုလို့ ယူဆခဲ့ကြတယ်လေ။ ဘုရားဖူးသူတွေရဲ့ စိတ်ထဲမှာလည်း အလင်းအမှောင်ရဲ့ တန်ဖိုးကို ခံစားနိုင်ကြဖို့၊ လွတ်လပ်မှုနဲ့ ကျဉ်းကျပ်မှုကို ခံစားတတ်ကြဖို့ ရည်ရွယ်ဟန် တူတယ်ဆိုတဲ့ အယူအဆဟာ မနူဟာမင်းရဲ့ သုံ့ပန်းဘဝနဲ့ စိတ်ဓာတ်ကျဆင်း ညှိုးငယ်နေလို့ ဒီဘုရားကို တည်ဆောက်တယ်ဆိုတဲ့ ထင်မြင်ချက်နဲ့ ယူဆတာလို့ဆိုတယ် ကိုရဲ"

သက်က စကားကို ခဏရပ်၏။ သက်စကားကို စိတ်ဝင်စားစွာ ဆက်ပြီး နားထောင်နေလိုက်မိသည်။

"တချို့စာအုပ်တွေမှာကြတော့ ဒီအယူအဆကို ငြင်းပယ်ထားပြန်တယ် ကိုရဲ..."

"ဟုတ်လား..."

"ဟုတ်တယ် ကိုရဲ ... အဲဒီအယူအဆကြပြန်တော့ မနူဟာမင်းဟာ စိတ်ဓာတ်ကျဆင်း ညှိုးငယ်နေတယ်ဆိုတာ မဖြစ်နိုင်ဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ မနူဟာမင်းဟာ သုံ့ပန်းဘဝနဲ့တောင် ဒီလောက်ထုထည်ကြီးတဲ့ ဂူဘုရားကြီးကို တည်ဆောက်နိုင်ခဲ့တာက တစ်ကြောင်း၊ နောက်ပြီး ဒီဘုရားတည်ဆောက်မယ့် ကျောက်မျက်ရွဲကို ရောင်းရာမှာ ငွေအသပြာ ခြောက်လှည်းရတယ်ဆိုတဲ့ မနူဟာကျောက်စာထဲမှာ ပါတာကတစ်ကြောင်း၊ နောက် နရပတိစည်သူလက်ထက် မနူဟာမင်းရဲ့ မြစ်တော် နာဂသမန်းကို သမီးတော် ရွှေအိမ်သည်နဲ့ ပေးစားတာက တစ်ကြောင်း၊ နောက်ပြီး ပုဂံမှာရောက်နေတဲ့ ရှင်အရဟံဟာ မနူဟာမင်းရဲ့ ဆရာရင်းဖြစ်နေတာက တစ်ကြောင်း၊ အဲဒီအကြောင်းတွေကို ကြည့်ရင်း မနူဟာမင်းဟာ သုံ့ပန်းပေမဲ့ ဘယ်လိုမှ ညှိုးညှိုးငယ်ငယ် ဆင်းဆင်းရဲရဲ နေခဲ့ရမှာ မဟုတ်ဘူးတဲ့။ စိတ်ဓာတ်ကျနေတယ်ဆိုတာ မဖြစ်နိုင်ဘူးတဲ့။ ဒါကြောင့် ဒီဘုရားကို တည်ဆောက်ခဲ့တဲ့အခါမှာလည်း အဲဒီလိုခံစားစေချင်တဲ့ စေတနာ၊ ရည်ရွယ်ချက်တွေ မပါနိုင်ဘူးလို့ ဆိုပြန်တယ် ကိုရဲ"

"အင်း ... ဒါကြောင့် ပုဂံရာဇဝင်ကို ထုတ်ထမ်းပြောရမယ် ဆိုတာလား သက်"

"ဘာဖြစ်ဖြစ်ပေါ့ ကိုရဲရယ်၊ သက်တို့ တွေ့ခဲ့ကြတဲ့အတိုင်း ဒီအဆောက်အအုံဟာ အမွန်းအပြောက် အနည်းဆုံးဖြစ်တာ ဂန္ဓကုဋီတိုက်ထဲက ဆင်းတုတော်သုံးခုထဲမှာ အလယ်က ဆင်းတုတော်ကြီးက အကြီးဆုံးဖြစ်နေတာ။ လျောင်းတော်မူကို အရွယ်ပမာဏ ကြီးမားတာ၊ ရှေ့ပိုင်း ဂန္ဓကုဋီနဲ့ နောက်ပိုင်း ဂန္ဓကုဋီတိုက်တွေကို ကူးသန်းမရအောင် အလုံကာထားခဲ့တာ၊ ကျဉ်းမြောင်းတဲ့ နေရာပေးမှု၊ အလင်းကျနည်းပါးအောင် လုပ်ထားမှု၊ ဒါတွေကတော့ မျက်မြင်တွေ့ရတဲ့ အချက်တွေပဲလေ၊ ကဗျာတစ်ပုဒ်ကို ဖတ်သူလိုပေါ့။ ဘယ်ရည်ရွယ်ချက်နဲ့ရေးရေး ခံစားသူက ကြိုက်သလို ခံစားယူနိုင်တာပါပဲ။ ကဗျာဖတ်ရင်း သူ ဘာကိုရည်ရွယ်ရေးတာ ဖြစ်မှာပေါ့လို့ တွေးယူနိုင်တာပါပဲ။ ဟုတ်မဟုတ်တော့ ရေးသူမှ သိမှာပေါ့လေ"

"ကိုရဲကတော့ အဲဒီဘုရားအဆောက်အအုံထက် မနူဟာကျောက်စာမှာပါတဲ့ စောစောကပြောခဲ့တဲ့ စာသားကို ပိုပြီးစိတ်ဝင်စားတာပဲ သက်ရယ်"

"ဘာလဲ ... သံသရာမှာ ကျင်လည်နေသမျှ ဘယ်သူမှ မနှိပ်ကွပ်နိုင်တဲ့မင်း ဖြစ်ချင်တယ်ဆိုတာလား ကိုရဲ"

"ဟုတ်တယ် ... သက်၊ မနူဟာမင်းဟာ အနော်ရထာကို စစ်ရှုံးခဲ့ရသူပဲ၊ နောင်ဘယ်ဘဝမှာမှ အရှုံးနဲ့မရင်ဆိုင်ချင်တဲ့ သူ့ဆန္ဒ၊ ဘယ်တော့ဖြစ်ဖြစ် အနိုင်ရတဲ့သူပဲ ဖြစ်ချင်တဲ့ သူ့သဘောကတော့ အဲဒီကျောက်စာမှာ ပေါ်လွင်တယ်လို့ ထင်တယ်လေ။ သံ့ပန်းဘဝနဲ့ စိတ်ဓာတ်ညှိုးငယ်တာ၊ မညှိုးငယ်တာတွေကို အငြင်းမပွားဘဲ မေ့ထားပါဦး။ ဒါပေမဲ့ မနူဟာမင်းဟာ အရှုံးသမားဘဝကို မနှစ်မြို့ဘဲ ဘယ်ဘဝရောက်ရောက် အနိုင်ရတဲ့သူသာ ဖြစ်ချင်တယ်ဆိုတာကတော့ ထင်ရှားပါတယ်လေ"

နှစ်ဦးသား စကားပြတ်သွားကြ၏။

"ဒါကတော့ ကိုရဲရယ် ...၊ အရှုံးသမားဘဝရဲ့ ဝေဒနာကို ဘယ်သူကျေနပ် နိုင်ပါ့မလဲ။ အောင်နိုင်သူအဖြစ်သာ ဝင့်ကြွားနေချင်ကြမှာပေါ့နော်"

သက်က ဟိုဝေးဝေးကိုငေးရင်း ဖြည်းညင်းစွာ ပြောသည်။

"တစ်ခါခါကျတော့လည်း အရှုံးပေးသင့်လို့ ပေးရတာတွေ လူ့ဘဝထဲမှာ အများကြီးပါ သက်ရယ်"

သက်က သူ့မျက်နှာကို ဝေရီစွာ မော့ကြည့်လာ၏။

သူ သက်ကို ငုံ့ကြည့် ပြုံးပြလိုက်နိုင်သည်။

ရင်ထဲမှာတော့ နွေးထွေးမှုကို မခံစားရဘဲ မျက်ခနဲ နာကျင်သွားရစေပြန်သည်။

■

ညနေပိုင်း ထမင်းစောစော စားဖြစ်ကြသည်။

ဖူးဘုရားဘက်ကို လမ်းလျှောက်ထွက်မည်ဆိုတော့ ငါမလိုက်တော့ဘူး။ မင်းတို့နှစ်ယောက် သွားဟု အန်တီမေက ပြောပြီးကျန်ခဲ့၏။

"သက် ဆွယ်တာယူခဲ့လေ၊ အပြန်ကျ ချမ်းနေလိမ့်မယ်"

"ခဏစောင့်နော်"

သူ့ကို ပြုံး၍ပြောရင်း အခန်းဆီသို့ ပြန်သွား၏။ ယုန်မွေးဆွယ်တာပန်းနုရောင်ကို ရင်စိအောင်ဝတ်၍ ထွက်လာသော သက်ကို ငေးကြည့်နေလိုက်မိသည်။

ဝါနသောအသားဖြင့် လိုက်ဖက်သည်ဟု တွေးမိ၏။ ရင့်ကျက်တည်ငြိမ်သော သက်၏အလှသည် မြတ်နိုးဖွယ် ရတနာတစ်ပါးနယ်ဟု စိတ်မှာ ထင်ဆဲ။

"လာ ... သွားစို့လေ"

သက် အနားကိုရောက်လာသည်။

"သက် သိပ်လှတာပဲ"

"ကျေးဇူးတင်ပါတယ် ကိုရဲ၊ ဆည်းဆာဆိုတာ အကျည်းတန်လှချိန်ပဲ"

သက်က ရယ်ရင်းပြောသည်။

"သက်လောက်ချောတဲ့ မိန်းကလေးနဲ့ ကိုရဲ လက်ထပ်ရမှာဆိုတော့ ကိုရဲဟာ ကံအကောင်းဆုံးလူ ဖြစ်မှာပေါ့နော်"

သက်က ရုတ်တရက် လှည့်ကြည့်လိုက်ပြီး ဘာစကားမှမဆို။ သက် ထံမှ သက်ပြင်းချသံတစ်ခုကို ကြားလိုက်ရပြန်သည်။

■

"အဲဒီ ဗူးဘုရားနားက ထမင်းဆိုင်မှာ ကိုရဲ စားဖူးတယ်။ သိပ်ကောင်း တာပဲ၊ ဟင်းသိပ်စုံတယ် သက်ရဲ့။ ပုန်းရည်ကြီးတွေ၊ ချဉ်ပေါင်းကြော်တွေ လည်း ပါတယ်"

"ကြည်ကြည်မြ ထမင်းဆိုင်လား"

"ဟုတ်တယ် သက်၊ ဗမာထမင်းဟင်း ရတယ်လေ"

"တိုးရစ်တွေကတော့ ဘယ်လာစားမလဲနော်"

"ကိုရဲ သိသလောက်တော့ မြို့ထဲက တည်းခိုခန်းတွေမှာ တည်းပြီး အဲဒီ တည်းခိုခန်းတွေမှာပဲ အစားအသောက် တစ်ခါတည်းရတယ်လေ"

"ဟုတ်တယ်နော် ... အပြင်တည်းခိုခန်းတွေမှာ တိုးရစ်တွေ တည်းပုံ မလားလို့ သက် အစကတွေးမိတာ။ အပြင်တည်းခိုခန်းတွေမှာ ပိုများသလိုပဲ"

"သီရိပစ္စယာနဲ့က ဈေးချင်းကလည်း ကွာတယ် သက်ရယ် ...၊ သီရိ ပစ္စယာမှာက နစ်ယောက်ခန်းဆို ကိုးဆယ့်ခုနစ်ကျပ်၊ အပြင်မှာဆို နစ်ဆယ်ပဲ ကျတာ"

"သမတည်းခိုခန်းလည်း နစ်ဆယ်ပါပဲ ကိုရဲရယ် ... ကောင်းလည်း ကောင်းတာပဲ။ ဒါပေမဲ့ သက်စိတ်အထင်တော့ တိုးရစ်လာတည်းတာ အပြင် မှာလောက် မများသလိုပဲ"

"မသိလို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့ သက်ရယ်၊ ကားဂိတ်က ဆင်းဆင်း ချင်း နီးစပ်ရာတည်းခိုခန်းတွေမှာ တည်းလိုက်လို့လည်း ဖြစ်မယ်ထင်တယ်။ ပြီးတော့ တစ်ခုရှိတယ် သက်ရဲ့ ပစ္စည်းအလဲအလှယ်လုပ်တာ အရောင်း အဝယ်လုပ်တာက မြို့ထဲက တည်းခိုခန်းတွေမှာက ပိုပြီးအလုပ်ဖြစ်မယ်လို့ ကိုရဲ ထင်တယ်လေ"

"ဘယ်လို ဘယ်လို ... ကိုရဲ၊ သက် သိပ်မရှင်းဘူး"

"နိုင်ငံခြားသားတွေဆီက စီးကရက်၊ မီးခြစ်၊ ရေမွှေး၊ စပို့ရှပ်၊ ဘောလ်ပင် စတဲ့ ပစ္စည်းတွေကို သူတို့ကြိုက်တဲ့ ယွန်းထည်ပန်းချီကား၊ ပန်းပုရုပ်တွေနဲ့ လဲကြတယ်။ တချို့လည်း ပစ္စည်းတွေကို ရောင်းကြတယ်၊ ဝယ်ကြတယ်လေ။ မြို့ထဲက တည်းခိုခန်းတော်တော်များများ အဲဒီလို ယွန်းထည်ပစ္စည်းတွေလည်း ရောင်းတယ်။ နိုင်ငံခြားသားတွေရဲ့ ပစ္စည်းတွေလည်း ပြန်ဝယ်ကြတယ် သက်ရဲ့။ တချို့ဆိုးရစ်တွေဆို ဖိနပ်အဟောင်းကအစ ပစ္စည်းအဟောင်းတွေလည်း ရောင်းတာ ရှိတယ်"

လမ်းမတော် မိန်းလမ်းမကြီးမှ ဗူးဘုရားဆီသို့ ခွဲထွက်သောလမ်းကို ချိုးချလိုက်၏။

"နိုင်ငံခြားသားတွေဆီက ပစ္စည်းတွေကိုဝယ်ပြီး ဒီမှာတင် ဆိုင်ဖွင့်ရောင်းမှာပေါ့နော် ... ကိုရဲ"

သက်က ဆက်မေးပြန်သည်။

"ဒီမှာပဲ တချို့တော့ ရောင်းတာပေါ့၊ တချို့ကတော့ ရန်ကုန်က ကောက်တယ် ပြောတယ် သက်ရဲ့ ရန်ကုန်ကို ပို့ပေးရတယ်တဲ့"

"ဒါဆို ဒီမှာက ဈေးသက်သာလို့ပေါ့နော်"

"ရန်ကုန်ထက်တော့ သက်သာတာပေါ့ သက်ရယ်။ ပြီးတော့ ဒီမှာက ရေမွှေး၊ နှုတ်ခမ်းနီဗူးဆို ပြင်သစ်ကပစ္စည်းတွေ များတယ်ပြောတယ်။ ပစ္စည်းလည်း စိတ်ချရတာပေါ့။ သဗ္ဗညုဘုရားရှေ့က ဆိုင်တွေမှာလည်း အဲဒီလို ပစ္စည်းတွေ ရှိတယ် သက်ရဲ့"

"ကိုရဲက မဆိုးဘူး၊ တော်တော်သိတာပဲ"

"ဘုရားတွေအကြောင်းတော့ သက်လို မသိပါဘူး"

သက်က ရယ်နေလိုက်သည်။

■

ပုဂံ၏ နေဝင်အလှကို ဗူးဘုရားမှ လာကြည့်ကြသော နိုင်ငံခြားသားများကို လှမ်းမြင်သည်။ ဆောင်းနေသည် အဝင်မြန်သည် ထင်၏။ တန်ဆောင်း

အတွင်းမှာ ဝတ်ပြုပြီး ဗုံးဘုရားဘက်ကို လျှောက်သည်။ မြစ်ကမ်းကို မျက်နှာမူလျက် ဘုရားရင်ပြင်ပေါ်မှ ချထားသော ထိုင်ခုံများ ကို တွေ့သည်။

"ဒီမှာ ထိုင်ရအောင်နော်"

သက်က ခေါင်းညိတ်ပြသည်။ သက်က အရင်ထိုင်ပြီး သက်ဘေးမှာ သူ ဝင်ထိုင်လိုက်၏။

ဟိုတစ်ဘက်ကမ်း ကျွန်းချောင်းမှ မီးရောင်များကို လှမ်းမြင်နေရပြီး မြစ်ရေပြင်သည် အမှောင်ထုမှာ ပျောက်ဆုံးနေ၏။

"ဒီနေရာကို သိပ်သဘောကျတာပဲ သက်ရယ်၊ ပုဂံရောက်တိုင်း ကိုရဲတော့ ညနေ ဒီနေရာကို လာထိုင်မိတယ်။ နေဝင်သွားတာကို ဒီနေရာက ထိုင်ကြည့်နေရတာ အရသာသိပ်ရှိတယ်လေ။ ကွေ့ပတ်ဆင်းသွားတဲ့ အုတ်လှေကား အဆုံးက ကျောက်ဖျာကြီး၊ ကျောက်တုံးကြီးတွေ ရေကျချိန်မှာ ကျန်ခဲ့တဲ့ ကမ်းစပ်ပေါ်မှာ ဆော့နေတဲ့ကလေးတွေ၊ အဝတ်လျှော်နေကြသူတွေ၊ လှမ်းမြင်ရတဲ့ လှေကလေးတွေ၊ ဝါးဖောင်တွေနဲ့ မြစ်ရေပြင်ကိုကျော်ပြီး ကြည့်လိုက်ရင် မြင်နေတဲ့ တန့်ကြည်တောင်တန်း အားလုံးဟာ သဘာဝပန်းချီတစ်ခုလိုပဲ သက်။ ဒီထိုင်ခုံ စိမ်းစိမ်းလေးတွေကိုမြင်တော့ ကျောင်းဝင်းထဲက ခုံတွေကို ပြန်သတိရလာတတ်တယ်လေ။ ဒီမှာထိုင်ရင်းနဲ့ အားလုံးဟာ သတိရစရာတွေချည်း ဖြစ်လာတတ်တာပါပဲ"

အမှောင်ထုထဲမှာ သူ့မျက်နှာကို သက်က ငဲ့ကြည့်နေမှန်း သိသည်။

"ကိုရဲက အမှတ်တရ သိပ်ထားပုံရတယ်နော်။ မှောင်ထဲမှာတောင် ဒီထိုင်ခုံတွေ အစိမ်းရောင်ဆိုတာ မှတ်မိနေတာပဲ"

"ရောက်စရက်က ဒီကိုရောက်တုန်းမှာ ထိုင်ခုံကလေးတွေကို သေသေချာချာ ကြည့်မိလိုက်လို့ပါ"

"ဘာလဲ ... ဒီထိုင်ခုံမှာ နှစ်ယောက်ထိုင်ခဲ့ဖူးလို့လား"

"မဟုတ်ပါဘူး သက်ရယ် ...၊ တစ်ယောက်တည်း လာလာပြီး လွမ်းဖူးတာပါ"

"ကိုရဲမှာလည်း လွမ်းစရာရှိဖူးတာပဲနော်"

"ကိုရဲလည်း လူပဲ သက်ရယ် ..."

သက်ပြင်းချလိုက်သံတစ်ခုကို သတိပြုမိပြန်၏။

■

"ကိုရဲ ..."

"ပြောလေ သက် ..."

"မနေ့က သက် ပြောခဲ့တာ သတိရသေးလား၊ အနော်ရထာနဲ့ ကျန်စစ်သားအကြောင်း သက်တို့ ပြောကြရအောင်ဆိုတာလေ"

"သတိရနေပါတယ် သက်ရယ် ...။ ကဲ ... ပြော၊ ကိုရဲ နားထောင်နေမယ်"

သက်က ချောင်းတစ်ချက်ဟန့်ပြီး လည်ချောင်းရှင်းသည်။

"အနော်ရထာမင်း တည်ခဲ့တဲ့ ရွှေစည်းခုံစေတီတော်ကို သားတော်စောလူးမင်းက ဆက်မတည်ခဲ့ဘူး ကိုရဲ။ ကျန်စစ်သားမင်းက ဆက်တည်ခဲ့တာပါ။ ပြီးတော့ အနော်ရထာမင်း ထူထောင်ခဲ့တဲ့ ပုဂံနိုင်ငံကိုလည်း မပြိုမကွဲအောင် ဆက်လက်စည်းရုံး ထူထောင်သွားခဲ့တယ်လေ၊ ကျန်စစ်သားဟာ အနော်ရထာမင်း ရန်ကြောင့် တိမ်းရှောင်ပြေးလွှားနေခဲ့ရပေမဲ့ အနော်ရထာမင်းအပေါ်မှာ စိတ်ကွက်တာ၊ အမျက်ထားတာ တစ်ကွက်မှ မတွေ့ရဘူး ကိုရဲရယ်၊ ကိုရဲလည်း ကြားဖူးသားပါ။ အနော်ရထာ၊ ကျန်စစ်သားနဲ့ မဏိစန္ဒာတို့ရဲ့ဇာတ်လမ်းလေ"

ရင်ထဲမှာကျွမ်းမြေ့စွာ ခံစားရသည်။ ဝေဒနာဖိစီးမှုဖြင့် ရင်သည် တလှပ်လှပ် ခုန်ချင်သည်။ ဒီဇာတ်လမ်းကို ဘာကြောင့်များ ပြောနေရတာလဲ သက်ရယ်ဟု အတွေးဖြင့် ပြောလိုက်မိသည်။ သည်ဇာတ်လမ်းကို သူ မကြားရဲ၊ မကြားချင်။

"ချစ်သူကို အနော်ရထာလက် ဝကွက်အပ်ခဲ့ရတဲ့ ကျန်စစ်သားပါ၊ ကြိုးနှောင်ပြီး အရိန္ဒမာလှံနဲ့ အပြစ်ခံရတဲ့ သေဒဏ်အပေးခံရတဲ့ ကျန်စစ်သားပါ ကိုရဲ။ ဒါတောင်မှ သူ အနော်ရထာအပေါ်မှာ စိတ်မကွက်ခဲ့ဘူးလေ။ ဘာဖြစ်ဖြစ် ကျန်စစ်သားဟာ အနော်ရထာနဲ့ယှဉ်ရင် ရှုံးနိမ့်ခဲ့ရသူပဲ"

"ချစ်သူကို လက်လွတ်ဆုံးရှုံးပြီး နေပြည်တော်နဲ့ဝေးရာမှာ ပုန်းအောင်း နေခဲ့ရသူပဲ။ အရှုံးသမားဘဝကိုလည်း သူ ရင်ဆိုင်ရဲခဲ့တယ်။ ဘုရင်ဖြစ်လို့ အောင်နိုင်သူ ဘဝမှာတောင် အနော်ရထာရဲ့ လုပ်ရပ်တွေကို ဗီလာဆန့်ကျင် မပြုခဲ့ဘူး။ လေးစားကြည်ညိုစွာနဲ့ ဆက်လက်ပြီး တာဝန်ထမ်းဆောင်ခဲ့တယ် လေ"

သက်က စကားကို ခဏရပ်လိုက်သည်။ သက်မျက်နှာကို သူ မကြည့်ဖြစ်။ ဟိုးဝေးဝေး ကျွန်းချောင်းဆီမှ မီးရောင်များကို လှမ်း၍ငေးနေမိပြန်သည်။

"မနူဟာမင်းလို အရှုံးသမားဘဝကို ကြောက်ပြီး ဘဝဆက်တိုင်း အောင်နိုင်သူမင်းချည်း ဖြစ်ချင်တဲ့စိတ်မျိုးနဲ့ ကျန်စစ်သားမင်းရဲ့ စိတ်ဓာတ်မျိုး ကို သက်တော့ ယှဉ်ပြီးတွေးကြည့်မိတယ်လေ၊ ကျန်စစ်သားရဲ့ စိတ်ဓာတ်မျိုး ကို သက်တော့ သိပ်သဘောကျတယ်"

ကိုရဲဟု သက်က သူ့ဘက်ကို မျက်နှာတစောင်းလှည့်ပြီး ခေါ်လိုက်၏။

"ပြောပါ သက် ..."

"လောကမှာ ကျန်စစ်သားလို လူမျိုးတွေ၊ ကျန်စစ်သားလို အဖြစ်မျိုး တွေ အများကြီးရှိမှာပဲနော်"

"သက် ဘာကိုဆိုလိုချင်တာလဲ၊ သက်ဘာလို့ ကိုရဲကို ဒီစကားတွေ ပြောနေရတာလဲ ဟင် ..."

သက်ကို ပျာပျာသလဲဖြင့် သူ မေးလိုက်မိသည်။ ပြီးမှ သူ့အမူအရာမှာ အထိန်းအချုပ် ကင်းပြီလားဟု သံသယဝင်မိ၏။ လသာညမှာဆိုလျှင် ပျက် ချင်ချင် ဖြစ်နေမည့် သူ့မျက်နှာအနေအထားကို သက်တွေ့သွားပေမည်။ သူ့ အကြောင်းတွေကို သိလို့ တမင်ရည်စူးပြီး သက် ပြောနေတာလားကွယ်။

"ကိုရဲ စိတ်ဝင်စားမယ်ဆိုရင် သက် ကဗျာတစ်ပုဒ် ရွတ်ပြမယ်"

သက်က စကားဆက်သည်။

"ကိုရဲ နားထောင်ပါ့မယ် သက် ..."

"ခေါင်းစဉ်က အရိန္ဒမာသီပါသည်တဲ့ ကိုရဲ ..."

"ဘာ ... ဘာ၊ ဘာပြောတယ် သက်"

"ဪ ... ခေါင်းစဉ်က အရိန္ဒမာသိပါသည်တဲ့"

"သက်ရယ်"

ရင်ထဲမှ ပြောထွက်မည့်ဆဲဆဲ စကားများကို ထိန်းချုပ်ရင်း နှုတ်မှ သက်ရယ်ဟု အသံထွက်သွားသည်။ ဒီကဗျာကိုမှ သက်က ရွတ်ပြမှာတဲ့လားကွယ်။ သက်က ဒီကဗျာကို ဘာကြောင့်ကြိုက်ပြီး ဘာကြောင့်အလွတ်ရပြီး ဘာကြောင့် ကိုရဲကို ရွတ်ပြရမှာတဲ့လဲ သက်ရယ်။ ရင်ထဲမှာ စကားများစွာကို ဘာသာ ပြောနေမိပြန်သည်။

သက် နှုတ်မှ ကဗျာရွတ်သံကြားရတော့ နှလုံးသားက ဆတ်ဆတ်ခါနာလာသည်။ သက် ရွတ်လိုက်သည့် ကဗျာပထမပုဒ်ကို စိတ်ထဲက လိုက်ဆိုမိလျက်သား ဖြစ်နေသည်။

**မြင်ကတည်းက ရင်ထဲကစွဲခဲ့တယ် မဂ်္ဂါစန္ဒာတဲ့။**

**ရင်ထဲကစွဲခဲ့တယ် မဂ်္ဂါစန္ဒာတဲ့ ...။**

နှလုံးသားမှာ ပွဲတင်ထပ်၏။

**ဘုရင့်ဘဏ္ဍာ မတော်မတရားနဲ့**

**အရှင့်အာဏာ စော်ကားခဲ့မိသူမို့**

**ဪ ... ဓားထိကာ အသက်သတ်ရင်လည်း**

**ကျေနပ်မှာပါ။**

သက်သည် ကဗျာကို ရင်ထဲမှလာသောအသံဖြင့် ရွတ်ဆိုနေသလားထင်၏။ သက်အသံ တိုးလျလျသည် သူ့နှလုံးသားမှ ရုန်းကန်ပေါ်ထွက်လာရသည်သို့ ခံစားမှုပါသည်။

**မလျော်တာ အခက်ကြုံဆမိလို့ ...**

သက် အသံတို့ တဖြည်းဖြည်းတိုးတိမ်သွားပြီလားဟု တွေးမိဆဲ ကဗျာကို နှလုံးသားဖြင့် ရွတ်ဆိုပြနေသော သက် အသံတုန်ခါလာပြီဟု သိ၏။

ခံစားမှုမဲ့စွာ၊ နှလုံးသား မာကျောစွာဖြင့် နားထောင်နေရမူ မည်မျှကောင်းမည်နည်းဟု စဉ်းစား၏။ အခုတော့ သက်အသံသည် နှလုံးသားဆီသို့

စီးနစ်ပျော်ဝင်၍ တမြေ့မြေ့ဝေဒနာကို ဖန်တီးလေပြီ။ တမ်းတသတိရခြင်းနှင့် လွမ်းမောကြေကွဲခြင်းကို မည်သည့်အရာက တားဆီးနိုင်ပါသလဲကွယ်။

(မဂ်္ဂါစန္ဒာရယ် ...)

ကိုယ်ကတော့ အမြဲသေဆုံးခဲ့ပြီပဲ။

အသံရပ်သွားတော့ ကဗျာဆုံးသွားပြီဟု အသိဝင်သည်။ တင်းကျပ်လေးလံမှုကို သက်သာခြားဖြင့် သက်ပြင်းရှည်တစ်ခုကို ချလိုက်မိဆဲ သက်က စကားဆက်သည်။

"အဲဒီကဗျာပါပဲ ကိုရဲ ... ချစ်သူကို တစ်ပါးသူ ဆက်သလိုက်ရလို့ အသည်းကြွေပြုန်းပြီး သေသွားပြီဆိုတာ အရိန္ဒမာလုံ့က သိနေပြီး သူ့အသည်းကို မထိ တော့ဘဲ ကြိုးကိုထိတာလို့ ဆိုလိုချင်တာပါ"

တံတွေးကို အကြိမ်ကြိမ်မျိုချမိရင်း လေပူကို အခါခါမှုတ်ထုတ်ရင်းဖြင့် ရင်အခုန်ကို ကြိုးစားထိန်းချုပ်သော်လည်း တလှပ်လှပ်ခါဆဲပင်။ ယင်းဖြင့် အသံကို အတည်ငြိမ်ဆုံးဖြစ်အောင် သတိထားလျက် သက်ဟု ခေါ်လိုက်သည်။ သက်က သူ့ဘက်လှည့်လာ၏။

"ကိုရဲကို ဘာလို့ သက် ... ဒီကဗျာ ရွတ်ပြရတာလဲ သက်ရယ်၊ သက် ကိုရဲကို ဘာပြောချင်တာလဲ ဟင်"

"ကိုရဲ ..."

"သက် ..."

"ကိုရဲနဲ့ သက်တို့ဟာ မိဘနစ်ဖက် သဘောတူထားပြီးတဲ့ လက်ထပ်ကြရမယ့်သူတွေပဲဟာ။ သက် ကိုရဲကို အားလုံး ပြောပြချင်နေတယ်။ တစ်ယောက်နဲ့တစ်ယောက် ပွင့်ပွင့်လင်းလင်း ရှိနေစေချင်တယ်လေ"

သက်က သူ့မျက်နှာကို တစ်ချက်ကြည့်ပြန်သည်။

ပွင့်ပွင့်လင်းလင်း ရှိစေချင်တယ်တဲ့။ သူ့ နောက်ကြောင်းကို သက်က သိချင်တဲ့သဘောလားဟု သူတွေးသည်။ သက်မေးလာလျှင်လည်း ပြောပြ ရန် အသင့်ပင်။

"သက်တို့ ဖေဖေနဲ့ ကိုရဲက လုပ်ဖော်ကိုင်ဖက်ဆိုတော့ ကိုရဲ စိတ်သဘောကို ဖေဖေကအစ တစ်အိမ်လုံး လေးစားကြပါတယ်။ သက်လည်း ကိုရဲကို လေးစားတာပါပဲလေ။ ကိုရဲနဲ့ သက်တို့က ချစ်သူဘဝနဲ့ တစ်ယောက်ကို တစ်ယောက် လေ့လာခွင့်မရဘဲ လူကြီးချင်း သဘောတူပေးစားလို့ ယူကြမယ့်သူတွေ ဖြစ်ပေမဲ့ ကိုရဲကို ငြင်းစရာ၊ လက်မခံနိုင်စရာရယ်လို့ သက်ဘာမှမမြင်ပါဘူး။ ကိုရဲလည်း သက်ကို ငြင်းစရာမရှိလို့ လက်ခံတယ်ပဲ သက်ယူဆတယ်လေ။ ဒါပေမဲ့ ကိုရဲက သက်အကြောင်း ဘာသိလဲဟင်"

မှောင်ထဲမှာ သူ ခေါင်းကိုခါယမ်းသည်။

"ပြောလေ ကိုရဲ ..."

သက်က မတွေ့ သူ့ကို ထပ်မေးသည်။

"ကိုရဲ ဘာမှမသိပါဘူး သက်"

"အေးလေ ...၊ ကိုရဲက သင်္ဘောလိုက်နေရပြီး မြန်မာပြည်ပြန်ရောက်တော့လည်း အိမ်က အလုပ်နဲ့ ရှုပ်နေတတ်တာပဲ ကိုရဲ"

"ဟင် ..."

"အခုန ရွတ်ပြခဲ့တဲ့ ကဗျာလေးကို သက်ချစ်သူက ပေးခဲ့တာပါ ကိုရဲ"

"ဘယ်လို ... သက်၊ သက်ချစ်သူက ပေးခဲ့တာ ဟုတ်လား"

"ဟုတ်တယ် ကိုရဲ ...၊ သက် ချစ်သူက ပေးခဲ့တာပါ"

သက်အသံတွေ တုန်နေမှန်း သူ သိသည်။

"သက်ရယ် ..."

"သက်တို့ဌာနက ဆရာလေးတစ်ဦးပါ ကိုရဲ၊ သူတို့က နွမ်းပါးတယ်လေ။ ဆရာလုပ်ရင်း မဟာ ဆက်တက်နေရတာပါ။ ကိုရဲနဲ့ သက်ကို အိမ်က စီစဉ်ကြတော့ သူ့ကို သက်တိုင်ပင်ပါတယ်။ သူက အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီးတော့ သက်ကို စွန့်လွှတ်ဖို့ ဆုံးဖြတ်တယ်လေ။ သူနဲ့ သက်နဲ့ စိတ်ကူးယဉ်ထားခဲ့တဲ့ မျှော်လင့်ချက်ကလေးက အကောင်အထည်ပေါ်ဖို့ အချိန်လိုမယ်။ ပြီးတော့ မရေရာပါဘူးတဲ့။ အဲဒီတော့ သူက ကျန်စစ်သားလိုပဲ ချစ်သူကို စွန့်လွှတ်ပါမယ်ဆိုပြီး သက်ကို အဲဒီကဗျာလေး ရေးပေးခဲ့တာပါ"

သက်စကားကို နားထောင်ရင်း သက်ပြင်းတစ်ချက် ချမိပြန်သည်။

"ဒီနေရာမှာတော့ ကိုရဲက အနော်ရထာပေါ့နော် သက်"

သက်ထံမှ ဘာမှပြန်မကြားရ။ အဝေးကို ငေးမျှော်ရင်း သက်ပါးပြင်ပေါ် သို့ မျက်ရည်စများ စီးကျနေမှာလားဟု သူ တွေးထင်သည်။

"သက်"

သူ သက်ဘက်သို့ လှည့်စောင်းပြီး ခေါ်သည်။

သက်မျက်နှာ သူ့ဘက်သို့ လှည့်လာ၏။ ပြန်ထူးသံကို မကြားရ။

"သက်ရွတ်ပြခဲ့တဲ့ ကဗျာလေးကို ကိုရဲ အလွတ်ရတယ် သက်"

"ဟင် ... ကိုရဲ အလွတ်ရတယ် ဟုတ်လား"

သက်ထံမှ အံ့ဩသံ ကြားလိုက်ရ၏။

"ဟုတ်တယ် သက်၊ အဲဒီကဗျာလေးကို သက် ရွတ်ပြနေတုန်းက သိပ် တိုက်ဆိုင်ပါလား ဆိုတဲ့အတွေးနဲ့ အံ့ဩရသေးတယ်လေ။ လောကမှာ မမျှော် လင့်ထားတဲ့ တိုက်ဆိုင်မှုတွေ ရှိတတ်ကြတာပါပဲ။ သက်ကို သက်ချစ်သူက အဲဒီကဗျာလေးကို ရေးပေးခဲ့သလိုပါပဲ။ ကိုရဲလေ ကိုရဲချစ်သူကို ရေးပေးခဲ့ဖူး တယ် သက် ..."

"ဟင် ..."

သက်ထံမှ အံ့ဩသံ ထွက်လာသည်။

"ဟုတ်တယ် သက် ... အဲဒီတုန်းကတော့ ကိုရဲက ကျန်စစ်သားပေါ့ သက်ရယ်၊ ကိုရဲရဲ့ဘဝမှာလည်း မဏိစန္ဒာမင်းသမီးလိုပဲ မြစန္ဒာဆိုတာ ရှိခဲ့ဖူး တယ်လေ"



# အပိုင်း တစ်

ဒီလိုပဲ နေရမှာလားဟု သိန်းဇော်က မေးသည်။

မင်း ပြောသင့်တာပေါ့ဟု လှမြင့်က ဝင်ပြော၏။ နောက်ကို ခပ်လျော့လျော့လေးမှီထားရင်း သောက်လက်စ လက်ဖက်ရည်ပန်းကန်ကို အဓိပ္ပာယ်မဲ့ငေးကြည့်နေသည်။ ရင်ထဲမှာ မကျေမနပ်ခံစားရသည်မှာ အမှန်။ အတွေးစုံဖြင့် ယောက်ယက်ခတ်သော စိတ်ကြောင့် ဆောက်တည်ရာမရ။

"မင်းတို့ မမြင်လို့နေမှာပါ၊ သီဂီဖြစ်ဖြစ် မေသူဖြစ်ဖြစ် တစ်ယောက်ယောက်တော့ ပါမှာပေါ့"

အတွေးကို ဖွဖွလျှော့လျက် ခံစားမှု သက်သာနိုးဖြင့် မေးလိုက်သည်။

"ရဲ ... ငါတို့ ဒီလောက်မအ.ပါဘူးကွာ။ ကန်တင်းမှာ ဆရာနဲ့ စန္ဒာနှစ်ယောက်တည်းကို တွေ့ခဲ့တာ၊ မင်း မယုံရင် သွားကြည့်ပါလား။ အခုတောင်ရှိချင်ရှိနေဦးမှာ"

"သွားကွာ၊ ငါလိုက်ခဲ့မယ် ..."

လှမြင့်က သူ့မျက်နှာကို စူးစိုက်ကြည့်ရင်း ပြောသည်။ လေးတွဲ့စွာခေါင်းယမ်းပြနေမိ၏။

"သွားလို့ ဘယ်ကောင်းပါ့မလဲကွ၊ ဆရာ့ကိုလည်း အားနာဖို့ ကောင်းတာပေါ့"

"နောက်ပြီး မြစန္ဒာနဲ့ငါက သမီးရည်းစားမှ မဟုတ်သေးတာပဲ"

စကားမှာ အားပျော့သံပါသည်။

သူ့စကားကြောင့် သိန်းဇော်နှင့် လှမြင့်လည်း နှုတ်ပိတ်သွား၏။ စနေ နေ့ မနက်မှာ သူတို့ အိုင်စီကျောင်းသားတွေအတွက် ပုံဆွဲအတန်းဝင်ရသည်။ လက်ရျာပြီးတော့ ကျူတိုရီယယ် ဝင်သည်။ ကျူတိုရီယယ်မှာ သူတို့သုံးဦးမှာ အစောကြီး ပြီးနေတတ်၏။ ပုံဆွဲဘာသာက မြင်တတ်သူ၊ ဝါသနာပါသူနှင့် မမြင်တတ်သူ၊ မဆွဲတတ်သူတို့ များစွာကွာခြားတတ်သည်ပဲ။

ဆရာ့ကို ဆွဲပြီးသား ပုံဆွဲစာရွက်အပ်ပြီး ထွက်လာခဲ့ချိန်မှာ မြစန္ဒာတို့ သူတို့က တကုပ်ကုပ်နှင့် ဆွဲနေတုန်းပင်။

"ငါ မလိုက်ဘူးကွာ၊ ဟိုဆိုင်ကပဲ စောင့်နေမယ်။ မင်းတို့ သွားပြီး ပြန် လာပေါ့"

ပုံဆွဲခန်းကအထွက်မှာ ရဲအောင်က လှမြင့်ကိုပြောလိုက်သည်။ လှမြင့် နှင့် သိန်းဇော်တို့ မြတ်စေတနာကို သူငယ်ချင်းတစ်ယောက် တွေ့ရန် သွား သည်။ တစ်နာရီနီးပါးကြာပြီးမှာ ဒီကောင်တွေ ရောက်လာ၏။

"ရဲ…"

ရောက်ရောက်ချင်း လှမြင့်က သူ့ကို တစ်စုံတစ်ရာ ပြောလိုဇောဖြင့် ခေါ်သည်။ နားစွင့်နေလိုက်မိ၏။

"ငါတို့ စန္ဒာကို ဆရာနဲ့ တွေ့ခဲ့တယ်"

ဆိုတော့ ရင်ထဲမှာ ပူခနဲ ခံစားလိုက်ရသည်။

ဘယ်မှာလဲဟု မေးသံက မဝံ့မရဲနေမည်ထင်၏။

"မြတ်စေတနာကအပြန် သိပ္ပံကန်တင်းမှာ မြင်ခဲ့တာ"ဟု လှမြင့်က ရှင်းပြ၏။ တစ်ကိုယ်လုံး မြောက်တက်သွားသလို ထင်သည်။ သက်ပြင်းချရင်း အဝေးကိုငေးနေမိဆဲ ကြေကွဲဝမ်းနည်းမှုကို အမှတ်ထင်ထင် ခံစားလိုက်ရ သည်။

"ဒါကြောင့် မင်းကို စောစောကတည်းက ဖွင့်ပြောပါလို့ တဖွဖွပြော နေတာ။ မင်းနဲ့ စန္ဒာကလည်း ဖွင့်မပြောကြလို့သာ သမီးရည်းစားလို့ မခေါ် နိုင်တာပဲ။ မင်းတို့အကြောင်းကို ငါတို့တစ်အုပ်စုလုံး သိနေကြတာပဲကွာ။

တစ်ယောက်အပေါ် တစ်ယောက် ဘယ်လောက် သံယောဇဉ်ရှိတယ်ဆိုတာ ညာလို့မရပါဘူး"

သိန်းဇော်က ငြိမ်သက်တိတ်ဆိတ်မှုကို စပြီးဖြိုခွင်းသည်။ သိန်းဇော် မျက်နှာဆီသို့ အကြည့်ရောက်၏။ မျက်လုံးများက ဝေရီမှေးမှိန်နေမည်လား မသိ။

"ပြောတော့ ပြောချင်တာပေါ့ကွာ၊ ငါ့ရင်ထဲမှာတော့ စန္ဒာ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ငါ သိတာပေါ့ကွာ။ ဒါပေမဲ့ ငါ ပြောမယ်စဉ်းစားတိုင်း မဝံ့မရဲ ဖြစ်နေတယ်။ သူ့ကို ဒုက္ခပေးမိလေမလားဆိုတဲ့ အတွေးကို ခဏခဏ တွေးဖြစ်ခဲ့တယ်။ စန္ဒာ ငါ့အပေါ်မှာ သံယောဇဉ်ကြီးတယ်ဆိုတာ ငါ နားလည်တယ်။ ဒါပေမဲ့ သံယောဇဉ်ကြီးတိုင်း ချစ်လို့ ရချင်မှရမှာ။ အဲဒါကို တွေးပြီး ငါ အကြောက်ဆုံးပဲ။ ဖွင့်ပြောပြီးမှ ငါ့ကို ပြန်မချစ်နိုင်ရင် ငါ့အပေါ်မှာ သံယောဇဉ် လျော့သွားမှာ၊ အခင်မင်လျော့သွားမှာကို ငါစိုးတယ်။ ပြီးတော့ ရင်းနှီးမှုကို အခွင့်အရေးယူတယ်လို့ ထင်သွားမှာ အဆိုးဆုံးပဲ"

"ဒါတွေတွေးရင်း မင်းက ဖွင့်မပြောဖြစ်တော့ အခု သူများနောက် ပါတော့မယ် ရဲ..."

လှမြင့်က သူ့ကိုကြည့်ရင်း ဆိုသည်။

"ဘာတတ်နိုင်မှာလဲ လှမြင့်ရာ၊ အချစ်ဆိုတာ ဖန်တီးယူလို့ ရနိုင်တာမှ မဟုတ်ပါဘူး။ စောတယ်၊ နောက်ကျတယ်ဆိုတာ အချစ်မှာ မရှိနိုင်ပါဘူး"

စီးကရက်တိုကို အဝေးသို့ တောက်လိုက်ရင်း ပြောသည်။

"အခုလည်း ဆရာနဲ့ အခြေအနေ ဘယ်လိုဆိုတာ မတိကျသေးပါဘူး။ ဆရာနဲ့ သိပ်ပြီးရင်းရင်းနှီးနှီး ဆက်ဆံတာတော့ မင်းလည်း သိသားပဲ။ ငါ့ သဘောကတော့ အခုလိုတုန်း ဖွင့်ပြောရင် အချိန်မနှောင်းသေးဘူး ထင်တာ ပဲလေ"

"ဟုတ်တယ် ရဲ... ငါလည်း သိန်းဇော်ထင်သလိုပဲ ထင်တယ်။ ဆရာနဲ့ ဖြစ်သွားလို့ အချိန်နှောင်းသွားပြီ ဆိုတော့လည်း ဘာဖြစ်သလဲကွာ။ ကိုယ့် ရင်ထဲမှာရှိတဲ့ မေတ္တာကို ဖွင့်ပြောခွင့်တော့ ရလိုက်တာပေါ့၊ ဟုတ်ဘူးလား..."

လှမြင့်က သိန်းဇော်စကားကို ထောက်ခံပြီး ပြော၏။

"ငါ့ရင်ထဲမှာ ဘယ်လိုရှိတယ်ဆိုတာ သူ သိမှာပါကွာ။ ချစ်တယ်ဆိုတာ ဟန်ဆောင်လို့ တာရှည်မရသလို လုံခြုံအောင် ထိန်းသိမ်းထားလို့လည်း ရနိုင်တဲ့ ပစ္စည်းမျိုးမှ မဟုတ်တာ"

"ဘာပဲဖြစ်ဖြစ် ဖွင့်တော့ပြောရမှာပေါ့ကွာ။ မင်းက ဖွင့်မပြောဘဲနဲ့ မိန်းကလေးက ကိုရဲအောင်ရယ် ရှင့်ရင်ထဲကအချစ်တွေကို ကျွန်မ သိနေပါပြီ။ ကျွန်မကလည်း ရှင့်လိုပါပဲလို့ အဖြေပေးရမှာလား"ဟု သိန်းဇော်က အားမလို အားမရ ပြောသည်။

"မင်း သတ္တိမရှိတာ"

ဟု လှမြင့်က စွပ်စွဲသည်။

သူတို့၏ စေတနာကို နားလည်စွာဖြင့် ပြန်မပြောဘဲ ဘာသာ ငြိမ်နေလိုက်၏။ ရင်ထဲမှာတော့ တင်းကျပ် ပူလောင်နေဆဲ။



သား နေမကောင်းဘူးလားဟု အမေက မေးသည်။

နေကောင်းပါတယ် အမေဟု ပြန်ဖြေလိုက်မိသော်လည်း မိမိမျက်နှာ ညှိုးနေမည်ဟု အတပ်သိ၏။ အခန်းထဲဝင်ပြီး အဝတ်အစားလဲ ပြန်ထွက်လာတော့ မီးဖိုချောင်မှာ အမေအလုပ်ရှုပ်နေသည်ကို တွေ့၏။ ပြတင်းဝ ကုလားထိုင်မှာ ထိုင်လျက် အမေ့အင်္ကျီအပေါင်းကို ပြန်သီနေသော ညီမငယ်ကို လှမ်းမြင်သည်။

"စောစောကပဲ မမစန္ဒာလာသွားတယ် ကိုကို"

ညီမငယ်က လှမ်းပြောသည်။

"စန္ဒာလာသွားတယ် ဟုတ်လား"

စန္ဒာတို့အိမ်က လမ်းမကြီးပေါ်ရှိပြီး သူတို့အိမ်သည် လမ်းမကြီးမှ ချိုးသွားသော လမ်းကြားကလေးတစ်ခုမှာ ရှိသည်မို့ မဝေးလှ။

"ဟုတ်တယ် သား ...၊ အမေပြောဖို့ မေ့သွားတယ်၊ စန္ဒာလာသွားတယ်။ အတန်းပြီးတော့ သားနဲ့ မတွေ့လိုက်ရလို့တဲ့။ ပြန်မရောက်သေးဘူးဆိုတော့ ဘယ်ကို ခြေရှည်နေလဲ မသိဘူးတဲ့။ အခုတလော အမေ့သား ခြေများနေတယ် ထိန်းပေးပါဦးတဲ့။ စန္ဒာတို့နဲ့လည်း သိပ်မတွဲတော့ဘူးတဲ့"

အမေက မီးဖိုခန်းထဲမှ ထွက်လာရင်း ရယ်ပြောပြောသည်။

အခုတလော စန္ဒာကို သူ ရှောင်နေသည်မှာ အမှန်ပင်။ အတန်းထဲမှာ ခဏတဖြုတ်လောက် တွေ့ပြီး ကျောင်းအားချိန်တွေမှာ မတွေ့ဖြစ်အောင် နေလိုက်မိသည်။ စနေနေ့အတန်းမှာသာ တစ်ပတ်တစ်ခါ ဆရာနှင့်တွေ့ရသော်

လည်းထိုစနေတစ်နေ့၏ဆရာနှင့်စန္ဒာတို့ပြောဟန်ဆိုဟန်ရယ်မောဆက်ဆံဟန် နေပုံတို့မှာ မိမိရင်ထဲ၌ တစ်ပတ်လုံး စွဲမြဲစွာတည်ရှိနေတတ်သည်ပဲလေ။ ရင်ထဲမှာ တွေးတောပူပန်ခံစားနေရတတ်သည်ပဲလေ။

"သွားလိုက်ပါလား ကိုကို၊ ဘာကိစ္စရှိလို့လဲ မသိဘူး"

ညီမငယ်က လှမ်းပြော၏။

"နေပါစေ၊ ကိစ္စရှိရင် သူထပ်လာမှာပေါ့" ဟု ပြောပြီး အိမ်အောက်သို့ ဆင်းလာခဲ့သည်။ ခြံထောင့်မှ ဗာဒံပင်ကို ဝန်းပတ်ရိုက်ထားသော သစ်သားထိုင်ခုံမှာ အဓိပ္ပာယ်မဲ့စွာ ဝင်ထိုင်လိုက်သည်။ အနီစွေးစွေး ဗာဒံရွက်တစ်ရွက် ကြွေကျလာသည်ကို တွေ့ဆဲ ရင်ထဲမှာ သူ့အကြောင်းများစွာကို တသီကြီး စဉ်းစားနေမိပြန်၏။ အိမ်အပြန်၌ သူတို့ ခြံရှေ့ကဖြတ်တော့ လှမ်းကြည့်မိသေးသည်။ သူ့အရိပ်အရောင်ကို မတွေ့ရ။

ဆရာနဲ့ လျှောက်လည်နေမှာလားဟု မဆီမဆိုင် အတွေးနှင့် အလိုလို ဒေါသထွက်ရသေးသည်။ အခုချိန် သူ ရောက်လာရင် ကောင်းမှာပဲဟု စိတ်ထဲက မျှော်မိသေးသည်။

■

"နင် မနေ့က ဘယ်လျှောက်သွားနေတာလဲ"

တနင်္ဂနွေမနက်စောစော ရောက်ရောက်ချင်း မြစန္ဒာက မေးသည်။

"နင့်အပူလား"

အရွဲ့တိုက်စကားကိုဆိုတော့ သူ့မျက်နှာ ပျက်ချင်ချင်ဖြစ်၏။ ကြိမ်စတို့ ပြတ်ပြီး ပေါက်တော့မည်ဖြစ်ပြီးသော ဆက်တီကုလားထိုင်ပေါင်းမှာ မြစန္ဒာ ဝင်ထိုင်လိုက်သည်။ ဈေးမှ ပြန်လာသော အမေနှင့် ညီမငယ်က မြစန္ဒာကို နှုတ်ဆက်ပြီး မီးဖိုခန်းထဲ ဝင်သွားသည်။

"မနေ့ညနေက ငါ ရောက်သေးတယ်၊ နင် အိမ်ပြန်မရောက်သေးဘူး"

မြစန္ဒာ၏ မျက်နှာကို တစ်ချက်စူးစိုက်ကြည့်မိသေးသည်။ ဘာစကားမျှ ပြန်မဆိုဖြစ်။

"နင့်ကြည့်ရတာ အခုတလော တစ်ခုခုဖြစ်နေသလိုပဲ နင်ငါ့ကို ဘာမကျေနပ်စရာ ရှိလို့လဲ"

သူ့မျက်နှာကို စူးစိုက်ကြည့်ရင်း မြစန္ဒာကမေးသည်။ မြစန္ဒာ အကြည့်က ရင်ထဲသို့ စူးစိုက်ဝင်ရောက်ပြီ ထင်၏။ တံတွေးကိုမျိုချရင်း အကြည့်ကို လွှဲသည်။ တကယ်တမ်း သည်အမေးကို ပြန်ဖြေနိုင်စရာ စကားစ ရှာမတွေ့!

မြစန္ဒာကို ချစ်နေမိပြီဆိုသည့် စကားကို အားယူ၍ ပြောပစ်လိုက်ချင်သည်။ အကြည့်ကို မြစန္ဒာ၏ မျက်နှာဆီသို့ ပြန်ပြီးရောက်စေသည်။

"ရဲရယ် ... နင်နဲ့ငါ ငယ်ငယ်လေးကတည်းက ပေါင်းလာခဲ့တဲ့ သူငယ်ချင်းတွေပါ။ နင် ငါ့ကို မကျေမနပ်ဖြစ်နေတယ်ဆိုတာ နင်ဖွင့်မပြောလည်း ငါ သိပါတယ်"

သိလျက်နှင့် ဘာကြောင့်မေးနေရတာလဲဟု စိတ်ထဲက ပြန်ပြောဖြစ်သည်။ ဖွင့်မပြောဘဲ သိကြစတမ်းဆို ငါ့ရင်ထဲက အချစ်ကိုတော့ မသိဟန်ပြုနေသလားဟု ဘာသာမေးမိ၏။

"ရဲ..."

"ဘာလဲ ..."

"ခင်ထားညိုတို့က ပြောတာ၊ အဲဒါ ဟုတ်လား"

"ဘာပြောလို့လဲ"

မြစန္ဒာက တစ်ချက်ရယ်သည်။ ပြီးတော့ မျက်နှာကို ပြန်တည်လိုက်ပြီး

"နင် ကောင်မလေးတစ်ယောက်ကို ချစ်နေတယ်ဆို"

"ဘာ ..."

"နင် ကောင်မလေးတစ်ယောက်ကို ချစ်နေတယ်တဲ့။ အဲဒါ ဖွင့်မပြောရဲလို့ဆို"

ပြတင်းမှ လှမ်းမြင်နေရသော ဗာဒံရွက်များဆီသို့ လှည့်ကြည့်ပြီး သက်ပြင်းကို ချမိ၏။ သိန်းဇော် လက်ချက်ဟု သူ အတပ်သိသည်။ သိန်းဇော်နှင့် လှမြင့်နှင့် တိုင်ပင်ပြီး သူ့ချစ်သူ ခင်ထားညိုကို ဖောက်သည်ချမည်။ ခင်ထားညိုက မြစန္ဒာကို သည်စကားပြောပေမည်။

"ဟုတ်တယ်၊ အဲဒီဖွင့်မပြောရဲတဲ့ ကောင်မလေးက နင်ပဲ"

အဲသည်လိုစိတ်က ပြောဖြစ်သည်။ ဖွင့်ပြောရင် ကောင်းမလားဟု အတွေးက ယောက်ယက်ခတ်သည်။

"ငါ ပြောပေးရမလား၊ ငါကလည်း မရိပ်မိဘူးဟယ်။ နင့်အပူကို ငါ မျှယူသင့်တာပေါ့၊ သူငယ်ချင်းတွေပဲဟယ်။ ဘာလဲ နင့်ကိစ္စကို စိတ်ဝင်တစား မရှိဘူး ထင်ပြီး ငါ့ကို မကျေမနပ်ဖြစ်နေတာလား"

"မဆိုင်တာဟာ" ဟု ပြောပြီး မြစန္ဒာကို ကြည့်လိုက်သည်။

"နောက်ပြီး ဆရာနဲ့ ငါ ရင်းရင်းနှီးနှီးနေတာလည်း နင် သိပ်ကျေနပ်ပုံမရဘူးလို့ သိန်းဇော်တို့က ပြောတယ်၊ ဟုတ်လား ..."

"ဘာဆိုင်လို့လဲ"

ဟု နှုတ်က ထွက်သွားသည်။

"ငါ နင့်ကို တိုင်ပင်မလို့ပါပဲဟယ်၊ ခင်ထားညိုကိုတော့ ပြောပြထားတယ်။ နင်နဲ့ ငါက အေးအေးဆေးဆေး စကားမပြောရလို့။ ဟို လှမြင့်တို့ ရှေ့မှာလည်း မပြောချင်ဘူးလေ၊ ဒီလိုဟယ် ..."

စကားကိုဖြတ်သည်။ မျက်လွှာကို ချသည်။

"ဆရာ ငါ့ကို ပရပို့စ်လုပ်ထားတယ်၊ ကြာပါပြီ၊ နှစ်လလောက် ရှိပြီလေ။ ငါ သူ့ကို လေ့လာချင်သေးလို့ အချိန်ဆွဲထားတာ။ ရင်းရင်းနှီးနှီးဆက်ဆံကြည့်တာလည်း လေ့လာလို့ရအောင်ပါ။ သက်သက် ရောရောနှောနှောနေတာ မဟုတ်ပါဘူး။ အဲဒါ ဆရာ့ကို နင်ဘယ်လိုသဘောရလဲဟင်"

တစ်ကိုယ်လုံး တုန်လှုပ်သွားမိသည် ထင်၏။ လက်ဖျားတို့ဖြင့် ကုလားထိုင် လက်တန်းကို ယောင်ယမ်းခေါက်နေမိသည်။ ဆောက်တည်ရာမရသော စိတ်ကြောင့် မျက်နှာသည် ပျက်ချင်ချင် ဖြစ်မည်ထင်၏။ တံတွေးကို အခါခါ မျိုချမိပြီး ဖြစ်နေသည်။

"ပြောလေ ရဲ ..."

"ဘာပြောရမှာလဲ"

မြစန္ဒာက နှုတ်ခမ်းနှစ်ဖက် တွန့်ရုံမျှ ပြုံးသည်။

"ဆရာနဲ့ဆို နင် သဘောတူမှာလား"

"ဘာဆိုင်လဲ ..."

ပြောပြီး မျက်နှာချင်းကို မဆိုင်ရဲ၊ အကြည့်ကို လွှဲမိလွှဲရာ ကပျာကသီ လွှဲ၏။

"မဟုတ်ဘူးလေ ယောကျ်ားလေးချင်းဆိုတော့ နင်တို့က ဆရာ့ကို ပိုသိနိုင်တာပေါ့"

"ဒီမှာ စန္ဒာ ..."

အသံက နည်းနည်းမာပြီး ပြတ်နေမည်ထင်သည်။ မြစန္ဒာက သူ့ မျက်နှာကို ဆတ်ခနဲ မော့ကြည့်လာ၏။

"နင့်ချစ်သူကို နင်ရွေးတာ ငါတို့က ဘာအဆုံးအဖြတ်ပေးစရာရှိလဲ။ နင့် ရင်ထဲမှာ ဖြစ်တည်လာတဲ့ အချစ်စိတ်ကို ဘယ်သူကရော တားလို့ရမှာ တဲ့လဲ။ ငါတို့ ခင်ထားညီတို့က တားလို့ကော နင်က မချစ်ဘဲနေမှာတဲ့လား၊ ပြောစမ်းပါဦး"

"မချစ်သင့်ရင်တော့ မချစ်ဘဲနေရမှာပဲ ရဲ။ ရင်ထဲကချစ်တာကို နင် ပြောသလိုပဲ တားလို့ ရချင်မှရမှာပါ၊ ဒါပေမဲ့ မချစ်သင့်ရင်တော့ ချစ်သူအဖြစ် မရောက်အောင် နေလို့ရတာပါပဲ"

မြစန္ဒာက သူ့ကိုကြည့်ပြီး စကားကို ဖြတ်လိုက်သည်။ အကြည့်ကို မလွှဲ။

"ဆရာက လူတော်ပါ၊ နင် ပြန်ပြီး ချစ်သင့်တဲ့လူပါ စန္ဒာ"

တိုးညင်းစွာ အသံထွက်သွား၏။ နှစ်ဦးလုံး နှုတ်ဆိတ် ငြိမ်သက်နေကြ သည်။

"ငါပြန်မယ် ရဲ ..."

ထိုင်ရာမှ ဆတ်ခနဲထပြီး လှေကားပေါက်ဆီသို့ သွားသည်။ သူ့ နောက်က လိုက်သွားမိ၏။ ခြံဝရောက်တော့ တုံ့ခနဲရပ်ပြီး နောက်လှည့်လိုက် ၏။ မြစန္ဒာ၏ အမူအရာကို ကြည့်ပြီး သူ ကြောင်ရပ်နေမိသည်။

"ချစ်တယ်ဆိုတာ ဖန်တီးယူစရာမလိုပါဘူး ရဲ၊ ရင်ထဲမှာ အလိုလို ဖြစ်လာတတ်တာပါ။ ဒါပေမဲ့ နင့် ရင်ထဲမှာလည်း ရှိချင်ရှိမယ်၊ ငါ့ ရင်ထဲမှာလည်း ရှိချင်ရှိမယ်။ ဒါပေမဲ့ အကြောင်းကြောင်းကြောင့် ဒီအချစ်ဟာ ဖွင့်ဟခွင့် ကြုံချင်မှ ကြုံမယ်။ ဦးနောက်နဲ့စဉ်းစားရင် မပြောဖြစ် မပြောလိုက်ရတဲ့ အချစ်မျိုးတွေ ဖြစ်ချင်ဖြစ်နေမယ်။ ငါ နင့်ကို တစ်ခုပြောချင်တယ် ရဲ၊ ဆရာဟာ နင်တို့ ပြောသလို မိန်းကလေးတစ်ယောက် လက်ခံနိုင်တဲ့ လူမျိုးပါ။ ဒါပေမဲ့ ... ဒါပေမဲ့ ..."

မြစန္ဒာက စကားကို ရပ်ထားသည်။ မြစန္ဒာ မျက်နှာမှ အကြည့်ကို ခဏလွှဲသည်။

"ငါ့ရင်ထဲမှာ ဖြစ်လာတဲ့အချစ်စိတ်ဟာ သူ့အတွက်တော့ မဟုတ်ဘူး ရဲ"

ဖျတ်ခနဲပင် မြစန္ဒာ၏မျက်နှာကို ကြည့်လိုက်မိသည်။ ရင်ထဲမှာ တုန်လှုပ်မှု ဖြစ်လာရ၏။ မြစန္ဒာ အသံတွေ တုန်နေပါလား။

"ဘာဖြစ်ဖြစ် ဆရာဟာ ငါ့ကို အချစ်ဆုံးလူ။ ငါ လက်ခံသင့်ဆုံးလူလို့ ဆုံးဖြတ်ပြီး ငါ သူ့ကို အဖြေပေးလိုက်တော့မယ်"

ချာခနဲလှည့်ပြီး ခြံဝမှ ပြေးထွက်သွားသည်။

မြစန္ဒာကို ငေးမျှော်ကြည့်ရင်း သက်ပြင်းကို ဘာသာ ချလိုက်မိပြန်၏။ မြစန္ဒာရယ်ဟု ရင်ထဲက အကြိမ်ကြိမ်တမ်းတစွာ ခေါ်မိပြန်သည်။

■

ညရောက်တော့ အိပ်မပျော်။

ရင်ထဲမှာ တင်းကျပ်ဆို့နင့်စွာ ခံစားရသည်။ အမြင်မှာ၊ အတွေးမှာ အာရုံအားလုံးကို မြစန္ဒာက စိုးမိုးနေ၏။ လက်လွှတ်ဆုံးရှုံးရတော့မှာလား ဆိုသည့် အတွေးဖြင့် ဝေဒနာတစ်ခု ဖြစ်တည်လာသည်၊ ကြေကွဲဝမ်းနည်းမှုဖြင့် သောကတရားကို နားလည်လာရသည်။

အကြင်နာ ပြည့်ရွှန်းသော မြစန္ဒာ၏မျက်ဝန်းကို မြင်ယောင်ရင်း ချိုးနှိမ်ရှုတ်ချသော အကြည့်ဖြင့် အထက်စီးမှ ကြည့်လေ့ရှိသော မြစန္ဒာမာမီ၏ မျက်ဝန်းအစုံကို သတိရပြန်သည်။ မြစန္ဒာ၏ ကြည်လင်လှပသော မျက်နှာကို တွေးမိရင်း မြစန္ဒာမာမီ၏ ခက်ထန်သောမျက်နှာကို အလိုလိုမြင်သည်။ မိမိနှင့် အပေါင်းအသင်း တရင်းတနှီးလုပ်မိ၍ မြစန္ဒာ ငယ်စဉ်က အရိုက်ခံရသည့် အဖြစ် ပြန်ပြီးသတိတရဖြစ်လာသည်။

မိမိအိမ်သို့ အကူးအသန်းလုပ်သည်ကို မနှစ်မြို့နိုင်သဖြင့် မြစန္ဒာကို အတန်တန်တားကြောင်း မိမိ ကြားသိရ၏။ မြစန္ဒာက သူ့မာမီအလစ်မှာ အိမ်ကို ရောက်လာတတ်စမြဲ။

"လူဆိုတာ ဒီလိုပါပဲကွာ၊ ဘာမှထူးထူးခြားခြား ဝမ်းနည်းနေစရာမလိုပါဘူး။ အခုအချိန်မှာ ငါ့အိမ်ကို အဝင်အထွက်လုပ်ရမှာကို လူတိုင်းကြောက်-တယ်။ လမ်းမှာတွေ့လို့ ငါ့ကို နှုတ်ဆက်ရမှာကိုပဲ ဝန်လေးနေတတ်ကြတယ်။ ငါနဲ့ အသိအကျွမ်း ဖြစ်ခဲ့ဖူးတာကိုလည်း လူမသိစေချင်ဘူး။ ငါနဲ့ တရင်းတနှီး ဆက်ဆံရင်ပဲ ငါ့အိမ်ကို အဝင်အထွက်လုပ်မိရင်ပဲ သူတို့ ကုလားထိုင်ယိုင်သွားမလား စိုးရိမ်ပြီး ကြောက်နေကြတာကွ။ အရင်က ငါ့အိမ်မှာ ဝင်ထွက်စားသောက်နေကြတဲ့သူတွေ အခုဘယ်နယောက်များ အိမ်ကို အလည်လာကြတော့လို့လဲ"

ဖေဖေ သည်စကားပြောစဉ်က လေးလေးနက်နက် မစဉ်းစားတတ်သေး။ ငယ်သေးတော့ ဘာမှ သေသေချာချာမသိ။ ဖေဖေစီးနေကျကားကြီး မရှိတော့တာ၊ အိမ်မှာ လူတွေ အဝင်အထွက် နည်းသွားတာလောက်သာ သတိထားမိခဲ့သည်။ မိမိတို့မောင်နမကို ထိန်းသူများ၊ အိမ်ဖော်များ တဖြည်းဖြည်း ပြန်ကုန်ကြပြီဖြစ်၍ အိမ်မှာ အဖေအမေနှင့် မောင်နမနှစ်ယောက်သာ ကျန်တော့၏။ အိမ်ကကားကိုရောင်းပြီး ဖေဖေ့ကို ဆေးကုကတည်းက ဒရိုင်ဘာလည်း မရှိတော့ပြီ။

အခုတော့ ဖေဖေ့ အရှိန်အဝါ ရာထူးအာဏာ မရှိတော့သည်သာမက စီးပွားရေးကလည်း ယိုင်နဲ့နေပြီဖြစ်သော မိမိတို့မိသားစုကို မည်သူကမျှ

အရေးတယူ မရှိတော့သည့်အဖြစ်ကို စင်စစ် နားလည်လာရသည်။ ဖေဖေ့နေရာကို ရောက်လာသော လူအသစ်မှာ တိုက်တိုက်ဆိုင်ဆိုင်ပင် မြစန္ဒာ၏ ဒယ်ဒီ ဖြစ်နေခြင်းပင်။

မြစန္ဒာနှင့် မိမိတို့ ငယ်ကတည်းက တစ်ကျောင်းတည်းဖြစ်၍ ရင်းနှီးစွာ ဆက်ဆံခြင်းကို မြစန္ဒာတို့မာမီက သဘောမကျသည့်အဖြစ်ကို ထိုစဉ်က မရိပ်မိခဲ့။ အရွယ်ရောက်တော့ အရာရာကို နားလည်လာရသည်။

မြစန္ဒာတို့ဒက်ဒီ အဆင့်တက်လာတိုင်း မြစန္ဒာ မာမီ၏အမြင်မှာ မိမိတို့ကို ပို၍သိမ်ငယ်သွားသည်ဟု ထင်ပေမည်။

သူ့မာမီရှေ့မှာ ဟန်ဆောင်နေရသော်လည်း မြစန္ဒာက မိမိကို အပေါင်းအသင်းမပျက်။ အိမ်ကလစ်တိုင်း လာလည်တတ်သော အကျင့်ကို မဖျက်။

သည်လိုအခြေအနေမျိုးနှင့် မြစန္ဒာကို သူဒုက္ခမပေးလို။

သူ့အတွက် မြစန္ဒာ ရင်းနှီးရင်ဆိုင်ရမည့် ဝေဒနာ အခက်အခဲတို့ကို သူ တင်ကြို တွေးမိသည်။

သို့နှင့် ဖြစ်တည်နိုင်မြဲလာသော အချစ်သည် ရင်ထဲမှာသာ သိုသိပ်ကွယ်ဝှက်နေတော့၏။

သူ့ကြောင့် မြစန္ဒာ စိတ်သောက မရောက်စေလို။



# ၇

"ဘာလဲ ... အဲဒီတော့ မင်းက ဘာမှပြန်မပြောလိုက်ဘူးလား"

သိန်းဇော်က အားမလိုအားမရ မေးသည်။

"တော်တော်ခက်တဲ့ ကောင်ပဲ" ဟု လှမြင့်က ပြော၏။

မြစန္ဒာအိမ်လာပြီး သူ့ကို ပြောသွားသမျှ သူငယ်ချင်းတွေကို သူ ပြန်ပြော ဖြစ်သည်။ ခေါင်းကို ဖြည်းညင်းစွာခါပြီး ဘာမှပြန်မပြောလိုက်ရဘူး၊ သူ ပြေးထွက်သွားတယ်ဟု ပြောလိုက်သည်။

"ဟော့ကောင် ရဲ"

သိန်းဇော်က သူ့ကိုကြည့်ပြီး ခေါ်သည်။ သိန်းဇော် မျက်နှာကို သူ ပြန်ကြည့်နေလိုက်၏။

"မင်းကို အဲဒီလို လာပြောတာကို မင်းက ဘယ်လိုသဘောပေါက်လို့လဲ"

ဘာမှပြန်မပြောမိဘဲ သက်ပြင်းတစ်ခုကိုသာ ချလိုက်မိသည်။

"မင်းရင်ထဲမှာ ဘာရှိတယ်ဆိုတာကို သူလည်း သိနေတာပဲ။ အခု အချိန်ဟာ ဖွင့်ပြောသင့်တဲ့ အချိန်တန်ပြီထင်လို့ မင့်ဆီက စကားကို ကြားချင်လို့ သူ လာပြီးပြောတာပဲ။ မင်းက ဆရာ့ကို ပြန်ချစ်သင့်တဲ့သူပါလို့ ပြောတော့ သူက ဘာဆက်ပြောရမှာလဲ၊ သူက မိန်းကလေးဆိုတာလည်း မင်း စဉ်းစားပါဦး။ သူ လုပ်နိုင်တာ ဒါ အစွမ်းကုန်ပဲလေ"

"မင်း သူ့ကို စွန့်လွှတ်နိုင်ပြီလား၊ စွန့်လွှတ်ဖို့ စဉ်းစားပြီးလို့ ဒီစကားကို ပြောလိုက်တာလား ရဲ ..."

သိန်းဇော်ကို ပြန်ပြောမည်ဟု ပါးစပ်ပြင်နေစဉ်မှာပင် လှမြင့်က သူ့ကို ထပ်မေးသည်။

"စန္ဒာ့ရင်ထဲမှာ ဘယ်လိုခံစားရမယ်ဆိုတာ ငါ နားလည်ပါတယ်ကွာ။ ဒါပေမဲ့ ရေရှည်ရင်ဆိုင်ရမယ့် ပြဿနာတွေ၊ ဝေဒနာတွေကို သူ ခံစားရမှာ ငါ စိုးရိမ်တယ်။ ငါ သူ့ကိုသနားတယ်။ ငါ့ကြောင့် သူ့မှာမိနဲ့ သူ ခဏခဏ ပြဿနာ တက်ရတယ်လေ"

"ဘာလဲ၊ ဒါကြောင့် ဖွင့်မပြောဘူး ဆုံးဖြတ်ထားတာလား"

သိန်းဇော် အမေးကို ပြန်မဖြေမိပဲ ငြိမ်နေလိုက်သည်။

ဝေ့တိုက်လာသော ဆောင်းလေသည် မျက်နှာကို အေးမြသွားစေသော်လည်း ရင်ထဲသို့ မရောက်။ မှုတ်ထုတ်လိုက်မိသော လေပူသည် ဆောင်းလေမှာ ရောနှောသွားမည်။

"ဘာဖြစ်ဖြစ် နောက်ကိစ္စကို နောက်မှ ရင်ဆိုင်ဖို့ ပြင်ဆင်သင့်ပါတယ်။ လောလောဆယ်တော့ ကိုယ့်ဝေဒနာကိုယ် ကုစားသင့်တာပေါ့။ မင်း အခုလို ဆုံးဖြတ်လို့ စန္ဒာ စိတ်ချမ်းသာမယ်ဆိုရင်တော့ တစ်မျိုးပေါ့ကွာ။ အခု စန္ဒာ လည်း စိတ်ဆင်းရဲရမှာကို"

"ကိုယ့်ကိုယ်ကိုယ် မညာချင်ပါနဲ့ ရဲရာ"

သိန်းဇော်စကားမပြတ်ခင်မှာ လှမြင့်က ဝင်ပြောလိုက်၏။

■

"စန္ဒာ၊ နင့်ကို ဘာပြောသွားလဲ"

"ဟော့အေး ... ဘာမှ ပြောမသွားဘူး"

ခင်ထားညိုဆီက အဖြေစကားကြားတော့ ရင်ထဲမှာ ပူသည်။ သူ့ကို စိတ်ကောက်ပြီး ကျောင်းမလာတာလား။ နေမကောင်းလို့ များလားဟု တွေး၏။

"နေမကောင်းလို့များလား မသိဘူး၊ နင် ဝင်မေးကြည့်ပါလား"

သီဂီက ပြောလိုက်သည်။

"ဟာ ... ဘယ်ဖြစ်မလဲဟ၊ သူ့အဘွားကြီး ငါ့ကို မောင်းထုတ်မှာပေါ့"
ဟု သီဂီက ပြန်ပြောလိုက်၏။

"မနက်ဖြန်ဆို သောကြာ၊ စန္ဒာ ကျောင်းမတက်တာ တစ်ပတ်ပြည့်တော့မယ်။ ဒါပေမဲ့ ဘာဖြစ်ဖြစ်နေကောင်းရင်တော့ စနေနေ့လာမှာပါ။ စနေနေ့ အတန်းကိုတော့ ဖျက်မယ်မထင်ပါဘူး"

ခင်ထားညိုက ပြောနေစဉ် စနေနေ့အတန်းမှာ ဆရာသင်ဖို့ ဖျက်မယ်မထင်တာလား။ ဘာသာရပ်က အရေးကြီးလို့ပဲလားဟု တွေးမိသေးသည်။

"နင် ကလပ်စ်မတက်ဘူးလား"

သွားမယ်ဟု နှုတ်ဆက်စဉ် ခင်ထားညိုက မေးသည်။

"ဒီတစ်ချိန်မတက်ဘူး၊ သိန်းဇော်နဲ့ လှမြင့်တို့ လက်ဖက်ရည်ဆိုင်က စောင့်နေတယ်"

"နင်တို့ ကိုဇော့်ကို မဖျက်ဆီးနဲ့နော်"

"အံမယ် နင့် ကိုဇော်က ငါတို့ကို ဖျက်ဆီးနေတာပါ" ဟု ခင်ထားညိုကို ပြန်ပြောစဉ် ခင်ထားညိုက ရယ်သည်။

"နင်ကလည်း စန္ဒာမရှိရင် အတန်းထဲမှာကို မမြင်ရဘူး" ဟု သီဂီ လှမ်းပြောလိုက်သည့်စကားကို ကြားလိုက်ရ၏။

■

"စန္ဒာ ကျောင်းမလာဘူး မဟုတ်လား"

လက်ဖက်ရည်ဆိုင်မှာ ထိုင်မိလျှင် ထိုင်မိချင်း သိန်းဇော်က မေးသည်။

"ဟုတ်တယ်" ဟု သူပြန်ဖြေ၏။

"မနက်ကပဲ ခင်ထားကို ငါ မေးကြည့်သေးတယ်" ဟု သိန်းဇော်က ပြောသည်။

"ငါ ထင်တယ်၊ မင်း ဖွင့်ပြောတော့မယ် ဆုံးဖြတ်ထားတာကို သိလို့ ကျောင်းကို တမင်မလာတာများလား"

လှမြင့် ရယ်ပြော ပြောသည်။

"ဖွင့်ပြောမှာ မဟုတ်ပါဘူး"

"ဘာလဲကွ၊ မင်း ပြောဖို့ ဆုံးဖြတ်ပြီးပြီဆို"

သူ့စကားမဆုံးမီ သိန်းဇော်က မေး၏။

"စကားဆုံးအောင်လည်း နားထောင်ပါဦးကွာ၊ ငါ စန္ဒာကို ပါးစပ်က ဖွင့်ပြောမှာ မဟုတ်ဘူး"

"ဘာလဲ ... ရည်းစားစာပေးမှာလား"

"မဟုတ်ဘူး"

"ဘာလဲကွ"

"ငါ စန္ဒာနဲ့ ပတ်သက်လို့ ဟိုး ငယ်ငယ်ကစပြီး စိတ်လှုပ်ရှားရတာ ခံစားရတာတွေကို မှတ်တမ်းရေးထားတာရှိတယ်။ အဲဒီမှတ်တမ်းစာအုပ်ကို သူ့ကို ပေးဖတ်ဖို့ စိတ်ကူးထားတာ။ ဒါ ဖတ်ပြီးရင် ငါ့ရင်ထဲမှာ ဘယ်လို ခံစားရတယ် ဆိုတာ သူ သိသွားမှာပါ"

"စိတ်ကူးကလည်း ယဉ်လိုက်တာကွာ"

သိန်းဇော်က မှတ်ချက်ချသည်။

"အေးကွာ ... ချစ်တယ်လို့ ပြောလိုက်ရင် တိုတိုနဲ့ လိုရင်းရောက်နိုင်တဲ့ ကိစ္စကို"

လှမြင့်က သူ့ကို ကြည့်ပြီး ပြောသည်။

"ဘယ်ဟုတ်မလဲကွ၊ ငါက စန္ဒာကို ငယ်ငယ်လေးကတည်းက ခင်ခဲ့ရတာ။ အရွယ်ရောက်တော့လည်း သူ့ကို တိတ်တခိုးနဲ့ စိတ်ဝင်စားခဲ့ရတာ။ ကာလအကြာကြီး ငါ့ရင်ထဲမှာ ဖြစ်လာတဲ့ သံယောဇဉ်နဲ့ အချစ်ကို ချစ်တယ် ပြောရုံနဲ့ လုံလောက်မယ် မထင်ဘူးလို့ ငါ ခံစားရသမျှ ရေးထားတဲ့ မှတ်တမ်းကို ဖတ်ကြည့်စေချင်တာပေါ့"

"ပြစမ်း ဘယ်လောက်များလဲ" ဟု လှမြင့်က တောင်းသည်။ လွယ်အိတ်ထဲမှ ဒိုင်ယာရီစာအုပ်ငယ်ကို သူ ထုတ်ပေးလိုက်ပြီး ...

"ဒီစာအုပ်တစ်ဝက်လောက်ရှိနေပြီ၊ နောက်လည်း ဆက်ရေးရဦးမှာပေါ့" ဟု ပြောလျက် စာအုပ်ကို လွယ်အိတ်ထဲ ပြန်ထည့်လိုက်၏။

"ဖတ်မကြည့်ရဘူးလားကွာ"

"မဖတ်ချင်ပါနဲ့ကွာ၊ တိတ်တခိုးနဲ့ ရင်ထဲမှာ ခံစားရတာတွေကိုပဲ ရေးဖွဲ့ထားတာပါ"

"မင်း နောက်ဆို ချစ်သူဘဝမှာရှိတဲ့ ပျော်စရာ ကြည်နူးစရာလေးတွေကို ဒီစာအုပ်ထဲမှာ ထည့်ရေးနိုင်လာမှာပါကွာ" ဟု သိန်းဇော်က ပြောလိုက်၏။

"သူ ကျောင်းတက်လာရင် မင်း ဒီစာအုပ်ပေးဖတ်တော့မှာပေါ့"

လှမြင့်ကို ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပါတယ်၊ မင်း ရင်ထဲက ခံစားရတာတွေကို စန္ဒာသိသွားရင် မင်းတို့နှစ်ယောက် ချစ်သူဘဝ ရောက်သွားကြမှာပါ"

ရေခွေးကြမ်းငှဲ့ရင်း သိန်းဇော်က ထင်ကြေးပေး၏။

"ဒါဆို မင်းတို့အထဲမှာ ငါတစ်ယောက်တည်းပဲ ကန့်လန့်ကန့်လန့် ဖြစ်နေတော့မှာပေါ့"

"မဖြစ်ချင်ရင် သီဂီကို ကြိုက်လိုက်ပေါ့ကွာ"

ဟု သိန်းဇော်က လှမြင့်ကို ပြော၏။

"တော်ပါတော့ကွာ ... သီဂီ ဒီလောက် ဝတုတ်ကြီးကို အေးအေးပဲ နေပါရစေတော့"

လှမြင့်ကို ကြည့်ပြီး ရယ်ကြ၏။



မတွေ့ရသည့်ရက်များမှာ သူ့အသံ သူ့စကားကို တရံမလပ် ကြားယောင်ရင်း သတိရမိသည်။ မမြင်ရသည့်နေ့များမှာ သူ့သဏ္ဌာန် သူ့အသွင်ကို အမြင်အာရုံမှာ ထင်ဟပ်၍ အောက်မေ့နေတတ်ပြန်သည်။ ဘယ်အထိ ဝေးဝေးအတွေးမှာ သူရှိနေတတ်မှန်း ဘာသာ သိလာ၏။ စိတ်ကူးမှာ အိပ်မက်မှာ အရာရာ သူနှင့်ဆက်စပ်၍ ထာဝရပင် ရင်ခုန်နေတတ်သည်ပဲ။ ရင်ထဲက တမ်းတရင်း စကားများစွာကို အတွေးနှင့် ပြောဖြစ်ပြန်သည်လေ။

ရေးထားသည့်မှတ်စုစာအုပ် သူ့ကိုပြ၊ ရင်ထဲကဝေဒနာကို သိအောင် ပြောတော့မယ် စိတ်ကူးလို့ ကြည်နူးစွာ ရင်ခုန်ပြန်သည်။ ထိုရက်များက သူ ကျောင်းကိုမလာတော့ စိုးရိမ်စွာ တွေးပူတတ်ပြန်၏။ သောကြာ၊ စနေ၊ တစ်ရက်ရက်တော့ သူ ကျောင်းပြန်တက်မှာပဲဟု မျှော်ကိုးငံ့လင့်မိဆဲ အခြေအနေက လွဲအောင် ဖန်တီးပြန်သည်။

"ကိုကို မေမေ ဖျားနေပြီ၊ အသားတွေပူတာ ချစ်ချစ်တောက်ပူနေတာပဲ" သောကြာနေ့ မနက်စောစော ညီမငယ်က လာပြော၏။

မေမေ့ အခန်းထဲဝင်ပြီး ခြင်ထောင်မ၍ နဖူးကို ရှုရှုစမ်းကြည့်သည်။ ပါးစပ်က တဟင်းဟင်းညည်းရင်း အမေ အဖျားတက်နေပြီ။

"နင် ကျောင်းသွားလေ ... ငါ စောင့်လိုက်မယ်"

ညီမငယ်ကို ကျောင်းလွှတ်ပြီး မေမေ့အနားက ထိုင်စောင့်ရပြန်၏။

ဒီလိုနှင့် စနေနေ့မှာလည်း သူ ကျောင်းမတက်ဖြစ်တော့။

■

"ဘယ်လိုဖြစ်တာလဲကွ၊ စန္ဒာနဲ့ မင်းက တစ်ယောက်တစ်လှည့်စီ ကျောင်းပြေးနေကြတာလား"

လှမြင့်က မေးသည်။

အမေ နေမကောင်းသည့်အကြောင်း တနင်္ဂနွေနေ့ကမှ အဖျားမရှိဘဲ အိပ်ရာထဲက ထနိုင်သည့်အကြောင်း ရှင်းပြလိုက်၏။

"သောကြာနဲ့ စနေက စန္ဒာ ကျောင်းတက်တယ်ကွ၊ မင်း လာမလားလို့ ငါတို့က မျှော်နေတာ။ ငါတို့ မေးကြည့်တော့ သိပ်နေမကောင်းလို့ ကျောင်း မတက်တာလို့ ပြောတယ်။ ငါ ခင်ထားကို ကပ်မေးတော့ သူ့ကိုတော့ စိတ် ညစ်လို့ ကျောင်းမလာတာလို့ ပြောတယ်တဲ့။ တနင်္ဂနွေနေ့က မင်းဆီကို ရောက်လာသေးသလား"

တနင်္ဂနွေနေ့က စန္ဒာ ရောက်လာလေမလားလို့ သူလည်း မျှော်ခဲ့မိ သေးသည်။ အမေ့ကို ဆေးခန်းပြဖို့သွားတော့ ခြံထဲမှာ ကားထွက်သွားသည် ကို လှမ်းတွေ့၏။ ကားနောက်ခန်းမှာ မြစန္ဒာ ပါသွားသည်ပဲဟု အမှတ်မထင် ကြည့်မိသေးသည်။

"မလာပါဘူးကွာ" ဟု သိန်းဇော်ကို သူ ပြန်ပြောလိုက်၏။

"ဘယ်လိုလဲ ... ဒီနေ့ အလုပ်စမှာလား"

လှမြင့်၏ အမေး။

သူခေါင်းညိတ်ပြသည်။

"ကောင်းတယ် ... ကောင်းတယ် ... ထမင်းစားချိန် ကန်တင်းဆင်းရင် ငါတို့ ရှောင်ပေးမယ်၊ မင်း ကြည့်လုပ်ပေါ့။ ခင်ထားကိုတော့ ငါ ခေါ်သွားမယ်။ ဟိုသီဂီကို ဘုတ်ဆုံကို ဘယ်လိုလုပ်ပြောမလဲ"

"ငါ့တာဝန်ထားကွာ၊ ငါကြည့်ပြီး ဖန်တီးမယ်"

လှမြင့်က အားတက်သရောပြောသည်။

"ဟော့ကောင် သိန်းဇော် ... ဟိုမှာ လိုက်လာပြီ"

ခင်ထားညိုနှင့် သီဂီတို့ ဝင်လာသည်ကိုကြည့်ရင်း ပြောလိုက်၏။ သိန်းဇော်က လှမ်းကြည့်ရင်း ငါတို့ အတန်းတက်ဖို့ လာခေါ်တာ ဖြစ်မယ်ဟ

ပြောသည်။ ကြောက်နေပြီလားဟု လှမြင့်က ရယ်ရင်းမေး၏။ တွေ့တုန်းတော့ ကြောက်ချင်ယောင်ဆောင်နေရတာပေါ့ကွာဟု သိန်းဇော်က ပြန်ပြောခိုက် ငါ ပြန်ပြောလိုက်မယ်ဟု လှမြင့်က နောက်သည်။

"ရှာလိုက်ရတာ"

အနားရောက်တော့ ပြုံးပြီးပြော၏။

"ဘာလဲ လက်ဖက်ရည်တိုက်မလို့လား"

လှမြင့်က နောက်သည်။

"မဟုတ်ဘူး ရဲ၊ နင့်ကို လိုက်ရှာတာ"

"ဟာ ကိုယ့်ကိုရှာတာ မဟုတ်ဘူးလား"

သိန်းဇော်က ခင်ထားကို နောက်သည်။

"ငါ့ကို ရှာတာ ဟုတ်လား ခင်ထား"

ခင်ထားမျက်နှာကို ကြည့်ရင်း မေးသည်။

"ဟုတ်တယ်၊ နင့်ကို ရှာပေးပါဆိုလို့" ဟု သီဂီက ဝင်ပြော၏။

"ဘယ်သူကလည်း သီဂီ"

သူ မမေးခင်မှာ လှမြင့်က ဝင်မေးလိုက်သည်။

"မြစန္ဒာကလွဲလို့ ဘယ်သူ ဖြစ်နိုင်မှာလဲကွာ"

ဟု သိန်းဇော်က ပြော လိုက်၏။

"ဟုတ်တယ် ရဲ ... စန္ဒာက နင်နဲ့ စကားပြောစရာရှိလို့တဲ့။ သူ စောင့်နေတယ်"

ရင်ထဲမှာ ထိတ်ထိတ်ပျာပျာ ဖြစ်ရသည်။ ခါတိုင်းလည်း ပြောနေကျ ဆိုနေကျ ငယ်သူငယ်ချင်းတွေပဲဟု တွေးသည်။ နလုံးသားက စကားကို ပြောမည်ကြံမှ ရင်က တလှပ်လှပ် ခုန်ချင်သည့်အဖြစ်ကို အံ့ဩရသေး၏။

"ခင်ထား ... နင် နောက်နေတာလား"

ခင်ထား မျက်နှာကို စေ့စေ့ကြည့်ရင်း မေးလိုက်သည်။

"ခက်တော့တာပဲ ကိုရဲရယ်၊ နင်နဲ့ စန္ဒာနဲ့ နှစ်ယောက် အခုတလော ဘာဖြစ်နေကြတာလဲ မသိဘူး၊ ငါက ဘာလို့နောက်ရမှာလဲဟ"

ခင်ထားစကားက အတည်စကားဟု သူ ယုံသည်။ ထိုင်ရာမှ ဆတ်ခနဲ ထလိုက်ပြီး ဘယ်မှာလဲ ခင်ထားဟု သူ မေး၏။

"သစ်ပုတ်ပင်နားက ခုံမှာ"

ခင်ထားစကားအဆုံးမှာ လက်ဖက်ရည်ဆိုင်မှ ထွက်လာခဲ့သည်။

ရင်ထဲမှာ အတွေးများစွာဖြင့်။

■

ကံကော်ပန်းတန်းသည် ထာဝရစိမ်းလန်းနေသော နေရာဟု ထင်၏။ ထိုနေရာသည် ပျိုမျစ်ခြင်း နုသစ်ခြင်းနှင့် နှစ်လိုတပ်မက်ဖွယ် ကောင်းခြင်းတို့ စုဝေးရာဟု တွေးသည်။ အာစီကို ဖြတ်ခဲ့ပြီး လှမ်းအကြည့် ရင့်ကျက်တည် ငြိမ်သော သစ်ပုတ်ပင်ကြီးကို မြင်သည်။ သစ်ပုတ်ပင်ကြီးနှင့် ခပ်လှမ်းလှမ်း ကံ့ကော်ပင်ရိပ်အုပ်အောက်ဆီသို့ အကြည့်ရောက်၏။ ခုံတန်းပေါ်မှာ ထိုင်နေ သူကို မြစန္ဒာပဲဟု စိတ်ထဲက အတပ်သိသည်။ ရင်ထဲကို ဝေဒနာတစ်ခု ဖျတ်ခနဲ ရောက်လာမှန်းသိလိုက်၏။

ဟိုးအဝေးကို ခပ်ငေးငေး ငိုင်တွေနေသည့် မြစန္ဒာ၏ မျက်နှာကို မြင် ရခိုက် သူ့မှာ ပြဿနာ တစ်စုံတစ်ရာရှိပြီလားဟု တွေးပူသည်။ တည်ငြိမ်နေ သည့် မျက်နှာလား ခံစားဆွေးရိပ်သန်းသည့် မျက်နှာလားဟု ဘာသာခွဲခြား ခက်ပြန်၏။

အနားရောက်တော့ သူ့ကို မော့ကြည့် ပြုံးပြသည်။ နွမ်းယဲ့ယဲ့အပြုံး ပါလားဟု အမှတ်ထင်ထင်ရှိပြန်၏။ ခါတိုင်းနယ် သွက်လက်ဖျက်လတ်ခြင်း မရှိဟု သတိထားမိသည်။ သူ့အတွက်နှင့် မြစန္ဒာမာမီက သူမကို အဆူအပြော ခံရသော နေ့များကို ပြေး၍သတိရမိပြန်သည်။ သည်နယ်ပင် ညိုးရော်ရော် မျက်နှာနှင့် မျက်ရည်စတို့ ဝေ့ရင်း သူ့ကို ပြန်ပြောပြတတ်စမြဲပင်။

"ထိုင်လေ ..."

တိုးညှင်းညှင်းအသံကို ကြားရ၏။ မြစန္ဒာ၏ ဘေးမှာ ဝင်ထိုင်လိုက် မိသည်။

"စန္ဒာ နေမကောင်းဘူးလား"

"စန္ဒာ နေကောင်းပါတယ် ရဲ…"

စကားပြတ်ပြီး တိတ်ဆိတ်ငြိမ်သက်သွားပြန်၏။

"ဘာလဲ စန္ဒာ့မျက်နှာက နေမကောင်းသလိုပဲ ညှိုးနေလို့လား"

ဘေးစောင်းငဲ့ကြည့်ရင်း မေး၏။

"ဟုတ်တယ် … စန္ဒာကိုကြည့်ရတာ နွမ်းနေသလိုပဲ"

နားသယ်စမှ မဲ့အနက်ကလေးကို စူးစိုက်ကြည့်လျက် ပြောမိပြန်၏။ စန္ဒာထံမှ သက်ပြင်းချသံသဲ့သဲ့ကို ကြားလိုက်သည်။

"စန္ဒာ မနွမ်းပါဘူး၊ ကြည်ကြည်နူးနူး ပျော်ပျော်ရွှင်ရွှင် ဖြစ်နေရမယ့် အချိန်ပါ ရဲ…"

စန္ဒာက ပြုံးရင်း တမင်စကားဆိုသည်။ စန္ဒာရယ် ရင်ထဲကမပါတဲ့ အပြုံးကို ဘာလို့ဟန်လုပ် ပြုံးပြနေရတာလဲကွယ်ဟု စိတ်ထဲက ပြောမိသေးသည်။

"နင် နေမကောင်းလို့လား၊ ဟိုတစ်ပတ်က နှစ်ရက် ကျောင်းပျက်တာ"

စန္ဒာက ပုံမှန်ပြန်ရောက်အောင် ထိန်းချုပ်ရင်း စကားကို လွှဲ၏။

"မဟုတ်ဘူး၊ အမေ နေမကောင်းလို့ပါ။ ညီမလေးက စာမေးပွဲနီးနေလို့ ငါပဲ စောင့်နေရတယ်"

"အခုရော ဒေါ်လေး နေကောင်းပြီလား"

"အင်း … အခုတော့ ကောင်းသွားပါပြီ"

"ငါ တနင်္ဂနွေနေ့ နင့်အိမ်ကိုလာဖို့ ကြိုးစားကြည့်သေးတယ်။ မာမီနဲ့ အပြင်လိုက်သွားရလို့"

ညနေပိုင်း အမေ့ကို ဆေးခန်းလိုက်အပို့မှာ ကားနောက်က ထိုင်နေသည့် သဏ္ဍာန်ကို အတွေးမှာ ပြန်ပြီးမြင်ယောင်သည်။

■

သက်ပြင်းချရင်း ဟိုဝေးဝေးကို ငေးရီကြည့်နေရသော ဝေဒနာကို ကြာရှည်မခံ ရပ်နိုင်ပြီ။

"စန္ဒာ"

အသံတိုးညှင်းစွာဖြင့် ခေါ်လိုက်မိသည်။

မြစန္ဒာက သူ့ဘက်သို့ လှည့်လာပြီး အကြည့်ဆုံလိုက်၏။

"ပြောစရာရှိတယ်ဆို"

အကြည့်ကို အဝေးဆီသို့ပြောင်းရင်း သက်ပြင်းချသည်ကို ကြားရပြန်သည်။

"ဟုတ်တယ် ရဲ"

"ကဲ ... ပြောလေ"

စန္ဒာ သူ့ကိုပြောပြီးလျှင် မြစန္ဒာကို သူ့ရင်ထဲက စကားတွေပြောမည်တွေး၏။ လွယ်အိတ်ထဲမှ မှတ်စုစာအုပ် အနီလေးကို အလိုလိုပင် ကိုင်မိလျက်သားဖြစ်နေသည်။ မြစန္ဒာ ဖတ်ကြည့်ဖို့ ပေးလိုက်မည်ဟု စဉ်းစားဆဲ။

"ရဲ..."

စန္ဒာဆီက အသံထွက်လာသည်။

"နင် ဘာဖြစ်နေလဲ စန္ဒာ ...၊ ပြောစရာရှိတာ ပြောလေ"

သူ့ကို ကြည့်ဆဲအကြည့် တခြားကို ရွှေ့လိုက်ပြန်သည်။

"ငါ ... ငါ ... နင့်ကို အသိပေးမလို့"

"ဘာကိုလဲ ဟင် ..."

"ငါ ကျောင်းမလာတဲ့ ရက်တွေမှာ သေသေချာချာ စဉ်းစားတယ်၊ ပြီးတော့ ဆုံးဖြတ်ချက်ချလိုက်တယ်"

"စန္ဒာ နင် ဘာကို ပြောနေတာလဲ၊ ငါ ဘာမှနားမလည်ဘူး"

သူ့မျက်နှာကို စူးစိုက်ကြည့်ပြီး ပြောလိုက်မိသည်။

စန္ဒာက သက်ပြင်းချလျက် လမ်းဖြတ်လျှောက်သွားသော ကျောင်းသူတစ်စုကို ငေးကြည့်နေသည် တွေ့၏။

"ပြောလေဟာ ..."

တင့်ငုံ့နှင့် မျှော်မောရလေသော ဒုက္ခကို စိတ်မရှည်ချင်တော့။

"ငါလေ ... ငါ ... စနေနေ့ကပဲ ဆရာ့ကို အဖြေပေးလိုက်ပြီ"

"ဘာ ... ဘာပြောတယ်၊ နင် ဆရာ့ကို အဖြေပေးလိုက်ပြီ ဟုတ်လား"

"ဟုတ်တယ်ရဲ"

ပြောပြီးနှုတ်ခမ်းကိုတင်းတင်းစေ့ထားသောမြစန္ဒာကိုတစ်ချက်ကြည့်ပြီး အကြည့်ကို ရေတူရှသို့ လွှဲလိုက်သည်။ ချက်ချင်းပင် နှလုံးသားကို ဆွဲယူထုတ်ပစ်ခံလိုက်ရသလို ဖြစ်သွား၏။ မျှော်လင့်ချက်အားလုံး စိတ်ကူးယဉ်အိပ်မက်အားလုံးကို တစ်စစီ တစ်စစီဖြစ်အောင် သည်စကားတစ်လုံးတည်းဖြင့် ဖျက်ဆီးရက်ပြီ ထင်၏။ ဆုံးရှုံးရပြီ လက်လွှတ်ရပြီဆိုသည့် အတွေးဖြင့် အခံရခက်တုန်း ဝေဒနာသံယောဇဉ်တရားတစ်ခု ရင်မှာ ဖြစ်တည်လာသည်။ ကာလများစွာ တွယ်ငြိရစ်ပတ်လာသည့် သံယောဇဉ်တရားကို မြစန္ဒာ မစဉ်းစားတော့ပြီလား တွေးပြီး ဝမ်းနည်းလာ၏။ ကြေကွဲခြင်း ဆွေးမြေ့ဖွယ်ရာများစွာတွင် အချစ်ကို ဆုံးရှုံးရခြင်းသည် တစ်ခုဖြစ်လေမည်ဟု ဘာသာနားလည်လိုက်၏။

ပြောစရာများ ကုန်သွားသည်နှယ် နှစ်ဦးလုံး နှုတ်ဆိတ်နေမိသည်။ သောကတရားသည် စကားတို့ကို ဆိတ်သုဉ်းသွားစေပြီလား မသိ။

"ငါ သွားမယ်"

ပြောပြီး ရုတ်တရက်ထရပ်လိုက်သည်။

"ရဲ … နင် ငါ့ကို … ငါ့ကို"

သူ့မျက်နှာကို မော့ကြည့်ရင်း ပြောလက်စ စကားကို မဆက်နိုင်။ ငုံ့ကြည့်မိသောအကြည့်ကို အဝေးသို့ လွှဲလိုက်၏။


"နင် စိတ်ချမ်းသာရင် ပြီးတာပါပဲ"

"မဟုတ်ဘူး၊ နင် ငါ့ကို အရင်လို ခင်နေဦးမှာလားဟင်"

စန္ဒာ၏ မျက်နှာကို ငုံ့ကြည့်ရင်း အကြည့်ဆုံလိုက်မိပြန်သည်။

"ဘာဆိုင်လို့လဲဟာ၊ ငါ နင့်ကို တစ်သက်လုံး ခင်နေမှာ"

မြစန္ဒာ၏ မျက်နှာ ပြုံးယောင်သန်းသွားသည်ကို တွေ့ဆဲ ငါ သွားမယ်ဟု နှုတ်ဆက်ပြီး ချာခနဲ လှည့်ထွက်လာခဲ့သည်။



၅

ကားရပ်ထားသည်ကို တွေ့၍ မာမီအပြင်မှ ပြန်ရောက်ပြီဟု သိသည်။ စိုးရိမ်စိတ်တစ်ခု ရင်ထဲကို ဖြတ်သန်းသွား၏။ အိမ်ထဲကို လှမ်းအဝင် ဧည့်ခန်းမှာ မာမီတစ်ယောက်တည်း ထိုင်နေသည် မြင်၏။ မျက်လွှာချလျက် အဝင် တံခါးဝကို အဖြတ် "သမီး"ဟု မာမီထံမှ ခေါ်သံကြားရသည်။ မာမီမျက်နှာကို လှမ်းအကြည့် မျက်နှာက တည်၍ တင်းသည်ထင်လျက် ရင်မှာထိတ်သည်။

"မာမီ ..."

အသံကို ပုံမှန်ဖြစ်အောင်ထိန်းရင်း ပြန်ထူးလိုက်၏။

"လာ ... ထိုင်ပါဦး သမီး"

မာမီနှင့်နီးရာ ဆိုဖာပေါ်မှာ ဝင်ထိုင်လိုက်၏။

"မာမီ ပြန်ရောက်တာ ကြာပြီလား"

မာမို့ မျက်နှာကို မရဲတရဲကြည့်ပြီး မေးလိုက်သည်။

သူ့အမေးကို ပြန်မဖြေဘဲ "သမီး ဘယ်သွားနေတာလဲ"ဟု မာမီက မေး၏။

"သမီး"ဟု ထပ်ခေါ်စဉ် မာမို့ မျက်နှာကို မော့ကြည့်မိသည်။

"မာမီ သိတယ် သမီး၊ သမီး မောင်ရဲအောင်တို့အိမ်သွားနေတာ မဟုတ်လား" မာမို့ မျက်နှာကို မော့ကြည့်ရာမှ မျက်လွှာချလိုက်ပြီး

"ဟုတ် ... ဟုတ်ကဲ့ ... မာမီ"

ဟု မရဲတရဲ ပြန်ဖြေလိုက်သည်။

"သမီးကို မာမီ ခဏ ခဏ ပြောထားလျက်သားနဲ့ သမီးက မာမို့စကားကို နားမထောင်ဘူး"

"သမီး သူ့ဆီကို"

"တော်တော့ သမီး၊ သမီး ဘာမှ အကြောင်းမပြပါနဲ့။ မာမီတို့က သမီးတို့လို ငယ်ရာက ကြီးလာတာပဲ။ သမီးတို့ အခြေအနေကို မာမီ ရိပ်မိပါတယ်။ သမီးတို့ မျက်လုံးတွေကို မာမီ နားလည်တယ်။ မာမီ သမီးကို နောက်ဆုံး ပြောချင်တယ်။ အားလုံးဒုက္ခရောက်အောင် သမီး မလုပ်ချင်ပါနဲ့။ သမီးအတွက်နဲ့ တစ်အိမ်လုံး စိတ်မချမ်းမသာ မဖြစ်စေချင်ပါနဲ့ကွယ်။ ဒုက္ခဖြစ်မယ့် လမ်းမှန်းသိလျက်နဲ့ ဆက်မလျှောက်ချင်ပါနဲ့ သမီးရယ်"

"မဟုတ်ဘူး မာမီ ... သမီးတို့ ..."

"သမီး မာမို့ကို ဘာမှ ဆင်ခြေမပေးနဲ့လေ။ ဒီထက် အချိန်နှောင်းမှဆိုရင် သမီးတို့လည်း ပိုပြီးစိတ်ဆင်းရဲရမယ်။ မာမီတို့လည်း သမီးအတွက် ဒူးနဲ့မျက်ရည်သုတ်နေရမယ်။ ဒီတော့ သမီး မောင်ရဲအောင်နဲ့ အဆက်အသွယ် ဖြတ်လိုက်ပါ။ သမီး မာမို့ စကားနားမထောင်ရင်တော့ မာမီ ကိုယ်တိုင် မောင်ရဲအောင်တို့ အမေကိုရော မောင်ရဲအောင်ကိုပါ သွားပြီးပြောရလိမ့်မယ် သမီး"

မာမို့မျက်နှာကိုတစ်ချက်ဝေ့ကြည့်လိုက်မိ၏။ ရင်ထဲမှာတော့ ဆတ်ခနဲ နာကျင်သွားသည်။ မာမီက သူနှင့် ရဲတို့ သမီးရည်းစားဖြစ်နေကြပြီ ထင်နေပါလား။ မာမီနှုတ်ကို သူ အသိဆုံး။ ရဲတို့ မိသားစုအပေါ် မာမီထားသည့် သဘောထားကို သူ နားအလည်ဆုံး။ မာမီကိုယ်တိုင် ရဲတို့ မိသားစုကို သွားပြောလျှင် ခံနိုင်ဖွယ်ရာမရှိလောက်သော စကားတို့ကို ဆိုလေမည်။

အာဏာစကား ဂုဏ်ရှိန်စကားတို့ဖြင့် အနိုင်ယူလေမည်။

"ဒီသူငယ်ရဲ့ အဖေအကြောင်းလည်း ငါ့သမီး သိသားပဲ။ ဒီလိုမိသားစုနဲ့ စပ်စပ်ယှက်ယှက် မလုပ်သင့်ဘူးဆိုတာ သမီး နားလည်သင့်ပါတယ်။ သမီးကြောင့် သမီးရဲ့ဒယ်ဒီ ဘာအနှောင့်အယှက်မှ မဖြစ်အောင် ဆင်ခြင်ပါကွယ်"

ရင်ထဲမှာ ပြောစရာစကားတွေ ပြည့်နေလျက် နှုတ်က အထွက်ခက်သည်။ သိုသိပ်ထားရသော ဝေဒနာလောက် ပြင်းပြစွာ ခံစားရခြင်းသည် ရှိမည်

မဟုတ်ဟု ထင်၏။ ဘာဆိုင်လို့လဲ မာမီရယ်ဟု စိတ်ထဲက ပြန်ပြောနေမိပြန်သည်။

"သမီး မာမို့ကို ကတိပေးတယ်နော်၊ ဟုတ်လား ..."

မာမို့ မျက်နှာကို စူးစိုက်ကြည့်နေမိရင်း မျက်ဝန်းမှ မျက်ရည်စကို မျက်တောင်ခတ်လျက် ထိန်းသည်။

"ကတိပေးတယ် မဟုတ်လား"

ဟု မာမီက ထပ်အမေးမှာ ဆတ်ခနဲ ခေါင်းကိုညိတ်လျက် သမီးသွားတော့မယ် မာမီဟု ပြောရင်း ထလိုက်၏။ ကျောခိုင်း၍ အခန်းဆီကို လျှောက်အလာ ထိန်းထားသော မျက်ရည်စက ပါးပြင်ပေါ်သို့ ကြွေကျလာသည်။

သံယောဇဉ်နွယ် မရစ်ပတ်အောင် ချိုးဖြတ်လို့ ရပါသလားကွယ်။

■

မျက်စိမှိတ်ထားလျက် အိပ်မပျော်။ ယောင်ယက်ခတ် အတွေးဖြင့်ရင်သည် မငြိမ်။ ဖြစ်တည်နေသော သမုဒယထုကို ဘာသာသတိပြုမိသည်။ တွယ်တာခင်မင်မှု၏ အတိမ်အနက်ကို ခံစားချက်ဖြင့် နားလည်ရပြီ။ ဘာတတ်နိုင်မှာတဲ့လဲကွယ်။

ရဲအောင် ဖေဖေတို့ ခြံထဲကို လူတိုင်း ဝင်လို့ ထွက်လို့ မရနိုင်တဲ့ အခြေအနေတုန်းက မေမေကိုယ်တိုင် ဝင်ထွက်ခဲ့ပြီးမှ အခုလို ဝင်လိုဝင် ထွက်လိုထွက်ရတဲ့အချိန်မှာ ဘာကြောင့် သူ့ကို ဒီခြံထဲ သွားခွင့်မပြုချင်ရတာလဲ။ အဝင်အထွက် ခက်နေပြီဖြစ်တဲ့ သူတို့ခြံကို ရဲအောင်မလာလို့ သူက သွားတာ ဘာအပြစ်များ ရှိပါသလဲကွယ်။

သမီး ဖေဖေအတွက်တဲ့။ အပေါ်မော့ပြီး တစ်ဆင့်တစ်ဆင့်နဲ့ တက်လာရင်း အမြင့်ဆုံးရောက်ခါနီးတော့ ငုံ့ကြည့်ရဲတဲ့သတ္တိ မာမီမှာ မရှိတော့ဘူး ထင်တယ်လေ။ အပင်ထိပ်ဖျားမှာနေတဲ့ သူဆိုတော့ လေတိုက်လို့ သစ်ပင်လှုပ်တာလည်း ကြောက်၊ အောက်ခြေက ပင်စည်ကို ခါချနိုးနဲ့လည်း စိုးရိမ်ပြီး မာမီ သမီးကို ချုပ်ချယ်ပြီလားဟု တွေးမိပြန်သည်။

---

သည်အခြေအနေမှာ မာမီသည် သူနှင့် ရဲကို ဘယ်နည်းနှင့်မှ သဘောတူ ကြည်ဖြူမည်မဟုတ်ဟု သိ၏။ တကယ်လို့ ရဲက ရင်ထဲကစကားတွေပြောပြီး လောကကို ရင်ဆိုင်ကြပါစို့ ဆိုလာရင်ကော သူမှာ တားဆီးဟန့်တားနိုင်တဲ့ သတ္တိရှိပါ့မလား။ ခေါင်းခါငြင်းဆန်နိုင်လောက်တဲ့ အင်အား မွေးထားနိုင်ပါ့မလား။ မေတ္တာတရားကို လုံခြုံအောင် သော့ခတ်လို့ ပိတ်ထားနိုင်ပါ့မလားဟု မိမိကိုယ် မိမိ သံသယဝင်သည်။

သောကဖြင့် ကြိုမည့်လမ်းကို ချစ်သူနှင့်လက်တွဲ၍ လျှောက်လှမ်းရမှာလား။ နလုံးစိတ်ဝမ်း မမြေချမ်းနိုင်မှုများစွာ ပေါ်ပေါက်လာမည့် ကိစ္စတစ်ရပ်ကို နလုံးသားသက်သက်ဖြင့် ဆုံးဖြတ်ရမှာလား။

ခန်းဆီးဇာစကို ထိုးဖောက်ကျလာသည့် လရောင်မျှင်တန်းဆီသို့ အကြည့်ရောက်သည်။ အပြင်မှာ လသာနေမှာပေါ့ တွေးရင်း လပြည့်ညဟု အသိဝင်သည်။ ပြည့်ဝန်းစွာ သာနေမည့်လကို အိပ်ရာထက်မှ မှန်းဆရင်း မြင်နေရသည်ပဲ။

သက်ပြင်းကို ချလိုက်သည်။

လရောင်ကို မြင်ရရုံနှင့် လမင်းကိုမှန်းဆပြီး ကြည့်နိုင်ပါတယ်ကွယ်။ ချစ်သူဘဝ မရောက်ရပေမဲ့ တွယ်တာခင်မင်မှုတွေကို တွေးပြီး ရင်ထဲမှာ နွေးထွေးယုံကြည်စွာ ခံစားရတာ အမှန်ပါလေ။

အရာရာကို စဉ်းစားရင်း ဆရာ့ကိုအဖြေပေးလိုက်တာ အကောင်းဆုံးဟု ဘာသာ ဆုံးဖြတ်လိုက်တော့၏။

■

"စန္ဒာ၊ ရဲ မလာဘူးလား"

ခင်ထားညိုနှင့် သိန်းဇော်ရောက်လာပြီး သိန်းဇော်က မေးသည်။ သိန်းဇော်အသံကြောင့် ရုတ်တရက် အတွေးမှ လန့်နိုးသွား၏။

"ငါ လွှတ်လိုက်တယ်၊ နင့်ဆီကို ရဲ မလာဘူးလား" ဟု ခင်ထားညိုက ထပ်မေးသည်။

"လာတယ်..."

ခင်ထားညိုတို့ ထိုင်နိုင်အောင် နေရာရွှေ့ပေးရင်း ဖြေလိုက်သည်။

"အစ ဘယ်သွားလဲ"

"စကားပြောပြီးတော့ သွားတော့မယ်ဆို ထွက်သွားတာပဲ"

သိန်းဇော်ကို ပြန်ပြောလိုက်၏။

"ဒီကောင် ဘယ်သွားပြန်လဲ မသိဘူး၊ ဆိုင်မှာသွားပြီး စောင့်နေမယ် ထင်တယ်"ဟု သိန်းဇော်က ဘာသာပြောသည်။

ခင်ထား ကျန်ခဲ့မလား၊ ဆိုင်လိုက်သွားလိုက်ဦးမယ်ဆိုတော့ ခင်ထားညိုက ခေါင်းညိတ်ပြသည်။

သိန်းဇော်ထွက်သွားတော့ "စန္ဒာ ရဲကို ပြောလိုက်ပြီလား"ဟု ခင်ထားညိုက မေး၏။

"ပြောလိုက်ပြီ ခင်ထား၊ ဘာဖြစ်ဖြစ် သူ့ရင်ထဲမှာလည်း ရှင်းရှင်းလင်းလင်း ဖြစ်စေချင်ပါတယ်၊ စန္ဒာ ခေါင်းနဲ့ဆုံးဖြတ်တာတစ်ခုဟာ အခုအချိန်မှာ မှားရင်တောင်မှ ရဲဘဝကို ဘာမှထိခိုက်စရာ မရှိသေးဘူးလို့ ထင်တယ်လေ။ ချစ်သူဘဝရောက်လို့ မျှော်လင့်ချက်တွေ၊ စိတ်ကူးတွေနဲ့ ကြိုတင်ပြင်ဆင်ပြီး ကြမှ လမ်းခွဲရရင် နှစ်ယောက်လုံး ပိုပြီးအထိနာကြမှာပေါ့ ခင်ထားရယ်။ သူ စန္ဒာ့ကို ဘယ်လိုနားလည်သွားလဲတော့ မသိဘူးလေ"

"ခွဲရမယ့် အနာဂတ်မှန်းသိနေရင် စောစောခွဲလိုက်တာ ကောင်းပါတယ်လေ။ ဒဏ်ရာ မြန်မြန်ကျက်လွယ်တာပေါ့ ဟုတ်ဘူးလား..."

ခင်ထားညိုကို ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။ အစိမ်းခွဲလိုက်ရတော့ မခံမရပ်နိုင်အောင် နာကျင်ခံစားရတာတော့ အမှန်ပဲလေဟု ရင်ထဲက ပြောနေ မိသေးသည်။

ကြားရသည့်စကားကို မယုံချင်ပေမဲ့ မယုံလို့မဖြစ်။ ခံစားရသည့် အတိုင်းအတာကို ဘာသာမှ နားလည်နိုင်မည်ထင်သည်။ ကြေကွဲဝမ်းနည်း ရသည်ထက် များစွာပိုလွန်မည်ထင်သော နာကျင်ခံခက်မှု ဝေဒနာကို ခံစား လိုက်ရသည်ပဲ။

"မင်း ကလပ်စ်ပျက်တာ များနေပြီ ရဲ။ ချစ်သူတစ်ယောက် ဆုံးရှုံးရတာ နဲ့ အတန်းမတက်ဘဲနေတာ တခြားစီပဲ။ ဒီကိစ္စကြောင့် အတန်းပျက်တာ တော့ မင်းကို ရှုံချရမယ်"

လှမြင့်က သူ့ကိုကြည့်ရင်း ပြောသည်။

"ဟုတ်တယ် ရဲ ... အသည်းကွဲလို့ ကျောင်းစာကို မေ့ထားဖို့ ဖြစ်နိုင် မလား၊ ကျောင်းသားတစ်ယောက်ဟာ ကျောင်းသားတာဝန်တော့ ကျေ အောင် လုပ်ရမှာပဲ။ အသည်းကွဲချင်လည်း ကျောင်းတက်ရင်း စာကြည့်ရင်း ကွဲပေါ့ကွာ"

သိန်းဇော်က ဝင်ပြောသည်။

"နေကြပါဦးကွာ၊ ငါ အသည်းကွဲတယ်လည်း မပြောရသေးပါဘူး"

"ဒါပေမဲ့ ... မင်း အတန်းပျက်တာ များတယ်"

"ငါ စန္ဒာကို ချက်ချင်း ရင်မဆိုင်ချင်သေးလို့ပါကွာ။ တွေ့ရတော့ ရင်ထဲ မှာ ပိုပြီးခံစားရတယ်လေ"

"မဆိုင်တာကွာ ... မင်း စန္ဒာကို ဒီလိုရှောင်နေလို့ ရမတဲ့လား၊ စန္ဒာက လည်း မင်းကို တစ်မေးတည်း မေးနေတယ်"

"မင်း စဉ်းစားကြည့်စမ်း၊ သူ့ကြောင့် စိတ်လေလို့ ကျောင်းတက်ပျက်နေတယ်လို့ စန္ဒာက ယူဆသွားရင်း မင်းသိက္ခာမကျဘူးလား၊ မိန်းကလေးတစ်ယောက်အတွက်နဲ့ ဒီလိုဖြစ်ရတယ်ဆိုတာ ယောကျ်ားသိက္ခာ ကျပါတယ်ကွာ" လှမြင့်က ပြောသည်။

"ငါ ကလပ်စ်တက်တာကို မင်းတို့ မသိလို့ပါ၊ နောက်ကျဝင်ပြီး နောက်မှာ ထိုင်တယ်။ ကလပ်စ်မပြီးခင် စောစောထွက်သွားတယ်၊ အဲဒီလိုနေ့မျိုးမှာ မင်းတို့က ရှေ့မှာထိုင်ပြီး ငါ မတက်ဘူး ထင်ကြတာ"

"ဘာဖြစ်ဖြစ် ပုံမှန်ပြန်ပြီး ဆက်ဆံစေချင်တယ်လေ။ မင်းက ငါတော့ ဒီပွဲမှာရှုံးပြီဆိုပြီး စိတ်ဓာတ်ကျနေတာလား။ ဆရာနဲ့ စန္ဒာကို မကျေမနပ် ဖြစ်နေတာလား။ ဒီမှာ ရဲ ... လောကမှာ လူဆိုတာ တစ်ခါတစ်ခါတော့ ဆုံးရှုံးရတာပါပဲကွာ။ မဆုံးရှုံးဖူးတဲ့သူ ဘယ်သူရှိလို့လဲ၊ ဘာကိုအားငယ်ရမှာ၊ ရှက်ရမှာလဲ ..."

"ငါ အားမငယ်ပါဘူးကွာ၊ ရင်ထဲမှာ ခံစားရတာပါ"

ပြောလိုက်ရသော်လည်း မိမိ မြစန္ဒာကို လက်လွှတ်ဆုံးရှုံးရပြီဆိုသော အသိဖြင့် ဝမ်းနည်းစိတ် ဝင်နိုက်မှာ အားငယ်ချင်သည်မှာ အမှန်။

"မင်းတို့ ပြောတာ မှန်ပါတယ်၊ ငါ မြစန္ဒာကို ပုံမှန်ပြန်ပြီး ဆက်ဆံမှာပါ။ သူ့အပေါ်မှာလည်း ငါ ဘယ်လိုမှ စိတ်ကွက်လို့မရဘူးကွာ။ ငါ အခုလို ရှောင်ဖယ်ဖယ်လုပ်နေရင် ငါ သဘောထားကြီးရာ မရောက်ဘဲ နေမယ်ဆိုတာလည်း တွေးမိပါတယ်။ ဒါပေမဲ့ လောလောလတ်လတ် ရင်ထဲကဝေဒနာ သက်သာအောင်လို့ ငါ သူ့ကို ရှောင်တာပါ"

"ဒါဆို ထမင်းစားချိန်ရောက်ရင် ခါတိုင်းလိုပဲ ကန်တင်းမှာ အတူစားကြမယ်။ မင်းလိုက်ခဲ့ ဟုတ်လား ..."

"ငါ ထမင်းဗူး ယူမလာဘူး။ လက်ဖက်ရည် သောက်ထားတယ်" ဟု လှမြင့်ကို ပြန်ပြောလိုက်၏။

"ရတယ်၊ ငါလည်း ထမင်းဗူးမပါဘူး၊ ခေါက်ဆွဲ ဝယ်စားကြတာပေါ့"

သူဘာမှ ပြန်မပြောလိုက်တော့။

■

ထမင်းဗူး မပါဘူးလားဟု ဝင်ထိုင်ထိုင်ချင်း မြစန္ဒာက မေးသည်။ ခေါင်းခါပြလိုက်မိရင်း သူ့မျက်နှာကို မကြည့်ဖြစ်အောင် တမင်ထားသည်။

"မင်း ဘာစားမလဲ"ဟု လှမြင့်မေးသည်။

"လက်ဖက်ရည်ပဲ ထပ်သောက်မယ်ကွာ"ဟု ပြန်ဖြေလိုက်သည်။

"တစ်ခုခုစားပါလား၊ တစ်နေ့လုံးဆို ဆာနေမှာပေါ့"

သီဂီက သူ့ကို လှမ်းပြောလိုက်၏။

"မဆာပါဘူးဟာ"ဟု ပေါ့ပေါ့ပြန်ပြောလိုက်သည်။

ထမင်းဗူးကို ထုတ်ထားသော ပဝါကိုဖြေရင်း မြစန္ဒာက သူ့ကို ဖျတ်ခနဲကြည့်၏။

"ခေါက်ဆွဲကြော်စားကွာ၊ ငါလည်း ခေါက်ဆွဲကြော်စားမယ်"

လှမြင့်က ပြောသည်။

သိန်းဇော်နှင့် ခင်ထားညိုတို့နှစ်ယောက်က ခင်ထားညို ထမင်းဗူးကို ဖွင့်ပြီး စားနေကြပြီ။

"သိန်းဇော်၊ နင် အဆောင်မှာ စားမလာဘူးလား"

သီဂီက လှမ်းမေး၏။

"ခင်ထား စားလို့မြိန်အောင်လို့ ကူစားပေးတာပါ"ဟု သိန်းဇော်က ရယ်ပြော ပြောသည်။

"အံမယ် ... အံမယ်"ဟု ပြောပြီး ခင်ထားညိုက သိန်းဇော်ကို ပခုံးချင်း တိုက်သည်။

"ရော့ ... အတူတူစားမယ်"

သိန်းဇော်နှင့် ခင်ထားကို လှမ်းကြည့်နေရာမှ မြစန္ဒာ အသံကြားပြီး အကြည့်ကိုရွှေ့လိုက်ဆဲ သူ့ရှေ့သို့ ထမင်းဗူးကို ထိုးပေးသည်ကို တွေ့၏။

"စန္ဒာ စားပါ"

ထမင်းဗူး ယူမလာသည့်ရက်များမှာ ခါတိုင်း အတူစားခဲ့ဖူးသော်လည်း ထမင်းဗူးကို ပြန်ထိုးပေးရင်း သူ ငြင်းသည်။

"လှမြင့် ခေါက်ဆွဲစားမှာလား၊ ခေါက်ဆွဲကြော်တစ်ပွဲ၊ လက်ဖက်ရည် ချိုပေါ့ကျ တစ်ခွက်"

အနားရောက်လာသည့် စားပွဲထိုးကလေးကို သူမှာလိုက်သည်။ ကြက်လား၊ ဝက်လားဆိုတော့ ဘာဖြစ်ဖြစ်ဟု လှမြင့်ကိုယ်စား သူ ဖြေလိုက်၏။

"နင် တကယ်မစားဘူးလား ရဲ ..."

မြစန္ဒာအသံကြောင့် မျက်နှာကို အကြည့်ရောက်သည်။ ညှိုးရော်သည့် မျက်နှာကို တွေနိုက် ခပ်တွေတွေ စိုက်ကြည့်နေမိပြန်သည်။

"နင်ငှါကို အရင်လိုပဲ ခင်နေမယ်ဆို"

စကားသံတီးတိုးကို သူသာကြားနိုင်လိုက်မည်ထင်၏။ စီးကရက်တိုကို မီးငြိမ်းလျက် ဆိုင်ပြင်သို့ တောက်ထုတ်လိုက်သည်။

လက်ဖက်ရည် ရောက်လာခိုက် လက်ဖက်ရည်ခွက်ကို ရှေ့တိုးပေးရင်း ...

"ငါဒီနေ့မဆာလို့ လက်ဖက်ရည်ပဲ သောက်မယ်"ဟု သူပြောလိုက်၏။

"နင့်လက်ဖက်ရည်တစ်ဝက် ငါ သောက်မယ်၊ ငါလည်း မစားတော့ဘူး"

ပြောပြီး ထမင်းဗူးအဖုံးကို ပြန်ပိတ်လိုက်၏။

သီဂီနှင့် လှမြင့်က လှမ်းကြည့်ပြီး လှမြင့်က နောက်ရန်ပါးစပ်ပြင်သည်။ လှမြင့် နောက်တော့မည်သိ၍ သီဂီက လှမြင့်ကို တံတောင်နှင့်တို့၏။ လှမြင့် နှုတ်ပိတ်သွားသည်။

"ကဲ ... စား၊ ငါလည်းစားမယ်"

ထမင်းဗူးအဖုံးကို ဖွင့်ပြီး မြစန္ဒာမျက်နှာကို ကြည့်ရင်း ပြောလိုက်၏။ မြစန္ဒာ မျက်လွှာချလျက် ဇွန်းကို ယူလိုက်သည်။

သံယောဇဉ် တကယ်မတင်းအောင် ငယ်စာရင်းကို ဘယ်လိုဖျက်နိုင်ပါ့မလဲ မြစန္ဒာရယ်။

"ဆရာနဲ့ မြစန္ဒာ အစုတလော သိပ်တွဲတာပဲ။ မင်းတို့က ကျူတိုရီရယ် စောစောပြီးလို့ ထွက်သွားတော့ မတွေ့ဘူးပေါ့။ ငါတို့က အပတ်တိုင်း တွေ့နေရတယ်။ မြစန္ဒာအိမ်က ကားမလာမချင်း ကန်တင်းမှာ နှစ်ယောက်အမြဲ ထိုင်တတ်တယ်ကွ"

ခင်မောင်ဝင်းက လက်ဖက်ရည်ဆိုင်မှာ စကားစတော့ လှမြင့်က မျက်နှာပျက်ပြီး ရဲအောင်ကို လှမ်းကြည့်သည်။ ရင်ထဲမှာ တစ်စုံတစ်ရာကို ခံစားရသော်လည်း မျက်နှာလွှဲပြီး ဆေးပေါ့လိပ်ကို ဖွာသည်။ ခင်မောင်ဝင်းက ရဲအောင် တို့ကိစ္စကို ဘာမှသိသူ မဟုတ်။

"မင်း နည်းနည်းမပြောတော့ဘူးလား ရဲ ..."

"ဟင်"

ခင်မောင်ဝင်း အမေးကြောင့် ရုတ်တရက် အံ့သြသွားသည်။

"ဘာပြောရမှာလဲကွ ..."

"ဆရာ့ကိုကြည့်ရတာ့ စန္ဒာကို ကြိုက်နေပုံရတယ်။ စန္ဒာက အနေအထိုင် ဆင်ခြင်ဖို့ပေါ့၊ ပြီးတော့ ..."

"ငါ ပြောမယ် သူငယ်ချင်း၊ စန္ဒာနဲ့ ဆရာတို့ ချစ်သူဖြစ်သွားကြပြီဆိုတာ မင်း တကယ်မသိဘူးလား"

ခင်မောင်ဝင်းကို ကြည့်ပြီး ပြောလိုက်သည်။

"ဘာ ... ဆရာနဲ့ စန္ဒာ ချစ်သူဖြစ်သွားပြီ ဟုတ်လား"

ခင်မောင်ဝင်းမျက်နှာက တကယ်အံ့ဩနေဟန်ရှိ၏။

"ပြော် ... မင်းကလည်း ကျားကိုက်ပါတယ်ဆိုမှ"

လှမြင့်က ဝင်ထောက်၏။

"ငါ တကယ်အံ့ဩလွန်းလို့ကွာ။ ငါတို့က ရဲနဲ့ စန္ဒာ ဖြစ်နေကြပြီ။ ဒါမှ မဟုတ်လည်း တစ်နေ့နေ့ဖြစ်မှာလို့ တစ်ထစ်ချတွက်ထားတာ"

"သူငယ်ချင်း ... လောကမှာ ပုံသေတွက်လို့ရတာ မရှိပါဘူး"

ဟု လှမြင့်က ပြောလိုက်သည်။

လှမြင့်က ခံစားမှုဖြေသာအောင် ပြောနေမှန်းသိလျက် လက်တွေ့မှာ ကျတော့ မလွယ်။ သူနှင့်ဆက်နွယ်စကား ကြားရလေတိုင်း ခံစားမှုဝေဒနာက ဖြစ်တည်နေဆဲ။

တချို့ကျတော့ မြစန္ဒာနှင့် မိမိ သမီးရည်းစားအဖြစ်မှ ကွဲကြပြီလား သတင်းမေးသည်။ မိမိနှင့်ပြတ်သွားပြီးလို့ မြစန္ဒာက ဆရာနှင့်တွဲသည် ထင်၏။ အားလုံး၏ အထင်အမြင်မှာ မြစန္ဒာနှင့် မိမိတို့ ချစ်သူဘဝ ရောက်ခဲ့ကြသည် ယုံ၏။

သူငယ်ချင်းတွေပါ ပြောတော့ အားလုံးက လက်မခံချင်။ ရင်ထဲက အရာအားလုံးကို သူတို့ သိနေ မြင်နေကြသလိုလို။

■

ဘာဆိုင်လို့လဲ တွေးမိလျက် သံယောဇဉ်ကမပြတ်။

စကားဝိုင်းထဲမှာ စိတ်မပါ။ အတွေးမှာ သူ့အကြောင်းက တရစ်ဝဲဝဲ ဖြစ်နေတတ်၏။

တစ်လမ်းစီ လျှောက်ကြပြီပဲ သိပေမဲ့ မဆိုင်သူလို သဘောမထား တတ်။ တစ်ဘဝစီ ဝေးကြပြီပဲ တွေးပေမဲ့ စိုးရိမ်ပူပန်စိတ်ဖြင့် အနေခက်သည်။

မြစန္ဒာ ဆရာ့ကားနဲ့ ပါသွားတယ်ဆိုတဲ့ စကားက နလုံးသားကို မြားထိ သည်သို့ အဆိပ်တက်သည်။ ပူပန်စိုးရိမ်မှုတို့ဖြင့် ရင်ကို လောင်မြိုက်အောင် နှိပ်စက်သည်။

သူချစ်သူနဲ့သူ လည်တာပဲလေ ပူစရာဘာရှိလို့လဲ ဖြေတွေး တွေးပေမဲ့ ရင်ထဲမှာမရှင်း။ သူနဲ့ငါ ဘာဆိုင်လို့လဲ စဉ်းစားမိတော့ ဘာသာ ရှက်မိသေးသည်။

"မြို့ထဲ သွားရအောင်"ဟု လှမြင့်ကပြောတော့ ဒီမှာပဲထိုင်ရအောင်ကွာဟု သူဆိုသည်။ ခါတိုင်းနယ် မြို့ထဲမှာ လျှောက်သွားရင်းလာရင်း မြစန္ဒာတို့နှင့် ရင်ဆိုင်တိုးရဲသော သတ္တိ သူ့မှာမရှိ။

သို့နှင့် လက်ဖက်ရည်ဆိုင်မှာ ညနေ ရောက်သည်အထိ ဆက်ထိုင်နေမိကြသည်။

■

အိမ်အပြန် လမ်းထိပ်ရောက်တော့ အလိုလို သတိရလာပြန်၏။

တစ်ခါတစ်ခါ ညနေပိုင်း အိမ်ရောက်လာခိုက် လက်ဖက်ရည်သောက်မလား၊ အအေးသောက်မလား မေးလျှင် ခေါင်းခါပြီး အချဉ်သုပ်သွားစားရအောင်ဟု မြစန္ဒာက ပြောတတ်သည်။

နင်တို့အိမ်ရှေ့က ဖြတ်ရမှာ ဖြစ်ပါ့မလားမေးတော့ ဒီနေ့ညနေသွားတဲ့ ညစာစားပွဲက ကြာမှာ မိုးချုပ်မှ ဒယ်ဒီ၊ မာမီတို့ ပြန်ရောက်ကြမှာ ပြောပြီး လမ်းထိပ်ဆိုင်ကို သွားဖို့ အတင်းခေါ်တတ်သည်ပဲ။ လမ်းထိပ်က ကွမ်းယာဆိုင်ကလေးကို အမှတ်မထင် လှည့်ကြည့်လိုက်မိသည်။ ရုတ်တရက် ဝင်လိုက်ပြီး စီးကရက်တစ်လိပ်ဝယ်ကာ မီးညှိဖွာသည်။ ဆိုင်ရှေ့မှလှည့်အထွက် "ဟော ... ရဲ" ဟု ခေါ်သံကို ကြားလိုက်၏။ လမ်းတစ်ဖက်ကို လှမ်းအကြည့်မှာ မြစန္ဒာကို တွေ့သည်။ မြစန္ဒာက သူ့ကို လက်ပြနှုတ်ဆက်ရင်း လမ်းဖြတ်ကူးလာ၏။ မြစန္ဒာကို လိုက်ပို့သည့် ဆရာ့ကားလေး မောင်းထွက်သွားသည်ကို မြင်လိုက်ရသည်။

"အခုမှ ပြန်လာတာလား၊ ဘယ်ကို ခြေရှည်နေတာလဲ"

အနားရောက်တော့ မြစန္ဒာက သူ့ကိုမေးသည်။

"နင့်လိုပေါ့ ..."

"အံမယ် ... ငါ့ကို ငေါ့တာပေါ့လေ"

ပြောပြီး ရယ်သည်။ သူ လိုက်မရယ်တော့ မြစန္ဒာ အရယ်ရပ်လိုက်၏။

"ဆရာက ရုပ်ရှင်လိုက်ကြည့်ဖို့ တကျည်ကျည်ခေါ်တာနဲ့ လိုက်ကြည့်တာပါဟာ"

"နင့်ကို ဘယ်သူကမေးလို့လဲ"

သူ့စကားကြောင့် မြစန္ဒာမှာ ဇက်ကလေးပုသွားသည်။ သူ့မျက်နှာကို မရဲတရဲဝေ့ကြည့်ရင်း လမ်းဆက်လျှောက်၏။

"နင် ဒေါသသိပ်ကြီးတာပဲ ရဲ ..."

မြစန္ဒာက ပြောသည်။

"မကြီးပါဘူး"

"နင် ငါ့ကို မကျေမနပ်ဖြစ်နေလား"

"မဆိုင်ပါဘူး"

"ဒါပေမဲ့ ငါ့စိတ်ထဲမှာ နင် ငါ့ကို အရင်ကလို မရင်းနှီးတော့သလိုပဲ"

တစ်ချက်လှည့်ကြည့်မိပြီး ဘာမှပြန်မပြောဖြစ်။

"နင်နဲ့ဆရာဖြစ်နေတာ နင့်အိမ်က သိပြီလား"

မြစန္ဒာကို မကြည့်ဘဲ သူမေးလိုက်သည်။

"အံမယ်လေး ... ဝေးပါသေးတယ်၊ သိရင် မိုးမီးလောင်မှာ"

"သိသွားရင်လည်း ကောင်းတာပေါ့။ နင့်မာမီ စိတ်အေးသွားရတာပေါ့။ နို့မဟုတ်ရင် နင်နဲ့ငါ့ကို တစ်သက်လုံး စိတ်မချဖြစ်ပြီး ပူပန်နေမှာ"

"နင်မသိပါဘူး ရဲရယ် ...၊ မာမို့စိတ်က မထင်ရင် မထင်သလိုပဲ"

"ငါကလွဲလို့ ကျန်တဲ့လူကိုတော့ နင့်မာမီက ငါ့လောက် အထင်သေးမှာ မဟုတ်ပါဘူး"

"အဲသလိုတော့ မပြောပါနဲ့ဟယ်"

မြစန္ဒာက သူ့ကို မော့ကြည့်ပြီး တောင်းပန်ပြော ပြောသည်။

"ဆရာနဲ့တော့ သဘောတူမှာပါ" ဟု သူပြောလိုက်၏။

"အသေအချာတွက်လို့တော့ မရပါဘူး ရဲရယ်၊ မာမီက သူထင်တာကိုပဲ တဇွတ်ထိုး လုပ်တတ်တဲ့အကျင့်ရှိတာ"

"ဒါဆို နင် ဘယ်လိုလုပ်မလဲ"

မြစန္ဒာတို့အိမ်နားသို့ ရောက်တော့မည်။

"ရဲ..."

မြစန္ဒာက ရပ်ပြီးခေါ်လိုက်သည်။ မြစန္ဒာကို မျက်နှာပြုပြီး သူရပ်လိုက်၏။

"ငါလေ နင့်အပေါ်မှာ ဘယ်တော့မှ သစ္စာမဲ့တဲ့သူ မဖြစ်ချင်ဘူး ရဲ၊ ဒါကြောင့်လည်း ငါ ဆရာ့ကို အဖြေပေးဖို့ ဆုံးဖြတ်ခဲ့မိတာ"

စီးကရက်တိုကို ချပြီး နင်းလိုက်ရင်း ...

"တော်ပါတော့ စန္ဒာရယ်။ ငါ တစ်ခုပြောမယ်၊ နင် ဘယ်သူ့အပေါ်မှာမှ သစ္စာမဲ့တဲ့သူ မဖြစ်စေနဲ့။ ငါ သွားနှင့်တော့မယ်"

ပြောပြီး ရှေ့မှ ခပ်သုတ်သုတ် လျှောက်သွားလိုက်သည်။

မြစန္ဒာ ပြောသည့် စကားတို့ကို ပြန်ကြားယောင်လျက် ရင်ထဲမှာ ကျွမ်းမြွလောင်မြိုက်သည်။

နင့်အပေါ်မှာ သစ္စာမဲ့တဲ့သူ မဖြစ်ချင်လို့တဲ့။ ဝေးရမယ့်အတူတူမို့ နီးဖို့ မကြိုးစားရဲတော့တာလား မြစန္ဒာရယ်။



၁

ဧည့်ခန်းထဲမှ ဖေဖေ့အသံကို ကြားနေရ၏။ ညကကျန်သည့် ဒူးယားဗူးထဲမှ တစ်လိပ်ကို ကောက်ယူမီးညှိပြီး ဖွာသည်။

"အေးကွာ ငါ့ရင်ထဲက စကားကို လှိုက်လှိုက်လှဲလှဲ ပြောတာပါ။ ဟိုအရင်က လူတွေ လာကန်တော့ကြတဲ့ ဆန်အိတ်တွေ၊ ဆီပုံးတွေ၊ အဖိုးထိုက်အဖိုးတန် ပစ္စည်းတွေထက် အခုလိုအချိန်မှာ မင်း လာပြီးကန်တော့တဲ့ ကိတ်မုန့်တစ်လုံးကို ငါပိုပြီးတန်ဖိုးထားတယ်။ ရင်ထဲမှာလည်း ကြည်နူးမိတယ်၊ ဟိုတုန်းက ငါ့ကို လာကန်တော့ကြတဲ့သူတွေ တော်တော်များများက အခွင့်အရေးတစ်ခုကို မျှော်ကိုးပြီးလာကြတာပဲ။ အခုအချိန်မှာ မင်း လာကန်တော့တာက သန့်ရှင်း ဖြူစင်ပါတယ်"

အခန်းထဲမှအထွက် ဧည့်ခန်းကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ ပင်နီတိုက်ပုံနွမ်းနွမ်း၊ လုံချည်ကြမ်းကို ဝတ်ထားသူတစ်ဦးက ကြမ်းပြင်ပေါ်မှာ ထိုင်ရင်း ဖေဖေ့ကို ကန်တော့နေသည် မြင်၏။ ရေချိုးခန်းရှိရာလာပြီး သွားတိုက်၊ မျက်နှာသစ် ကိုယ်လက်သန့်စင်သည်။ မျက်နှာသုတ်ပုဝါဖြင့် မျက်နှာကို သုတ်ရင်း အခန်းသို့ ပြန်အလာ ဖေဖေ့ စကားသံတို့ကို ကြားရပြန်သည်။

ကြမ်းပြင်ပေါ်မှာ ထိုင်ကန်တော့နေသူသည် ဖေဖေနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်ပေါ်သို့ ရောက်နေလေပြီ။

"ငါစောစောက ပေးတဲ့ဆုထဲမှာ လောကဓံကို ရင်ဆိုင်နိုင်ပါစေဆိုတာပါတယ်ကွ။ ကြုံတုန်း မင်းကို နည်းနည်းပြောလိုက်ရဦးမယ်ကွ"

"ဟုတ်ကဲ့"

"လောကဓံဆိုတာ လောကဓမ္မက လာတာကွ။ လောကဓမ္မဆိုတာကတော့ လောကမှာ ဓမ္မတာ၊ လောကမှာ ဖြစ်တတ်တဲ့သဘောပေါ့ကွာ။ ဖြစ်စဉ်တရားတစ်ခုပဲကွ။ အဲဒီတရားကို ရဲရဲဝံ့ဝံ့ရင်ဆိုင်နိုင်ဖို့ အရေးကြီးတာပဲ။ လူဆိုတာ အကောင်းလေးပါးနဲ့ တွေ့ရင်လည်း ယစ်မူးပြီး တုန်လှုပ်တတ်သလို အဆိုးလေးပါးနဲ့ ကြုံတဲ့အခါကျတော့ ကြောက်ရွံ့ပြီး တုန်လှုပ်တတ်ကြတာပဲ။ အဲဒီအခါမှာ စိတ်ဓာတ်ခိုင်မာဖို့ အရေးကြီးတာပါပဲ။ မင်း စဉ်းစားကြည့်စမ်း၊ လောကမှာ ကိုယ် မက်မောတဲ့ အရာတစ်ခုခုကို မစွန့်လွှတ်ခဲ့ရတဲ့သူ ဘယ်သူရှိသလဲ။ တစ်ခါခါတော့ လက်လွှတ် အရှုံးပေးခဲ့ဖူးတဲ့သူတွေချည်းပဲ"

မျက်နှာသုတ်ပဝါကို တန်းမှာဖြန့်လှန်းနေဆဲ ဖေဖေ့အသံကြောင့် စိတ်ဝင်တစား ဖြစ်ရသည်။ စာကြည့်စားပွဲမှာ ဝင်ထိုင်လိုက်ရင်း ဖေဖေ့စကားကို သေသေချာချာ နားစွင့်နေလိုက်မိ၏။ တစ်ခါတစ်ခါတော့ လက်လွှတ် အရှုံးပေးခဲ့ဖူးတဲ့ လူတွေချည်းပဲတဲ့၊ ကြည့်စမ်း၊ မိမိပင်လျှင် အတွယ်တာဆုံး မြစ်နှာကို လက်လွှတ်ဆုံးရှုံးခဲ့ရပြီပဲလေ။

"သတ္တိဆိုတာ ကာယသတ္တိရှိဖို့ အရေးကြီးသလို စိတ်ဓာတ်သတ္တိရှိဖို့လည်း လိုတာပဲကွ။ စောစောကပြောသလို တစ်စုံတစ်ရာကို ဆုံးရှုံးရတဲ့အခါမှာ စိတ်ဓာတ်သတ္တိဆိုတာ အထူးလိုအပ်လာပြီ။ စိတ်ဓာတ်သတ္တိနည်းတဲ့သူတွေဟာ ဆုံးရှုံးမှုတစ်ခုခုကို ရင်ဆိုင်လာရတဲ့အခါမှာ အားငယ်တာ၊ တွေဝေတတ်တာ၊ မစ္ဆရိယစိတ်တွေ ဝင်လာတတ်တာ၊ လောကကို အဆိုးမြင်လာတတ်တာတွေ။ အဲဒီလို စိတ်ယုတ်စိတ်ညံ့တွေ ဝင်လာပြီး လောကကို အရှုံးနဲ့လည်း ရင်ဆိုင်သွားတတ်ကြတယ်။ တကယ် စိတ်ဓာတ်သတ္တိရှိတဲ့သူဟာ ဘယ်တော့မှ လောကကို အဆိုးမမြင်တတ်ကြဘူး၊ ဆုံးရှုံးမှုအပေါ်မှာ သင်ခန်းစာယူတယ်၊ ဆုံးရှုံးမှုအတွက် စိတ်ဓာတ်ပျော့ညံ့မသွားဘူး။ သိမ်ငယ်မသွားဘူး၊ အားမာန်အသစ်ကို ထပ်ပြီး မွေးဖွားစေတယ်။ စိတ်ထားကို မြင့်မြင့်မြတ်မြတ် ထားတတ်တယ်၊ အနိုင်ရသူ အပေါ်မှာ မုဒိတာပွားတတ်တယ်၊ အဆုံးမတော့ကွာ။ လောကကို အကောင်းမြင်တတ်တယ်၊ လောကနဲ့ လူတွေ

ကို မနာကျည်းတတ်ဘူး။ နေပျော်ဖွယ်ရာ လောကပါလားဆိုတဲ့ အမြင်နဲ့ နောက်ထပ်လုပ်စရာ တာဝန်တွေကို အားတက်သရော လုပ်ကိုင်လေ့ရှိတယ်၊ နောက်ဆုံးတော့ လောကရဲ့ ဖြစ်စဉ်တွေကို ရဲရဲဝံ့ဝံ့နဲ့ ရင်ဆိုင်သွားတတ်ကြတာပါပဲ"

ရင်ထဲမှာ အသိတရားတစ်ခု ပြိုးပြိုးပြက်ပြက် ဝင်လာသည်။ တစ်စုံတစ်ခုသော ဝန်ထုပ်ဝန်ပိုးကို ထမ်းထားရာမှ လွှတ်ချလိုက်ရသကဲ့သို့ ပေါ့ပါးသွားသည်။ စိတ်ထဲမှာ ကြည်လင်လန်းဆန်းသွား၏။

"ငါဘာလို့ မြစန္ဒာကို ရှောင်နေရမှာလဲ၊ မြစန္ဒာနဲ့ ဆရာတို့ ကယုကယင ချစ်တဲ့တင်တာကို ဘာလို့ မုဒိတာစိတ်နဲ့ မကြည့်ရဲ၊ မမြင်ရဲရမှာလဲ၊ မြစန္ဒာဆိုတာ အချစ်ဆုံးသူငယ်ချင်းပဲ။ ဆရာဆိုတာ အနန္တငါးပါးဂုဏ်ဝင်သူပဲ။ သူတို့ကောင်းကျိုးကို လိုလားသူအဖြစ်နဲ့ သူတို့ပတ်ဝန်းကျင်မှာ ငါ ရှိနေရမှာပါပဲ။ မြစန္ဒာရဲ့ ငါ့အပေါ်ထားတဲ့ စေတနာတရား၊ အကြင်နာတရားတွေကို ငါ နားလည်နိုင်တာပဲလေ"

ထိုအတွေးတို့ဖြင့် လူသည် လွတ်လပ်ပေါ့ပါးသွားသည် ထင်၏။ ဖေဖေ့စကားတို့သည် နှလုံးသားထဲ စီးဝင်တွယ်ငြိနေတော့သည်။ ဆုံးရှုံးသူ၏ စိတ်ဓာတ်သည် မြင့်မြတ်သန့်စင်နေဖို့ လိုပါလားဟု အသိဝင်သည်။

ထိုင်ရာမှ ရုတ်တရက်ထလျက် မှတ်စုစာအုပ်ကလေးကို လွယ်အိတ်ထဲမှ ဆွဲထုတ်ယူလိုက်သည်။

■

စိမ်းကားရက်လေခြင်းလို့ ဘယ်သောအခါကာလမှ သံသယဝင်မိမည် မထင်ပါ မြစန္ဒာ။

ချစ်ခဲ့ရသည့် နှလုံးသားကို ဝန်တိုနာကျည်းသည့် စိတ်ထားဖြင့် အညစ်နွမ်း မခံရက်ပါ။

ချစ်သူနှစ်ဦး၏ အကြည်အနူး၊ အပြုံးအရယ်ကို လောက၏ သာယာဖွယ် အဆင်တန်ဆာအဖြစ် နှစ်လိုကြိုဆိုပါမည်လေ။

မြစန္ဒာရယ်

နှင်းစက်ထိစို၍

အို…အနုမျစ်ဆုံး၊ ချစ်စရာအကောင်းဆုံး နှင်းဆီတစ်ပွင့်ပဲ ဆိုပါတော့ကွယ်။

ရနံ့ဖြင့် သင်းရီထုံပျံ့စေ၍ လိပ်ပြာတို့၏ ဝန်းရံခစားခြင်းကို
ကျေနပ်ဝမ်းမြောက်စွာ ဂုဏ်ယူပါတော့လေ…
အဆင်းဖြင့် တိမ်းမူးညွတ်နူးစေ၍
ပျားပိတုန်းတို့၏ ဝတ်ရည်သောက်သုံးမှုကို
နှစ်ခြိုက်ရွှင်လန်းစွာ ပေးဝေပါတော့လေ…
ဆူးခက်တို့ဖြင့် ဝန်းရံဝင့်ကြွားစေ၍
သိက္ခာနှင့် မာနတရားအရေခွံကို
မြဲမြံစွာ ဝတ်ဆင်ထားနိုင်ပါစေ …
လေပြင်းခြွေ၍ မြေပေါ်သို့ရောက်သည့်တိုင်
သခင့်အဆင်းကို မြင်ခွင့်မရ
သခင့်ရနံ့ကို နမ်းခွင့်မကြုံနိုင်ဘဲ
သခင်နှင့် အဝေးဆုံးအရပ်မှ
သခင်လည်း သိနိုင်မည်မဟုတ်သော "အမြစ်" သည် …
သခင်၏ကျော်ကြားမှု မတိမ်ကောစေရန်
ရေကြည်ရေစက်တို့ကို
ခက်ခဲစွာ စုပ်ယူ၍ဖြန့်ဝေပေးနေဆဲပါလေ …
မြစန္ဒာ နားလည်ကျေနပ်နိုင်ပါစေ …

■

မှတ်စုစာအုပ်ကို ပိတ်လိုက်သော်လည်း ရေးခဲ့သည့် စာသားတို့က နလုံးသားမှာ ထွင်းထုထားသလို နေရာယူသည်။

---

လဝန်းရိပ်စာပေ

ပြတင်းကို ဖြတ်ဝင်လာသော နေခြည်စတို့ စားပွဲပေါ်မှာ ပြန့်ကျဲကျနေပြီ။ တစ်ဖက်ပိတ်ထားသော ပြတင်းတံခါးကို တွန်းဖွင့်လျက် နေခြည်ကို ကြိုဆိုလိုက်မိသည်။

တပ်မက်၊ တွယ်တာစိတ်ဖြင့် လိပ်ပြာတစ်ကောင်နယ် ပန်းပွင့်၏အနားမှာ ပျော်ပါးယစ်မူးနေခွင့်ကို မရနိုင်တော့သော်လည်း သစ်မြစ်နယ် ရေကြည်ဆက်ရင်း ပန်းပွင့်အတွက် စေတနာထားသူအဖြစ် ကျေနပ်နစ်သိမ့်တော့မည် လေဟု ဘာသာတွေး၏။

ဝေးတော့ ဝေးပြီပေါ့ မြစန္ဒာ။

# အပိုင်း နှစ်

ပညတ်ချက်တွေက မများလွန်းဘူးလား ကိုကိုဟု မြစန္ဒာက မေးသည်။ မြစန္ဒာအသံမှာ မကျေနပ်မှုတို့ ရောပြွမ်းနေမည်ထင်၏။ မြစန္ဒာ၏မျက်နှာကို စူးစိုက်ကြည့်ရင်း ကိုနေမျိုးက ပြုံးသည်။

"ကိုကို မြစန္ဒာကို ချစ်လွန်းလို့ပါ"

စကားကို ခပ်တိုးတိုးပြောလိုက်သည်။ မြစန္ဒာက အဝေးကို ငေးရီကြည့်ရင်း နှုတ်ခမ်းကို တင်းတင်းစေ့ထား၏။

ရေတမာပင်အောက် စားပွဲဝိုင်းမှာ သူတို့နှစ်ဦးတည်းရှိသည်။ စနေနေ့ကလပ်စ်အပြီးမှာ သည်စားပွဲ၌ သူတို့ ထိုင်ဖြစ်သည်။

"ချစ်လွန်းလို့ပါ၊ ချစ်လွန်းလို့ပါဆိုပြီး ချုပ်ချယ်တာလား ဆရာ"

"ဆရာလို့ မခေါ်ပါနဲ့ မြစန္ဒာရယ်"

မြစန္ဒာက ကိုနေမျိုးမျက်နှာကို ဖျတ်ခနဲကြည့်လိုက်ပြီး ဟင်းဟင်းဟု နှုတ်ခမ်းတွန့်လျက် ရယ်သည်။

"ဘာရယ်တာလဲ မြစန္ဒာ"

"အတန်းထဲမှာ စာပြရုံသက်သက် ဆရာလုပ်တာမဟုတ်ဘဲ အပြင်မှာ ဟိုလူနဲ့ အတူတူတွဲမသွားနဲ့၊ ဒီလူနဲ့ဆို သိပ်မရောနဲ့ အစစအရာရာ ဆရာ လုပ်နေပြီးမှ ဆရာလို့မခေါ်ပါနဲ့ဆိုတာ ရယ်စရာပေါ့၊ ဟုတ်ဘူးလား ..."

မြစန္ဒာကိုကြည့်ပြီး ကိုနေမျိုး ပြုံးလိုက်မိ၏။

"ကိုကို မြစန္ဒာကို ချုပ်ချယ်တာ မဟုတ်ပါဘူး။ ဘေးက ပြောကြ ဆိုကြတာတွေကို ကြားရတာ ကိုကို ပြန်ပြောပြတာလေ။ အဲဒီလို အပြောအဆို မခံရအောင် ကိုယ်က ခပ်တန်းတန်းနေဖို့ လိုမယ်ထင်လို့ ကိုကို မြစန္ဒာကို ပြောတာပါ"

"စန္ဒာ့ကို မယုံတာနဲ့ အတူတူပဲပေါ့"

"မယုံလို့မဟုတ်ပါဘူး မြစန္ဒာရယ်၊ မြစန္ဒာနဲ့ ရဲအောင်တို့က တတွဲတွဲနေတော့ ဘေးက တစ်မျိုးထင်ကြမှာပေါ့။ ပြီးတော့ မောင်ရဲအောင်ကိုယ်၌ကလည်း မြစန္ဒာကို စိတ်ဝင်စားခဲ့ဖူးတယ်ဆိုတော့"

"တော်ပါတော့ ကိုကို၊ ရဲဟာ စန္ဒာ့အချစ်ဆုံးသူငယ်ချင်းပဲ၊ ငယ်ငယ်လေးက အတူတူ ခင်မင်လာခဲ့ကြတာပဲ။ ပတ်ဝန်းကျင်ကတော့ ထင်ရာပြောကြမှာပေါ့။ ကိုကို စန္ဒာ့ကိုမယုံဘူးဆိုလည်း စန္ဒာ ဘာမှမတတ်နိုင်ဘူး"

သက်ပြင်းရှည်ကို ချလိုက်ရင်း ခက်တာပဲ မြစန္ဒာဟု ညည်းသည်။

"ဘာခက်တာလဲ ကိုကို"

မြစန္ဒာက မျက်နှာချင်းဆိုင်လိုက်ရင်း မေး၏။

"ကိုကိုချစ်သူ မြစန္ဒာဟာ ရိုးရိုးအေးအေးလေးနဲ့ ကိုကိုကလွဲရင် ဘယ်ယောက်ျားလေးကိုမှ မျက်လွှာလှန်မကြည့်တဲ့ မိန်းကလေးမျိုးဖြစ်အောင် ကိုကိုက ပုံသွင်းယူချင်တယ်။ ဖြူဖြူသွယ်သွယ် နုနုချောချောလေး မြစန္ဒာဟာ တစ်နေ့မှာ ကိုကိုပုံသွင်းသလို ဖြစ်လာလိမ့်မယ်လို့လည်း ကိုကိုမျှော်လင့်ထားတယ်"

"ဒီမှာ ကိုကို ..."

မြစန္ဒာအသံက မာဆတ်နေသည်ထင်၏။

"မြစန္ဒာဟာ အရုပ်တစ်ရုပ်မဟုတ်ပါဘူး ကိုကို။ မြစန္ဒာ နားမလည်နိုင်တာက ကိုကိုနဲ့ မြစန္ဒာ အသက်ငါးနှစ်ပဲ ကွာပါတယ်။ မြစန္ဒာကို ဘာလို့ ကိုကို နားမလည်နိုင်ရတာလဲ။ မြစန္ဒာကို နားမလည်တာဟာ ဒီခေတ်လူငယ်တွေကို ကိုကိုနားမလည်တာပဲ။ အဘိုးကြီး အဘွားကြီးတွေက လူငယ်တွေကို နားမလည်တာကို မြစန္ဒာ လက်ခံနိုင်ပါတယ်။ ဒါပေမဲ့ ကိုကို နားမလည်တာ

ကတော့ တော်တော်အံ့ဩစရာကောင်းတယ်။ ဘယ်ယောက်ျားကိုမှ မျက်လွှာလှန်မကြည့်ဘဲ မပွင့်တပွင့်နဲ့ ရှက်ကိုးရှက်ကန်းနေတတ်တဲ့ မိန်းကလေးမျိုးကို လွန်ခဲ့တဲ့ နှစ်ငါးဆယ်လောက်ကရာမှ ကိုကို တွေ့နိုင်မှာပေါ့။ ပွင့်လင်းသွက်လက်တာနဲ့ ကလက်တာဟာ တခြားစီပါပဲ ကိုကို"

မြစန္ဒာထံမှ သူ မမျှော်လင့်သော စကားများကြားရ၍ အံ့ဩသလိုဖြစ်မိသည်မှာ အမှန်။

ဝတ်လာသော တိုက်ပုံအကျႌအောက်စကို လက်နှစ်ဘက်ဖြင့် ဆွဲချရင်း မြစန္ဒာ၏ မျက်နှာကို ကြည့်နေမိ၏။

"တိုက်ပုံကြီး ဝတ်မလာစမ်းပါနဲ့ ကိုကိုရယ်" ဆိုသည့် အပြင် ထွက်လည်တိုင်း ပြောနေကျစကားကို နားမှာပြန်၍ကြားယောင်သည်။

ကိုကိုက တကယ့်လူကြီးကြီး ကျနေတာပဲဆိုတော့ လူကြီးပဲ မြစန္ဒာရယ်ဟု သူ ပြန်ပြောခဲ့သည်ကို အမှတ်ရ၏။

"တစ်ပတ်လျှိုမထုံးလို့၊ တိုက်ပုံမဝတ်လို့ လူငယ်တွေကို ကိုကို အထင်သေးလားမသိဘူး။ သူ့ခေတ်နဲ့သူ ခေတ်ရေစီးကြောင်းအရ ပြောင်းလဲလာကြတာပဲ ကိုကိုရယ်။ သိပ်ပြီး သရုပ်ပျက်တဲ့သူတွေလည်း ရှိကောင်းရှိမှာပါ။ ဒါပေမဲ့ ဘာဖြစ်ဖြစ် လူငယ်တွေမှာလည်း ကိုယ်ကျင့်တရားဆိုတာ ရှိပါတယ်။ သစ္စာတရားဆိုတာလည်း နားလည်တတ်ကြပါတယ်။ ဟိုခေတ်ကလို ခြေတစ်လှမ်း ကုဋေတစ်သန်း လုပ်နေလို့တော့ မရဘူးပေါ့ ကိုကို၊ တက္ကသိုလ်ကျောင်းသူလည်း ဘတ်စ်ကား အပြေးအလွှားတိုးစီးရတာပါပဲ ကိုကို၊ စန္ဒာတို့က အိမ်က ကားနဲ့ ကျောင်းတက်နေရလို့ ဒီဒုက္ခကို ဘာမှမခံစားရပေမဲ့ သူငယ်ချင်းတွေကိုကြည့်ပြီး ဘယ်လောက်ဒုက္ခရောက်တယ်ဆိုတာ စန္ဒာနားလည်တယ်လေ။ ဒီလိုပြေးလိုက်လွှားလိုက် တိုးလိုက်ဝှေ့လိုက် အနေအထားမျိုးတွေ ရင်ဆိုင်နေရတဲ့အချိန်မှာ မျက်လွှာလေးချပြီး ရှုရှုလေး လျှောက်နေလို့မှ မဖြစ်တော့တာ။ အဲဒီလိုခေတ်မျိုးမှာ မွေးလာတဲ့ စန္ဒာကို ကိုကိုက မျက်လွှာလေးချပြီး ခပ်ရှုရှုလေးနေတာ မြင်ချင်လို့တော့ ဘယ်လိုဖြစ်နိုင်ပါ့မလဲ ကိုကိုရယ် ..."

မြစန္ဒာက စကားရှည်ကြီးကို ပြောချလိုက်ပြီး သူ့မျက်နှာကို လှမ်းကြည့်သည်။

"ကိုကို ခေတ်ကို ဆန့်ကျင်တာတော့ မဟုတ်ပါဘူး မြစန္ဒာ။ ဒါပေမဲ့ ... ကိုကို့ချစ်သူကို မိန်းကလေးပီပီသသ မြင်ရချင်တာကတော့ အမှန်ပဲ။ ပြီးတော့ မြစန္ဒာကို အခုလို မောင်ရဲအောင်တို့နဲ့ တတွဲတွဲနေတယ် ဘာညာပြောသံ ကြားရတော့ သဝန်တိုမိတာလည်း အမှန်ပဲ မြစန္ဒာ"

မြစန္ဒာထံမှ သက်ပြင်းချသံကို ကြားရသည်။

"ကိုကို မြစန္ဒာကို နားမလည်တာပဲ"

ညည်းညူသလိုပြောရင်း ရှေ့တူရှုကို ငေးနေလိုက်သည်။



"ငါနင့်ကို နားလည်ပါတယ် မြစန္ဒာ"

ရဲအောင်က မြစန္ဒာကို ပြောလိုက်သည်။ မြစန္ဒာက ရဲအောင်၏ အကြည့်ကို လွှဲဖယ်ရင်း သက်ပြင်းကို ခိုးချသည်။

"တကယ်တော့ ငါလည်း နင်တို့နဲ့အတူ မြို့ထဲလိုက်ခဲ့ချင်တာပေါ့။ လွန်ခဲ့တဲ့ တစ်ပတ်ကျော်လောက်ကတည်းကပဲ နင့်မွေးနေ့ ရောက်တော့မယ် ဆိုတာ ငါ သတိရတယ်။ ဒါကြောင့် လက်ဆောင်ပေးဖို့ ကြံ့ဝယ်ထားတာ၊ ခါတိုင်းလိုပဲ ကျောင်းက ဆိုင်မှာပဲ နင် ကြွေးမယ်ထင်တယ်လေ။ သွားကြမယ် ဆိုတာ ငါ မသိဘူး၊ ဒါကြောင့် ..."

"ငါ သဘောပေါက်ပါတယ် စန္ဒာရယ်၊ ငါ့ကို ရှင်းပြနေစရာ မလိုပါဘူး"

"ဘာလဲ စန္ဒာက မလိုက်ဘူးလား"

လှမြင့်က ရောက်လာပြီး မေးလိုက်သည်။

"ဟုတ်လား၊ စန္ဒာလိုက်လို့ မရဘူးလား"

သီဂီနှင့် ခင်ထားညိုကပါ တစ်ပြိုင်တည်း စန္ဒာ့ကို မေးလိုက်ကြ၏။

"စန္ဒာ ဆရာနဲ့ ချိန်းထားလို့"

"လိုက်ခဲ့ပါ စန္ဒာရယ်၊ နင်မလိုက်ရင် ငါတို့ ဘယ်သိပ်ပျော်မှာလဲ"

ဟု သီဂီက ပြောသည်။

"ဆရာနဲ့က ဘယ်အချိန် ချိန်းထားလို့လဲ"

သိန်းဇော်က ဝင်မေးသည်။

"ဆရာ သုံးနာရီလောက် လာမယ်ပြောတယ်၊ အိမ်ကကားကို ငါးနာရီမှာ လာခေါ်ဖို့ မှာထားတယ်လေ။ အစက မြို့ထဲသွားမယ်သိရင် ငါ ဆရာ့ကို ပြောလိုက်တာပေါ့"

စန္ဒာက ရှင်းပြနေသည်။

"တစ်ရက်တလေပဲဟာ သူငယ်ချင်းမွေးနေ့ဆိုတာ တစ်နှစ်မှတစ်ခါကြုံရတာ၊ ဆရာက နင်နဲ့ နေ့တိုင်း တွေ့နိုင်တာပဲ"

လှမြင့်က နောက်သလိုနှင့် အတည်ပြောလိုက်သည်။

"ဟုတ်ပါတယ် စန္ဒာရယ် လိုက်ခဲ့ပါ။ မြို့ထဲမှာ ထမင်းစားမယ်၊ ရုပ်ရှင်ကြည့်မယ်၊ ရုပ်ရှင်ဆိုတာက နိုင်ငံခြားကားပဲ တိုပါတယ်။ သုံးနာရီ မီနိုင်ပါတယ်"

သိန်းဇော်က အတင်းခေါ်ပြန်သည်။

"နင် ဆရာ့ရုံးကို ဖုန်းဆက်ကြည့်ပါလား၊ နည်းနည်းနောက်ကျပြီးမှ လာဖို့ ပြောကြည့်လေ"

ခင်ထားညိုက အကြံပေးသည်။

"ငါလည်း နင်တို့နဲ့အတူ တကယ်လိုက်ချင်ပါတယ်ဟယ်"

မြစန္ဒာက ညည်းပြောပြောလိုက်၏။

"ရည်းစားထားရတာ သိပ်မလွယ်ပါလားဟ။ မလွှတ်လပ်လိုက်တာနော်" ဟု လှမြင့်က ရယ်ရင်းမောရင်း ပြောလိုက်၏။

■

"ဘယ်လိုလုပ်မလဲ" ဟု ခင်ထားညိုက မေးသည်။

ဖုန်းဆက်ကြည့်တော့ ဆရာ ရုံးက ထွက်သွားပြီ ပြောသည်။ ပြန်လာမလာ မပြောတတ်ဟု ဆို၏။ အပြင်ကနေပြီးမှ သူ့ဆီကိုတန်းလာမှာလား တွေးမိသေး၏။ ဘယ်လိုမှတော့ အဆက်အသွယ်မရနိုင်မှန်း သိသည်။

"လုပ်မနေနဲ့ဟာ လိုက်ခဲ့၊ အချိန်မီ ပြန်ရောက်အောင် ပြန်မယ်"

"သူ မလိုက်ချင်လို့မှ မဟုတ်ပဲကွာ၊ ကိစ္စရှိနေလို့ပဲ၊ နေပါစေ ..."

လှမြင့်ကို ရဲအောင်က ပြောလိုက်သည်။

"ဘာလဲ … နင်က တစ်ယောက်မလိုက်လာရင် နည်းနည်းသက်သာ မနည်းဘူးလို့ အောက်မေ့လို့ ပြောတာလား"

သီဂီက ဝင်နောက်၏။

"သွားမယ်လေ၊ စန္ဒာ လိုက်ခဲ့မယ် …"

စန္ဒာက ဆုံးဖြတ်ချက်ချလိုက်သည့်နှယ် ပြော၏။

■

ရုပ်ရှင်မကြည့်မီ လက်ဖက်ရည်သောက်ဖြစ်ကြသည်။

ရုပ်ရှင်ကြည့်ပြီးမှ ထမင်းစားချင်သည်ဟု လှမြင့်နှင့် သီဂီကပြော၍ ထမင်းကို ရုပ်ရှင်ကြည့်ပြီးမှ စားကြရန် ဆုံးဖြတ်သည်။ ဆယ်တစ်နာရီပွဲ ရုပ်ရှင် ဝင်ကြည့်ကြပြီး ရုပ်ရှင်အပြန် ထမင်းစားပြီးတော့ အဆောင်ဆိုင် ဝင်ကြသေးသည်။ အဆောင်ဆိုင်ရောက်တော့ သုံးနာရီထိုးတော့မည်။ မြစန္ဒာက နာရီကို မသိမသာ ခိုးကြည့်၏။

"ပျော်ရဲ့လား စန္ဒာ"

ရဲအောင်က မြစန္ဒာကို မေးလိုက်၏။

"ပျော်တယ် ရဲ …"

စန္ဒာက တိုးတိုးဖြေလိုက်သည်။

"ဟာ … ဟုတ်သားပဲ၊ စန္ဒာ သုံးနာရီအမီပြန်ရမှာ မြန်မြန်လုပ်ကြလေ" ခင်ထားညိုက လောဆော်သည်။

"ဟုတ်တာပေါ့၊ စန္ဒာ ဒါကြောင့် ခါတိုင်းလိုမရှင်တာဖြစ်မယ်၊ နောက်မှာ က အနောင်အဖွဲ့ကြီးနဲ့ကိုး"

လှမြင့်စကားကြောင့် မြစန္ဒာ မျက်စိမျက်နှာပျက်ချင်ချင် ဖြစ်၏။

"ရပါတယ် … နောက်ကျတော့လည်း ဆရာ့ကို ရှင်းပြလိုက်တာပေါ့။ လုပ်ပါ ဖြည်းဖြည်းသောက်ကြပါ။ စန္ဒာကြောင့် ကတိုက်ကရိုက် မလုပ်ကြပါနဲ့"

"လိုအပ်ရင် ငါတို့ပါ ဝိုင်းပြီး ရှင်းပြပါမယ့်ဟာ"

လှမြင့်က သောက်ပြီး ဖာလူဒါခွက်ကို ရှေ့တိုးပေးရင်း ပြော၏။
"တကယ့်စိတ်ဓာတ်ပေါ့"
ဟု ရဲအောင်ကပြောရင်း မြစန္ဒာကို ကြည့်လိုက်သည်။
မြစန္ဒာ မျက်နှာညှိုးနေသလား ထင်၏။

■

အာစီရှေ့မှာ ရပ်မိကြသည်။

အုတ်ခုံလေးတွေပေါ်မှာ ကောင်လေးတွေ၊ ကောင်မလေးတွေ ထိုင်နေသည်ကို တွေ့၏။ အာစီရှေ့ကပ်လျက် ပေါက်နေသော ကုက္ကိုပင်ကြီးမှာ ခပ်နိမ့်နိမ့် ကွေးညွှတ်ကျလာသော အကိုင်းကြီးအောက်နားဆီသို့ ရွှေ့ရပ်ရင်း ရှေ့တူရူကို မျှော်ကြည့်မိပြန်၏။ စာကြည့်တိုက်ရှေ့ ကံ့ကော်ပင်ရင်းတွေမှာ ထိုင်နေသည့် ကောင်မလေးတွေကို အမှတ်မထင် အကြည့်ရောက်မိပြန်သည်။

လက်ကနာရီကို ကြည့်လိုက်မိ၏။ သုံးနာရီ ဆယ်မိနစ်။ သုံးနာရီ စောင့်နေ ကိုကိုဆိုသည့် မြစန္ဒာ၏အသံကို နားမှာ ပြန်ကြားယောင်သည်။

သည်ပတ်ဝန်းကျင်နှင့် မစိမ်းသူပေမဲ့ အခုလိုရပ်ပြီး အကြာကြီး စောင့်ရတာ ခပ်ကြောင်ကြောင်ပဲဟု သူ တွေးသည်။ ရေခဲရေ၊ အချဉ်ထုပ်များ၊ ဆေးလိပ်များကို အထမ်းနှင့်ရောင်းနေသည်ကို အကြည့်ရောက်ပြန်၏။

သုံးနာရီခွဲတော့မည်။

ဆင်းလာမည့် စာသင်ခန်းတွေဆီကို မျှော်ကြည့်ရင်း ရင်ထဲမှာ တစ်စုံတစ်ရာကို ခံစားလာရသည်။ တီတီကျကျ သေသေချာချာ မှာထားပါလျက်နဲ့ဟု တွေးရင်း မကျေမနပ် ဖြစ်လာရသည်။ အိမ်က စောစောလာခေါ်သွားလို့လားဟု စဉ်းစားမိပြန်၏။

မြစန္ဒာ ဘယ်တော့မှ စကားမဖျက်တတ်။ အချိန်လေးစားတတ်တဲ့ အကျင့်ရှိတာ သူသိသည်။ ပြန်မည်ဆုံးဖြတ်လျက် လှည့်ထွက်ခဲ့၏။

ရင်ထဲမှာတော့ တင်းတင်းကျပ်ကျပ်နှင့် ဝေဒနာတစ်ခုလို ဖြစ်တည်နေသည်။

■

မြစန္ဒာရောက်တော့ သုံးနာရီလေးဆယ် ရှိပြီ။

မနက်ဖြန် စနေပဲလေ။ မနက်ဖြန် ကလပ်စ်ပြီးလျှင် တွေ့မှာပဲ။ တွေ့တော့ အကျိုးအကြောင်း ရှင်းပြမည်စဉ်းစား၏။ ရင်ထဲမှာတော့ နိုးလိုးခုလုဖြစ်နေသည်မှာ အမှန်ပင်။ မိမိဘက်က ချွတ်ယွင်းပျက်ကွက်ခဲ့ခြင်းအတွက် ကျေနပ်သည်အထိ တောင်းပန်ပြောဆိုရန် တွေးသည်။

"မနက်ဖြန် ဆရာ့ကို ငါလိုက်ရှင်းပြဖို့ လိုမလား စန္ဒာ"

ဟု ရဲက စိတ်မကောင်းစွာ ပြောခဲ့သေး၏။

"ရပါတယ် ရဲရယ်၊ တစ်ခါတလေပဲ" ဟု ခပ်ပေါ့ပေါ့ပင် သူဖြေခဲ့သည်။

ရဲတို့အားလုံး ထွက်သွားကြတော့ သူတစ်ဦးတည်း အိမ်ကကားကို စောင့်ကျန်ခဲ့သည်။ ငါးနာရီမှ ကားလာကြိုတတ်မှန်း ဆရာ သိထားသည်ပဲ။

နောက်တစ်ကြိမ် ပြန်လှည့်လာဦးမလား အတွေးဖြင့် မျှော်မိပြန်၏။ အရာရာကို တိတိကျကျ စည်းကမ်းနှင့် ဆောင်ရွက်တတ်သော ဆရာ့အကျင့်ကို သူ သိနေပြန်သည်။

နောက်နေ့မှာ စည်းကမ်းအကြောင်း၊ အချိန်ကို လေးစားဖို့အကြောင်း မိမိပြောထားသည့် စကားတစ်ခွန်းကို တည်မြဲအောင် အလေးထား ဂရုစိုက်ရန် လိုအပ်ကြောင်းတို့ကို ပြောဆိုဆုံးမလေဦးမည်ဟု အတပ်သိနေပြန်၏။

၃

"ကား ဘယ်အချိန် မှာထားလဲ"

စနေနေ့ ကလပ်စ်အပြီးမှာ ဆရာကမေးသည်။ မျက်နှာကတည်ပြီး အသံက သံမှန်လိုဖြစ်နေသလားဟု မြစန္ဒာ တွေးကြည့်၏။

"ဆယ့်နှစ်နာရီ မှာထားတယ် ကိုကို"

"မြတ်စေတနာကို သွားရအောင်"

ပြောပြီး ဌာနကပေးထားသည့် သူ့ကားကလေးဆီသို့ လျှောက်သွား၏။ ကားပေါ်ရောက်သည်မှ ဆိုင်ရှေ့ကားရပ်သည်ထိ စကားတစ်ခွန်းမှ မဆိုသေး။

"ဘာသောက်မှာလဲ"

ထိုင်မိတော့ မေးသည်။

"နက်စ်သောက်မယ်"

နက်စ်နှစ်ခွက်ကို မှာလိုက်၏။

သူ့မျက်နှာကို စူးစိုက်ကြည့်ဆဲ အကြည့်မှာ မကျေနပ်မှုများ အရိပ်အငွေ့သန်းနေသည်ဟု မြစန္ဒာထင်၏။

"မနေ့က ဘယ်လိုလုပ်တာလဲ"

အသံကမာတော့ ရင်ထဲမှာ အုံ့ညြစိုးထိတ်၏။ မျက်လွှာကိုချပြီး လက်ကိုင်ပဝါကို လုံးခြေနေလိုက်သည်။

"ဘာဖြစ်ဖြစ် တိတိကျကျလုပ်တာပဲ ကိုကိုကြိုက်တယ်ဆိုတာ မြစန္ဒာ သိပါတယ်။ ပြောပြီးရင် ပြောတဲ့အတိုင်းဖြစ်အောင် လုပ်တတ်တဲ့အကျင့် ရှိအောင် လေ့ကျင့်ပါလို့ ခဏခဏပြောဖူးသားပဲ"

မြစန္ဒာက သူ့မျက်နှာကို တစ်ချက်ဝေ့ကြည့်လိုက်၏။

"ကိုကိုက အားလုံးကို ပုံဆွဲဘာသာရပ်လို ဖြစ်စေချင်တယ်နော်"

"ဘယ်လို ... ဘယ်လိုပြောတယ် မြစန္ဒာ"

မြစန္ဒာက ပြုံးပြီး မော်ကြည့်သည်။ သူ့မျက်နှာက တည်ဆဲ။

"ပြော် ... ကိုကိုက အရာရာကို ပုံဆွဲဘာသာရပ်လို့ တိတိကျကျဖြစ် စေချင်တယ်လို့ ပြောတာပါ။ ရှေ့ကမြင်တဲ့ပုံ၊ ဘေးကမြင်တဲ့ပုံ၊ အထက်က မြင်တဲ့ပုံတွေဟာ အပိုအလိုမရှိ ဖြစ်နေရမယ်။ မျဉ်းတစ်ကြောင်းပိုရင် လိုရင် မှားတာပဲ။ ပြီးတော့ အတိုင်းအတာ တိကျမှုရှိမရှိ စစ်မယ်။ အတိုင်းအတာ တပ်ထားတာ မှန်မမှန် ကြည့်မယ်။ အဲဒါ အကျင့်ပါနေလို့လား မသိဘူးနော်။ ကိုကိုက အပြင်မှာလည်း လူတစ်ယောက်ကို ဒရောယင်းပုံတစ်ခုလို ကြည့် ချင်နေတာပဲ"

"မြစန္ဒာ ကိုကို့စေတနာကို စော်ကားတာလား"

မြစန္ဒာ မျက်နှာကို စူးစိုက်ကြည့်ရင်း ကိုနေမျိုးက ပြောလိုက်သည်။ မြစန္ဒာ ပြုံးနေဆဲ။

"ကိုကို့စေတနာကို မြစန္ဒာ သဘောပေါက်ပါတယ်။ ကိုကိုက ဒရော ယင်းတစ်ခုကို စစ်ဆေးတဲ့အခါမှာလည်း တပည့်တွေအပေါ်မှာ စေတနာ ထားပြီး အမှားတွေ့ရင် အမှားကိုပြင်ပေးဖို့ အမှားကိုရှာတယ်ဆိုတာ သဘော ပေါက်ပါတယ်။ မြစန္ဒာကိုလည်း စေတနာထားပြီး ဆုံးမသွန်သင်ပေးတယ်။ လေ့ကျင့်သင်ကြားပေးတယ်ဆိုတာ မြစန္ဒာ နားလည်တာပေါ့။ ဒါပေမဲ့ ကိုကို ရယ် စက္ကူပေါ်မှာ ဆွဲထားတဲ့ပုံထဲက အမှားတစ်ခုကို ခဲဖျက်နဲ့ဖျက်ပြီး ပြန်ပြင်ဖို့ လွယ်ပါတယ်။ လူတစ်ယောက်ရဲ့ဘဝမှာ အဲဒီလို ခဲဖျက်နဲ့ဖျက်သလို ချက်ချင်း ဖျက်လို့ မရတဲ့ အရာတွေ အများကြီးရှိနေတတ်တာပဲ"

"ဘာလဲ ဥပမာ မောင်ရဲအောင်နဲ့ ခင်မင်မှု၊ ရင်းနှီးမှုလိုဟာမျိုးလား"

ဆရာက စကားဖြင့် သူ့ကိုထေ့သည်။

"ဟုတ်တယ် ကိုကို၊ ကိုကိုက ဒီလူမကောင်းဘူး၊ မပေါင်းနဲ့၊ ဒီလူနဲ့ ရင်းရင်းနှီးနှီးဆက်ဆံလို့ ဘေးပတ်ဝန်းကျင်က သံသယဝင်တယ်။ ဒီလူကို အဆက်အဆံမလုပ်နဲ့လို့ တားဆီပေမဲ့ အသိတရားနဲ့ ဆင်ခြင်လို့ပဲရမယ် ကိုကို၊ တစ်ခါတည်း တိခနဲဖြတ်ဖို့ဆိုတာ မလွယ်ဘူးထင်ပါတယ်။ လူတစ်ဦးနဲ့ တစ်ဦးကြားမှာရှိတဲ့ ခင်မင်မှုဆိုတာ ခဲဖျက်နဲ့ဖျက်သလို လွယ်လွယ်ကူကူ ဖျက်လို့ရတဲ့ အရာတွေမှ မဟုတ်တာပဲ"

စားပွဲထိုးကောင်လေးက နက်စ်နှစ်ခွက် လာချပေး၏။ နှစ်ဦးလုံး စကား ပြတ်သွားကြသည်။ မြစန္ဒာက ဇွန်းကလေးဖြင့် ကော်ဖီကို မွှေနေသည်။

"ဒါပေမဲ့ ... ဘာဖြစ်ဖြစ် မနေ့ကတော့ ကိုကိုနဲ့ ချိန်းထားတယ်ဆိုတာ မြစန္ဒာ မေ့ဖို့ မကောင်းပါဘူး"

"စန္ဒာ မမေ့ပါဘူး ကိုကို"

"ဒါဆို တမင်မစောင့်တာလား"

သက်ပြင်းရှည်တစ်ခုကို မြစန္ဒာက အလိုလိုချလိုက်မိသည်။

"ပြောလေ"

စူးစိုက်ကြည့်နေသော အကြည့်ကို ဆုံလိုက်၏။

"စန္ဒာ ပြောခဲ့ပြီပဲ ကိုကို။ အလွယ်တကူဖျက်လို့ မရနိုင်တဲ့ ခင်မင်မှု တွေ၊ လူမှုရေးတွေဆိုတာ ရှိတတ်တာပဲ။ မနေ့က မလိုက်ဘူးလို့ ငြင်းပယ် ပါသေးတယ်။ သူငယ်ချင်းတွေအားလုံးက အတင်းခေါ်တယ်လေ။ ပြီးတော့ ဒီလိုရက်မျိုးမှာ စန္ဒာ လိုက်သင့်တယ်လို့လည်း ထင်လို့။ နောက်ပြီး သုံးနာရီ အမီပြန်ရောက်မယ်လည်း ထင်လို့ပါ။ ကိုကို့ရုံးကို ဖုန်းဆက်သေးတယ်။ ကိုကို့ ကို မတွေ့တော့ဘူးလေ"

"ဘာကိစ္စမို့ ဒီလောက်အရေးကြီးနေရတာလဲ မြစန္ဒာ"

သောက်မည့် ကော်ဖီပန်းကန်ကိုကိုင်လျက် မေးသည်။

"ရဲ မွေးနေ့လေ၊ မနေ့က ရဲက သူငယ်ချင်းအားလုံးကို မြို့ထဲမှာ ထမင်း ကျွေးမယ်၊ ရုပ်ရှင်ပြမယ်၊ ဒါနဲ့ ..."

ကော်ဖီပန်းကန်ကို စားပွဲပေါ် ပြန်ချလိုက်သံ ဒေါက်ခနဲသည် ကျယ်လောင်သွားသည် ထင်၏။ မြစန္ဒာက စကားကို ဖြတ်လိုက်သည်။

"ချစ်သူနဲ့ ချိန်းထားတာထက် အရေးကြီးတဲ့ကိစ္စပေါ့ ဟုတ်လား"

မြစန္ဒာ ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်သည်။

"မြစန္ဒာဟာ ရဲနဲ့ပတ်သက်လာရင် ကိုကို့ကို မေ့တတ်တာပဲ။ ဘယ်တော့မှလည်း သံယောဇဉ်ပြတ်မှာ မဟုတ်ဘူး၊ ပတ်ဝန်းကျင်က စကားတွေကို ကိုကို ယုံချင်လာပြီ"

"တော်တော့ ကိုကို ...၊ ဒီအကြောင်း မစ,ရင် ကောင်းမယ်ထင်တယ်"

မြစန္ဒာ၏ အသံမှာ ရှိုက်သံပါလာပြီ။

နှုတ်ခမ်းကို တင်းနေအောင်စေ့ပြီး အံကို ကြိတ်ထားလိုက်မိသည်။

# ၄

ရာသီကာလကို ထာဝရသတိပြုမနေမိသော်လည်း ကျောင်းပိတ်ချိန် နီးလာတိုင်း ကျောင်းသားတို့၏ ရင်ထဲမှာ အမှတ်ထင်ထင် ရှိနေတတ်စမြဲ။ ရွက်နဝေခြင်း၊ ရွက်ခြောက်တွေ လေမှာဝေ့ခြင်း၊ မိုးသည်းခြင်း၊ နှင်းကျခြင်းတို့ဖြင့် တစ်ရာသီပြောင်းတိုင်း သတိပေးနေသော်လည်း ငယ်နသူတို့ စုဝေးရာမှာ ထာဝရအပျော်ရာသီများသာ ဖြစ်နေတတ်၏။ ကျောင်းရက်ရှည် ပိတ်တော့မည် ဖြစ်ခြင်းကြောင့် သင်းတို့ရင်ထဲမှာ ခွဲခွာခြင်းဝေဒနာကို အလိုလို ခံစားလာကြရသည်။ နောက်ဆုံးနှစ်သမားများအဖို့ ပိုပြီးနင့်သည်းစွာ ခံစားရတတ်သော ကာလ။ အပြင်လောက၏ တံခါးပေါက်မှာ ရပ်နေမိသည့်အချိန်။

"ငါကတော့ ကားမောင်းဖို့ စိတ်ကူးထားတယ်၊ ခင်ထားညိုကတော့ အာအိုင်တီ ဝင်ခွင့်ရအောင် ကြိုးစားနေတာပဲ"

"ဒါဆို မင်းက မြောင်းမြမပြန်တော့ဘူးလား သိန်းဇော်"

လှမြင့်က မေးလိုက်သည်။

"ကျောင်းပိတ်ရင်တော့ မြောင်းမြ ပြန်ရမှာပေါ့ကွာ၊ အောင်စာရင်းလေး ဘာလေး ထွက်ပြီးရင်တော့ ကားဝယ်နိုင်းပြီး ရန်ကုန်မှာပဲ ကားမောင်းတော့မယ်"

"မင်းတို့ ကိစ္စကရော" ဟု ရဲက ဝင်မေးလိုက်၏။

"ဘာလဲ ခင်ထားညိုနဲ့ ကိစ္စလား"

"အင်း" ဟု ခေါင်းညိတ်ပြလိုက်သည်။

"သူ့အိမ်ရော ငါ့အိမ်ကရော လူကြီးတွေ အိုကြပါတယ်၊ လူကြီးချင်းက လည်း အရင်ကတည်းက မိတ်ဆွေတွေပဲ။ ဒါပေမဲ့ အိမ်ထောင်ပြုတယ်ဆိုတာ ကိုယ်ပိုင်ဝင်ငွေလေး ရှိမှကောင်းမှာ။ အရာရာ သူများအားကိုးနေလို့ မဖြစ်ဘူး လေ"

ပြောရင်း အိတ်ထဲက ဆေးပေါ့လိပ်အသစ် တစ်လိပ်ကိုထုတ်ပြီး မီးညှိ နေလိုက်၏။

"ကားမောင်းပြီး ငွေစုတော့မယ်ပေါ့ ဟုတ်လား သိန်းဖေ။ ဒါပေမဲ့ ခင်ထားညို အာအိုင်တီ ဆက်တက်ခွင့်ရရင် မင်းနောက်ထပ် အကြာကြီး စောင့်ရဦးမှာ"

လှမြင့်က ရေနွေးကြမ်းပန်းကန်ထဲကို ရေနွေးထည့်ကျင်းပြီး ပက်ရင်း ပြောလိုက်သည်။

"ဘာတတ်နိုင်မှာလဲကွာ၊ စောင့်ရမှာပေါ့"

မီးခြစ်ကို ပြန်ချရင်း သိန်းဖေကပြောသည်။

"စန္ဒာနဲ့ ဆရာက မင်းတို့ထက် စောချင်စောနိုင်တယ်" ဟု လှမြင့်က ထင်ကြေးပေးသည်။

"အေးကွာ ... စန္ဒာနဲ့ ဆရာနဲ့ အိမ်ထောင်ကျရင် တော်တော်အနေ ကျပ်မယ်ထင်တယ်။ ဆရာက စာအုပ်ကြီးသမားကွ၊ ကြည့်ရတာ စည်းနဲ့ စနစ်နဲ့ တိတိ ကျကျ အင်မတန်ကြိုက်တဲ့ပုံပဲ။ သုံးတာစွဲတာ၊ ဝတ်တာစား တာကစပြီး အင်မတန် စည်းစနစ်ကျတယ်လို့ ပြောသံကြားတယ်။ ထမင်း စားတာ၊ အိပ်ရာဝင်တာ၊ အိပ်ရာထတာ အားလုံး အချိန်စာရင်းအတိုင်းပဲတဲ့။ တစ်လမှာ ရုပ်ရှင်နစ်ကား ကြည့်တယ်ဆိုရင် နစ်ကားပဲတဲ့၊ ဘယ်လောက် ကောင်းကောင်း ကြည့်ဖို့သင့်တဲ့ ကားလာလာ ထပ်မကြည့်ဘူးတဲ့"

"ဒါဆို စန္ဒာနဲ့ ဆရာယူပြီးရင် ငါတို့သွားလည်ဖို့တောင် မလွယ်ဘူး နော်။ တစ်လမှာ ဧည့်သည်ဘယ်နှယောက်ပဲ လက်ခံဆိုတာ သတ်မှတ်ချင် သတ်မှတ်ထားမှာ"

ဟု လှမြင့်က ရယ်ပြီးပြောသည်။

"ဘယ်နေရာမဆို စည်းစနစ်ကျတာ ကောင်းတာပေါ့ကွာ"

ဟု ရဲအောင်က သံမှန်နှင့်ပြောလိုက်၏။

"မလိုအပ်ဘဲ ပိုလွန်းတော့ ဇီဇာကြောင်သလို ဖြစ်သွားတာပေါ့"

ဟု သိန်းဇော်က မှတ်ချက်ချသည်။

"ဒါပေမဲ့ တစ်ခုသေချာတာကတော့ မြစန္ဒာ အမေက ဆရာနဲ့လည်း သဘောတူမှာမဟုတ်ဘူး၊ မြစန္ဒာ ဘယ်လိုဆုံးဖြတ်မလဲ ကြည့်ရမယ်"

လှမြင့်စကားကို သူတို့အားလုံး လက်ခံသည်။ အားလုံးက သည်နယ်ပင် သိထားကြ၏။

"ခင်ထား ပြောဖူးတယ်၊ အဘွားကြီးက စကားပြောတာ သိပ်ပြီး စီးတာပဲတဲ့"

"စီးနိုင်တဲ့အနေအထား ရှိတာပဲကွာ"

ရဲအောင်က သိန်းဇော်ကိုကြည့်ရင်း ပြောလိုက်၏။

"စန္ဒာက သိပ်ခင်ဖို့ကောင်းတယ်၊ ဒီအသိုက်အဝန်းက လာတယ်လို့တောင် မထင်ရဘူး။ စိတ်ကောင်းတယ်၊ မောက်မာမှုမရှိဘူး၊ ခက်တာက သူ့မာမီ၊ နောက်ပြီး ဆရာ၊ သူနဲ့ပတ်သက်နေတာတွေက အပေါင်းရအသင်းရ ကျပ်တာတွေချည်းပဲကွ"

"အေး ... ဟုတ်တယ်၊ ဆရာကလည်းတစ်မျိုးပဲ၊ စိတ်သဘောတော့ ကောင်းပါတယ်။ ဒါပေမဲ့ မင်းပြောသလိုပဲ ပေါင်းရသင်းရ ကျပ်ကျပ်ပဲ။ သီဂီ တစ်ခါ ပြောတယ်ကွာ၊ စန္ဒာက သူ့ဆီလာလည်တော့ ဆရာပါ ပါလာတယ်တဲ့။ ဆယ့်နှစ်နာရီထိုးတော့ ပြူန်းစားကြီး နာရီကြည့်ပြီး မြစန္ဒာ သွားရအောင်လို့ ခေါ်တယ်တဲ့။ စန္ဒာကလည်း စကားအဆုံးမသတ်သေးဘဲ ထလိုက်သွား ရတယ်တဲ့ကွာ။ နောက်နေ့မှ စန္ဒာက သီဂီကိုပြောပြတယ်တဲ့။ သီဂီတို့အိမ်မှာ ဆယ့်နှစ်နာရီအထိနေ၊ အဲဒီက စကော့ဈေးမှာ တစ်နာရီထိဈေးဝယ်။ ဘုရားမှာ နှစ်နာရီ အထိနေ၊ အဲဒီလိုအချိန် သတ်မှတ်ထားတာဆိုပဲ၊ သူတို့လည်ရင် အဲဒီလို အချိန်ဇယားနဲ့ လည်တာတဲ့"

လှမြင့်စကားကြောင့် သိန်းဇော်က ရယ်သော်လည်း ရဲအောင်က မရယ်နိုင်။

"ဆံပင်ပုံတွေ ဘာတွေပြောင်းလာတာ ကြည့်ပါလား"

ဟု လှမြင့်က ဆက်ပြောသည်။

"ယောက်ျားတစ်ယောက်က မိန်းမကိစ္စမှာ နေရာတကာပါတာလည်း မကောင်းပါဘူးကွာ။ ဒီအတိုင်းဆို စန္ဒာက ဆရာ့ကို ယူလိမ့်မယ် ထင်တယ်"

"မင်းပြောတာ ဖြစ်နိုင်တယ် သိန်းဇော်။ သူ့မှာမိက သဘောတူတဲ့ လူ တစ်ယောက်ရှိတယ်တဲ့။ ဒါပေမဲ့ မိန်းကလေးတစ်ယောက်အတွက် တစ်မျက် ကနှစ်မျက်နှာပြောင်းရတာ မကောင်းဘူးလို့ တွေးမိတယ်တဲ့။ ကိုယ့်သဘောနဲ့ ကိုယ် ရွေးထားတဲ့ချစ်သူကိုပဲ လက်ထပ်ဖို့ဆုံးဖြတ်ရင် ကောင်းမယ်လို့ စဉ်းစား တယ်တဲ့၊ သစ္စာမဲ့တဲ့သူ။ အကျင့်ပျက်တဲ့သူလို့ အစွပ်စွဲမခံချင်ဘူးတဲ့။ သူ့ဘက် ကတော့ စပြီးမဖျက်တော့ပါဘူးလို့ ဆုံးဖြတ်ထားတယ်လို့ ပြောတယ်"

ရဲအောင်က စန္ဒာ သူ့ကိုပြောပြသမျှကို ပြန်ပြောလိုက်သည်။

"ဘာဖြစ်လာမလဲ စောင့်ကြည့်ရမယ်ကွ၊ စိတ်ဝင်စားစရာတော့ ကောင်းတယ်၊ ငါတို့ကတော့ တွေ့နေရမှာပဲ။ မင်းကသာ သဘော်လိုက်သွား ရင် သိချင် မှသိရမှာ" ဟု လှမြင့်က ရဲအောင်ကို ပြောလိုက်သည်။

"ဟုတ်သားပဲ၊ မင်းသဘော်လိုက်ဖို့ကိစ္စက အဆင်ပြေရဲ့လား"

"ပြေမှာပါ၊ ကိုယ်စားလှယ်လုပ်တဲ့လူက ငါ့အဘိုးကြီး တပည့်ရင်းလေ၊ သူကစပြီး ပြောတာပဲ။ အစအဆုံး သူ လုပ်ပေးပါမယ်၊ သူ ကူညီပါရစေဆိုပြီး လုပ်တာ စာမေးပွဲပြီးလို့ သုံးလေးလနေရင် အဆင်ပြေအောင် လုပ်ပေးမယ် ပြောတယ်"

"ငါကတော့ အိမ်ကဆိုင်မှာပဲ ဈေးပြန်ရောင်းမယ်ကွာ"

ဟု လှမြင့်က ညည်းပြောပြောလိုက်သည်။

■

"ကျောင်းပိတ်ရင်တော့ အဆက်အသွယ်လုပ်ဖို့ သိပ်မလွယ်တော့ဘူး နော်။ မြစန္ဒာတို့အိမ်က ဖုန်းဆက်ဖို့လည်း သိပ်လွယ်တာမဟုတ်ဘူး"

"မဆက်တာပဲ ကောင်းပါတယ် ကိုကို၊ မာမီနဲ့တွေ့ရင် မေးလား မြန်းလားနဲ့ စာရင်းရှုပ်ကုန်မယ်။ မာမီတို့လစ်ရင် စန္ဒာ ကိုကို့ဆီ ဆက်မှာပေါ့"

ဟု မြစန္ဒာက ကိုနေမျိုးကို ပြောလိုက်သည်။

"မြစန္ဒာ"

"ကိုကို"

ကိုနေမျိုးက မြစန္ဒာကို စူးစိုက်ကြည့်ရင်း ခေါ်လိုက်သည်။

"ပြောလေ ကိုကို"

"ကိုကိုတော့ စိတ်ပူတာပဲ၊ မြစန္ဒာနဲ့ ကိုကိုတို့ကို မြစန္ဒာအိမ်က လုံးဝ သဘောတူမှာ မဟုတ်ဘူးလေ၊ ပြီးတော့ ..."

"ပြောပါကိုကို၊ အားမနာပါနဲ့ ..."

"ပြီးတော့ ကိုကို မြစန္ဒာကိုလည်း အားမရဘူး"

"စန္ဒာ သိပါတယ်"

မြစန္ဒာအသံက တိုးလျသည်။

"စိတ်လည်းမချဘူး ဟုတ်လား"

ဟု မြစန္ဒာက ဆက်ပြော၏။

"ဟုတ်တယ် စန္ဒာ၊ မြစန္ဒာရဲ့မာမီအရိပ်က ရုန်းထွက်ဖို့ သတ္တိရှိပါ့မလား လို့ အမြဲပူတယ်"

"မာမို့စိတ်ကိုတော့ စန္ဒာအသိဆုံးပဲ၊ မာမီက စိတ်သိပ်ကြီးတာပဲ။ သူ မကျေနပ်တဲ့သူနဲ့ ယူလို့ကတော့ လုံးဝလှည့်ကြည့်မှာ မဟုတ်ဘူး။ သေချာ တယ်၊ ကိုကိုကြီးတုန်းက ဖေဖေက အခုလိုနေရာမျိုးမှာတောင် မဟုတ်သေ ဘူး။ ဒါတောင် ဆွေမျိုးတွေက ဝိုင်းနားချလို့၊ မရဘူးလေ အမွေပြတ် ကြော်ငြာ တယ်။ ပြီးတော့ လှည့်ကိုမကြည့်တော့ဘူး။ ဟိုတလောက သဘော်ာလိုက်ချင် လို့တဲ့။ ဒယ်ဒီ တပည့်တစ်ယောက်က တစ်ဆင့်ပြောတော့ ဒယ်ဒီက လုပ်

ပေးချင်တာ၊ မာမီက ဒီကောင်နဲ့ ဘာမှမပတ်သက်ချင်ဘူး ပြောတယ်လေ။ ဒါတောင် ကိုကိုကြီး မိန်းမယူတော့ အိမ်က သဘောတူထားတာ မရှိဘူး"

"ကိုကိုက အဲဒီလိုဖြစ်မှာကို မကြောက်ပါဘူး။ ကိုကို့နောက်ကို မြစန္ဒာ မလိုက်ရဲမှာပဲ စိုးရိမ်တာပါ"

"စောင့်ကြည့်ပေ့ါ ကိုကိုရယ်၊ မြစန္ဒာ တစ်ခါတုန်းက ပြောခဲ့တာ ကိုကို မှတ်မိသေးလား။ ဝတ်ပုံစားပုံ၊ နေပုံထိုင်ပုံကအစ ကိုကိုတို့ လူကြီးမျက်စိမှာ ထောင့်မကျိုးဘူးထင်ပြီး ပေ့ါတီပေ့ါဆကလေးတွေလို့ ယူဆအထင်သေး တတ်တဲ့ လူငယ်တွေမှာလည်း သစ္စာတရား၊ ကိုယ်ကျင့်တရားတို့ကို တန်ဖိုး ထားတဲ့စိတ်မျိုး ရှိတတ်ပါတယ်လို့ ပြောခဲ့တာလေ။ အခုလည်း ကိုကိုက မြစန္ဒာ ဆိုတဲ့ ပေ့ါပေ့ါတွေး ပေ့ါပေ့ါနေတတ်တဲ့ ကောင်မလေးဟာ ငွေအပေါ်မှာ သစ္စာ ဖောက်သွားဖို့ ဝန်လေးမှာ မဟုတ်ပါဘူးလို့ တွက်ပြီး စိုးရိမ်တာပဲ မဟုတ်လား။ စောင့်ကြည့်ပါ ကိုကို"

"မြစန္ဒာဆီက ဒီစကားကြားရတော့ ကိုကိုအားတက်မိတာ အမှန်ပဲ လေ။ မြစန္ဒာဟာ ကိုကို ထင်တာထက် ပိုပြီးရင့်ကျက်လာပြီ။ ကိုကိုနဲ့ အတူ နေရင် အားလုံးပုံပြောင်းပြီး လူကြီးပီသလာအောင် ကိုကို ပြုပြင်ပေးရမယ်"

"ပုံသွင်းပေးရမယ်လို့ ပြောပါ ကိုကို။ ဒါပေမဲ့ ကိုကို သတိထားရမှာက မြစန္ဒာဆိုတာ အသက်နဲ့ လူတစ်ယောက်ပါ။ ကိုကိုတို့ အင်ဂျင်နီယာတွေ ပုံသွန်းလို့ရအောင် အရည်ကျိုထားတဲ့ သတ္တုတစ်မျိုးတော့ မဟုတ်ပါဘူးနော်"

ရင်ထဲမှာ ခံစားလာရသည့်အတိုင်း မြစန္ဒာ ပြောချလိုက်မိသည်။ ကိုကို့ မျက်နှာတည်ပြီး တင်းသွားသည်ဟု အမှတ်ထင်ထင် သတိပြုမိလိုက်သား။

"နင် သိဂီနဲ့ တွေ့သေးသလား"

ဟု ခင်ထားညိုက မေးသည်။

"တစ်ခါပဲ တွေ့ဖြစ်ပါတယ်ဟယ်။ ကျောင်းပိတ်ကတည်းက မြို့ထဲလည်း သိပ်မရောက်ဘူး။ ဒီနေ့တောင် နင့်ဆီကို လာချင်လွန်းလို့ မာမီ့ကို မနည်းပြောလာရတာ။ မာမီကလည်း အခုတလော အိမ်ကပ်နေတယ်။ ငါ့ကို သူ့အနားမှာ အမြဲခေါ်ခေါ်ထားလို့ ခက်နေတာ"

မြစန္ဒာက ပြောလိုက်သည်။

"ဆရာနဲ့ရော တွေ့သေးသလား"

လက်ဖက်သုပ်ပန်းကန်ကို မြစန္ဒာရှေ့မှာ ချပေးရင်း မေးသည်။

"အင်း ... တစ်ပတ်တစ်ခါတော့ တွေ့ပါတယ်။ မာမီ အပြင်ထွက်တဲ့ အချိန်ဆို ရုံးကို ဖုန်းဆက်ပြီး ငါ သွားတွေ့တယ်လေ"

"ရဲတစ်ယောက်ရော ဘာလုပ်နေလဲ မသိဘူး၊ တွေ့သေးလား ..."

"အေးအေးဆေးဆေး တစ်ခါမှ မတွေ့ရပါဘူးဟယ်။ အိမ်ရှေ့က ဖြတ်သွားတာလောက်ပဲ လှမ်းမြင်တယ်။ အာအိုင်တီက သူ့သူငယ်ချင်းနဲ့ တွဲနေတယ်လေ"

"ဩော် ... တစ်ခါ ကျောင်းလိုက်လာတဲ့ ဗိသုကာယူတယ်ဆိုတဲ့ တစ်ယောက် ထင်တယ်"

"ဟုတ်တယ် ခင်ထား"

လက်ဖက်တစ်ဇွန်းကို ခပ်စားပြီး လက်ဖက်ခွက်ကို ပြန်တင်ရင်း ပြောလိုက်၏။

"နင်တို့ အခြေအနေရော ဘာထူးခြားလဲ"

ခင်ထားညိုက လက်ဖက်ခွက်ကို လှမ်းနှိုက်ရင်း မေးသည်။

"အေး … ငါ နင့်ကို အဲဒါပြောချင်လို့ လာတာ"

"မာမီက ငါ့ကိုမေးတယ်၊ သမီးမှာ ရည်းစားတွေဘာတွေ ရှိပြီလားတဲ့"

"နင် ပြောလိုက်လား …"

"ပြောလို့ ဘာဖြစ်မလဲ၊ မာမီ့အကြောင်း ငါ ကောင်းကောင်းသိတာပေါ့ ပြောလိုက်လို့ ထူးခြားရင်ကောင်းတယ်၊ အခြေအနေပိုဆိုးပြီး အပြင်ပေးမထွက်မှ ပိုခက်မှာ"

"အဲဒီတော့"

"မရှိပါဘူးလို့ ညာလိုက်တာပေါ့"

"အင်း … ယုံရဲ့လား"

"သိပ်ယုံပုံ မရဘူးဟ …။ မာမီက ငါ့ကို ရဲနဲ့လို့ ထင်နေတာ။ ရဲနဲ့ ငါနဲ့ အဆက်အသွယ်၊ အသွားအလာ တန်းသွားတာသိတော့ မာမီ့စိတ်ထဲမှာ ပြတ်သွားတာလား ဘာလား စဉ်းစားနေပုံရတယ်။ ကိုကိုက အဲ … ဆရာက"

"ပြောပါဟယ် … ကိုကိုကလို့ပဲ"

မြစန္ဒာက ရယ်လိုက်ရင်း …

"ယောင်သွားလို့ပါဟာ၊ ဆရာကလည်း ရဲနဲ့ သိပ်မတွဲစေချင်တာသိလို့ ငါက ဆင်ခြင်တယ်လေ။ ရဲတို့အိမ်ကိုလည်း မရောက်ဖြစ်တော့ဘူး။ အဲဒီတော့ မာမီက ရဲနဲ့ငါ ပြတ်သွားပြီ ထင်မှာပေါ့။ အစကဆို ငါ မဟုတ်ပါဘူး ငြင်းရင်လည်း မယုံဘူးဟ။ မျက်လုံးတွေကြည့်ရင် သိတယ် ဘာညာနဲ့ အမြဲပြောတာ"

"အင်း …"

"သမီး ဘွဲ့တောင်ရတော့မှာ၊ အသက်လည်း နှစ်ဆယ်ပြည့်ပြီပဲတဲ့။ လိမ္မာလာပြီပေါ့တဲ့။ လူဆိုတာ မှားတယ်ဆိုတာသိပြီး ပြန်ပြင်နိုင်ဖို့ အရေးကြီးတာပဲတဲ့။ ပြီးတော့ သူတို့ လူကြီးချင်း စီမံထားတာရှိတယ်လို့ ပြောတော့တာပဲ"

"အဲဒါမှာ ဒုက္ခပဲ" ဟု ခင်ထားညိုက ပြောသည်။

"ဟုတ်တယ် ခင်ထား၊ ငါလည်း ဆရာ့ကို မပြောရဲသေးဘူး။ ဆရာက အလိုလိုမှ အားငယ်ပြီး စိုးရိမ်နေတာ။ အဲဒီအကြောင်းပြောလိုက်ရင် အခု လိုက်ခဲ့တွေ ဘာတွေလုပ်ပြီး အကုန်ရှုပ်ကုန်တော့မှာ"

ခင်ထားညိုက ငြိမ်ပြီးနားထောင်နေသည်။ မြစန္ဒာက ရေနွေးကြမ်းကို ငှဲပြီး တစ်ကျိုက်သောက်လျက် ပြန်ချထား၏။

"နင် ဘယ်လိုစိတ်ကူးထားလဲ"

"ခင်ထား"

မြစန္ဒာက ခင်ထားညိုကိုကြည့်ရင်း ခေါ်လိုက်သည်။

"ပြောလေ"

"ငါ နင့်ကို စိတ်ထဲကအတိုင်း အမှန်ဖွင့်ပြောမယ် သူငယ်ချင်းရယ် ငါ ဘာကြောင့် ဘယ်လိုဆုံးဖြတ်တယ်ဆိုတာကို နင့်ကိုပဲ သိစေချင်တယ်လေ"

ခင်ထားညိုက မြစန္ဒာထံမှ စကားကို နားစွင့်နေလိုက်၏။

"ငါ ဆရာ့အပေါ်မှာ သစ္စာမဖောက်ချင်တော့ဘူး။ မာမီတို့ ပေးစားတဲ့ သူကို ငါမယူဘဲ ဆရာ့နောက်ပဲ လိုက်တော့မယ်လို့ ဆုံးဖြတ်ထားတယ်။ အဲဒီလို ဆုံးဖြတ်ချက်ချတာ ဘယ်သူ့ကြောင့်လဲ နင် သိလား"

ခင်ထားညိုက ခေါင်းခါပြသည်။

မြစန္ဒာက ခင်ထားညိုကို စူးစိုက်ကြည့်ရင်း တစ်လုံးချင်းပြောချလိုက် ၏။

"ရဲကြောင့်ပဲ ခင်ထား"

"ဘာ … ရဲကြောင့် ဟုတ်လား"

"ဟုတ်တယ် ခင်ထား၊ မာမီတို့ ဒီလိုပဲ အချိန်တန်ရင် အတင်းအကျပ် စီစဉ်ကြတော့မယ်ဆိုတာ သိတယ်လေ။ အဲဒီအချိန်မျိုးမှာ ရဲနဲ့သာဖြစ်နေရင် ငါ ရဲကို ဒုက္ခမပေးချင်ဘူး။ သစ္စာလည်း မဖောက်ချင်ဘူး။ မာမီတို့ကိုလည်း စိတ်မဆင်းရဲစေချင်ဘူး။ ရဲက လွဲရင်တော့ ကျန်တဲ့လူအပေါ်မှာ ငါ သစ္စာ ဖောက်ရဲမှာပဲ။ မာမီတို့ဘက်ကိုလိုက်ပြီး မာမီတို့ စိတ်ချမ်းသာအောင် လုပ်နိုင်

မှာပဲလို့ တွက်တယ်။ ဒါနဲ့ ရဲ ငါ့ကိုဖွင့်မပြောခင်မှာပဲ ငါ ဆရာ့ကိုအဖြေပေးခဲ့တာ။ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ ရဲ ငါ့အပေါ်မှာ စိတ်ကုန်အောင်လို့ ဆရာ့ကို ခဏတွဲမယ်ဆိုပြီး ခုတုံးလုပ်မိတာပဲ"

"အခုတော့ ဆရာ့ကို စွဲသွားပြီဆိုပါတော့"ဟု ရယ်ရင်း ခင်ထားညိုက စကားထောက်ပေးသည်။

"ခင်ထားရယ် ... ဆရာက သဘောကောင်းပါတယ်၊ လူကြီးဆန်တယ်၊ စည်းကမ်းကြီးတယ်။ ငါ့အပေါ်မှာ စေတနာထားတယ်။ ငါ ဆရာ့ကို သံယောဇဉ်ရှိတာ အမှန်ပဲ။ ဒါပေမဲ့ ငါ ဆရာ့အပေါ်မှာငဲ့ပြီး မာမီ စီစဉ်တာ ဖျက်နိုင်လောက်အောင် ဆရာ့ကိုမချစ်တာ အမှန်ပဲ"

"မြတ်စွာဘုရား ..."

"ဘာလဲ ... နင် အံ့သြသွားလား"

"နင့်စကားက ရှေ့စကား နောက်စကား မညီသလိုပဲ၊ စောစောကပြောတော့ နင် ဆရာ့နောက်လိုက်ဖို့ ဆုံးဖြတ်လိုက်ပြီဆို"

"အေးလေ ... ငါ ပြောထားသားပဲ။ အဲဒီလိုဆုံးဖြတ်တာ ဆရာကြောင့်မဟုတ်ဘူး။ ရဲကြောင့်ပါလို့ ဆို"

"ငါတော့ နားမလည်ဘူး၊ ရှုပ်နေပြီ ..."

ဟု ခင်ထားညိုက ခေါင်းခါရင်း ရယ်ပြောပြော၏။

"နင်က စကားဆုံးအောင်မှ နားမထောင်တာ"

"ကဲ ... ကဲ ... ဆက်ပါဦး"

"ငါ နင့်အပေါ်မှာ သစ္စာမမဲ့ချင်ဘူးလို့ ရဲကို ငါတစ်ခါပြောဖူးတယ်။ ရဲက ပြောတယ်လေ၊ ငါ့အပေါ်မှာမှ မဟုတ်ဘူး၊ နင် ဘယ်သူ့အပေါ်မှာမှ သစ္စာမမဲ့ချင်ပါနဲ့တဲ့။ သစ္စာတရားနဲ့ ကိုယ်ကျင့်တရားဟာ မိန်းကလေးတစ်ယောက်ရဲ့ တန်ဖိုးပဲတဲ့။ ကိုယ်ဆုံးဖြတ်ထားတဲ့ ကိစ္စတစ်ခုကို အဆုံးထိတာဝန်ယူ ရင်ဆိုင်ရဲတဲ့စိတ်ဓာတ် ရှိရမယ်တဲ့။ လူအများအကျိုးကိစ္စ၊ မိသားစုတစ်ခုလုံးရဲ့မိသားစုကိစ္စမျိုးနဲ့ ပတ်သက်လာရင်သာ ကိုယ့်ချစ်သူကို နားလည်အောင်ရှင်းပြပြီး လမ်းခွဲ သင့်တာပေါ့တဲ့။ ဒါမှမဟုတ်ဘဲ ကိုယ်ကောင်းစားဖို့အတွက်ပဲ ဆိုရင်

တော့ ကိုယ်ကျိုးစွန့်ပြီး ချစ်သူနောက်လိုက်တာ မှန်တယ်ထင်တယ်တဲ့။ အခု နင့်ကိစ္စက နင့်မာမီ ဂုဏ်မက်ငွေမက်နဲ့ အဆင့်အတန်းခွဲနေတဲ့ ကိစ္စပဲ။ ဒီကိစ္စ လောက်နဲ့တော့ သစ္စာမဲ့သူ အဖြစ်မခံနဲ့လို့ ငါ့ကို ပြောဖူးတယ်"

"ရဲက အဲဒီလိုပြောလား"

"ဟုတ်တယ်၊ အဲဒီလိုပြောလို့ ငါလည်း အစက ရဲကို အံ့ဩတယ်လေ။ ပြီးတော့ ရဲရဲ့ စိတ်ဓာတ်ကို လေးစားမိတယ်။ တကယ်ဆို သူ့ ဆရာ့အပေါ်မှာ စေတနာထားစရာ ဘာရှိလဲ၊ သဘောထားသေးရမှာ၊ မနာလိုဖြစ်ရမှာပဲ။ ဒါပေမဲ့ ရဲက ငါ့ကို အမြဲတမ်းကောင်းတာပဲ ဖြစ်စေချင်တဲ့ စေတနာရှိတာ အမှန် ပဲ သူငယ်ချင်း။ သူက ပြောသေးတယ်၊ ဆရာကတဲ့ ငါတို့ လူငယ်တွေရဲ့ စိတ် ဓာတ်ကို အထင်ကြီးပုံမရဘူးတဲ့။ နင်တို့ ငါတို့ကို လျှော့တွက်ထားပုံရတယ် တဲ့။ အဲဒီတော့ နင့်ဘက်က ဘယ်တော့မှစပြီး မဖောက်နဲ့တဲ့။ နင်ဖောက်လိုက် တာနဲ့ လူငယ်တွေ အခုခေတ်လူငယ်တွေဟာ ဒီလိုပါပဲ၊ ပေါ့ပေါ့တန်တန်လေး တွေပါလို့ ဆရာ့အသိမှာ စွဲသွားလိမ့်မယ်တဲ့။ သူက စပြီး ဖောက်သွားရင်တော့ ကံပေါ့ဟာလို့ ပြောတယ်လေ"

"ဟုတ်တယ်ဟယ်၊ နင့်ဆရာကလည်း အခုခေတ် လူငယ်တွေကို သိပ် အထင်သေးပုံ ရပါတယ်"

မြစန္ဒာက ရေနွေးကရားကို လှမ်းယူပြီး ငှဲ့လိုက်ရင်း ...

"သူ့စည်းကမ်းစနစ်ဇယား ပေတံနဲ့တိုင်းပြီး အရာရာကို လေးလေး နက်နက်ထားမှာ မဟုတ်ပါဘူးလို့ ထင်နေတယ်လေ" ငှဲ့ထားပြီး ရေနွေးကြမ်း ပန်းကန်ကို ကောက်ယူလျက် ပြောလိုက်၏။

"တကယ်တော့ ရဲက အင်မတန် သိတတ်ပါတယ်။ အခွင့်အရေး မယူ တတ်ပါဘူး၊ ဆရာက သက်သက်သဝန်တိုနေတာ"

"အတန်းထဲက ဘယ်ကောင်တွေက ပြောထားမှန်း မသိဘူးလေ။ ငါနဲ့ ရဲနဲ့ သမီးရည်းစား ဖြစ်ကြသေးတယ်။ ကျွဲပြီးမှ ဆရာနဲ့ဖြစ်တာလို့ ဆရာက ထင် နေတယ်၊ ငါ့ကို ခဏခဏမေးတယ်လေ"

"ဒုက္ခပါပဲ" ဟု ခင်ထားညိုက ပြောပြီးရယ်၏။

■

"မိန်းမအားလုံး ဖောက်ပြန်တတ်တယ်လို့ ဘုရားကတောင် ဟောထားတာပဲ ရဲရယ်။ စန္ဒာ့ကို ဖောက်ပြန်တယ်လို့ ရဲရော မထင်ဘူးလား။ ဆရာကရော မထင်ဘဲနေမှာလား၊ ဆရာကဆို ပိုဆိုးသေးတယ်၊ အစုခေတ် မိန်းကလေးတွေဟာ ဘာမှအလေးအနက်ထားမှာမဟုတ်ဘူးလို့ ယုံကြည်နေတာ။ ဖောက်ပြန်ဖို့ ဝန်မလေးဘူးလို့ ထင်နေတာ။ ဒီကြားထဲက စန္ဒာက မာမီပေးစားတဲ့သူနဲ့ ယူလိုက်တော့လည်း အင်း ... ငါ ထင်တဲ့အတိုင်း ဖြစ်သွားတာပါပဲ။ မိန်းမတွေဟာ ဖောက်ပြန်တတ်ကြတာပါပဲလို့ ကောက်ချက်ချရုံပဲ ရှိမှာပေါ့"

"မဟုတ်ဘူး စန္ဒာ ...၊ နင် ပေါ့ပေါ့လေးမတွေးနဲ့၊ ဆရာက အထင်မကြီးတာကို နင်က အထင်ကြီးအောင် လုပ်ပြရမှာပေါ့။ ဆရာ အထင်မကြီးတဲ့ကြားထဲမှာ နင်က ဘာထူးမှာလဲဆိုပြီး လိုက်ရွဲလို့ ဖြစ်မှာလား။ ပြီးတော့ မိန်းကလေးဆိုတာ တစ်မျက်နှာက နှစ်မျက်နှာပြောင်းလို့ ကောင်းတာ မဟုတ်ပါဘူး။ ပြီးတော့ နင့်ကို ငါတစ်ခုပြောမယ်၊ မိန်းမအားလုံးဟာ ဖောက်ပြန်တာပဲလို့ ဘုရားဟော တယ်ဆိုတဲ့စကားကို နင်တိတိကျကျ နားလည်ရဲ့လား"

"ဟင့်အင်း ..."

"မလည်ဘဲနဲ့ တလွဲဆွဲပြီး ထင်ရာစွတ်မပြောနဲ့ စန္ဒာ၊ ယောကျ်ားတွေလည်း ဖောက်ပြန်တတ်ကြတာပါပဲ။ ထားပါ ... နင် မိလိန္ဒပဉှာဆိုတဲ့စာအုပ်ဖတ်ဖူးလား"

"မဖတ်ဖူးဘူး"

"ငါ ပြောပြမယ် နားထောင်၊ အဲဒီအထဲမှာ မိန်းမတွေအားလုံးဟာ ဖောက်ပြန်တယ်ဆိုတာနဲ့ ပတ်သက်ပြီး ပါလာတယ်"

"အင်း ... ပြောပါဦး"

"မိလိန္ဒမင်းကြီးက အရှင်နာဂသိန်ကို မေးတယ်။ ဘယ်လိုမေးလဲဆိုတော့ အရှင်ဘုရားတဲ့။ မိန်းမတွေအားလုံးဟာ အခါအခွင့်ကိုသော် လည်းကောင်း၊ ဆိတ်ကွယ်ရာကိုသော်လည်းကောင်း ရခဲ့လို့ရှိရင် မကောင်းမှုကို ကျူးလွန်ဖောက်ပြန်တတ်တယ်လို့ မြတ်စွာဘုရားက ဟောကြားခဲ့ပါတယ်တဲ့။ နောက်တစ်ခါ မဟော်သဓာရဲ့ မိန်းမအမရာဟာ ရွာငယ်ဇနပုဒ်မှာ ပစ်ထားခြင်း

ခံရတဲ့အခါတုန်းက အခါအခွင့်ကိုလည်းရ ဆိတ်ကွယ်ရာလည်း ရပြီး မင်းနဲ့တူတဲ့ ယောကျ်ားက အသပြာတစ်ထောင်ပေးပြီး မြူဆွယ်တာတောင် မဖောက်ပြန်ဘူးလို့လည်း ပောကြားပါတယ်တဲ့။ အဲဒီစကားနှစ်ခုမှာ ရှေ့စကားမှန်ရင် နောက်စကားက မှားရမယ်။ နောက်စကားက မှန်ရင် ရှေ့စကားက မှားရမယ်။ အဲဒီတော့ အရှင်ဘုရား အဖြေပေးပါလို့ လျှောက်သတဲ့။ အရှင်နာဂသိန်က ဘယ်လိုဖြေသလဲဆိုတော့ အရှင်မင်းကြီးတဲ့၊ စကားနှစ်ရပ်လုံး မှန်ကန်ပါတယ်လို့ ဖြေသတဲ့။ ဘာဖြစ်လို့လဲဆိုရင် အမရာဟာ အခါအခွင့်နဲ့ ဆိတ်ကွယ်ရာကိုသာ ရတယ်လို့ ယူဆရင် ဖောက်ပြန်လိမ့်မယ်တဲ့။ ဒါပေမဲ့ အမရာက စဉ်းစားလိုက်တဲ့အခါမှာ သူတစ်ပါးကဲ့ရဲ့မှုကို ကြောက်တယ်။ တမလွန်မှာ ငရဲရောက်မှာ ကြောက်တယ်။ မကောင်းမှုရဲ့ ဆိုးရွားတဲ့အကျိုးပေးမှုကို ကြောက်တယ်။ ချစ်လင်ကို လေးစားမြတ်နိုး ရိုသေစိတ်နဲ့ စွန့်လွှတ်ရမှာကို ကြောက်တယ်။ မစင်ကြယ်တဲ့ အကျင့်ကို ကျင့်ကြံရမှာ ကြောက်တယ်။ အဲဒီလို ကြောက်တဲ့စိတ်တွေဝင်ပြီး စဉ်းစားလိုက်တဲ့အခါမှာ ဖောက်ပြန်ဖို့ အခါအခွင့်ဆိုတာ မတွေ့မြင်ဘူးတဲ့"

"အင်း ... အခါအခွင့်ဆိုတာက အဲဒါတွေကို မကြောက်တတ်မှ ရနိုင်တဲ့ အခါအခွင့်ကို ပြောတာနော်"

"ဟုတ်တယ် ... နောက်ပြီး ဆိတ်ကွယ်ရာဆိုတာကို စဉ်းစားလိုက်တဲ့အခါကျတော့ ပတ်ဝန်းကျင်က ဘယ်သူမှမသိနိုင်ရင်လည်း အသိအမြင်ပေါက်တဲ့ နတ်သိကြားတွေ သိနိုင်တယ်တဲ့။ နတ်သိကြားတွေ မသိရင်တောင် အမြင်အကြားရနေတဲ့ သူတော်စင် ရဟန်းသူမြတ်တွေ သိနိုင်တယ်တဲ့။ သူတော်စင် ရဟန်းသူမြတ်တွေ မသိရင်တောင် ကိုယ့်ကိုယ်ကိုယ် သိနေမှာပဲတဲ့။ ကိုယ့်ကိုယ်ကိုယ် မသိချင်ယောင် ဆောင်ရင်လည်း လှည့်စားထားတဲ့ ဆိတ်ကွယ်ရာပဲ ဖြစ်မှာပဲတဲ့။ အဲဒီတော့ ဆိတ်ကွယ်ရာဆိုတာကိုလည်း အမရာဟာ ကြည့်လို့ မမြင်ပါဘူးတဲ့။ ဒါကြောင့် အမရာ မဖောက်ပြန်တာပါပဲလို့ အရှင်နာဂသိန်က ပြန်ဖြေသတဲ့"

"အဲဒီမှာ တို့သဘောပေါက်ရမှာက အခါအခွင့်နဲ့ ဆီတ်ကွယ်ရာဆို တာပဲ အဲဒီအခါအခွင့်နဲ့ ဆီတ်ကွယ်ရာဆိုတာကို အမရာဒေဝီ စဉ်းစားသလို စဉ်းစားမိရင် ဘယ်တော့မှ ဒီအခွင့်အရေးနှစ်မျိုးကို ရနိုင်မှာ မဟုတ်ပါဘူး။ ဒီအခွင့်အရေးနှစ်မျိုး မရနိုင်ရင် ဘယ်မိန်းမမှ ဖောက်ပြန်မှာ မဟုတ်ပါဘူး စန္ဒာ။ အမရာစဉ်းစားသလို မစဉ်းစားဘဲ ပေါ့ပေါ့တန်တန် စဉ်းစားရင်သာ အခါ အခွင့်နဲ့ ဆီတ်ကွယ်ရာကိုရတယ်လို့ ထင်နိုင်တာ။ အဲဒီအခါမှာသာ ဖောက်ပြန် သွားနိုင်တာပါ။ မိန်းမအားလုံးဟာ ဖောက်ပြန်နိုင်တာပဲလို့ ဘုရားဟောတယ် လို့ ရေရေရာရာမသိဘဲ စွပ်စွဲတဲ့စွဲချက်မျိုး။ အထင်အမြင်မျိုးဟာ သေသေ ချာချာ မသိကြလို့ ပြောတဲ့စကားတွေပါ စန္ဒာ။ အဲဒီတော့ ငါတို့ချုံပြီး သုံးသပ် ကြည့်ရင် ကိုယ့်ကျင့်တရားကို တန်ဖိုးထားတတ်တဲ့ မိန်းမတစ်ယောက်ဟာ ဘယ်တော့မှ မဖောက်ပြန်တတ်ပါဘူး။ သူ့တန်ဖိုးကို သူဘယ်တော့မှ အကျ ဆင်းမခံတတ်ဘူး။ ငါ နင့်ကိုလည်း အဲဒီလို ကိုယ်ကျင့်တရား စောင့်စည်း တတ်တဲ့ တန်ဖိုးထားတတ်တဲ့ မိန်းမမြတ်ကလေးအဖြစ်ပဲ ထာဝရမြင်နေချင် တယ်။ ဒီတော့ နင် ဆရာ့အပေါ်မှာ သစ္စာမဲ့ဖို့ မကြံစည်နဲ့ စန္ဒာ။ နလုံးသားမှာ ဒဏ်ရာရလို့ ပွန်းပဲသွားတဲ့သူလို့ ပတ်ဝန်းကျင်က ဘယ်သူမှ နာခေါင်းမရှုံ့ကြ ပေမဲ့ အကျင့်သိက္ခာတရား ပွန်းပဲ့သွားသူကိုတော့ ပတ်ဝန်းကျင်က ရှုံ့ချရှောင် ကြဉ်တတ်ကြတာပဲလေ"

"ငါ နင့်ကို ကတိပေးပါတယ် ရဲ…"

■

ရဲအောင်က သူ့ကို ဆုံးမပြောဆိုခဲ့သော စကားများကို မြစန္ဒာက ပြောပြ လိုက်သည်။

"ရဲက စာသိပ်ဖတ်တယ်နော်၊ ပြီးတော့ အံ့ဩစရာကောင်းလောက် အောင် သဘောထားကြီးတာပဲ။ ရဲ နင့်အပေါ်မှာ ဘယ်လောက်သံယောဇဉ် ရှိတယ်ဆိုတာ ငါတို့ သိနေတာပဲလေ"

ခင်ထားညိုက ပြောလိုက်သည်။

"အေးလေ ... ဘာဖြစ်ဖြစ် ငါ ရဲကို ကတိပေးလိုက်တယ်။ ရဲ ဖြစ်စေချင်သလို သစ္စာရှိသူ ကိုယ်ကျင့်တရားရှိတဲ့သူအဖြစ် ငါ ရပ်တည်မယ်လို့ ဆုံးဖြတ်တယ်။ ဒါကြောင့် ငါ ဆရာ့နောက်ကိုလိုက်ဖို့ ဆုံးဖြတ်တာ ရဲကြောင့်ပါလို့ ပြောတာပေါ့"

စကားအဆုံးမှာ ရဲကို သတိတရရှိနေသည်မှာ အမှန်ပင်။ ရဲနှင့်မတွေ့ရသည်မှာ ကြာပြီဟု တွေးမိ၏။ ဖြူစင်သန့်ရှင်းသော ရဲ၏ စိတ်နှလုံးသားကို ထာဝရလေးစားတွယ်တာနေမိပြန်သည်လေ။

သက်ပြင်းရှည်ကို ချမိသော်လည်း ရင်ထဲမှာမပေါ့ပါး။

# ၆

"ဘယ်တော့လဲ ကိုကို"

ဟု မြစန္ဒာက မေးလိုက်သည်။

"သောကြာနေ့သွားရမှာ မြစန္ဒာ၊ ဒီနေ့ ဗုဒ္ဓဟူးနေ့ဆိုတော့ သန်ဘက်ခါပေါ့" ဟု ကိုနေမျိုးက ဖြေသည်။ နားထောင်ရင်း အကြည့်ကိုဝေ့လျက် ပတ်ဝန်းကျင်ကို အကဲခတ်ရသေးသည်။ ကိုကို့ ရုံးကိုလာရတိုင်း ရင်ထဲမှာ တထိတ်ထိတ်နှင့် နေရသည်။ ကိုကိုတို့ ရုံးချုပ်မှာက အင်ဂျင်နီယာလည်း သူ့အခန်းနှင့်သူ မနေရ။ ဟောခန်းကြီးလိုနေရာမှာ အားလုံးရောပြီး နေရ၏။ ကိုကို့စားပွဲရှေ့မှာ ကုလားထိုင်တစ်လုံးရှိနေလို့ တော်ပေးသေးသည်။ ကိုကို့စားပွဲရှေ့မှာ ထိုင်ရင်း ကိုကို အလုပ်လုပ်တာကို ကြည့်ရင်း စကားပြောဖြစ်ကြ၏။ ကိုကို အလုပ်ပါးသွားမှ ကန်တင်းကို သွားထိုင်ကြရမည်။ ဒီနေ့ရောက်ရောက်ချင်း မြောင်းမြသွားရမယ်ဟု ကိုကိုက မြစန္ဒာကို ပြောသည်။

"ဖိုင်တွဲတာကိုဗျာ ပြီးပြီးရော အဲဒီလိုမတွဲပါနဲ့၊ ဖိုင်ထဲကို စာရွက်ရောက်ရင်ပြီးရော သဘောမထားပါနဲ့။ စာရွက်တွေ တစ်ရွက်နဲ့တစ်ရွက် ညီညီညာညာဖြစ်အောင်လည်း ဂရုစိုက်ပြီးလုပ်မှပေါ့ဗျာ။ အပေါ်ရောက်တာရောက်၊ အောက်ရောက်တာရောက်နဲ့ ဘယ်ကြည့်ကောင်းပါ့မလဲ"

လာပို့သော ဖိုင်တွဲတစ်ခုကို လှန်ကြည့်ပြီး ကိုကိုက စာရေးမတစ်ယောက်ကို ပြောသည်။ စာရေးမက ဖိုင်တွဲကို ပြန်ယူသွားသည်။ တော်တော်ဇိဇာကြောင်တာပဲဟု ပြောချင်သည့် မျက်နှာဖြင့် မကျေမနပ်ပုံဖြစ်သွား၏။

"လူတွေက ပစ်စလက်ခတ် လုပ်ချင်ကြတယ်။ ဖယားဆွဲရင်တောင် မျဉ်းကို ဖြောင့်ဖြောင့်မဆွဲချင်ကြဘူး။ ခဲတံအနီအပြာကို နေရာမှန်အောင် မသုံးချင်ကြဘူး။ သေသေသပ်သပ် လုပ်တာကိုင်တာကို အကျင့်တစ်ခုလို ဖြစ်အောင် မလုပ်ကြဘူး။ အလွယ်သိပ်ကြိုက်တာ"

ထုံးစံအတိုင်း ကိုကိုညည်းညူသည်ကို ပြုံးပြီး နားထောင်နေလိုက်ရ၏။ ကိုကိုကတော့ အင်မတန်မှ စနစ်ဖယားရှိတဲ့လူ။ ကြည့်ပါလား ... ကိုကို ကုလားထိုင်ဘေးနားမှာ ကတ္တီပါဖိနပ်တစ်ရံကို ချွတ်ထားသည်ကို တွေ့ရ၏။ ဒီဖိနပ်က ကိုကိုအိမ်က ရုံးအထိ စီးလာတဲ့ဖိနပ်။ ရုံးရောက်တော့ စီးဖို့ ဖိနပ်အဟောင်းတစ်ရံက စားပွဲအောက်မှာ ထားသည်။ ဟော ... အခု ကိုကို စီးထားတဲ့ ဖိနပ်လေ။ ရှူးဖိနပ်ဆိုရင်လည်း ဒီလိုပဲ .... ကိုကိုက ရုံးမှာပဲ ထားတတ်သည်။ လူကြီးတွေနဲ့ သွားရလာရ တွေ့ရမှ ရှူးဖိနပ်နှင့် ယူနီဖောင်းကို အပြည့်အစုံ ဝတ်တတ်သည်။ သည်တော့ ကိုကို့အတွက် ရှူးဖိနပ်တစ်ရံဆိုလျှင် အကြာကြီးစီးရသည် ပြော၏။

"လာ ... သွားရအောင် မြစန္ဒာ၊ မြစန္ဒာ လာမယ်ဆိုလို့ စောစောက ကိုကို လက်ဖက်ရည်သောက်ချင်တာတောင် မသောက်ဘဲ စောင့်နေတာလေ"

"ဘာလဲ ကိုကိုက နှစ်ခါသောက်ရင် နှစ်ခါ ပိုက်ဆံကုန်မှာစိုးလို့လား"

"မဟုတ်ပါဘူး ... ကိုကိုက ငွေကုန်တာထက် မလိုအပ်ဘဲနဲ့ ကန်တင်းကို နှစ်ခါမသွားချင်တာက အဓိကပါ။ ကိုကို သောက်ချင်လို့ တစ်ခါသွား၊ မြစန္ဒာ လာတော့ တစ်ခါသွားနဲ့ ခဏခဏဆိုရင် ဘယ်ကောင်းပါ့မလဲ ... မဟုတ်ဘူး လား"

မြစန္ဒာက ဘာမှပြန်မပြောတော့ဘဲ ကိုကိုနောက်မှ လိုက်လာခဲ့တော့သည်။

■

"အလုပ်ကိစ္စနဲ့ပဲလား ကိုကို ..."

ကော်ဖီနှစ်ခွက်မှာ အပြီးမှာ မြစန္ဒာက မေးလိုက်သည်။

"ဟုတ်တယ် မြစန္ဒာ ....၊ မြောင်းမြ ဂုန်နီစက်ရုံကို သွားရမှာလေ။ အဲဒီစက်ရုံက စပယ်ယာပတ်စ်တွေ သွားကြည့်ပြီး စာရင်းကောက်ဖို့နဲ့ ပုံကြမ်းဆွဲဖို့ပဲ"

"ကြာမှာလား ကိုကို"

လာချပေးသည့် ကော်ဖီခွက်ကို လှမ်းယူလိုက်ပြီး တစ်ခွက်ကို မြစန္ဒာရှေ့မှာ ချထားပေးလိုက်၏။

"နှစ်ပတ်လောက်တော့ ခန့်မှန်းတယ်၊ အတိအကျပြောလို့တော့ မရဘူးလေ၊ ပြီးရင်တော့ ပြန်လာရုံပဲ။ မပြီးသေးရင်လည်း နောက်ထပ်ဆက်နေပြီး ပြီးအောင် လုပ်ရမှာပဲ။ အမှန်ဆို ပုံဆွဲတစ်ယောက် ကိုကိုနဲ့ ထည့်လိုက်ရမှာ။ ဘယ်သူမှ မအားလို့ ကိုကို တစ်ယောက်တည်း သွားရမှာ၊ ကြာမယ် ထင်တယ်"

မြစန္ဒာက ကိုကို့ကိုကြည့်ရင်း နားထောင်နေလိုက်သည်။

ကိုကို့လို သေသေသပ်သပ် လုပ်တတ်ကိုင်တတ်သူ တစ်ယောက်အဖို့ ပြီးစလွယ်နှင့် မြန်မြန်ကိစ္စပြီးအောင် လုပ်လာမည်မဟုတ်ဟု မြစန္ဒာ တွေးသည်။ ကြာချင် ကြာပါစေ သေသပ်တိကျအောင် လုပ်နေမှာပဲဟု စဉ်းစားပြီး ကိုကို ခန့်မှန်းတာထက် ပိုကြာမှာပဲ သူတွက်၏။

"ကိုကို ပြန်လာရင်တော့ ကိုကိုတို့ လက်ထပ်ဖို့ကိစ္စကို ဆွေးနွေးကြရအောင် မြစန္ဒာရယ်။ ကိုကိုစဉ်းစားပြီး အစီအစဉ်ချထားတာတွေ အများကြီးရှိတယ်၊ ပြန်လာမှ မြစန္ဒာကို အသေးစိတ်ရှင်းပြမယ် သိလား၊ မြစန္ဒာ မှတ်မိသေးလား။ ဟိုတစ်ခါက ကိုကိုမိတ်ဆက်ပေးတဲ့ လှမြင့်ထွန်းကိုလေ"

"မန္တလေးက ကိုလှမြင့်ထွန်းလား ကိုကို"

"ဟုတ်တယ်လေ၊ မန္တလေးက ရေနံ့ဖြန့်ဖြူးရေးက လှမြင့်ထွန်းလေ၊ သူ့ကို ကိုကိုပြောထားတယ်။ ကိုကိုတို့ လက်ထပ်ပြီးရင် ဟန်နီးမွန်း လာခဲ့မယ်လို့၊ သူက မေမြို့ရော၊ ရှမ်းပြည်ရော သူ လိုက်ပို့မယ်ပြောတယ်ကွ"

မြစန္ဒာက ပြုံးပြီးနားထောင်ရင်း သူမသိအောင် ကိုကိုက အစီအစဉ်တွေ အများကြီးဆွဲထားမှာ သေချာတယ်ဟု တွေးမိ၏။ ဘာမဟုတ်တဲ့ကိစ္စ

အသေးအဖွဲ့လေးကိုတောင် အစီအစဉ်တွေ ရေးဆွဲပြီး လုပ်လေ့ရှိတဲ့ကိုကိုပဲ။ လက်ထပ်ဖို့ကိစ္စကိုတော့ အသေးစိတ် အစီအစဉ်တွေ ဘယ်လောက်များ ရေးဆွဲထားတယ် မသိဘူးဟု စဉ်းစားလိုက်မိသည်။

"မြစန္ဒာ အိမ်ကို ဘယ်လိုရင်ဆိုင်မယ်ဆိုတာသာ သတ္တိမွေးပြီး စဉ်းစားထားနော်။ ကိုကို့ ဘက်ကတော့ အားလုံး အသေးစိတ် စီစဉ်ထားမှာပဲ"ဟု ဆက်ပြောသည်။

"စိတ်အေးအေးထားပြီး သွားပါ ကိုကို၊ မြစန္ဒာဟာ ကိုကို့မြစန္ဒာပဲ ဖြစ်ရမှာပါ"

မြစန္ဒာစကားကြောင့် ကိုကို့မျက်နှာ ဝင်းပသွားသည်ကို တွေ့လိုက်ရသည်။

ဒေါက်တာတင့်ဆွေလို လူမျိုးကို သမီးက ဘာငြင်းစရာရှိလို့လဲဟု မာမီက ပြောသည်။ မာမီကို မျက်လွှာပင့်ပြီး ကြည့်မိသော်လည်း ဘာမှပြန်မပြောဖြစ်လိုက်။ ဒေါက်တာတင့်ဆွေကို တစ်ခါနှစ်ခါ မြင်ဖူးမိသော်လည်း မိမိနှင့် ရည်ရွယ်ထားသူ ဖြစ်မည်ဟု မထင်ခဲ့။ မိမိထက် အသက်ဆယ်နှစ်ကျော် ကြီးသော ဒေါက်တာတင့်ဆွေနှင့် မာမီ စီစဉ်လိမ့်မည်ဟု မမှန်းမိခဲ့။

"ဖြည်းဖြည်းမှ စီစဉ်ပါလား မာမီရယ်၊ သမီး အမှတ်ကောင်းရင် အာအိုင်တီ ဝင်ခွင့်ဖြေပြီး ကျောင်း ဆက်တက်ချင်သေးတယ်လေ"

အိုင်စီအောင်ပြီး အမှတ်ကောင်းလျှင် အာအိုင်တီမှ ဓာတုအင်ဂျင်နီယာသင်တန်းအတွက် ဝင်ခွင့်ဖြေပြီး ကျောင်းဆက်တက်နိုင်သေးသည်။ မလွယ်ကူမှန်းသိသော်လည်း ချက်ချင်းမစီစဉ် ပြီးရောသဘောနှင့် ပြောကြည့်လိုက်သည်။

"အစကတော့ မာမီတို့လည်း ဖြည်းဖြည်းမှ စီစဉ်မလို့ပဲ သမီးရယ်၊ ဒါပေမဲ့ ဒေါက်တာတင့်ဆွေက ရှေ့လထဲမှာ မလေးရှားကို အလုပ်သွားလုပ်ရတော့မှာ။ ဒေါက်တာတင့်ဆွေနဲ့ တစ်ခါတည်း လက်ထပ်ပေးပြီး သမီးကို ထည့်လိုက်ချင်တယ်လေ။ လောလောလတ်လတ် မစီစဉ်ရင် မဖြစ်တဲ့ကိစ္စမျိုးဖြစ်လာပြီပေါ့။ ဟိုမှာ သုံးနှစ်ကြာမှာဆိုတော့ ပြန်လာမှ လက်ထပ်ဖို့ ဆိုတာလည်း အချိန်က သိပ်ကြာသွားမယ်။ သူလည်း သမီးကို လက်ထပ်ပြီး တစ်ခါတည်းပဲ ခေါ်သွားချင်တယ်တဲ့။ ဟုတ်တော့ ဟုတ်တာပေါ့ကွယ်။ သူများနိုင်ငံ

မှာ အလုပ်သွားလုပ်ရမှာဆိုတော့ ဒီလောက်အကြောကြီး တစ်ယောက်တည်း ဆိုရင် ငြီးငွေ့မှာပေါ့။ လက်ထပ်ပြီး လင်ရယ် မယားရယ် တိုင်တိုင်ပင်ပင် နေချင်မှာပေါ့လေ။ သမီးအတွက်လည်း အင်မတန်ကောင်းတဲ့ အခွင့်အရေးတစ်ခုပါပဲ။ သူများတွေ နိုင်ငံခြားသွားချင်လွန်းလို့ အခွင့်အရေးရှာနေကြတာ"

မာမီကို ဘယ်လိုမှ ပြောရတော့မည်မဟုတ်မှန်း မြစန္ဒာ နားလည်လိုက်သည်။ အခွင့်အရေးတစ်ခုကို မာမီ ဘယ်တော့မှ လက်လွှတ်အဆုံးရှုံးမခံ။ မဖြစ်ဖြစ်တဲ့နည်းနဲ့ မာမီ အတင်းအကျပ် စီစဉ်ပေတော့မည်။

"ရှေ့အပတ်ထဲမှာပဲ စေ့စပ်ဖို့၊ လက်ထပ်ဖို့ ကိစ္စတွေကို မာမီတို့ လူကြီးတွေ အသေးစိတ် စီစဉ်လိုက်တော့မယ်။ မောင်တင့်ဆွေကတော့ နိုင်ငံခြားသွားဖို့အတွက် အလုပ်ရှုပ်နေရှာတယ်"

မာမီက စကားကို အဆုံးသတ်လိုက်သည်။ သူ့ဆီက အဆုံးအဖြတ် သဘောထားကို ဘာမှမမေး။ သူ့ကို အသိပေးရုံ သက်သက်ပါလားဟု နားလည်လိုက်သည်။

အဆုံးအဖြတ်တစ်ခုကို ချလိုက်မိ၏။

■

"ရုတ်တရက်ကြီးပါယ် ..."

မြစန္ဒာပြောသမျှကို နားထောင်အပြီးမှာ ခင်ထားညိုက ပြောလိုက်၏။

"ဟုတ်တယ် ... ရုတ်တရက်ကြီးမို့ ငါလည်း ဘာလုပ်ရမယ်မသိဘူး ဖြစ်သွားတယ်"

"ဆရာကလည်း မြောင်းမြ ရောက်နေတယ်နော်"

မြစန္ဒာက ခေါင်းညိတ်လိုက်၏။

"အစက ဆရာပြန်လာမှ တိုင်ပင်မလားလို့၊ ဒါပေမဲ့ အဲဒီအချိန်ဆိုရင် နှစ်ဖက်လူကြီးတွေ ပြောပြီးဆိုပြီး အစီအစဉ်တွေ ဆွဲပြီးနေလောက်ပြီ။ အစီအစဉ်တွေ ဆွဲပြီးမှဆိုရင် မာမီက မျက်နှာအပျက်တော့ ခံမှာမဟုတ်ဘူး။ မတွေ့တွေ့အောင်ရှာပြီး မဖြစ်ဖြစ်တဲ့နည်းနဲ့ ခွဲမှာသေချာတယ်"

"ဒါဆို ဆရာ့ကို ဖုန်းဆက်ခေါ်ပါလား"

"အေး ... ငါ ဖုန်းဆက်ဖို့ စဉ်းစားသေးတယ်။ ဒါပေမဲ့ ဖုန်းဆက်တာက ပေါက်ကြားသွားနိုင်တယ်။ ဖုန်းဆက်ပြီး မတွေ့မှာလည်း တွေးပူတယ်လေ။ ပြီးတော့ အော်ပရေတာနဲ့ တစ်ဆင့်ခံပြီး ခေါ်ပြောရမှာ။ ထားပါတော့ ငါ မဆက်ဘဲ ကြားထဲက နင်ပဲ ဆက်ပေးတယ်ပဲ ထား၊ ကိုကိုပြန်လာရမှာနဲ့ နောက်ပြီး ပြန်ရောက်ရောက်ချင်း ချက်ချင်းစီစဉ်နိုင်မှ ငါကလည်း အိမ်က ထွက်လို့ရပါမှ အားလုံး အဆင်ချောမှာ။ မာမီက အခုတလော ငါ့ကို အပြင်အမြဲခေါ်သွားတတ်တယ်။ အင်္ကျီလိုက်ချုပ်ပေးတာ၊ လုံချည်ဝယ်ပေးတာ၊ ပစ္စည်းဝယ်တာတွေနဲ့ ရှုပ်နေပြီလေ"

"ဒီတော့ နင်ဘာလုပ်မယ် စဉ်းစားလို့လဲ"

ခင်ထားညိုက မေးလိုက်သည်။

"အခြေအနေပေးတာနဲ့ ငါ တစ်ခါတည်း အိမ်ကထွက်ခဲ့မယ် စဉ်းစားတယ်။ မြောင်းမြကို လိုက်သွားချင်တယ်ဟယ်။ နင် ငါနဲ့ လိုက်ခဲ့ပါ။ ဟိုမှာ သိန်းဇော်တို့အိမ်ရှိတော့ နင်ပါလာရင် အားလုံးအဆင်ပြေမှာပဲ။ သိန်းဇော်တို့ အိမ်ကို နင်က ရောက်ဖူးတာပဲ။ ပြီးတော့ သိန်းဇော်နဲ့ နင်နဲ့က နှစ်အိမ်လုံး အဝင်အထွက်ရှိပြီး လက်ထပ်ဖို့စီစဉ်ကြတော့မှာဆိုတော့ နင် မြောင်းမြကို သွားတာကိုလည်း နင့်အိမ်က ကန့်ကွက်မှာ မဟုတ်ပါဘူး ထင်တယ်လေ"

"နေဦး ... ငါ စဉ်းစားနေတာ၊ ဟိုနေ့ကပဲ ကိုဇော်ဆီက စာလာသေးတယ်။ ဟုတ်ပြီ၊ တိုင်ပင်စရာရှိလို့ ခဏလိုက်ခဲ့ပါ။ သူ မအားလို့လို့ စာထဲမှာ ပါတယ်လို့ အိမ်ကို ဖြီးလိုက်မယ်။ ဒါဆို အိမ်ကတော့ လွှတ်မှာပဲ။ လက်ထပ်ဖို့ ကိစ္စကို ဆွေးနွေးချင်လို့ ခေါ်တာလား။ ကားဝယ်ဖို့ တိုင်ပင်ဖို့ခေါ်တာလားလို့ ထင်မှာ သေချာတယ်။ လက်ထပ်ပြီးရင် အဝေးပြေးကား မောင်းမယ်လို့ ကိုဇော်က ငါ့အိမ်ကို ပြောထားဖူးတယ်"

"ငါ ပါမယ်ဆိုတာတော့ မသိစေနဲ့နော်။ တော်ကြာ သဲလွန်စရသွားမှာ စိုးလို့"

"စိတ်ချစမ်းပါ သူငယ်ချင်းရယ်"

ခင်ထားညိုက မြစန္ဒာ ပခုံးကိုဖက်ပြီး ပြောလိုက်၏။

"လိုက်မရှာအောင်လို့ သမီးတို့ ကြိုတင်လက်မှတ်ထိုး လက်ထပ်ထားပြီး ပါပြီလို့ စာရေးခဲ့မယ် စိတ်ကူးတယ်"

"ကောင်းတယ်" ဟု ခင်ထားညိုက ပြောသည်။

စိတ်ကူးနှင့်ပင် အတော်ရင်မောစရာ ကောင်းနေပြီဟု မြစန္ဒာ နားလည်လိုက်၏။

ရဲကို သတိရလာသည်။

ရဲနှင့်တွေ့လျှင် တိုင်ပင်ကြည့်ချင်သည်။ ရဲဆီက အကြံကောင်း၊ ဉာဏ်ကောင်းတွေ ထွက်လာမှာပဲဟု သူယုံသည်။

ဒါပေမဲ့ ဒီရက်တွေမှာ ရဲကို သူမတွေ့။

ရဲတို့ အိမ်ကိုသွားမည်ဟု စိတ်ကူးကြည့်သေးသည်။ မာမီသိပြီး မသင်္ကာစရာတွေ ဖြစ်နေရင် အခက်ဟုတွေးလျက် ရဲတို့ အိမ်သွားဖို့ စိတ်ကူးကို ဖျက်လိုက်ရသည်။



မနက်ဖြန်ညနေ သုံးနာရီခွဲမှာ မိတ်ဆွေတစ်ယောက်အိမ်ကို မာမီသွားပြီး ညစာစားပွဲတစ်ခုကို ဆက်သွားမည်ဟု သိတော့ ရင်ထဲမှာ ဝမ်းသာပီတိဖြစ်သည်။ ညစာ စားပွဲကအပြန်မှာ အစဉ်သဖြင့် မိုးချုပ်နောက်ကျလေ့ရှိသည်ကို သိထား၏။ မိမိအတွက် အခွင့်အရေးတစ်ရပ်ဟု သဘောပေါက်နားလည်သည်။ စွန့်စားမှုတစ်ခုပါလားဟု တွေးရင်း ရင်ခုန်ထိတ်လန့်၏။ ခင်ထားညိုအိမ်ကိုသွားပြီး နောက်နေ့အစီအစဉ်ကို ခင်ထားညိုနှင့် ညှိသည်။

"သဘော်ာလက်မှတ် ငါ ကြိုဝယ်ထားလိုက်မယ်၊ နင့်မှတ်ပုံတင်ထားခဲ့။ သဘော်ာက ညနေလေးနာရီခွဲမှာထွက်မှာ။ သဘော်ာဆိပ်ကို နင့်ဘာသာလာခဲ့။ အဲဒီက ငါစောင့်နေမယ်။ ငါ့ကို လိုက်ပို့တဲ့လူ ရှိရင်လည်း နင် လာနှုတ်မဆက်နဲ့။ သဘော်ာပေါ်ကိုရောက်မှ ငါတို့ ဆုံကြမယ်၊ အခြေအနေအရပေါ့ဟာ"

"ငါ ဘယ်လိုလာခဲ့ရမလဲ ခင်ထား"

သဘော်ာဆိပ်ကို သူ မလာတတ်။

"တက္ကစီတစ်စီး ငှားလိုက်ဟာ၊ ဗန္ဓုလသဘော်ာ ထွက်မယ့်ဂိတ်ကို လိုက်ပို့ပါလို့ပြောရင် သူတို့ သိပါတယ်။ ငါ စောရောက်နေမှာပဲ၊ ငါ့ကို လိုက်ပို့တဲ့လူတွေကိုလည်း ချက်ချင်းပြန်လွှတ်လိုက်မယ်"

" အေးပါ ... ငါ သဘောပေါက်ပါတယ်၊ နင်တစ်ယောက်တည်းဆို ငါ နင့်ဆီလာမယ်။ နင့်အနားမှာ အိမ်ကလူတွေရှိရင် သူတို့ မတွေ့အောင် ငါရှောင်နေလိုက်မယ်။ သဘော်ာပေါ်ရောက်မှတွေ့မယ် ဟုတ်လား"

မှတ်ပုံတင်ကတ်ပြားကို ပိုက်ဆံအိတ်အတွင်းမှ ထုတ်ပေးရင်း ပြောလိုက်သည်။

"တော်သေးတယ်၊ ပိုက်ဆံအိတ်ထဲမှာ ကျောင်းသားမှတ်ပုံတင်နဲ့ မှတ်ပုံတင်ကတ်ပြား အမြဲတမ်း ဆောင်ထားတတ်လို့ပဲ"ဟု ဆက်ပြောလိုက်၏။

"နင် လေးနာရီခွဲတော့ ရောက်အောင်လာနော်"

"အေးပါ၊ မာမီ ထွက်သွားသွားချင်း ငါ ထွက်ခဲ့မယ်။ အိမ်ကိုတော့ သီရိတို့အိမ် သွားမယ်လို့ ပြောခဲ့မယ်။ သီရိ သိရင်တော့ ဆဲမလားမသိဘူးနော်။ ဒီကိစ္စကို သူ ဘာမှသိမှာမဟုတ်ဘူး"

"သူနဲ့ ငါလည်း မတွေ့ဖြစ်ဘူးဟယ်။ ကျောင်းပိတ်ပြီးမှ တစ်ခါလား တွေ့တယ်"

ခင်ထားညိုက မှတ်ပုံတင်ကတ်ပြားကိုယူပြီး စားပွဲပေါ်မှ စာအုပ်ကြားမှာ ညှပ်ရင်း ပြောလိုက်၏။

"ရဲနဲ့ကော တွေ့သေးလား"

"ဟင့်အင်း"

ရဲနှင့် တွေ့ချင်လှသည်။ ရဲကို အားလုံးဖွင့်ပြီး တိုင်ပင်ကြည့်ချင်သည်။

ရဲနှင့် မတွေ့ရသည်မှာ ကြာပြီဟု ခဏခဏတွေးမိသည်။ ရဲတို့အိမ်ကိုလည်း သူ မရောက်ဖြစ်။

"ငါပြန်မယ် ခင်ထားရယ်၊ ကြာကြာနေလို့ မဖြစ်ဘူး။ မနက်ဖြန်အတွက် ပိပိရိရိနေမှ ဖြစ်မှာ။ ရိပ်မိသွားရင် ဒုက္ခရောက်နေဦးမယ်"

ပြောပြီး မြစန္ဒာက ပြန်ရန်ထလိုက်သည်။

ခင်ထားညိုက အိမ်အဝအထိ မြစန္ဒာကိုလိုက်ပို့၏။

■

ထိုညက အိပ်မပျော်။

တွေးရင်းတွေးရင်းဖြင့် မနက်ဖြန်ရောက်မှာကို ကြောက်သလို ဖြစ်လာ၏။ ပူပန်တွေးတို့ဖြင့် ယောက်ယက်ခတ်သည်။ စိုးရိမ်စိတ်တို့ဖြင့် ရင်ထဲ

မှာ တလှုပ်လှုပ်ခုန်သည်။ မာမို့မျက်နှာ အတွေးမှာပေါ်လာတိုင်း ကျဉ်စက်ဖြင့် တို့လိုက်သကဲ့သို့ တုံ့ခနဲဖြစ်သွားရစမြဲ။ လွယ်အိတ်ထဲကို ထည့်ယူမည့် အင်္ကျီ သုံးလေးထည်ကို ဗီရိုထဲမှ ရွေးထုတ်၏။ ပြီးမှ မာမီရိပ်မိသွားလေမလားအတွေး ဖြင့် ဗီရိုထဲမှာ ပြန်ထား၊ သွားခါနီးမှ ထည့်တော့မည် စိတ်ကူး၏။

ခုတင်ပေါ်တက်လိုက် စာကြည့်စားပွဲမှာ ထိုင်လိုက်နှင့် ဂနာမငြိမ်ချင်။ အိမ်မှာထားခဲ့ဖို့ စာရေးမည် စဉ်းစားပြီး သွားခါနီးမှရေးတာ ကောင်းမည် တွေးပြီး မရေးဖြစ်ပြန်။

ပြတင်းဝမှာရပ်လျက် အပြင်ဘက်ကိုငေးမိဆဲ ရင်ထဲမှာ တင်းကျပ် လှောင်ပိတ်စွာ ဝေဒနာတစ်ခုကို ခံစားနေရပါလားဟု သိသည်။

မဆီမဆိုင် ဘာလို့သတိရနေမိတာတဲ့လဲ ရဲရယ်။

■

လမ်းထိပ်မှ အတော်လှမ်းလှမ်းရောက်အောင် လျှောက်သွားလိုက်မိ သည်။ လမ်းထိပ်မှာရပ်ပြီး တက္ကစီငှားလျှင် တစ်ယောက်ယောက် တွေ့သွား လေမလား တွေးပူ၏။ လာသမျှကားကို သူ လက်ပြတားနေမိသည်။ နံပါတ် အနီအနက်ကို သေချာအောင် ဂရုမစိုက်နိုင်တော့။ လူတင်လာသော တက္ကစီ များ၊ လက်ခါပြသော ကားများနှင့်သာ တိုးနေပြီး စိတ်ပူလာသည်။ လက်မှ နာရီကို ကြည့်လိုက်တော့ လေးနာရီထိုးတော့မည်။ လေးနာရီခွဲမှာ သင်္ဘော ထွက်မည်ကို အသိဖြင့် ရင်အခုန် မြန်ချင်သည်။ မီမှမီပါ့မလား အတွေးဖြင့် သောကရောက်စ ပြုပြီ။

တက္ကစီကားတစ်စီး ထိုးရပ်လာ၏။

"ဗန္ဓုလသင်္ဘောဆိုက်တဲ့ ဆိပ်ကမ်းအပေါက်ကို သွားချင်လို့ပါ"ဟု သူ ပြော၏။

ဆယ့်ငါးကျပ်ဟု ကားဆရာကပြောသည်။

ဘာမှပြန်မပြောဘဲ တက္ကစီပေါ် တက်ထိုင်လိုက်၏။ မြန်မြန်မောင်းပေး ပါ။ လေးနာရီမခွဲခင် ရောက်ချင်လို့ပါဟု သူ ပြောလိုက်မိသည်။

ကားဒရိုင်ဘာက ဖျတ်ခနဲလှည့်အကြည့်မှာ မလုံမလဲနှင့် ရင်ထဲက ထိတ်သည်။ မဆီမဆိုင် အိမ်က အသိလားဟု တွေးပြီး ပူလိုက်မိသေး၏။ မျက်စိကိုစုံမှိတ်ပြီး စိတ်ငြိမ်အောင် ကြိုးစားကြည့်သည်။

ခုန်ဆဲရင်သည် မငြိမ်သေး။

■

ကားဆရာကို ပိုက်ဆံထုတ်ပေးပြီး ဆိပ်ကမ်းဆီသို့ အပြေးလာခဲ့မိသည်။ လက်မှနာရီကို ရုတ်တရက်ကြည့်တော့ လေးနာရီခွဲရန် ငါးမိနစ်သာ လိုတော့မှန်း သိလိုက်၏။

မျက်လုံးကိုဝေ့ပြီး ခင်ထားညိုကို ရှာသည်။ ဟောဟိုမှာ ရပ်လျက်နေသည့် ခင်ထားညိုကို တစ်ယောက်တည်းမြင်သည်။ လက်ထဲမှာ လက်ဆွဲအိတ်တစ်လုံး မြင်သည်။ သူမှာ လုံချည်မပါလာတာကို သတိရလိုက်သည်။ ခင်ထားညို လုံချည်ပဲ တောင်းရမှာပဲဟု တွေးလိုက်မိသည်။ ခင်ထားညိုက သူ့ကိုတွေ့သွားပြီး သူ အနားရောက်လာတော့ သင်္ဘောပေါ်တက်သည့် လူတွေနောက်က လျှောက်လိုက်သွား၏။ သူလည်း ခင်ထားညိုနောက်မှ သင်္ဘောပေါ် တက်လိုက်သည်။

"နောက်ကျလိုက်တာဟာယ် ... ငါဖြင့် စိတ်ပူလိုက်ရတာ"

သင်္ဘောအပေါ်ကိုအတက် လှေကားမှာ လူချင်းယှဉ်မိတော့ ခင်ထားညိုက ပြောသည်။

"ရင်တွေ ခုန်နေတုန်းပဲ"

သူ့အသံတွေပါ တုန်နေတုန်းဟု မြစ်နှာထင်သည်။

"စိတ်ငြိမ်ငြိမ်ထားပါ"

သင်္ဘောဦးခန်းမှ အခန်းထဲအရောက် ခုတင်ပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်မိသည်။

လေပူကို မှုတ်ထုတ်လိုက်ဆဲ ညသင်္ဘော ဆိပ်ကမ်းမှခွာသည်ကို သတိထားလိုက်မိ၏။

မြစ်ပြင်ကို ဖြတ်တိုက်လာသော လေအေးတစ်ချက် အခန်းထဲကို ဝင်လာသည်။

"ငါ့အတွက် ခရီးသစ်တစ်ခုပဲ"

ခုတင်ပေါ်မှာ တင်ပါးလွှဲထိုင်လျက် လက်နှစ်ဖက်ကို မွေ့ရာပေါ် ထောက်ရင်း ပြောလိုက်၏။

"ဘဝလမ်းကြောင်းအသစ်ကို စတာပဲနော်"

ခင်ထားညို၏ မျက်နှာကို မော်ကြည့်လိုက်ပြီး ...

"ဟုတ်တယ်"

ဟု သူ ပြောလိုက်မိသည်။



အိမ်ပြန်ရောက်တော့ ည ရှစ်နာရီကျော်ပြီ။

အိမ်ထဲဝင်လိုက်ကတည်းက တစ်အိမ်လုံး မျက်စိမျက်နာပျက်နေမှန်း သိလိုက်သည်။ အိမ်ဖော်ကောင်မလေးတွေလည်း ခပ်ဝေးဝေးမှာ ရှိရှိကျိုးကျိုး နှင့် အနေရခက်နေဟန်ရှိ၏။

အပေါ်ထပ်ကိုအတက် လှေကားမှာ ယှဉ်ပြီးလိုက်လာသော အပျိုကြီး ဖြစ်သူ ညီမက မမဟုခေါ်သည်။ သူ့မျက်နာကိုလှည့်အကြည့် စကားရပ်သွား ၏။

"ဟဲ့ … ပြောလေဟယ်"ဆိုတော့ ပါးစပ်ပြင်ပြီး စကားက ချက်ချင်း ထွက်မလာ။

နင်တို့ ဘာဖြစ်နေကြတာလဲဆိုတော့မှ အသိဝင်လာသလို သူ့မျက်နာ ကို မော်ကြည့်၏။ အပေါ်ထပ် လှေကားထိပ်အရောက်မှာ မြစန္ဒာအခန်းကို လှမ်းအကြည့် မီးမှိတ်ထားသည်ကို တွေ့လိုက်ရ၏။ ညီမလုပ်သူက သူ့မျက်နာ ကိုကြည့်ရင်း မြစန္ဒာ ပြန်မရောက်သေးဘူး မမဟု အထစ်ထစ်အငေါ့ငေါ့ ပြော လိုက်၏။

"ဘာ … သမီး ပြန်မရောက်သေးဘူး ဟုတ်လား"

"ဟုတ် … ဟုတ်တယ် မမ …"

ငယ်ထိပ်ကို မြွေပေါက်သလို ဖြစ်သွား၏။ လိပ်ပြာလွင့်စဉ် ထွက်သွား သည့်နှယ် ခံစားလိုက်ရသည်။

"ဘယ်ကိုသွားမယ် ပြောသွားလဲ၊ ဘယ်အချိန်က ထွက်သွားတာလဲ"

စိတ်ကို ပြန်ထိန်းပြီး မေးလိုက်၏။

"သူ့ ... သူငယ်ချင်း သိဂီတို့အိမ် သွားမယ် ပြောသွားတယ် မမ။ မမ ထွက်သွားပြီး မကြာဘူး သူ ထွက်သွားတာပဲ။ လေးနာရီလောက်ကပဲ"

"ညည်းကို ပြောသွားတာလား"

"ဟုတ်တယ် မမ ...၊ ခါတိုင်းလိုပဲ လွယ်အိတ်ကလေး လွယ်သွားတယ်"

အပေါ်ထပ် ဧည့်ခန်းစားပွဲပေါ်သို့ လက်ဆွဲအိတ် ပစ်တင်လိုက်ရင်း အိပ်ခန်းဆီသွားမည့် ခြေလှမ်းကိုတုံ့လျက် ရပ်ပြီးစဉ်းစားနေမိပြန်သည်။

"သိဂီအိမ်ကိုလိုက်ပြီး မေးသေးသလား"

"မမေးရသေးဘူး မမ၊ ဖုန်းမရှိတော့ ဖုန်းဆက်လို့တော့ မရဘူး"

မြစန္ဒာ အခန်းဆီသို့ ချက်ချင်းသွားလိုက်၏။ ညီမလုပ်သူက နောက်မှ လိုက်ဝင်လာသည်။ အခန်းတံခါးကို တွန်းဖွင့်ပြီး မီးခလုတ်ကို နှိပ်လိုက်သည်။ အခန်းမီးလင်းလာတော့ စာကြည့်စားပွဲဆီ အရောက်သွားသည်။

"မမ ဒီမှာ"

အိပ်ရာပေါ်မှာ စာကိုကောက်ယူပြီး ညီမလုပ်သူက ပေးသည်။ စာကို ကပျာကသီယူပြီး ဖြန့်လိုက်သည်။

*ဒယ်ဒီနှင့် မာမီ*

*သမီးကို ခွင့်လွှတ်ပါ။*

*သမီးချစ်သူနဲ့ သမီး တရားရုံးမှာ လက်ထပ်ထားတာ ကြာပါပြီ။*

*အခု သမီးချစ်သူနောက်ကို သမီးလိုက်သွားပါပြီ။*

*ဒက်ဒီနှင့် မာမီတို့ကို သမီး ကန်တော့ခဲ့ပါတယ်။*

*သမီး - မြစန္ဒာ*

"ခွေးမ ... ခွေးမ ... ခွေးလိုလုပ်သွားတယ်"

စာဖတ်ပြီးတော့ ပါးစပ်က အသံထွက်သွားသည်။

"ဒီမှာ ... ဒီမှာ ... တော့်သမီးလုပ်သွားပုံကို ကြည့်ပါဦး"

အပေါ်ထပ်ရောက်လာသည့် လင်တော်မောင်ကို လှမ်းအော်ခေါ်သည်။ ဒေါ်သတရားဖြင့် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်၏။

■

"အတန်တန် ဆုံးမထားတဲ့ကြားက လုပ်သွားရက်တယ်။ မိဘမျက်နှာကို အိုးမည်းသုတ်တဲ့ သမီး။ ဒင်းကတောင် သံယောဇဉ်ပြတ်သေးတာ ဘယ်မှ လိုက်ရှာမနေနဲ့။ မနက်ဖြန် သတင်းစာက အမွေပြတ် ကြော်ငြာထည့်မယ်။ ချက်ချင်း ပါအောင်ထည့်၊ ဒီတစ်သက် သေခန်းပြတ်ပဲ"

"နေပါဦး၊ သူ့မှာ ချစ်သူရှိနေတယ်ဆိုတာ မင်းတို့က မသိဘူးလား"

"သိလို့ အတန်တန်ဆုံးမတယ်။ အတန်တန်တားတယ်၊ နေတာထိုင်တာက ပိရိလွန်းတော့ ပြတ်သွားပြီထင်တာ။ အဆက်အသွယ်မရှိတာ ကြာပြီ အောက်မေ့ထားတာ။ အကူးအသန်းမရှိ ဘာမရှိဆိုတော့ ဒီလိုဖြစ်သွားမယ် မထင်ခဲ့မိဘူး"

"ဘယ်ကလဲ ... ဘယ်သူလဲ"

"အဖေကြီးကလည်း ဘယ်သူရှိဦးမှာလဲ။ ဟိုသူငယ် မောင်ရဲအောင်နဲ့ ပေါ့။ ဒီအိမ်နဲ့ အဆက်အသွယ် မလုပ်ပါနဲ့ အတန်တန် ပြောထားတဲ့ကြားက ဟင်း"

"မောင်ရဲအောင်တို့အိမ်ကို သွားမေးရမလား မမ"

"တော်စမ်း ... ဘာမှမေးစရာမလိုဘူး၊ အဲဒီအိမ်ကို ဘာမှ အဆက်အသွယ်လုပ်စရာ မလိုဘူး"

ဧည့်ခန်းတစ်ခုလုံး တိတ်သွားပြန်သည်။

■

"မနက်က မောင်ရဲအောင် ညီမလေး ဈေးလာတာတွေ့တယ်၊ ဒါနဲ့ မသိန်းမြကို သွားမေးကြည့်စမ်းဆိုတော့ မသိန်းမြ စကားသွားပြောတယ်

လေ။ စကားပြောရင်းနဲ့ မသိမသာ မေးခဲ့တယ်။ နင့် အစ်ကို မောင်ရဲအောင် မတွေ့ပါလားဆိုတော့ မနေ့ကပဲ ခရီးသွားတယ်လို့ ပြောတယ်တဲ့။ မမ ထင်ထားတာပဲ ဖြစ်နေတယ်"

"ငါ ပြောသားပဲအေ၊ ဒီအတိုင်းဖြစ်ရမယ်။ တော်တော့ နောက်ကို ဒီကောင်မအကြောင်း ငါ့ကို ဘာမှလာမပြောနဲ့။ သတင်းစာတိုက်ကို ကြော်ငြာထည့်ဖို့ ငါလွှတ်လိုက်ပြီ၊ အဲဒီတစ်သက် သေခန်းပြတ်ပဲ။ ငါ့စိတ်ကို သူသိသားနဲ့ လုပ်သွားတာ"

"သီဂီတို့အိမ် သွားမေးလိုက်ရမလား မမ"

"တော်စမ်း … ဘယ်နှခါပြောရမလဲ၊ ဒီကိစ္စ နောက်တစ်ခါ ဘာမှ မကြားချင်ဘူး"



## ၁၀

ခင်မောင်ကျော် လက်ဖက်ရည်ဆိုင်ကို ရောက်လာတော့ ငါးနာရီ ထိုးနေပြီ။ တက္ကစီပေါ်က ဆင်းလာပြီး ဆိုင်ထဲကို ဝင်လာသည်။

"ဟေ့ကောင် တွေ့မှတွေ့ပဲ့မလားလို့ ... လုပ် လုပ် ..."

"ဘယ်လိုဖြစ်လာတာလဲကွ"

"သွားမယ် ... ဒီညနေသွားဖြစ်တယ်၊ လက်မှတ်ရပြီ။ ငါ မင်းအိမ်လိုက်တော့မလို့။ တော်သေးတယ်၊ ဒီလက်ဖက်ရည်ဆိုင် အရင်ဝင်ကြည့်မိတာ"

ရဲအောင်က ခင်မောင်ကျော်ကို မယုံသလို ကြည့်နေမိသည်။

"ဟုတ်ရဲ့လားကွာ၊ မင်း နောက်နေတာလား"

"ဘာလို့ နောက်ရမှာလဲကွ။ တကယ်ပြောတာ၊ လုပ်ကွာ မြန်မြန်၊ ခြောက်နာရီ ရထားနဲ့ သွားရမှာ"

ခင်မောင်ကျော် အတည်ပြောနေမှန်း သိလိုက်၏။ ဆိုင်ရှေ့မှာ တက္ကစီက ရပ်စောင့်နေသည်။ ပိုက်ဆံရှင်းလိုက်၏။

"တော်သေးတာပေါ့ကွာ၊ ငါ တစ်ယောက်တည်း ထိုင်ရတာ ပျင်းလာလို့ မြို့ထဲထွက်မလား စဉ်းစားနေတာ"

"မင်း အိမ်ကိုပြောပြီးသားလား"

"ပြောတော့ ပြောထားတာပေါ့။ ဒါပေမဲ့ မင်း နောက်နှစ်ရက် သုံးရက်အကြာမှာ သွားမှာဆိုတော့ အဆင်သင့် ဘာမှမဖြစ်ဘူး"

"ရပါတယ်ကွာ"

တက္ကစီပေါ်တက်လိုက်ကြသည်။ တက္ကစီနှင့် အိမ်ကိုရောက်လာတော့ အိမ်မှာ မေမေ့ကိုတွေ့သည်။

ခင်မောင်ကျော်က စက်မှုတက္ကသိုလ်မှ ဗိသုကာဘာသာရပ်ယူသူ ဖြစ်ပြီး ပုဂံကို သွားစရာရှိသည်ဆိုတော့ သူ့ကိုလိုက်ခဲ့ဖို့ ခေါ်သည်။ ခင်မောင်ကျော်နှင့် လိုက်သွားရန် ဖေဖေနှင့် မေမေ့ကို သူ ခွင့်တောင်းထားသည်။ လိုက်သွားခွင့်ရသည်နှင့် ခင်မောင်ကျော်ကို သူမှတ်ပုံတင်ပေးထားခဲ့၏။ မနေ့ကပင် ခင်မောင်ကျော်နှင့် တွေ့ခဲ့သေးသည်။ နောက်နှစ်ရက် သုံးရက်လောက်ကြာမှ သွားဖြစ်မည်ထင်ကြောင်း ပြောခဲ့၏။ အခုတော့ ပြုန်းစားကြီး ရောက်လာသည်။

"ရထားက ဘယ်အချိန်လဲ"

"ခြောက်နာရီ မေမေ"

လက်ဆွဲအိတ်ထဲကို အဝတ်အစားများ ထိုးထည့်ရင်း ပြောလိုက်သည်။

"ဘာမှ စားမသွားဘူးလား၊ ထမင်းကျက်နေပြီ ..."

"ငါးနာရီခွဲကျော်နေပြီ၊ မီမှာမဟုတ်တော့ဘူး မေမေ ..."

"ရတယ် ဒေါ်လေး၊ ရထားပေါ်မှာ စားတာပေါ့"ဟု ခင်မောင်ကျော်က ပြော၏။ ရဲအောင်က မေမေ့ကို ကန်တော့သည်။ ပြီးတော့ အိမ်ပေါ်မှ ဒုန်းစိုင်းပြီး ဆင်းလာခဲ့၏။

■

သာစည်ဘူတာမှာ ဆင်းတော့ ညက အဖြစ်ကို ပြန်စဉ်းစားရင်း ရဲအောင်က ရယ်ချင်လာသည်။

ညက ကတိုက်ကရိုက်နှင့် ဘူတာဆင်းခဲ့ရသည်။ ခြောက်နာရီထိုးဖို့ ငါးမိနစ်အလိုမှ ဘူတာကို ရောက်၏။ ရထားမီရုံရှိသည်။

ရထားထွက်ပြီး အတော်ကြာတော့ ဗိုက်က ဆာလာသည်။

"ဆာတယ်ကွာ"ဟု ရဲအောင်ကပြော၏။

"ပဲခူးရောက်မှ စားတာပေါ့"ဟု ခင်မောင်ကျော်က ပြော၏။ မျက်စိမှိတ်၍ မှိန်းရင်းလိုက်လာရာ "ဟော့ကောင် ပဲခူးကျော်ပြီ၊ ရပ်လည်းမရပ်ဘူး" ဟု ခင်မောင်ကျော်ကို ပြောလိုက်၏။

"အေးကွ ... ငါက ရပ်မယ်ထင်လို့ ဒုက္ခပဲ"

"အခုမှတော့ တောင်ငူရောက်မှ စားရတော့မှာပဲ" ရဲအောင်က ညည်းပြော ပြောသည်။

"ဆာလိုက်တာကွာ ... အခုမှ ပိုပြီးဆာလာတယ်"

"တောင်ငူက ဆယ့်နှစ်နာရီကျော်ကျော် တစ်ချက်မှရောက်မှ။ ဒေါ်ဒေါ်မှာပါတယ် ယူစား"

ရှေ့ခုံမှ အဒေါ်ကြီးက ဝင်ပြောလိုက်သည်။

"နေပါစေ ဒေါ်ဒေါ် ရပါတယ်"ဟု ရဲအောင်က ပြောစဉ်မှာပင် အဒေါ်ကြီးက တောင်းထဲမှ ထမင်းချိုင့်ကို ဆွဲထုတ်၏။

"စားလိုက်ပါကွာ၊ ဆာနေမှာပေါ့၊ ဘာမှအားမနာနဲ့၊ အဒေါ်လည်းစားပြီးပြီ၊ ထမင်းတွေ အပိုချိုင့်နဲ့ထည့်လာတာ၊ စား စား ..."

ပြောပြီး ချိုင့်ကိုဖွင့်ပေး၏။

"အားနာစရာ ဒေါ်ဒေါ်ရယ်"

ဟု ပြောပြီး ခင်မောင်ကျော်က ထမင်းချိုင့်ကို လှမ်းယူလိုက်သည်။

ထိုအချိန်၌ ဗိုက်ထဲက တကြုတ်ကြုတ်မြည်နေပြီး တံတွေးကို အကြိမ်ကြိမ် မျိုချပြီး ဖြစ်နေ၏။

"မြန်မာလူမျိုးတွေဟာ စေတနာကို ကောင်းတယ်နော်။ တစ်နပ်တလေကတော့ ဘယ်တော့မှမငတ်ဘူး"ဟု ခင်မောင်ကျော်က ပြောလိုက်တော့ ရဲအောင်က ပြုံးပြီး ဟုတ်တယ် ... ဟုတ်တယ်ဟု ထောက်ခံမိသည်။

"စား ... စား၊ ငါးပိကြော်ရော ငါးကြော်တွေပါ အများကြီးပဲ"

ဟု အဒေါ်ကြီး က ထပ်ပြောလိုက်သည်။

အားနာလိုက်တာ ... အားနာလိုက်တာနဲ့ ထမင်းတချိုင့်နှင့် ဟင်းတွေကုန်သွားတော့ အထက်တန်းတွဲကိုကူးပြီး ထမင်းချိုင့်တွေကို ရေဆေးပေးရန် ရဲအောင်က ထွက်သွားသည်။

---

လဝန်းရိပ်စာပေ

ရေဆေးပြီး ထမင်းချိုင့်ကို ခင်မောင်ကျော်က လှမ်းယူပြီး အဝတ်နှင့် သုတ်ကာ နေရာတကျ ပြန်ထားလိုက်၏။

"မင်းပြောတာ သိပ်မှန်တာပဲ၊ မြန်မာတွေဟာ စေတနာကောင်းတာ ရှိုင်းပင်းကူညီတတ်တာ နေရာတကာမှာ တွေ့နေရတယ်။ ငါ အခုန ချိုင့်သွား ဆေးတော့ အပေါက်ဝမှာ ထိုင်နေကြတဲ့ ခုံမဲ့တွေထဲက အဘိုးကြီးတစ်ယောက် ရထားပေါ်အတက်မှာ ခလုတ်တိုက်လာတာ ခြေထောက်ပွဲ့ပြီး သွေးတွေမရပ်ဘူး။ အဲဒါကို ကောင်မလေးတစ်ယောက်က ပတ်တီးမရှိလို့ သူ့လက်ကိုင်ပဝါနဲ့ စည်းပေးနေတာ တွေ့တယ်။ သွေးမတော် သားမစပ် ခရီးသည်ချင်း ကူညီကြတယ်လေ"

ရဲအောင်က ခင်မောင်ကျော်ကို ပြောလိုက်သည်။

"ခရီးသည်ချင်း ဒီလိုပဲပေါ့ကွယ်၊ ကိုယ်တတ်နိုင်သမျှ ကူညီကြရတာပဲပေါ့"ဟု ရှေ့ခုံမှ အဒေါ်ကြီးက ပြောလိုက်၏။

"ဟေ့ကောင် ဘာတွေတွေးနေတာလဲ၊ မြင်းလှည်းတွေက ဟိုမှာ"

ခင်မောင်ကျော့် အသံကြားမှ သတိပြန်ဝင်လာ၏။

"ညကအဖြစ်တွေ တွေးနေလို့ကွ"ဟု ပြောတော့ ခင်မောင်ကျော်က ရယ်ပြီး ကံကောင်းလို့ ထမင်းတစ်နပ်ငတ်တော့မလို့ဟု ပြောသည်။ ကားဂိတ် သွားရန် မြင်းလှည်းတစ်စီးပေါ် တက်လိုက်၏။

နာရီကြည့်တော့ ခြောက်နာရီကျော်ပြီ။



၃၃

"မြောင်းမြ လှမ်းမြင်နေရပြီ"

ဟု ခင်ထားညိုက ပြောလိုက်သည်။ မြစန္ဒာက လက်မှနာရီကို ကြည့်လိုက်၏။ ခြောက်နာရီ ကျော်ပြီ။

"ရာသီဥတုမကောင်းရင် နောက်ကျတတ်တယ်၊ အခု အချိန်မှန်ပါပဲ"

မြောင်းမြကို လှမ်းမျှော်ကြည့်ရင်း ကိုကိုနှင့်တွေ့ပြီး အကျိုးအကြောင်း ပြောပြလိုက်လျှင် ကိုကို ဝမ်းသာနေမည်ဟု တွေးကြည့်၏။ ဘဝတစ်ခု၏ တဆစ်ချိုးပါလားဟု သိလိုက်သည်။ အိမ်မှာတော့ မာမီတစ်ယောက် ဒေါသ ပုန်ထပြီးနေမှာ မြင်ယောင်မိ၏။

"ဟိုရှေ့က မြင်နေရတာ စကြဲသီဟဘုရားနဲ့ စကြြနန္ဒဘုရားလေ"ဟု ခင်ထားညိုက ဘုရားနှစ်ဆူကို လက်ညှိုးညွှန်ရင်းပြော၏။

လက်အုပ်ချီရင်း မျက်စိကိုမှိတ်လျက် ကြည်ညိုလိုက်မိသည်။ မိဘ စိတ်ဆင်းရဲအောင် လုပ်ခဲ့မိတဲ့ တပည့်တော်၏ အပြစ်များကို ခွင့်လွှတ်တော် မူပါဘုရားဟု ဆုတောင်းသည်။

လေတိုက်နေသဖြင့် မျက်နှာတစ်ခုလုံး အေးစက်နေပြီ။ တစ်ညလုံး အိပ်မရသဖြင့် မျက်လုံးများ ကျိန်းစပ်နေ၏။

"ရောက်တော့မယ် စန္ဒာ ..."

ခင်ထားညိုက အခန်းထဲဝင်သွားသဖြင့် နောက်က လိုက်ဝင်လိုက်၏။

■

"လာဟာ ... မုန့်ဟင်းခါး စားရအောင်၊ ဆာတယ်"

သဘော်ဆိပ်မှ ဈေးကိုဖြတ်လျှောက်ရင်း ခင်ထားညိုက ပြောသည်။ ကိုကို့ဆီကို ချက်ချင်းရောက်လိုသောဆန္ဒရှိပေမယ့် သူလည်း ဗိုက်ထဲဆာလာသည်။ မုန့်ဟင်းခါးဆိုင်မှာ ခင်ထားညိုက ဝင်ထိုက်လိုက်သဖြင့် မြစန္ဒာကလည်း ဝင်ထိုင်လိုက်သည်။

"ရောက်ပြီပဲကွာ၊ စိတ်အေးအေးထားပါတော့။ အခုစားပြီးရင် ကိုဇော်တို့အိမ်သွားကြမယ်။ အိတ်တွေ ဘာတွေထားပြီးတော့ ဂုန်နီစက်ရုံကို သွားကြတာပေါ့"ဟု ခင်ထားညိုက ပြော၏။

"ဝေးလားဟင် ..."

"သိပ်မဝေးပါဘူး၊ ငါ ရောက်ဖူးသားပဲ၊ မြင်းလှည်းနဲ့ သွားတာပေါ့"

ကိုကိုနှင့်တွေ့လျှင် အကြောင်းစုံ ရှင်းပြရဦးမည်။ ကိုကိုက ပထမ အံ့ဩနေမည် ထင်၏။ ကိုကိုက ဘယ်တုန်းကမှ သူ့နောက်လိုက်လာလိမ့်မည်ဟု ထင်ထားသူမဟုတ်။ အိမ်ကိုဆန့်ကျင်ပြီး လက်ထပ်ရဲသည့်သတ္တိ ရှိပါ့မလားဟု ထာဝရသံသယဝင်နေသူဖြစ်သည်။ အခုလို ကိုကို့နောက် အပြီးလိုက်လာတာပါဟုဆိုလျှင် ဝမ်းသာကြည်နူးစိတ်ဖြင့် ပျော်ရွှင်သွားလေမည်။ ကိုကို ရန်ကုန် ပြန်ဖို့အတွက် ရက်တွေလိုသေးလျှင် မြောင်းမြမှာပင် လက်မှတ်ထိုး လက်ထပ်ရမည်ဟု တွေး၏။ ဘယ်မှာ လက်ထပ်ထပ်လေ အတူတူပဲဟု စဉ်းစားမိသည်။ ကိုကို့စိတ်တိုင်းကျ လူကြီးပုံမျိုးနှင့် နေရမှာတော့ ချက်ချင်း လွယ်ပါ့မလား တွေးပူလိုက်သေး၏။

အတွေးမျိုးစုံဖြင့် ကိုကို့ကို တွေ့ချင်စိတ်တွေ ပိုလာသည်။

■

သူတို့နှစ်ယောက်ကိုတွေ့တော့ သိန်းဇော် ပထမအံ့ဩနေသည်။

"ဟယ် ... စန္ဒာလည်း ပါလာတယ်၊ နင် အလည်လိုက်လာတာလား"

"စက်ရုံမှာ သူတို့ အမျိုးရှိတယ်။ အဲဒါ ကိစ္စရှိလို့ သွားတွေ့မလို့" ဟု ခင်ထားညိုက မြစန္ဒာ ဘာမှမပြောခင်မှာ ပြောလိုက်သည်။ သည်တော့မှ မြစန္ဒာ အသက်ရှူချောင်သွား၏။

"မတွေ့ဘဲနေမှာစိုးလို့ အခု လိုက်သွားရအောင်"

"နေပါဦး ခင်ထားရယ် လောလိုက်တာ၊ တစ်ခုခုစားဖို့ လုပ်လိုက်ဦးမယ်"

"မလုပ်နဲ့ သိန်းဇော်၊ ငါတို့ မုန့်ဟင်းခါး စားလာတယ်၊ လာပါယ် ... သွားရအောင်"

မြစန္ဒာက လောပြီး ထိုင်ရာမှထ၏။

"ဘယ်လိုဖြစ်နေတာလဲဟ နင်တို့က လောလော လောလောနဲ့"

ခင်ထားညိုက သိန်းဇော်၏ မိဘများနှင့် အစ်မများကို နှုတ်ဆက်စကား ပြောနေရာမှ မြစန္ဒာ အထမှာ အနားရောက်လာသည်။

"သွားမလား"

"သွားမယ်လေ" ဟု မြစန္ဒာက ပြောသည်။

သိန်းဇော် အိမ်ခန်းထဲဝင်သွားစဉ် သူတို့နှစ်ဦး အိမ်ပေါ်မှ ဆင်းလာခဲ့ကြ၏။

"သိပ်တွေ့ချင်နေပြီလား" ဟု ခင်ထားညိုက တီးတိုးစသည်။

မြစန္ဒာက ရယ်နေပြီး

"သတို့သားတွေဖို့ အရေးကြီးတယ် ခင်ထား။ သတို့သားမရှိဘဲ တစ်ယောက်တည်း ခိုးရာလိုက်လာသလို ဖြစ်နေပြီ" ဟု ပြောလိုက်၏။

"တွေ့ရတော့မှာပါ" ဟု ခင်ထားပြောလိုက်စဉ် သိန်းဇော်ရောက်လာ၏။

"ဘောလုံးကွင်းနားမှာ မြင်းလှည်းဂိတ်ရှိတယ်။ အဲဒီကနေပြီး မြင်းလှည်း စီးသွားကြတာပေါ့" ဟု သိန်းဇော်က ပြောလိုက်သည်။

■

"နင်တို့ ငါ့ကိုနောက်နေတာလား စန္ဒာ"

မြင်းလှည်းပေါ်မှာ အကြောင်းစုံရှင်းပြတော့ သိန်းဇော်က မယုံချင်။

"နင် မယုံရင် စောင့်ကြည့်လေ" ဟု မြစန္ဒာက ပြောသည်။

"စန္ဒာ ... နင် တကယ်သတ္တိရှိတာပဲနော်။ ငါ နင့်ကို အဲဒီလောက် သတ္တိရှိမယ် မထင်ဘူး"

သိန်းဇော်က မြစန္ဒာကိုကြည့်ရင်း တအံ့တသြ ဆိုသည်။

"မိဘပြိုငြင်အောင် ဘယ်သူက လုပ်ချင်မှာတဲ့လဲဟယ်။ ဒါပေမဲ့ ဒီလို လုပ်မှဖြစ်မှာမို့ စွန့်စားရတာပဲလေ"

"ငါ ရဲကို သတိရလိုက်တာ၊ ရဲ သိလားဟင် ..."

သိန်းဇော်စကားကြောင့် မြစန္ဒာမျက်နှာ ရုတ်ခြည်းညှိုးကျသွား၏။

"ငါနဲ့မတွေ့တာ ကြာပြီ၊ စိတ်ဓာတ်သတ္တိရှိဖို့ ရဲက ငါ့ကို ခဏခဏပြောဖူးတယ်။ အခုလို စွန့်စွန့်စားစား ရင်ဆိုင်ရဲတဲ့ စိတ်မျိုးလည်း ရဲရဲ့အတွေးအခေါ် တွေကြောင့်ဆိုရင် မမှားပါဘူးဟယ်"

"လှမ်းမြင်နေရပြီနော်" ရှေ့ကို မျက်နှာမူထားသော ခင်ထားညိုစကား ကြောင့် ရှေ့တူရူကို ကြည့်လိုက်တော့ ဂုန်နီစက်ရုံကို တွေ့နေရပြီ။

ကိုကို့ကို တွေ့ရတော့မည့်အတွေးဖြင့် ရင်အစုန်မြန်၏။

■

"ဂတ်စ်ဟောက်စ်ကို အရင်သွားမေးကြည့်ရအောင်။ အဲဒီမှာ တည်း မှာပဲ။ အဲဒီမှာမတွေ့မှ စက်ရုံထဲ ဝင်ရှာကြမယ်။ စက်ရုံထဲမှာဆို ရှာရ ခက်ချင် ခက်နေမှာ"

မြင်းလှည်းခပေးပြီး သိန်းဇော်ကပြောသည်။

"ဟုတ်တယ် ... ဂတ်စ်ဟောက်စ်ကို အရင်သွားမေးတာ ကောင်းပါ တယ်"ဟု ခင်ထားညိုကလည်း ပြောသည်။

စက်ရုံထဲမဝင်သေးဘဲ ဂတ်စ်ဟောက်စ်ရှိရာသို့ဦးတည်သွားကြသည်။ အဆောက်အအုံထဲ အရှေ့ဘက်မှာ အခန်းတစ်ခန်းမှ ထွက်လာသူတစ်ဦးကို လှမ်းမြင်ရသည်။

"အန်ကယ် ... အန်ကယ်"ဟု သိန်းဇော်က လှမ်းခေါ်ပြီး အနားသို့ ပြေး သွားသည်။

ထိုသူက ရပ်ပြီးစောင့်နေ၏။

"ရန်ကုန်က ဦးနေမျိုး ဘယ်အခန်းမှာရှိပါသလဲခင်ဗျာ၊ သူနဲ့တွေ့ချင်လို့ပါ"

မြစန္ဒာနှင့် ခင်ထားညိုတို့ပါ အနားရောက်လာကြသည်။

"ဟုတ်ပါတယ် ... အင်ဂျင်နီယာ ဦးနေမျိုးပါ"

"မနေ့ညနေကပဲ ပြန်သွားတယ်ကွယ့်။ အစ ဦး သူ့ အခန်းရှင်းပြီး လာခဲ့တာ"

"ရှင်"

မြစန္ဒာနှုတ်မှ အာမေဋိတ်သံ လျှံထွက်လာ၏။

"မနေ့ညနေ ငါးနာရီလောက် သင်္ဘောနဲ့ ရန်ကုန်ပြန်သွားတယ်။ မှန်းထားတဲ့ရက်ထက် အစောကြီးပြီးသွားလို့ ပြန်တော့မယ်လို့ နှုတ်ဆက်သွားသေးတယ်"

မြစန္ဒာမျက်နှာ ချက်ချင်းညှိုးကျသွား၏။ သက်ပြင်းကို ဟင်းခနဲချရင်း ခပ်ငိုင်ငိုင် အဝေးကိုမျှော်သည်။ မျက်ဝန်းမှာ မျက်ရည်စတို့ ဝေ့ဝဲလာ၏။

"ခင်ထားတို့နဲ့ သင်္ဘောချင်း လမ်းမှာဖြတ်လိမ့်မယ်။ ဒီနေ့မနက်ဆို ရန်ကုန်ရောက်ပြီပေါ့"

ဟု သိန်းဇော်က ပြောသည်။

"ရန်ကုန်ကလာတာလား" ဟု ဦးကြီးကမေးသည်။

"ဟုတ်ပါတယ်" ဟု သိန်းဇော်က ဖြေ၏။

"အေးကွယ် ... လမ်းမှာလွဲသွားပြီ"

"ကျေးဇူးပါပဲခင်ဗျာ၊ ကဲ ... ပြန်ရအောင်"

သိန်းဇော်လှည့်ထွက်လာတော့ ခင်ထားညိုက မြစန္ဒာ၏ပခုံးကိုဖက်ပြီး ခေါ်လာခဲ့၏။

"ရန်ကုန်ရောက်ရင် တွေ့မှာပဲကွာ" ဟု ခင်ထားညိုက တီးတိုးနှစ်သိမ့်၏။ မြစန္ဒာက ဘာမှပြောမထွက်နိုင်။ ကြိုတင်မျှော်မှန်းထားသည့် အရာအားလုံးမှာ အလွဲလွဲအချော်ချော် ဖြစ်လေပြီ။

"သင်္ဘောက ဘယ်အချိန်ရှိလဲ မသိဘူး"

မြစန္ဒာအသံက တိုးလျလွန်းသည်။

"သူဘော်ကတော့ ဒီညနေ ငါးနာရီလောက်ရှိမယ်။ ဒါပေမဲ့ မနက်ဖြန်မှ ပြန်မယ်၊ ရောက်ရောက်ချင်း ညချင်းပြန်ဆိုတော့ ကိုဇော်မိဘတွေက တစ်မျိုး ထင်နေမလားပဲ။ ဆရာ့ကိုလည်း မတွေ့တော့ အဖြစ်မှန်ပြောဖို့ ခက်နေတယ် ဧန္ဒာ။ ဘာမှ ကိစ္စမပြောဘဲ ပြန်မယ်ဆိုရင်တော့ သူတို့တားကြမှာပဲ။ မနက်ဖြန် ညနေမှပြန်ရင် ပိုအဆင်ပြေမယ် ထင်တာပဲ"

ခင်ထားညို စကားကို သေသေချာချာ စဉ်းစားကြည့်တော့ မှန်နေပြန်သည်။ ခင်ထားညိုအတွက် ညနေ ချက်ချင်းပြန်မည်ဆိုက မကောင်းပြန်။

"ရပါတယ်လေ ... မနက်ဖြန်ညနေမှ ပြန်တာပေါ့"

စိတ်ကို လျှော့ချထားလိုက်တော့သည်။

ရန်ကုန်ရောက်လျှင် တွေ့တော့မှာပါပဲဟု တွေးမိ၏။

သိန်းဇော်က ဘယ်လိုလုပ်ကြမလဲဟု မေးသည်။

"မနက်ဖြန်ညနေ ရန်ကုန်ပြန်မယ်လေ"ဟု ခင်ထားညိုက ပြောသည်။

ဖုန်းဆက်ကြည့်မလား ...။

သိန်းဇော်က မေးသည်။

"နေပါစေတော့လေ ... ရန်ကုန်ရောက်ရင် တွေ့မှာပဲ။ သတင်းအစအန ရပြီး မာမီတို့သိမှာ စိုးရိမ်ရတယ်လေ။ လက်မှတ်ထိုးထားရသေးတာ မဟုတ်ဘူး"ဟု မြစန္ဒာက ပြောသည်။

"သိတော့ မသိနိုင်ပါဘူး။ ဒါပေမဲ့လေ ရန်ကုန်ရောက်တော့ တွေ့ရမှာပဲ၊ အဲဒီကျမှ အသေးစိတ် စီစဉ်ကြတာပေါ့"

ခင်ထားညိုကလည်း ဝင်ပြောသည်။

# ၁၂

ရန်ကုန်ကို မနက်ခြောက်နာရီခွဲလောက်မှာ သဘော်ဆိုက်သည်။

"ငါ နင်တို့အိမ်ကိုပဲ လိုက်ခဲ့ရမှာနော် ခင်ထား"

သဘော်ပေါ်ကအဆင်းမှာမြစန္ဒာက ပြောလိုက်သည်။ အလိုလိုနေရင်း အနေကျုံ့သလို ခံစားရသည်မှာ အမှန်။ ကိုကိုမပါဘဲ ရန်ကုန်ပြန်လာရသည့် အဖြစ်မျိုးကို ကြိုတင်စဉ်းစားထားခဲ့ခြင်း မရှိခဲ့။ အိမ်ကအခြေအနေကိုလည်း သိချင်စိတ် ပြင်းပြလာသည်။ ပြစ်မှုတစ်ခုကို ကျူးလွန်ခဲ့သူပမာ ဖြစ်ရချေပြီ။ တကယ်လည်း အကြီးမားဆုံးပြစ်မှုတစ်ခုဟု မာမီက သတ်မှတ်မည်သာ။

"လိုက်ခဲ့ပေ့ါ စန္ဒာရယ် ... ဘာဖြစ်လဲ၊ ဖေဖေတို့ မေမေတို့ မေးရင်လည်း အမှန်အတိုင်းပဲ ရှင်းပြလိုက်မလား စိတ်ကူးတယ်၊ ဘယ့်နှယ့်လဲ ..."

"နင့်သဘောပဲ ခင်ထား"

မထူးတော့ပြီဟု ဆုံးဖြတ်သည်။ အိမ်ကဆင်းပြီး ကိုကို့နောက် လိုက်ခဲ့ရတဲ့အဖြစ်ကို ဘာထိန်ဝှက်နေစရာလိုတော့မှာလဲ။ မာမီနဲ့တစ်အိမ်လုံးတောင် သိနေမှတော့ တစ်လောကလုံး သိတော့ကော ဘာဖြစ်မှာတဲ့လဲလေ။ အရေးကြီးဆုံးက ကိုကို့ကို တွေ့ရဖို့ပါပဲ။

"အိမ်မှာ ခဏနေမယ်ကွာ၊ ပြီးတော့ ဆရာ့ရုံးကို လိုက်သွားကြတာပေ့ါ ဟုတ်လား။ နေဦး ... ဒီနေ့ စနေနေ့ကြီး ရုံးပိတ်မှာပေ့ါ"

"ငါ အိမ်ကစောင့်နေရင် ကောင်းမယ် ခင်ထား။ အိမ်က တစ်ယောက်ယောက် ငါ့ကို တွေ့သွားရင် ပိုရှုပ်ကုန်မလားပဲ။ ခါတိုင်းတော့ ကျောင်းပိတ်ရျိန်

မှာ စနေနေ့ပေမဲ့ အချိန်ပိုဆင်းတတ်တယ်။ ရုံးမှာ မတွေ့မှ အိမ်လိုက်သွားတာ ပေါ့"

"အင်း ... ဒါလည်း ဟုတ်တာပဲ။ နင့်ကို အိမ်က ပြန်ခေါ်သွားနိုင်တာပဲ"

ခင်ထားက စဉ်းစားပြီး ပြောလိုက်၏။

"ဆရာ့ကို ငါပြောပြရင် ဆရာကယုံပါ့မလား"

"ငါ စာရေးပေးလိုက်မယ်လေ"

"အင်း ... ကောင်းသားပဲ"

■

"ဟော ... မြစန္ဒာလည်း ပါလာတယ်"

ခင်ထားညိုမေမေက တအံ့တသြ ပြောသည်။ ခင်ထားညို မေမေ၏ မျက်နှာကိုကြည့်ပြီး စိတ်ထဲမှာ စနိုးစနောင့် ဖြစ်ရသေး၏။

"မောင်သိန်းဇော် ပါမလာဘူးလား"

"အလုပ်များနေတယ် မေမေ ..."

ခင်ထားညိုက သူ့မေမေနှင့် အိမ်တွင်းခန်းကို ဝင်သွားသည်။ ခင်ထားညို ဖေဖေက လမ်းလျှောက်ထွက်သွားသည်ဟု ခင်ထားညိုမေမေ စောစောက ပြောသည်။ ဧည့်ခန်းမှာထိုင်ရင်း ကိုကိုနှင့် မြန်မြန်ဆုံမှုဖြစ်မည်ဟု တွေးနေမိ၏။

"ငါ မေမေ့ကို အားလုံး ပြောပြလိုက်ပြီ"

ခင်ထားညိုက ပြန်ရောက်လာပြီး ပြောသည်။ ကောင်းပါတယ်ဟု သူ တီးတိုးပြောလိုက်၏။

"အန်တီတို့ကတောင် အံ့သြနေတာ" ဟု ခင်ထားညိုမေမေက ဘေးမှာ လာထိုင်ရင်း ပြောသည်။ ဘာမှပြန်မပြောမိဘဲ ပြုံး၍နေလိုက်၏။

"သမီးနဲ့အတူ မြစန္ဒာ ပါသွားမယ်လို့ အန်တီမထင်ဘူးလေ။ သမီး ပြန်လာရင်တော့ မြစန္ဒာအကြောင်းသိပြီးအံ့သြနေမယ်တွက်ထားတယ်။ သတင်းစာထဲမှာ ပါလာမှ အန်တီတို့ သိရတာ"

"ဟင် ... ဘယ်လိုအန်တီ"

"သတင်းစာထဲမှာ ပါတယ်ဟုတ်လား မေမေ ..."

ခင်ထားညိုကပါ တအံ့တသြ ဖြစ်သွားပုံရ၏။

"ဟင် ... သမီးတို့ မသိသေးဘူးလား။ သတင်းစာ မဖတ်ရသေးဘူး လား"

"ကိုဇော်တို့အိမ်မှာ ဗိုလ်တထောင်ပဲ ယူတာ၊ ဘယ်သတင်းစာလဲ မေမေ"

"ကြေးမုံလေ၊ အဲဒီစားပွဲအောက်မှာကြည့်"

စကားမဆုံးခင် ခင်ထားညိုက စားပွဲအောက်မှ သတင်းစာသုံးလေး စောင်ကို ဆွဲထုတ်လိုက်သည်။ ရင်ထဲမှာ အထိတ်တလန့်ဖြင့် မျက်နှာမထား တတ်အောင် ဖြစ်ပြီ။

"သမီးသွားတာ ဗုဒ္ဓဟူးနေ့ဆိုတော့ သောကြာနေ့၊ မနေ့က သတင်းစာ မှာ ထင်တယ်"ဟု ခင်ထားညို မေမေက ပြောလိုက်၏။

"ဒီမှာ သောကြာနေ့"

ခင်ထားညိုက သတင်းစာကိုယူပြီး ကြော်ငြာမျက်နှာကို လှန်လိုက် သည်။ ခင်ထားညိုနှင့်အတူ ခေါင်းချင်းဆိုင်ပြီး ရှာ၏။

ဟောဟိုမှာ တွေ့ပြီ။ ဘယ်ဘက်ထောင့်စွန်းမှာ။

သမီးအဖြစ်မှ စွန့်လွှတ်ခြင်းတဲ့။

စာကြောင်းကို ဖတ်အပြီးမှာ တစ်ကိုယ်လုံး တုန်တုန်လှုပ်လှုပ် ဖြစ်သွား ရ၏။ မိဘမေတ္တာရိပ်မှ တကယ်ပင် ကင်းလွတ်ခွဲခွာရချေပြီဟု အသိဝင်လျက် ရင်ထဲမှာ ဆို့နင့်စွာ ခံစားလိုက်ရသည်။

မိမိသဘော ဆန္ဒအလျောက် မိဘစိတ်ဆင်းရဲအောင် ပြုလုပ်သွားပါ သဖြင့်တဲ့၊ အကြည့်မှာ ဝေဝေဝါးဝါးဖြစ်လာသည်။ မျက်ဝန်းမှာ မျက်ရည်စတို့ လျှံပြည့်နေပြီဟု အလိုလိုသိ၏။ သတင်းစုံစမ်း မေးမြန်းခြင်း သည်းခံပါတဲ့။ မိမိ နှင့်ပတ်သက်၍ သတင်းစကားမျှပင် မကြားချင်တော့ပါလားဟု နားလည် သဘောပေါက်လိုက်ပါ၏။ တင်းပြတ်မာကျောသော မာမီ့စိတ်ကို သိပြီးဖြစ်၍

မာမို့ဒေါသသည်လည်း ကာလရှည်စွာ ပြေမည်မဟုတ်ဟု နားလည်သည်။ ဟင့်ခနဲ ရှိုက်သံတစ်ချက်သည် အားတင်းချုပ်တည်းထားပါလျက် ပွင့်ထွက်လာ၏။

"မိဘဆိုတာ ဒီလိုပါပဲ သမီးရယ်၊ စိတ်ဆိုးတုန်းခဏပေါ့။ တော်တော်ကြာတော့လည်း စိတ်ပြေသွားမှာပါ။ ကိုယ့်သားကိုယ့်သမီး ဘယ်မိဘမှ မပြတ်နိုင်ကြပါဘူး။ တကယ်တမ်းကျတော့ ဘယ်ကြော်ငြာ၊ ဘာဥပဒေကမှ သံယောဇဉ် တရား၊ မေတ္တာတရားကို ဖြတ်တောက်လို့ မရနိုင်ပါဘူးကွယ်"

နစ်သိမ့်စကားဟု နားလည်သိသော်လည်း သည်လိုပင် ဖြစ်နိုင်ပါစေဟု ဆုတောင်းမိသည်။ မာမို့စိတ်ကို သိနေသောကြောင့် ရာသက်ပန်ပင် မိဘအရိပ်မှ ဝေးရပြီလားဟု လောကမှာ အားမငယ်စဖူးငယ်သည်။ ကိုကို့မှာလည်း အလုပ်နဲ့ အကိုင်နဲ့ပဲ၊ ဘာဖြစ်ဖြစ် ကြာလာရင်တော့ မာမီသဘောတူမှာပါဟု တွေးခဲ့ဖူးသော အတွေးလည်း တဖြည်းဖြည်းနှင့် မှေးမှိန်ကွယ်ပျောက်ရပြီလေ။

"စိတ်ထဲမှာ ဘာမှမထားပါနဲ့ကွာ၊ အရေးကြီးတာက ဆရာနဲ့တွေ့ပြီး စီစဉ်ဖို့ပဲ"ဟု ခင်ထားညိုက နစ်သိမ့်၏။

## ၁၃

မြစန္ဒာ ရေးပေးလိုက်သည့် စာတစ်စောင်နှင့် ဆရာ့အိမ် လိပ်စာကို ယူပြီး ခင်ထားညို အိမ်က ထွက်လာခဲ့သည်။

ဆရာရုံးရှေ့က မှတ်တိုင်မှာဆင်းပြီး ရုံးထဲဝင်လိုက်၏။ တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသောကြောင့် နည်းနည်းတော့ ကြောင်သည်။ ရုံးအဆောက်အအုံနှစ်ခုကိုတွေ့ပြီး ဘယ်ကိုသွားရမည်မသိ ဖြစ်နေ၏။

"ဆရာဦးနေမျိုးဆီ သွားချင်လို့ပါ၊ ဘယ်လိုသွားရမလဲဟင် ..."

ရုံးပိတ်ရက်ဖြစ်၍ အဝင်အထွက် လူအနည်းငယ်သာ တွေ့သည်။

"ဟိုဘက်က စီမံရေးရာဌာနကို မေးကြည့်ပါ၊ အဲဒီမှာထိုင်တယ်၊ အချိန်ပို ဆင်း မဆင်းတော့ မသိပါဘူး" ဟု ပြောသွားသည်။ ညွှန်ပြရာ အဆောက်အအုံဆီသို့ လျှောက်သွားပြီး အဆောက်အအုံထဲ လှမ်းဝင်လိုက်သည်။

"ဆရာဦးနေမျိုးနဲ့ တွေ့ချင်လို့ပါ မမ"

ထိုင်စဖြစ်သည့် အမျိုးသမီးတစ်ဦးစားပွဲရှေ့မှာရပ်ရင်း မေးလိုက်သည်။ အမျိုးသမီးက သူ့ကို အထူးအဆန်းသဖွယ် မော့ကြည့်စူးစမ်းဟန်ပြု၏။ ပြီးတော့ "ဟော့ ... ဦးခင်မောင်သန်း ရောက်ပြီလား" ဟု သူ့ဘေးက အဖော်ကို လှမ်းမေးသည်။ ခင်ထားညိုက ကြောင်ပြီးရပ်နေလိုက်၏။

"ခဏနော် ညီမ ... မေးပေးမယ်" ဟု သူ့ကို လှည့်ပြောရင်း ထိုအမျိုးသမီးက မျက်စိဝေ့ပြီး ရှာသည်။

"ဟိုမှာ ... ဟိုနောက်မှာ" ဟု အဖော်အမျိုးသမီးက ပြောသဖြင့် ခင်ထားညိုလည်း နောက်ကို လှမ်းကြည့်ဖြစ်၏။

ဆရာ့ကို သူမမြင်၊ မတွေ့...။

"ဦးခင်မောင်သန်း၊ ဦးခင်မောင်သန်း"ဟု သူရပ်နေရာစားပွဲမှ အမျိုးသမီးက လှမ်းခေါ်သည်။

"ဆရာဦးနေမျိုးနဲ့ တွေ့ချင်တာပါ"ဟု သူ ထပ်ပြော၏။ အကြားမှားပြီး ခေါ်လေသလားအထင်ဖြင့် သူ ထပ်ပြောခြင်းဖြစ်သည်။

"ခဏ ... ခဏ ... ဒီမှာ ဧည့်သည်ရောက်နေလို့" ဟု လှမ်းပြော၏။ သူ့ဘက် မျက်နှာလှည့်သည်။

"ညီမ သူ့ကို မေးကြည့်နော်။ သူက ဦးနေမျိုးနဲ့တွဲတဲ့ ဦးနေမျိုးသူငယ်ချင်းပဲ"ဟု သူ့ကိုပြော၏။

ဦးခင်မောင်သန်းဆိုသူ စားပွဲနားသို့ ရောက်လာ၏။

"ကျွန်မ ဆရာဦးနေမျိုးနဲ့ တွေ့ချင်လို့ပါ"ဟု သူ ပြောမိပြန်သည်။

"ကိစ္စရှိလား"

ဦးခင်မောင်သန်းအသံက ပြတ်သည်။

"ဟုတ်ကဲ့"

အထစ်ထစ်အငေါ့ငေါ့နှင့် ပြန်ပြောလိုက်မိ၏။

"သူမရှိဘူး၊ ခွင့်ယူပြီး ခရီးသွားတယ်"

"ရှင်"

နားထဲမှာ မယုံချင်၊ ဒုက္ခတော့ဖြစ်ပါပြီဟု အလိုလိုတွေးရင်း စိတ်ထိခိုက်သွားမိသည်။ မြစန္ဒာသာ လိုက်လာလျှင် ဘယ်လိုခံစားလိုက်ရမည်ဟု သူ စဉ်းစားမိ၏။ မြစန္ဒာအတွက် ရင်ထဲမှာ တမြည့်မြည့်ခံစားရမည်။ ဘာဆက်ပြောရမည်မသိ နှုတ်ဆိတ်နေ၏။ ပြောစရာစကား ကုန်သွားသည့်နယ် စကားအဆက် ခက်လေပြီ။

"ကျွန်တော့်ကို မှာခဲ့ပါ၊ သူကတော့ တော်တော်နဲ့ ရန်ကုန်ကို ပြန်လာမယ် မထင်ဘူး"

"သူ ... သူ ဘယ်ကိုသွားတယ်ဆိုတာ သိပါသလားရှင်"

ဦးခင်မောင်သန်းဆိုသူက သူ့ကိုအကဲခတ်သလို ကြည့်သည်။ ပြီးမှ...

"ကျွန်တော့်ကိုတော့ မန္တလေးသွားမယ် ပြောသွားတာပဲ၊ ဒါပေမဲ့ ..."

ဦးခင်မောင်သန်းက စကားကိုရပ်သည်။

"ရှင်းရှင်းပြောလိုက်ပါ ဦးခင်မောင်သန်းရယ်၊ စိတ်ညစ်လို့ ခရီးထွက်သွားတာလို့"

စောစောက ဦးခင်မောင်သန်းကို ခေါ်ပေးသည့် အမျိုးသမီးက ဝင်ပြော၏။

"သူ့ကိုယ်ရေးကိုယ်တာလေးတွေ ရှိတယ်ဗျ၊ ဒီလူ တစ်နေရာတည်းမှာ နေချင်မှနေမှာ၊ လျှောက်သွားမယ်ထင်တယ်။ မန္တလေးကိုသွားတာတော့ မနေ့က သောကြာနေ့ပေါ့။ ဟုတ်တယ်၊ ညခြောက်နာရီရထားနဲ့ပဲ"

အဲဒီအချိန်က သူနှင့် မြစန္ဒာ သင်္ဘောပေါ်မှာ ရှိနေသည်ပဲဟု သတိထားမိသည်။ လမ်းစပျောက်တော့မှာလားဟု တွေးပြီး စိုးရိမ်ပူပန်လိုက်၏။ အကြောင်းစုံကို ပြောပြလိုက်ရလျှင် ကောင်းမကောင်း စဉ်းစားမိပြီး မထူးပါဘူးလေဟု တွေးလျက် မပြောဘဲနေရန် ဆုံးဖြတ်လိုက်သည်။

"နေပါဦး ညီမက ..."

"ကျွန်မ သူ့တူမပါရှင်" ဟု စကားစကို ဖြတ်သည်။

"ညီမတို့ဆရာ မျောက်မီးခဲကိုင်မိသလို ဖြစ်သွားတယ်လေ၊ ရည်စားက လင်နောက်လိုက်သွားလို့" ဟု စောစောက အမျိုးသမီးပြောလိုက်တော့ ဘာတွေ လျှောက်ပြောနေတာလဲဟု ဦးခင်မောင်သန်းက ဝင်ဟန့်သည်။

"ဒီလိုပဲရှင့် ... လူပျိုကြီးတွေ တွေ့ပေးမှ" ဟု ရယ်ရင်း အမျိုးသမီးက ထပ်ပြောသည်။

"ကျေးဇူးတင်ပါတယ်ရှင် ... ပြန်ပါဦးမယ်" နှုတ်ဆက်ပြီး လှည့်ထွက်လာရင်း မြစန္ဒာအတွက် စိတ်မကောင်းဖြစ်ရပြန်သည်လေ။

■

စနေနေ့မို့ ရုံးမှာ တွေ့မှတွေ့ပါ့မလားဟု တွေးရင်း မြစန္ဒာက စိတ်ပူနေသည်။ ကျောင်းဖွင့်ရက်တွေမှာတော့ မနက်ပိုင်းမှာ စာသင်လာပြီး တချို့စနေနေ့တွေမှာဆိုလျှင် နေ့လယ်ပိုင်း ရုံးမှာအချိန်ပိုဆင်းပြီး အလုပ်လုပ်တတ်

ကြောင်း မြစန္ဒာ သိသည်။ အခုလို ကျောင်းပိတ်ရက်များဆိုလျှင် စနေနေ့တိုင်း လိုလိုပင် မနက်ပိုင်း ရုံးသို့အချိန်ပိုဆင်းလေ့ရှိ၏။ သူတို့ရုံးက အလုပ်သိပ်များ တာပဲဟု ကိုကိုက ပြောတတ်သည်။ အလုပ်ကြွေးတင် မခံချင်လို့ စနေနေ့ လည်း ရုံးလာပြီး လုပ်ရတာပါပဲ။ အရာရှိကတော့ အချိန်ပိုမရဘူးပေါ့။ အောက် က လူတွေကတော့ အချိန်ပိုပိုက်ဆံရတာပေါ့ဟု ပြောခဲ့ဖူးသည်ကို သတိရနေ မိသည်။ အရေးကြီးသည့် ပရောဂျက်လုပ်ငန်းများ ရှိနေတတ်သဖြင့် သူတို့ စီမံရေးရာဌာနမှာ ဌာနစိတ်တစ်ခုမဟုတ် တစ်ခုကတော့ စနေ အချိန်ပိုဆင်း တတ်ကြောင်း ကိုကိုက ပြောပြထားဖူးသည်။ ကိုကို အချိန်ပိုဆင်းသည့် စနေ နေ့အချို့မှာ ရုံးသို့လိုက်လာပြီး ကိုကို့စားပွဲဘေးမှာ ထိုင်ဖူးသည်တို့ကို အတွေး မှာ မြင်ယောင်လာမိသည်။

ကိုကို့ကို ရုံးမှာတွေ့ပါစေဟု ဆုတောင်းမိ၏။ ရုံးမှာမတွေ့လို့ အိမ်လိုက် သွားရလျှင် ရုံးမှာလောက် လွတ်လွတ်လပ်လပ် ရှိချင်မှရှိမည်။ မြစန္ဒာ ကိုယ် တိုင်ပင် ကိုကို့အိမ်ကို တစ်ခါမျှမရောက်ဖူးသေး။ လိပ်စာပေးထားလို့သာ သိသည်။ ခရီးက တော်တော်ထောက်လို့ အိမ်ကိုသာ လိုက်သွားရရင်တော့ ခင်ထား ပြန်ရောက်ဖို့ ကြာဦးမည်ဟု တွေးမိဆဲ ခင်ထားဝင်လာသည်ကို လှမ်းမြင်၏။

အိမ်ရှေ့သို့ ပြေးထွက်သွားလိုက်သည်။

■

"ဘယ်လိုလုပ်မလဲ"

ဆိုသည့် စကားကြောင့် သတိပြန်ဝင်လာတော့ ပါးပြင်ပေါ်မှာ မျက်ရည် စတို့ စိုရွှဲနေပြီ။ ခွင့်ယူပြီး မန္တလေးသွားပြီဆိုတဲ့စကားက ခန္ဓာကိုယ်မှ လိပ်ပြာ ကို ဆွဲနုတ်လိုက်သလို ဖြစ်သွား၏။ မျှော်လင့်မှုအားလုံး ပြိုကွဲကြေပျက်ရတော့ မှာ လားကွယ်ဟု အားလျှော့တွေးကို တွေးဖြစ်သည်။

ခင်ထားစကားကို နား‌ထောင်ရင်း ခွေညွှတ်ချင်လာသည့်ခြေကို ကြိုး စားပြီး ရပ်နေမိဆဲ၊ ဟိုအဝေးကို တွေတွေငေးပြီး အသက်ကင်းမဲ့သူနယ် မလှုပ် မယှက် နေလိုက်၏။

"ပထမတော့ အဲဒီဦးခင်မောင်သန်းကို အဖြစ်အပျက်အားလုံး ပြောပြဦးမလို့ပဲ၊ နောက်တော့ သူ့ကိုပြောလည်း ဘာထူးမှာလဲ စဉ်းစားမိတယ်လေ။ အရေးကြီးတာက ဆရာ့ကိုတွေ့ဖို့ပဲဟာ။ ဒါနဲ့ ငါလည်း ဘာမှမပြောခဲ့တော့ဘူး။ အဲဒီမှာတွေ့တဲ့ အမျိုးသမီးတွေရှေ့မှာလည်း မပြောချင်ဘူးလေ၊ ဘာဖြစ်ဖြစ် နင့်အိမ်ကို သတင်းရောက်သွားမှာလည်း စိုးရိမ်ရသေးတယ်"

"ခင်ထား ..."

ခင်ထား ညိုမျက်နှာသို့ အကြည့်ကိုပြောင်းရင်း မြစန္ဒာ ခေါ်သည်။

ခင်ထားညိုက သူ့ကို ပြန်ကြည့်လိုက်၏။

"ငါ မန္တလေးလိုက်သွားမယ်"

"ဘယ်မှာတည်းမယ်ဆိုတာ နင် သိလို့လား"

"သူ တည်းမယ့်နေရာ ငါသိတယ်၊ မန္တလေးက သူ့အခင်ဆုံး သူငယ်ချင်းနဲ့ ငါ့ကို မိတ်ဆက်ပေးဖူးတယ်"

မြစန္ဒာနဲ့ လက်ထပ်ပြီးရင် မန္တလေးက လှမြင့်ထွန်းဆီကို ဟန်းနီးမွန်းသွားကြမယ်။ လှမြင့်ထွန်းက မေမြို့ရော ရှမ်းပြည်ပါ သူ လိုက်ပို့မယ် ပြောတယ်ဟု ကိုကို့စကားတွေ နားမှာပြန်ပြီး ကြားယောင်သည်။ ကိုကို့မှာ အစီအစဉ်တွေ အများကြီးရယ်၊ မြောင်းမြကပြန်လာရင် လက်ထပ်ဖို့ ဆွေးနွေးကြရအောင်ဆို။ ကိုကိုရယ် ...။

အခုတော့ မန္တလေးကို ကိုကိုတစ်ယောက်တည်း သွားပြီလား ...။

မြစန္ဒာကို ချန်ထားရက်ပြီလား ...။

"နင် ဖုန်းဆက်ကြည့်ပါလား"

ခင်ထားညိုက အကြံပေးသည်။ ဟုတ်သားပဲဟု ရုတ်တရက် ဝမ်းသာသွား၏။

"ရုံးမှာပဲ တယ်လီဖုန်းရှိတယ် ခင်ထားရယ်၊ ကိုလှမြင့်ထွန်းအိမ်မှာ ဖုန်းမရှိဘူး"

ဟု သတိရပြီး စိတ်လျှော့စွာဖြင့် ပြောလိုက်မိသည်။

"ဘာဖြစ်လဲ ရုံးကိုဆက်ပေါ့"

"စနေနေ့လေ ခင်ထား"

"ဩော် ... ဟုတ်သားပဲ"

"ကိုကိုတို့ရုံးကသာ အရေးတကြီး လုပ်စရာတွေပုံနေလို့ အချိန်ပိုဆင်းတတ်တာ၊ ကျန်တဲ့ရုံးတွေက ပိတ်မှာပေါ့၊ ပြီးတော့လည်း ကိုကိုက အလုပ်ကြွေး တင်မှာကြောက်တဲ့သူမို့ အချိန်ပိုလုပ်ခမရဘဲ ဆင်းတာလေ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ပိတ်ရက်ပဲ ..."

ဟု ခင်ထားညိုကပြောရင်း "သိပ်လည်း ပူမနေပါနဲ့ကွာ၊ မန္တလေးကို ရောက်ရင် တွေ့မှာပဲ။ တွေ့ရင်တော့ ဆရာ နင့်ကို အရမ်းအံ့ဩသွားမှာပဲ။ သူက နင် ဒီလောက်ဒုက္ခခံပြီး သူ့နောက် လိုက်ရှာလိမ့်မယ်လို့ ဘယ်တုန်းကမှ တွေးထားမှာ မဟုတ်ဘူး။ နင့်ကို ခပ်ပေါ့ပေါ့ပဲ ထင်ထားတာ။ အခုတွေ့တော့မှ နင့်ကို အရင်ကထက်ပိုပြီး ချစ်သွားလိမ့်မယ်" ဟု စကားဆက်သည်။

"ဒီညနေ ခြောက်နာရီရထားနဲ့ ငါ မန္တလေးလိုက်သွားမယ်။ လက်မှတ်ကတော့ ခုံမရလည်း ခုံမဲ့ဖြစ်ဖြစ်ပေါ့"

"နင် တစ်ယောက်တည်း ဖြစ်ပါ့မလား။ ငါ လိုက်ဖို့လိုရင် လိုက်ခဲ့ပေးမယ်"

"ရတယ် ခင်ထား၊ ကိုလှမြင့်ထွန်းလိပ်စာ ငါ့မှာရှိတယ်။ အဲဒီမှာရှိတာ သေချာတာပဲ။ မနေ့ကသွားတာဆိုတော့ ဒီနေ့မနက်မှ မန္တလေးရောက်မှာ၊ မနက်ဖြန် ငါ ရောက်သွားရင် တွေ့မှာသေချာတယ်။ ဘူတာက မြင်းလှည်း စီးလိုက်ရုံပဲဟာ၊ နင် မလိုက်နဲ့တော့ ... နင့်ကိုလည်း ငါ အားနာလှပြီ"

"ရပါတယ် သူငယ်ချင်းရယ်"

"ရထားလက်မှတ်တော့ နင် ကူညီပါဦး။ ငါ့ကို အိမ်က တွေ့သွားမှာ စိုးလို့ပါ" ခင်ထားညို ပခုံးကိုဖက်ပြီး ပြောလိုက်၏။ ခင်ထားညိုက ခေါင်းညိတ်ပြသည်။

မန္တလေးရောက်မှ ကိုကို့ကို အားလုံးရှင်းပြရဦးမည်။

# ၁၄

ကြာသပတေးနေ့မနက် ရန်ကုန်ပြန်ရောက်တော့ မြစန္ဒာကို သတိရလိုက်တာလေ။

ခန့်မှန်းရက်ထက်စောပြီး ပြန်လာနိုင်ခဲ့တာလည်း မြစန္ဒာကို သတိရလွမ်းမောစိတ်နဲ့ အလုပ်ကို ဖိလုပ်ခဲ့မိလို့ပါပဲ။ မျှော်လင့်မထားပါဘဲ သူရန်ကုန်ပြန်ရောက်လာပြီဆိုတာသိရင်မြစန္ဒာလည်းပျော်ရွှင်နေမည်ဟု သူထင်သည်။ သည်တစ်ခါတော့ ခွင့်ရက်ရှည်ယူပြီး မြစန္ဒာနှင့် လက်ထပ်ရေးကိစ္စကို အကောင်အထည်ဖော်တော့မည် တွေး၏။ ဘယ်တော့မှ အေးအေးဆေးဆေး ဖြစ်မည်မဟုတ်သော အလုပ်ကို ကိုယ်ကပဲဖြတ်ပြီး ခွင့်ယူမှဖြစ်မှာပါဟု စဉ်းစားမိ၏။

သဘောၤဆိပ်မှ တက္ကစီငှားပြီး အိမ်ကိုသွားသည်။ အိမ်မှာ ရေမိုးချိုးခဏနေပြီး ရုံးကို တန်းလာမိခဲ့၏။

ဆွဲလာသော ဒရောယင်းများ၊ စက်မှုဆိုင်ရာ အချက်အလက်များကို အသေးစိတ် ပြန်လည်စစ်ဆေးပြီး ကေ့စ်တစ်ခုရေးရမည်ဟု အလုပ်ကို စိတ်ထဲမှာ ဇယားချသည်။

စိတ်မှူးတစ်ယောက်၊ စာရေးလေးနစ်ယောက်ကိုတော့ ဒီနေ့ခေါ်ပြီး တစ်နေကုန် သုံးရမှာပဲဟု စဉ်းစားလာသည်။

စက်မှုဆိုင်ရာ အချက်အလက်များပေါ်မှာ သုံးသပ်ချက် ရေးရဦးမည်။ ပြုလုပ်နိုင်သော ပစ္စည်းများ၏ လိုအပ်သောကုန်ကြမ်းစာရင်းကို ပြုစုရဦးမည်။

မနစ်ကမှာထားသော နိုင်ငံခြားမှရောက်လာမည့် ကုန်ကြမ်းစာရင်းနှင့် ညှိနှိုင်းရဦးမည်။ သူတို့လိုအပ်သော အရေအတွက်ပြုလုပ်ရန် ကုန်ကြမ်း ရှိ မရှိ တွက်ရမည်။ ထိုကုန်ကြမ်းဖြင့် ပြုလုပ်ပါက ကုန်ကျနိုင်မည့် တိုက်ရိုက်လုပ်ခတန်ဖိုး၊ တိုက်ရိုက်ကုန်ကြမ်းတန်ဖိုးနှင့် ရောင်းဈေးကို ခန့်မှန်းသတ်မှတ်ရဦးမည်။ နိုင်ငံခြားမှ မှာယူသည်ထက် နိုင်ငံခြားငွေ မည်မျှကို အကုန်သက်သာ မြိုးမြဲနိုင်သည်ကို တွက်ပြရဦးမည်။

တစ်နေကုန်လုပ်လို့ ပြီးပါ့မလားတွေးရင်း ရင်မောလာသည်။

■

ညနေလေးနာရီခွဲခါနီးမှာ အားလုံး ပြီးစီးသွားတော့၏။ လူကန်းပြီး ပင်ပန်းနေတော့သည်။ ဆရာ ညနေဆက်နေဦးမှာလားဟု ညွှန်ကြားရေးမှူးအခန်းမှ ပြန်လာသောသူ့ကို သူ့တပည့် စိတ်မှူးကလေးက မေးသည်။ ဒီနေ့တော့တော်ပြီကွာအရေးတကြီးလုပ်စရာတွေအားလုံးပြီးပြီပဲဟုသူပြန်ဖြေရင်း အိမ်ပြန်ရန် ပြင်ဆင်၏။

လေးနာရီခွဲ ရုံးဆင်းချိန်မှာ သူလည်း ပြန်ခဲ့သည်။ ကားမောင်းရင်း မြစန္ဒာကို သတိရနေ၏။ မြစန္ဒာရှိနေရင် ဘယ်လောက်ကောင်းမလဲ၊ အအေးဆိုင်တစ်ခုမှာ မြစန္ဒာနဲ့အတူ ထိုင်ကြရင်း စကားပြောနေရရင် တစ်နေကုန်ပင်ပန်းသမျှကို မေ့လျော့ပြေပျောက်သွားမှာပါပဲဟု တွေးနေမိ၏။

သိဂီတို့အိမ်ကို ဝင်ရန် ဆုံးဖြတ်လိုက်သည်။ သိဂီကို အကူအညီတောင်းမှပါပဲဟု စဉ်းစားမိ၏။ မိမိ ရန်ကုန်ပြန်ရောက်နေပြီဖြစ်ကြောင်း သိဂီကို ဖုန်းဆက်အကြောင်းကြားခိုင်းလျှင် မြစန္ဒာ သိမည်။ ဒါဆို မနက်ဖြန် မြစန္ဒာ သူ့ဆီကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ရောက်လာမှာပဲ တွက်၏။

သိပ်လွမ်းတာပဲ မြစန္ဒာရယ်လို့ မြစန္ဒာကိုတွေ့လျှင် သူပြောချင်၏။ အဲဒီလို ပြောလိုက်လို့ ကလေးကလားများ ဆန်သွားမလား မလုံမလဲ တွေးမိပြန်သည်။ ကိုယ်က လူကြီးပဲဆိုတဲ့ သိက္ခာတရားဟာ ခံစားမှုကို ထာဝရထိန်းချုပ်လှုပ်ရှားနေရပါလားဟု မလွတ်မလပ် ခံစားလာရ၏။ လူငယ်တို့၏ လွတ်လပ်

ပွင့်လင်းမှုကို အားကျမက်မောချင်မိသော်လည်း မိမိကိုယ်မိမိ ဟန်အပြည့်နှင့် ထိန်းထိန်းသိမ်းသိမ်း လူကြီးဆန်ဆန်နေလာတာ အသားကျပြီပဲ။ ရင်ထဲတစ်မျိုး မျက်နှာတစ်မျိုး ထောင့်ကျိုးတဲ့အနေအထားနဲ့ ပျားရည်လူးစကားကို ဆိုတတ်ခဲ့ပြီပဲ။ အမှားအမှန်ကို ပြန်ပြောရဲတဲ့ လူငယ်တွေရဲ့သတ္တိမျိုး အလုပ်ထဲမှာ အညွန့်ကျိုးခဲ့ပြီပဲ။ ဒါတွေကိုက လူငယ်တွေထက် ရင့်ကျက်တဲ့ လူကြီးတွေမှာရှိတဲ့ အရည်အချင်းတွေ မဟုတ်ပါလား။

အကျင့်ကပါနေတော့ ကိုယ့်ချစ်သူ ကိုယ်ပြောမယ့် စကားတောင် ခံစားမှုအတိုင်း မပြောဖြစ်။ မပြောရဲ။ ရင်ထဲမှအရာကို ဦးနှောက်ကသာ လွှမ်းမိုးနေ တတ်စမြဲ။

အခုကြည့် တကယ်တမ်းတော့ သီဂီတို့အိမ်ကို သွားပြီး မြစန္ဒာကို ဖုန်းဆက်ပေးပါလို့ ပြောချင်တာ သက်သက်ပါပဲ။

ဒါပေမဲ့ ဒီအနားက သူငယ်ချင်းအိမ်ကိုလာရင်း လမ်းကြုံလို့ဝင်လာတာ ဘာညာပြော၊ မြစန္ဒာနဲ့ တွေ့သေးလားမေး၊ ဆရာလည်း မနက်ကမှပြန်ရောက်တာ၊ မြစန္ဒာတောင် မသိသေးပါးဘူး။ သီဂီ ဖုန်းဆက်ရင် ဆရာရောက်ပြီလို့ ပြောလိုက်ပါဦး ဒီလိုသွယ်ဝိုက်ပြောမည် စဉ်းစားလိုက်သည်။

■

"ဟင် ... ဆရာ"

သီဂီက သံဆွဲတံခါးကို လာဖွင့်ပေးသည်။

"ထိုင်ပါ ဆရာ ..."

သံဆွဲတံခါးကိုပြန်ပိတ်ပြီးဧည့်ခန်းမှာထိုင်ရန် နေရာပေးသည်။ သီဂီက သူနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်၏။

"ခဏလေးနော် ဆရာ" ဟု ပြောပြီး သီဂီကထရန် ဟန်ပြင်သည်။

"နေ ... နေ ... သီဂီ၊ ဆရာ့အတွက် ဘာမှမလုပ်နဲ့၊ ဆရာ ခဏလေး ဝင်လာတာပါ။ ဟိုဘက်က သူငယ်ချင်းအိမ်ဝင်ရင်းနဲ့ ကြုံတာနဲ့ဝင်ခဲ့တာ"

လက်ဖက်ရည်၊ ကော်ဖီတစ်ခုခု လုပ်မည်ဟု နားလည်လိုက်သဖြင့် သူ တားသည်။

"ရပါတယ် ဆရာရယ် ... သိဂီ တစ်ခုခုလုပ်လိုက်မယ်"

"မဟုတ်ဘူး ... သိဂီ၊ ဆရာ အခုပြန်မှာမို့ပါ၊ အချိန်မရလို့ ..."

သိဂီက ပြန်ထိုင်သည်။ ပြီးတော့ သူ့မျက်နှာကိုကြည့်ပြီး ပြုံး၏။

"သိဂီဖြင့် အရမ်းအံ့ဩသွားတာပဲ၊ စန္ဒာ့ကို ဘာဖြစ်လို့ မခေါ်လာတာလဲ"

သိဂီက မေးသည်။ သိဂီစကားကို နားမလည်လိုက်။

"သိဂီ ဘာမေးတာလဲဟင်"

"ဩော် ... ဆရာတို့ကိစ္စကို အရမ်းအံ့ဩသွားတယ်လို့ ပြောတာပါ။ သိဂီတို့က ချက်ချင်းကြီး မထင်ထားလို့"

"ဘာကိုပြောနေတာလဲ သိဂီ၊ ဆရာ ဘာမှမသိပါလား၊ ဆရာ မနက်ကမှ မြောင်းမြက ပြန်ရောက်တာ"

"ဟင် ... ဒါ ... ဒါဆို စန္ဒာကရော"

"မြစန္ဒာတောင် ဆရာပြန်ရောက်တာ မသိသေးဘူး။ အဲဒါဖုန်းဆက်ရင် ဆရာရောက်ပြီ ပြောလိုက်ပါလို့ ဝင်လာပြောတာ။ သိဂီပြောတဲ့ကိစ္စက ဘာလဲဟင်"

"ဟာ ... ဒုက္ခပါပဲ"

သိဂီက မျက်စိမျက်နှာပျက်ပြီး ဘာဆက်ပြောရမည်မသိ ဖြစ်သွား၏။

"ဆရာ တကယ်မသိဘူးလားဟင်"

"ဘာကိုလဲ သိဂီ"

"စန္ဒာ့ကိစ္စလေ"

"ဟင့်အင်း ... ဆရာ ဘာမှမသိဘူး၊ မြစန္ဒာ ဘာဖြစ်လို့လဲ သိဂီ"

သိဂီက သက်ပြင်းရှည်ကို ချသည်။ ဆရာ့ကို ဘယ်လိုပြောရမည်ဟု စကားစကို ကြိုးစားရှာ၏။

"သိဂီ ... သိဂီက ဆရာနဲ့ပဲလို့ ထင်ထားတာ။ အခုတော့ သူတို့ပြောတာတွေ မှန်နေပြီပေါ့။ အထူးအဆန်းတွေတော့ ဖြစ်ကုန်ပြီ"

"သိဂီ"

သူ သိဂီမျက်နှာကိုကြည့်ရင်း ခေါ်လိုက်၏။

"ဆရာ့ကို အစကနေပြီး ရှင်းရှင်းပြောပါကွယ်"

"သိဂီ ဆရာ့ကို ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး။ ဒီလို ဆရာရယ်၊ စန္ဒာလေ ... စန္ဒာ အိမ်ကထွက်သွားတယ်"

"ဘယ်လို ... စန္ဒာ အိမ်ကထွက်သွားတယ် ဟုတ်လား၊ အိမ်နဲ့ စိတ်ဆိုးသွားတာလား"

သိဂီက ခေါင်းခါပြသည်။

"ဒီမနက်ပဲ ဆရာ၊ စန္ဒာ့အဒေါ် ကားနဲ့ရောက်လာတယ်၊ မနေ့က စန္ဒာ ဒီကိုလာသေးလား မေးတယ်။ မလာဘူးဆိုတော့ သိဂီဆီ သွားမယ်ဆိုပြီး အိမ်က ညနေက ထွက်သွားတယ်တဲ့။ ညရောက်တော့ ပြန်မလာလို့ သူ့အခန်း ဝင်ကြည့် တော့ သူ့ချစ်သူနဲ့ လိုက်သွားပါပြီဆိုတဲ့စာကို တွေ့တယ်တဲ့ ဆရာ"

သိဂီက ဆရာ့မျက်နှာကိုအကဲခတ်သလိုကြည့်လိုက်၏။ ဆရာ့မျက်နှာ ချက်ချင်း တင်းမာသွားသည်ကို သတိပြုလိုက်မိသည်။

"အဲဒါ ... အဲဒါ"

သိဂီက စကားရပ်ပြီး တံတွေးကို မျိုချ၏။

အပြင်ကိုလှမ်းငေးရင်း နားစိုက်နေသော ဆရာ့မျက်နှာမှာ နီရဲနေသည် ထင်၏။

"အဲဒါလေ ဟို ... ရဲတို့ ညီမလေးလည်း ရဲ ခရီးထွက်သွားတယ် ပြော တယ်တဲ့။ ရဲနဲ့ စန္ဒာ ထွက်ပြေးသွားတယ်လို့ သူတို့က ယူဆကြတယ်။ စန္ဒာ့ မာမီ ကတော့ ဘယ်သူ့မှ ဘာမှမမေးရဘူး ပြောထားတယ်တဲ့။ သူက ပိုသေချာ အောင် သိဂီကို လာမေးတာတဲ့။ အဲဒီတုန်းက သိဂီက စန္ဒာ ဆရာ့နောက် လိုက်သွားပြီ ထင်လိုက်တာ ဆရာရယ်။ ဒါပေမဲ့ သိဂီ သူတို့ကို ဘာမှပြန် မပြောလိုက်ပါဘူး။ ရဲနဲ့တော့ ဘယ်လိုမှမထင်မိဘူး။ ဆရာနဲ့ပဲလို့ အသေ အချာ တွက်ထားမိတာ"

"တောက် ..."

သီဂီ စကားမဆုံးခင်မှာပင် ထိန်းချုပ်ထားသည့်ကြားမှ တောက်ခေါက်သံ ထွက်သွားတော့ မိမိကိုယ်မိမိ အရှက်ရမိပြန်၏။

"ဆရာနဲ့မဟုတ်တာတော့ သေချာပါတယ် သီဂီ၊ ဆရာနဲ့ မဟုတ်ရင်တော့ မောင်ရဲအောင်နဲ့ပဲပေါ့။ ဗေဒင်တွက်နေစရာ မလိုပါဘူး"

သူ့အသံက မာဆတ်ပြီး တုန်ခါနေမည်ဟု သိ၏။ သီဂီက သူ့ကို အားတောင့် အားနာနှင့် ဘာဆက်ပြောရမည်မသိ အနေခက်နေပြီ။

"သီဂီတို့ သူငယ်ချင်းကို အစကတည်းက ဆရာ မယုံဘူး။ ပွင့်ပွင့်လင်းလင်းပြောရရင်မောင်ရဲအောင်နဲ့နေတာထိုင်တာမကြိုက်ဘူး။ဆုံးမတာလည်း မရဘူးလေ။ အခုတော့ ဆရာ့ကို သက်သက်ခုတုံးလုပ်သွားတာ။ အရှက်ခွဲသွားတာပဲ။ သူ့အိမ်က မရိပ်မိအောင် သက်သက်ဆရာ့ကို ဓားစာခံတွဲတာမျိုးပဲ။ ဆရာတော့ မိန်းမတွေကို ကြောက်သွားပါပြီ သီဂီ"

သီဂီက ဆရာ့ကို ကြည့်ရုံသာ ငေးကြည့်နေမိသည်။

"ကဲ ... သွားမယ် သီဂီ၊ သစ္စာတရားမရှိတဲ့သူနဲ့ စောစောလမ်းခွဲရတာပဲ ကောင်းပါတယ်"

ကုလားထိုင်ပေါ် လက်တင်ကာ လက်ဝါးနှစ်ဖက်လုံးဖြင့်ပုတ်ပြီး ထိုင်ရာမှ ထရပ်လိုက်၏။

အပေါက်ဝအထိ သီဂီက လိုက်ပို့မိသော်လည်း ဘာစကားမျှ မဆိုဖြစ်။

"သွားမယ် ... သီဂီ"

"ဟုတ် ... ဟုတ်ကဲ့ ဆရာ ..."

ကားတံခါးကို ဆွဲပိတ်သံ ချိုင်းခနဲကို ကြားလိုက်ရ၏။

■

ရင်ထဲမှာ လောင်မြိုက်သည့်မီးက အတိုင်းမသိ ကြီးမားလွန်းသည်။ ရက်စက်တဲ့မိန်းမ၊ စိမ်းကားတဲ့မိန်းမဟု ရင်ထဲက တဖွဖွ မြည်တမ်းမိသည်။ သက်သက် အကစားခံရပါကလားဟု နာကြည်းဒေါသထွက်၏။ ပတ်ဝန်းကျင်ကစကားတို့အတိုင်းသားပြန်ကြားယောင်မိပြန်သည်။မြစန္ဒာနဲ့မောင်ရဲအောင်

က ငယ်ရည်းစားတွေ၊ သူ့မှာမီမကျေမနပ်ဖြစ်လို့ ကွဲကြရတာတဲ့။ ကွဲကြရတာ မဟုတ်နိုင်ဘူး၊ မတွဲဘဲနေကြတာ။ ပတ်ဝန်းကျင်က တစ်မျိုးမြင်အောင် သူ့မှာမီက ယုံလာအောင် သက်သက် သူ့ကိုမားစာခံအဖြစ် ချစ်သူရွေးခဲ့တာပါလား။ တွေးရင်းတွေးရင်း ရင်ထဲမှာနင့်လာသည်၊ ခံပြင်းစိတ်နှင့် ကြေကွဲသည်။

လုပ်ရက်လေခြင်း လုပ်ရက်လေခြင်းဟု စဉ်းစားရင်း မကျေမနပ်ဖြစ်ကာ ရင်ထဲက တမြည့်မြည့်နှင့် နာသည်။ တကယ်ဆို အိမ်ကပေးစားလို့ မိဘသဘောတူသူကို ဖွတ်မိုတ်ပြီး ယူလိုက်တယ်ထား။ သည်လိုနာကြည်း၊ ခံပြင်း၊ ကြေကွဲဝမ်းနည်းမိမည်မထင်။ ဩော် ... ချစ်ရက်နဲ့ သူ့ခများဟု သူ့အတွက် စာနာတွေးနှင့်ဝေးရသော်လည်းလွမ်းနေမိမည်သာ။ တမ်းတသတိရနေမိမည်သာ။

ခုတော့ ကြည့်စမ်း ...။ ချစ်သူနောက်ကို လိုက်သွားပါပြီတဲ့။ မညာမတာ မထောက်အထား ငါ့သိက္ခာတရားကို ချေဖျက်သွားတဲ့ မိန်းမ၊ မြစ်နဲ့တူတဲ့ မိန်းမ။ လှေနဲ့ မြင်းနဲ့တူတဲ့ မိန်းမ။ အစကတည်းက ပေါ့ပေါ့တွေး၊ ပေါ့ပေါ့နေ၊ ပေါ့ပေါ့တန်တန် ကလေးတွေပဲလို့ ထင်မိရက်နဲ့ တွယ်မက်မြတ်နိုးခဲ့မိတာ ဝဋ်ကြွေးပါလို့ပဲ ထင်ရဲ့။

တစစ တဖြည်းဖြည်းနဲ့ ဝတ်ပုံစားပုံ နေပုံထိုင်ပုံကအစ ပုံသွင်းယူလို့ ရမယ်ထင်ခဲ့တာ။ စည်းနဲ့စနစ်နဲ့ မိန်းမပီပီ သိက္ခာရှိရှိ လူကြီးဟန်ရှိလာအောင် ပြုပြင်မယ် စဉ်းစားမိခဲ့တာ ဘာမှအရာမရောက်ပါလား။ အလကားမိန်းမ။

အရက်စက် အခက်ထန်ဆုံးစကားတို့ဖြင့် စွပ်စွဲအော်ဟစ်ပစ်လိုက်ချင်သည်။

ကျောင်းသားဘဝက စာဆိုစာ၊ ဘာမှစိတ်မဝင်စားခဲ့။ အလုပ်ထဲရောက်တော့လည်း အလုပ်မှအလုပ် တကုပ်ကုပ်နှင့် ကြိုးစားသူ။ ဆေးလိပ်က အစ ကွမ်းတောင်မှမစား။ အသောက်အစား၊ အပျော်အပါး ဝေလာဝေး။ အေးဆေးသူ တည်ငြိမ်သူ၊ စည်းစနစ်ကြီးသူဟု လူကြီးတွေ ချီးမွမ်းခံဘဝနှင့် နေလာခဲ့တာ မြစန္ဒာကိုတွေ့မှ သိက္ခာကျရပါပြီဟု ယူကျုံးမရတွေးရင်း ခံစား

လိုက်ရ၏။ ဘယ်မိန်းမနှင့်မျှ လက်ပွန်းတတီး ရင်းရင်းနှီးနှီးမနေခဲ့တာ။ မြစန္ဒာ သစ္စာဖောက် ရက်စက်သွားနိုင်အောင်လို့ပဲလား။

လုပ်ရက်လိုက်တာ မြစန္ဒာရယ်။

ပြုသူအသစ်၊ ဖြစ်သူအဟောင်းဆိုပေမဲ့ ဘဝလမ်းကြောင်းမှာ အနာတရဖြစ်အောင် အချစ်ဒဏ်ရာပေးခဲ့သူအတွက် ဒီတစ်သက် ကျေနိုင်ရိုးလား မြစန္ဒာ။ ဒီတစ်သက်မှာ ကျေနိုင်ရိုးတဲ့လား။

■

သောကြာနေ့မနက်မှာ အမှတ်မထင် သတင်းစာလှန်မိတော့ သမီးအဖြစ်မှ စွန့်လွှတ်ခြင်းဆိုတာ တွေ့ရပြန်သည်။ ချစ်သူပဲလေ၊ သူ့အတွက် ဝမ်းနည်းစရာ၊ စိတ်မကောင်းစရာလို ခံစားလိုက်ရဖို့ ကောင်းသား။ ဒါပေမဲ့ ရင်ထဲကအနာက ဒေါသစိတ်ကိုနှိုးဆွသည်။ မုဒိတာတရားနှင့် ရှုကြည့်ပါလား ရယ်လို့ အသိတရားက မဝင်နိုင်။ အကုသိုလ်ဆိုတာ ချက်ချင်းဝင်တတ်တာပဲ ဟု မကျေနပ်သင့်ပဲ ကျေနပ်တွေးတို့ တွေးလိုက်မိသေး။ ရင်ထဲမှာတော့ အလျှံညီးညီးနှင့် မီးတောက်က ကြီးနေဆဲ။

ရုံးသွားရမှာကို ရှက်နေသည်။ အလိုလို လိပ်ပြာကငယ်နေသည်။ မလုံမလဲစိတ်က ဖြစ်နေသည်။ လူတို့၏သာမန်အကြည့်သည်ပင် မိမိကို လှောင်နေသလား ထင်ဆဲ။

မြစန္ဒာနှင့် မိမိတို့တွဲနေခဲ့သည်ကို တစ်ရုံးလုံးအသိ။ မြစန္ဒာကို ဘယ်သူ့သမီးဟု ပိုပြီးစိတ်ဝင်စားလေတော့ အားလုံးက သတိထားမိကြသည်။ အခုကိစ္စမှာလည်း စိတ်ဝင်တစားနှင့် သတိထားမိပေဦးမည်။ မေးကြ စမ်းကြဦးမည်။ သနားကြင်နာစကား၊ သနားသောအကြည့်တို့ဖြင့် မိမိကို လှောင်ပြောင်ကြပေဦးမည်။

ဖြစ်နိုင်လျှင် ချက်ချင်းပင် ရန်ကုန်က ထွက်သွားလိုက်ချင်၏။ မိမိက ဝန်ထမ်းပဲ၊ စည်းကမ်းကို ရိုသေလိုက်နာခဲ့သူပဲ။ စည်းကမ်းမဲ့လို့ ဘယ်ဖြစ်မလဲ ဟု သိက္ခာတွေးကိုတွေးရင်း ရုံးကိုမနက်သွားပြီး ခွင့်တင်မည် ဆုံးဖြတ်၏။

ရုံးရောက်တော့ ခင်မောင်သန်းက ချက်ချင်းမေးတော့သည်။

"မင်း သတင်းစာဖတ်ပြီးပြီလား"တဲ့။

"သူငယ်ချင်း အဲဒီအကြောင်း ငါ့ကို ဘာမှမမေးပါနဲ့ကွာ၊ အခု ငါရုံးကို လာတာ ခွင့်တင်မလို့၊ ခွင့်တင်ပြီးရင် ခရီးထွက်မယ်၊ ငါ ရန်ကုန်မှာ မနေချင်တော့ဘူး"

"မင်းက ဘယ်လျှောက်သွားမလို့လဲ"

"ငါ မန္တလေးသွားမယ်ကွာ၊ ဟိုရောက်မှ စိတ်ကူးရရာ ဆက်သွားမယ်"

ခင်မောင်သန်းကို သူပြောရင်း သက်ပြင်းကို ခပ်လေးလေးချမိ၏။ ခင်မောင်သန်းက သူ့ကို ဘာမှဆက်မပြောတော့။

ခွင့်စာပုံစံတစ်ခုကို ဖြည့်ပြီး မင်းပဲ တင်ထားပေးကွာဟု ပြောလျက် ရုံးက ထွက်လာခဲ့သည်။

■

စိဉ္စမာနအကြောင်း၊

သူယောနန္ဒီအကြောင်း၊

မိဖုရား စောဉမ္မာအကြောင်း၊

မြတ်စွာဘုရားကိုပင် ယုတ်မာသောအကြံဖြင့် စွပ်စွဲအသရေဖျက်ခဲ့သော မိန်းမ ရှိခဲ့ဖူးသည်။

အာခံတွင်းမှာ ငုံထားပါလျက် ဝိဇ္ဇာထိုရ်နှင့် ဖောက်ပြန်သော သူယောနန္ဒီလို မိန်းမ ရှိခဲ့ဖူးပါသည်။

တရဖျားမင်းက အသက်နှင့်ထပ်တူ ချစ်ကြည်ဖြူလျက် ငယ်ကျွန်နှင့် ရွှေလည်တွဲပြီး နန်းတက်ရဲသည့်မိန်းမ၊ စောဉမ္မာ ရာဇဝင်မှာ ရှိခဲ့ဖူးသည်။

မဆန်းပါဘူးလေဟု ဖြေတွေးတွေးသော်လည်း အပူက တစ်စမလျော့။ မာနတရားနှင့် သိက္ခာကို အစော်ကားခံရပြီဆိုသော အသိကြောင့် ခွင့်လွှတ်တွေး မတွေးနိုင်။ ရင်ထဲက အစိုင်အခဲက မပြေချင်။

သောကြာနေ့ ညရထားနှင့် မန္တလေးကို ထွက်လာခဲ့မိသည်။

မကျေမနပ် အတွေးတို့ဖြင့် ရထားပေါ်မှာ တစ်ရေးမှု အိပ်လို့မပျော်ပေ။ စက္ကန့်တိုင်း မတွေးဖြစ်သည်မရှိ။ တွေးမိတိုင်း ခံပြင်းဒေါသဖြင့် ရင်ထဲက နာရပြန်သည်။



## ၁၅

လှမြင့်ထွန်းကို အိမ်မှာ အဆင်သင့်တွေ့ရသည်။ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်တွေမှာ လှမြင့်ထွန်း အပြင်သိပ်မထွက်တတ်မှန်းတော့ သိ၏။

"ဟာ ... သူငယ်ချင်း ဘယ်လိုလဲ ဆိုင်းမဆင့် ဗုံမဆင့်"

အိမ်ရှေ့မှာ သူ့ကိုမြင်တော့ လှမြင့်ထွန်းက ပြေးလာကြိုသည်။ လှမြင့်ထွန်းကို ဘာမှပြန်မပြောမိသေး။

"မူမူရေ ဟောဒီမှာ ဧည့်သည်လာတယ်ကွ"

အိမ်ထဲကို လှမ်းအော်ပြောလိုက်၏။

အိမ်ထဲကထွက်လာသည့် လှမြင့်ထွန်းဇနီးကို လှမ်းမြင်ရသည်။ ကလေးက လုံချည်စကိုဆွဲပြီး နောက်ကလိုက်လာ၏။

"ဟာ ... ကိုနေမျိုးကြီးပါလား၊ ဘယ်မှာလဲ အမျိုးသမီး၊ ဟန်းနီးမွန်းလာခဲ့ကြမယ် ပြောထားတယ်ဆို"

ပြောပြောဆိုဆို ဧည့်ခန်းထဲရောက်လာ၏။

မူမူ့စကားက နှလုံးသားကို ဓားဖြင့်မွှန်းသည်သို့ နာကျင်ရပြန်သည်။

"ဟုတ်သားပဲကွ ... အမျိုးသမီး ဘယ်မှာလဲ၊ လက်မထပ်ရသေးဘူးလား"

ဧည့်ခန်းမှာထိုင်မိတော့ လှမြင့်ထွန်းက ထပ်မေးပြန်သည်။ ဟန်းဘက်ကို ဘေးမှာပစ်ချလိုက်ပြီး ကုလားထိုင်မှာ စိတ်မောလူမောနှင့် ပစ်ထိုင်ချလိုက်၏။

"လင်နောက်လိုက်သွားပြီကွ၊ ဒါကြောင့် စိတ်ပြေလက်ပျောက် ထွက်လာခဲ့တာ"

"ဟာ...ကိုနေမျိုးကြီးကလည်းနောက်နေပြန်ပါပြီ၊အားနာစရာမရှိတာ၊ ခေါ်လာရင်ပြီးရော"

သူနောက်နေသည်အထင်နှင့် မူမူက ပြောပြန်သည်။

နောက်ဖေးမှာ သွားကစားချေ၊ မေမေလာခဲ့မယ်။ သွား ... သွားဟု သားငယ်ကို ပြောလိုက်ပြန်၏။ ကလေးက နောက်ဖေးထွက်သွားသည်။

"တကယ်ပြောတာ သူငယ်ချင်း၊ မြစန္ဒာ လင်နောက်လိုက်သွားပြီ၊ သတင်းစာမှာတောင် သူ့အိမ်က စွန့်လွှတ်ခြင်း ကြော်ငြာထားသေးတယ်"

"တကယ်ပြောတာလား သူငယ်ချင်း"

"ဪ ... တကယ်ပါကွာ"

"ဟာ ... နောက်နေတယ်ထင်လို့"

မူမူက အားနာဟန်ဖြင့် စကားဆိုသည်။

"အေးလေ ... ငါကိုယ်တိုင်တောင် အံ့သြရသေးတာပဲ။ မင်းတို့လည်း အံ့သြတာမဆန်းပါဘူး။ငါမြောင်းမြကိုအလုပ်နဲ့သွားနေတဲ့ရက်မှာလိုက်သွားတာကွ"

"ကြေးမုံမှာ ပါတာထင်တယ်။ အိမ်က လုပ်သားယူတော့ ကြော်ငြာလည်း မတွေ့ဘူး"ဟု လှမြင့်ထွန်းက ဆက်ပြောသည်။

"စကားပြောကြဦး၊ ချက်လိုက်ပြုတ်လိုက်ဦးမယ်"

မူမူက ဧည့်ခန်းထဲက ထွက်သွားသည်။

"ဘယ်သူနဲ့လဲ"ဟု လှမြင့်ထွန်းက မေးသည်။

"မောင်ရဲအောင်လေ၊ ဟိုတစ်ခေါက် မင်း လာတုန်းကတောင် ငါပြောသေးတယ်။ အဲဒီကောင်လေးနဲ့ သိပ်ရင်းနှီးလွန်းတယ်၊ အနေအထိုင်ဆင်ခြင်ဖို့ ဆုံးမရသေးတယ်လို့လေ"

"အင်း ... မှတ်မိပြီ၊ အရင်က ဘာလိုလို ဖြစ်ခဲ့သေးတယ်ပြောတဲ့ တစ်ယောက် မဟုတ်လား"

"အင်း"ဟု သူခေါင်းညိတ်သည်။

"မင်း တော်တော်ခံစားနေရလား"

အမေးကြောင့် လှမြင့်ထွန်းမျက်နှာကို သူကြည့်လိုက်မိသည်။ လှမြင့်ထွန်းကတော့ သူ့ကိုပြုံးရင်း ကြည့်နေ၏။

"ခံပြင်းတာက ပိုမယ်ထင်တယ်၊ မိန်းမတွေကိုလည်း တော်တော်လေး စိတ်ကုန်သွားတယ်ကွာ"

■

"မင်းစိတ်ကုန်သွားမယ်ဆိုတာငါထင်တယ်၊မင်းကဘယ်တော့ဖြစ်ဖြစ် မင်းဘက်က ခြောက်ပြစ်ကင်း သဲလဲစင်နေတတ်သလို မင်းနဲ့ပတ်သက်လာရင်လည်း ခြောက်ပြစ်ကင်း သဲလဲစင်လိုချင်တယ်။ မင်းက စည်းတွေကမ်းတွေ စနစ်တွေနဲ့ လုပ်တတ်သလို သူများကိုလည်း အဲဒီလိုပဲ ဖြစ်စေချင်တယ်။ အဲဒါတွေ ဖြစ်မလာတဲ့အခါမျိုးကျတော့ စိတ်ဆင်းရဲရတာပေါ့ကွာ။ အခုလည်း မင်းဘက်က မျှော်လင့်ချက်တွေ အများကြီးထားပြီးမှ အခုလိုဖြစ်သွားတော့ စိတ်ထဲမှာတော့ ထိခိုက်မှာပေါ့ကွာ။ ဒါပေမဲ့ သူက မင်းလောက် မရင့်ကျက်သေးဘူး။ မင်းလောက် မတည်ငြိမ်နိုင်သေးဘူး ဆိုတာကိုတော့ စဉ်းစားရမယ်လေ။ သူ့ကို နာကျည်းလို့ မိန်းမတွေအားလုံးကို စိတ်ကုန်သွားပြီဆိုတာကတော့ အစွန်းရောက်တဲ့ အတွေးပဲ။ ကြေးမုံမှာ ငါကြော်ငြာတွေ့တော့ မင်းဆီကို ဖုန်းဆက်သေးတယ်။ မင်းရုံးက မင်း ခွင့်တင်သွားတယ်။ ခရီးသွားမယ် ထင်တယ်လို့ပြောတယ်။ ငါကမင်းနဲ့တွေ့ရင်စိတ်ပြေလက်ပျောက်ငါနဲ့လိုက်ခဲ့ဖို့ခေါ်မလို့၊ အခုတော့ တိုက်တိုက်ဆိုင်ဆိုင် ဒီမှာလာတွေ့တယ်"

တင်အောင်က သူ့ကို ပြောလိုက်သည်။

ည (၉) နာရီထွက်သည့် ရထားနှင့်လိုက်လာသော တင်အောင်က လှမြင့်ထွန်းအိမ်ကို နေ့လယ်ဘက် ရောက်လာသည်။ သူ့ကိုတွေ့တော့ တင်အောင် အံ့ဩသွား၏။ ငါမင်းကိုခေါ်မလို့ ရုံးကိုဖုန်းဆက်ကြည့်သေးတယ် ပြော၏။ ဘယ်သွားမှာလဲဆိုတော့ မန္တလေးကနေ ပုဂံကိုသွားမယ် ပြော၏။ ပုဂံမှာ

ဇာတ်လမ်းအတွက် ကြည့်စရာအချက်အလက် ယူစရာလေးတွေရှိလို့ဟု ဆိုသည်။

တင်အောင့်စကားအပြတ်မှာ လှမြင့်ထွန်းက ရေနွေးကြမ်းကို ပန်းကန်ထဲသို့ငှဲ့ထည့်ပေးနေ၏။ လှမြင့်ထွန်းအိမ်ရှေ့မှာချထားသောစားပွဲပုကလေးမှာ သူတို့ဝိုင်းထိုင်ဖြစ်သည်။ ကျနေရောင်သည် ပန်းအိချုံပေါ်သို့ ဖြာကျနေဆဲ။

"ဘယ်လိုလဲ အသည်းကွဲလာတယ်ဆိုပြီး ရေနွေးကြမ်းသောက်ပြီး ရင်ဖွင့်တော့မှာလား၊ အရက်ကလေး ဘာလေး မသောက်ချင်ဘူးလား"

တင်အောင်က ရယ်ပြီးနောက်၏။

"သူငယ်ချင်းရယ် ... ကိုယ်က အရင်ကတည်းက ဆေးလိပ်တောင်မှ မသောက်တတ်ဘဲ၊ ကိုယ့်ကိုယ်ကိုယ် အသန့်စင်ဆုံးဖြစ်အောင် နေခဲ့တဲ့လူ။ မိန်းမတစ်ယောက်အတွက်နဲ့တော့ ဘယ်တော့မှ အရက်မသောက်ဘူး။ အရင် သောက်တတ်ခဲ့ရင်တောင် အခုလို ပြဿနာဖြစ်တဲ့အချိန်မျိုးမှာ မသောက်ဘဲ နေပစ်လိုက်မယ်။ သူ့အတွက်ကြောင့်တော့ ကိုယ့်ဘဝကို ဆုတ်ယုတ်နစ်နာမယ့် ကိစ္စကို ငါဘယ်တော့မှ မလုပ်ဘူး"

သူ့စကားကို နားထောင်ရင်း တင်အောင်နှင့် လှမြင့်ထွန်းက ရယ်နေကြသည်။

"အရွယ်ရဲ့ ကွာဟမှုဟာလည်း နားလည်မှုမှာ အရေးကြီးတဲ့အချက်ပဲကွ"

"မင်းကလည်း နေမျိုးနဲ့ သူ့ကောင်မလေးက ငါးနှစ်လောက်ပဲ ကွာတာပါကွ"ဟု လှမြင့်ထွန်းက တင်အောင်ကို ပြောသည်။

"အသက်ကသာ ငါးနှစ်ကွာတာကွ၊ ဒီကောင်နေတာထိုင်တာက ဆယ်နှစ်၊ ဆယ့်ငါးနှစ်ကွာသလို လူကြီးလိုနေတာ၊ တွေးတာ။ ဟိုကတော့ လူငယ်တွေးပဲ တွေးမှာပေါ့"

"အင်း ... ဒါတော့ဟုတ်တယ်၊ မင်း နေပုံထိုင်ပုံ တွေးပုံမြင်ပုံက သိပ်ပြီး ရှေးလူကြီးဆန်တယ်"

"ဒီလောက်လည်း မဟုတ်ပါဘူးကွာ။ မင်းတို့က ဒါကြောင့် ငါ့ကိုပစ်သွားတယ် ထင်လို့လား"

သူ့ကိုလှမြင့်ထွန်းနှင့်တင်အောင်တို့နှစ်ယောက်စလုံးကပြိုင်တူကြည့်နေကြရင်း....

"ဒါအဓိကနေမှာပေါ့"ဟု တင်အောင်က ပြောသည်။

"မင်းက ကျောင်းဆရာလုပ်ပေမဲ့ တကယ့်ကျောင်းဆရာမဟုတ်ဘူး။ တစ်ပတ်မှာ တစ်ရက်ပဲသင်ရတဲ့ အင်ဂျင်နီယာကနေပြီး စာသင်ပေးရတဲ့ဆရာ။ ဒီတော့ မင်းကျောင်းသားတွေကို တကယ့်ဆရာတွေလို နားလည်ချင်မှ နားလည်မှာ။ ပြောချင်တာက ဒီနေ့လူငယ်တွေကို နားလည်ချင်မှာ နားလည်မှာ။ ပြီးတော့ မင်းကိုယ်တိုင်က ရှေးရိုးရှေးဟန် ရိုးရိုးစင်းစင်းကို သဘောကျလက်ခံထားတဲ့သူ။ သူတို့ နေတာထိုင်တာ ပြောတာဆိုတာကို ပေါ့ပျက်ပျက်ကလေးကလားလို့ ထင်ချင်ထင်မှာ၊ ဒီအတွေးမျိုး အမြင်မျိုးနဲ့ မင်း ကောင်မလေးကိုလည်း မင်းက ဆုံးမချင် ဆုံးမနေမှာပေါ့။ မင်းကတော့ မင်းကောင်မလေးကို ရင့်ကျက်တည်ငြိမ်စေချင်မှာပဲ။ ဒါပေမဲ့ အဲဒါကို သူကချုပ်ချယ်တယ်၊ တင်းကျပ်တယ်၊ စည်းကမ်းကြီးတယ်၊ ယူဆထားသလားမှ မသိတာ"

လှမြင့်ထွန်းက ရေနွေးပန်းကန်ကို ကောက်ယူရင်း သူ့ကိုလှမ်းပြော၏။

"ဘာဖြစ်ဖြစ် ငါ့ကို သစ္စာဖောက်သွားတယ်ဆိုတာတော့ မင်းတို့ငြင်းဦးမလား၊ လူငယ်မို့ သစ္စာဖောက်သွားတာကို ခွင့်လွှတ်စရာပါလို့ မင်းတို့ ပြောဦးမှာလား"

"မင်း သူ့ကို စိတ်နာနေလား"

သူ့အမေးကို ဘယ်သူကမျှ ပြန်မဖြေဘဲ တင်အောင်က သူ့မေးခွန်းတစ်ခု ပြန်မေးသည်။

"အမှန်အတိုင်းပြောရရင် ငါတကယ်နာတယ်။ ငါ့ဘဝမှာ တစ်ဖက်သားအပေါ်ကို ဘယ်တော့မှ စိတ်ယုတ်မာမမွေးခဲ့ဖူးဘူး၊ ချစ်သူတစ်ယောက်အပေါ်မှာ ဘယ်တော့မှ သစ္စာဖောက်ဖို့ မကြံစည် မတွေးတောခဲ့မိဘူး။ ငါက အဲဒီလောက် ဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်းစိတ် ထားပါလျက်နဲ့ ငါ့အပေါ်မှာ စိမ်း

စိမ်းကားကား လုပ်သွားတာကို ခံပြင်းတယ်ကွာ။ တကယ်ဆို ငါ့ကို အဆက် အသွယ် ဖြတ်ပါလား။ ဖြတ်ပြီးမှ သူကြိုက်တဲ့သူကို သူယူပေါ့ကွာ။ အခုဟာက သက်သက်ကို ခုတုံးလုပ်သွားတာ၊ အရင်က ငါ့ကို လာပြောကြတဲ့ စကားတွေ ကို ငါမယုံခဲ့ဘူး။ သူမှာမီက ရဲအောင်နဲ့ သဘောမတူလို့ ရဲအောင်နဲ့ မဟုတ်ပါ ဘူးဆိုတာ ယုံအောင် ငါ့ကို သက်သက်ဟန်ပြတွဲတာလို့ ငါ့ကိုပြောတဲ့သူက လာပြောတယ်။ အခုတော့ အဲဒီစကားမှန်နေပြီလေ၊ ငါ့အပေါ်မှာ အဲဒီလိုလုပ် သွားတဲ့ မိန်းမတစ်ယောက်ကို ငါ နာကြည်းတာ လွန်သလားကွာ၊ ငါ ဘယ် တော့မှ ကျေမှာမဟုတ် ဘူး သူငယ်ချင်း"

လှမြင့်ထွန်း အမျိုးသမီး မှုမှုရောက်လာပြီး ထမင်းဝိုင်းပြင်ထားပြီ ပြော သည်။ ထမင်းစာရန် သူတို့ ထလိုက်ကြ၏။

■

"ဘာဖြစ်ဖြစ်ကွာ … ရင်ထဲမှာခံစားရတာကတော့ ခံစားရမှာပဲပေါ့။ ဒါပေမဲ့ နာကြည်းအောင်၊ မုန်းတီးအောင်တော့ ရင်ထဲမှာထားပြီး အမှတ်မထား သင့်ဘူး ထင်တယ်။ မထင်မှတ်တာတွေ ဖြစ်တတ်တာ လောကဓမ္မတာပါပဲ လေ။ အခုလည်း မမျှော်လင့်ထားတဲ့ ဖြစ်ရိုးဖြစ်စဉ်တစ်ခု ဖြစ်သွားတယ်လို့ပဲ တွေးထားလိုက်ပါတော့ကွာ။ လူတိုင်းဟာ ဒီလိုပဲ အရှုံးနဲ့ ရင်ဆိုင်ရတတ် တာပဲ"

ထမင်းစားပြီး လက်ဖက်ရည်ဝိုင်းအရောက်မှာ တင်အောင်က စပြီး ဆုံးမသည်။ လက်ဖက်ရည်ကြမ်းတစ်ခွက်ကို ကောက်ယူမော့ရင်း တင့်အောင် စကား ကို နားစွင့်နေလိုက်၏။

"ဟုတ်တယ် … တင်အောင်ပြောတာ မှန်တယ်။ လူဆိုတာ အရှုံးနဲ့ ရင်မဆိုင်ဖူးတဲ့သူရယ်လို့ ဘယ်ရှိမှာလဲ။ အရေးကြီးတာကတော့ ရှုံးတဲ့အခါမှာ အားငယ်တတ်တာ၊ အနိုင်ယူသွားတဲ့သူ အပေါ်မှာ မကျေမနပ်ဖြစ်တတ်တာ စတဲ့ မကောင်းတဲ့စိတ်တွေ ဝင်လာတတ်တယ်ကွ။ နာကြည်းခံပြင်းတာ စတဲ့ ဒေါသစိတ်တွေလည်း ဖြစ်တတ်တာပေါ့ကွာ။ အဲဒီလိုဖြစ်လာတဲ့အချိန်မှာ

ကိုယ်ပဲ ပင်ပန်းရမှာ၊ ကိုယ်ပဲ စိတ်မောကိုယ်မောရမှာ၊ ကိုယ်ပဲ ပူလောင်ရမှာပဲ"

လှမြင့်ထွန်းက တင်အောင့်စကားကို ထောက်ခံပြီးပြောသည်။ မူမူက လက်ဖက်သုပ်ယူလာပြီး စားပွဲပေါ် တင်ပေးလိုက်၏။ လိုတာရှိပြောနော်ဟု မှာပြီး ကလေးဆီ ပြန်ထွက်သွားသည်။

တင်အောင်က လက်ဖက်တစ်ဇွန်းကို ခပ်ပြီးစားလိုက်သည်။ ပြီးတော့ ဒီမှာ နေမျိုးဟု သူ့ကို ခေါ်၏။ သူ တင်အောင့်မျက်နှာကို စူးစိုက်ကြည့်သည်။

"ကြီးကြီးကျယ်ကျယ် ပြောတယ်တော့ မထင်နဲ့ပေါ့ကွာ။ ငါ စာအုပ်ထဲမှာ ဖတ်ဖူးတယ်ကွ"

"ပြောပါကွာ၊ မင်းက စာရေးဆရာပဲ ... မင်းပြောတာ ယုံရမှာပေါ့"

လှမြင့်ထွန်းက နောက်သည်။

"ယောက်ျားကောင်းတစ်ယောက်မှာ အင်္ဂါ (၆) ပါးရှိရမယ်တဲ့"

"အင်း ... ဆိုပါဦး"

လှမြင့်ထွန်းက ထောက်ပေး၏။

"ဦးခေါင်းထက်မှာ မြတ်စွာဘုရားရဲ့ခြေတော်နဲ့ တန်ဆာဆင်ရမယ်တဲ့။ နားနှစ်ဘက်မှာ ဗဟုသုတနဲ့ တန်ဆာဆင်ရမယ်တဲ့။ ခံတွင်းမှာ သစ္စာစကားနဲ့ တန်ဆာဆင်ရမယ်တဲ့။ လက်နှစ်ဖက်မှာ လှူဒါန်းပေးကမ်းခြင်းနဲ့ တန်ဆာဆင်ရမယ်တဲ့။ လက်ရုံးနှစ်ဘက်မှာ အောင်မြင်ခြင်းနဲ့ တန်ဆာဆင်ရမယ်တဲ့။ အဲ... ပြီးတော့ စိတ်နှလုံးမှာတော့ ရဲရင့်ခြင်းသတ္တိနဲ့ တန်ဆာဆင်ရမယ်လို့ ဆိုတယ်ကွ။ အဲဒါမှ ယောက်ျားကောင်း ယောက်ျားမြတ်ဖြစ်တယ်တဲ့"

ပြီး စကားဆက်သည်။

"အဲဒီနှလုံးသားမှာ ရှိရမယ်ဆိုတဲ့ သတ္တိတရားဟာ စိတ်ဓာတ်သတ္တိကို အဓိကပြောချင်တာပဲလို့ ငါယူဆတယ်လေ။ စိတ်ဓာတ်သတ္တိမှာလည်း ဆုံးရှုံးရတဲ့အခါ ရဲရဲဝံ့ဝံ့ရင်ဆိုင်ရဲတဲ့သတ္တိမျိုးပေါ့ကွာ။ ကြံ့ကြံ့ခံနိုင်တဲ့ စိတ်မျိုးရှိဖို့ပေါ့ကွာ။ အဲဒါက အရေးကြီးတာပဲ"

သူငယ်ချင်းတို့၏ စကားသည် ရင်ထဲသို့ ကိန်းဝပ်တည်မှီသည်။ မကျေနပ်စိတ်၊ ခံပြင်းစိတ်နှင့် ဒေါသစိတ်တို့ မိမိရင်မှာ ဗလောင်ဆူနေပါလားဟု ဘာသာသိ၏။ သို့တိုင်လျက် မြစန္ဒာအပေါ် ခွင့်လွှတ်တွေးကို မတွေးနိုင်၊ နာကြည်းစိတ်ကို ဖြေလျှော့၍မရနိုင်။

"မင်းတို့က မခံရတော့ ဘယ်လောက်ခံပြင်းတယ်ဆိုတာ သိချင်မှ သိမှာ" ဟု သူတီးတိုးပြောသည်။

"သိပါတယ် ဖိုးနေမျိုးရယ်၊ ငါတို့လည်း ကိုယ်တိုင်မခံစားဖူးပေမဲ့ စွဲလမ်းဖူးတဲ့အရာတစ်ခု ဆုံးရှုံးရတာဟာ"

"မဟုတ်သေးဘူး သူငယ်ချင်း၊ စွဲလမ်းရတဲ့ အရာတစ်ခု ဆုံးရှုံးရတာက တစ်မျိုး၊ ဒီထက်လည်းပိုတယ်။ ငါ့ကို မြစန္ဒာက ဟန်ဆောင်ချစ်ပြီး ခုတုံးလုပ်သွားခဲ့တာ။ ငါ့ရဲ့ရိုးသားမှု၊ အေးဆေးမှုကို သူသက်သက် စော်ကားသွားတာ။ ငါ့ သူ့ကို ပရိုပို့စ်လုပ်ထားတာ ကြာပြီပဲ။ တကယ်မချစ်ရင်လည်း မချစ်ဘူးငြင်းပါလားကွာ။ ရဲအောင်နဲ့ သူနဲ့ မဟုတ်တော့ပါဘူးဆိုတာ သူ့မှာမီမသိအောင် ငါ့ကို တန်ဆာခံလုပ်၊ ချစ်ဟန်ဆောင်ပြီးတော့ အခုလိုလုပ်သွားတာ ငါဘယ်လိုလုပ် ခွင့်လွှတ်မှာလဲ"

ပြောရင်းပြောရင်း အသည်းထဲက နာလာသည်ထင်ရ၏။ ရင်ထဲက ဒေါသတရားက အုံ့ကြွလာသည်။

"အေးပေါ့ကွာ၊ ချက်ချင်းတော့ ဘယ်စိတ်ကျေမှာလဲ"

ဟု လှမြင့်ထွန်းက ပြောသည်။

"မင်း ဒီလိုလုပ်ကွာ၊ မနက်ဖြန် မနက်စောစော ငါ ပုဂံသွားမယ်၊ လိုက်ခဲ့၊ စိတ်ပြေလက်ပျောက်ပေါ့၊ ငါလည်း အဖော်ရတာပေါ့"

တင်အောင်က ပုဂံကိုလိုက်ဖို့ခေါ်သည်။

"အင်း ... ကောင်းသားပဲ"

အလွယ်တကူပင် ပုဂံလိုက်သွားရန် ဆုံးဖြတ်လိုက်သည်။

ဘာဖြစ်ဖြစ် ဘုရားရိပ်တရားရိပ်သည် အေးမြလေမည်ဟု သူယုံကြည်၏။

"အေးပေါ့ကွာ၊ ရည်းစားတစ်ခါထားဖူးပြီး ဒီတစ်ခါမှာပဲ ဒီလိုဖြစ်သွားတယ်ဆိုတော့ မင်း ခံစားရမှာပေါ့၊ ဒါပေမဲ့ အမှတ်အလေးကြီးထားပြီး လောကကိုပါ စိတ်နာတဲ့အထိတော့ မဖြစ်သင့်ပါဘူး"

"လောကကို ငါစိတ်မနာပါဘူး၊ မြစန္ဒာကိုတော့ စိတ်နာတာအမှန်ပဲ"

ရင်ထဲမှာရှိသည့်အတိုင်း သူ ပြောချလိုက်သည်။

"ဘုရားရိပ် တရားရိပ်ကို ခိုလိုက်ရင် မင်းစိတ်တွေ ငြိမ်းချမ်းသွားမှာပါကွာ။ ပုဂံရောက်ရင် မင်းမြစန္ဒာအပေါ် အငြိုးပြေသွားမှာပါ"

တင်အောင်က သူ့ပုခုံးကို လက်ဖြင့်ပုတ်လျက် ရယ်ရင်းပြော၏။

## ၁၆

"ဒါလားကွ ပုဂံကားဂိတ်"

မြင်းလှည်းပေါ်ကဆင်းရင်း ရဲအောင်က ခင်မောင်ကျော်ကို လှမ်းမေးသည်။

"အေး ... ဟုတ်တယ်"

မြင်းလှည်းခပေးနေရင်း ခင်မောင်ကျော်က ပြော၏။

"မြန်မြန်သွားကွ၊ ဟိုမှာတိုးရစ်တွေရောက်နေပြီ။ ဒတ်ဆန်းကဒီတစ်စီးပဲရှိတယ်။ ဒီကားမရရင် ဘတ်စ်ကားကြီးတွေနဲ့ ညောင်ဦးသွားရမှာ"

ဟု ခင်မောင်ကျော်က လျှောက်ရင်း ဆက်ပြောလာသည်။

"ဟာ ... ဒီတစ်စီးပဲလား"

"ဟုတ်တယ်ကွ၊ ငါသေသေချာချာ စုံစမ်းပြီးပြီ၊ ဒီကားက မနေ့က နေ့လယ် (၂) နာရီမှာ ပုဂံကထွက်လာတာ။ ဒီကို ညရှစ်နာရီလောက် ရောက်တဲ့ကား၊ ဒီသာစည်ကို ည (၉) နာရီဆိုက်မယ့် ရထားအမီလာတာလေ။ အဲဒီကားက ညအိပ်ပြီး အခုမနက် ပုဂံကိုပြန်ထွက်မှာ၊ ပုဂံကို (၁၁) နာရီလောက် ရောက်ပြီး တစ်ခါ နေ့လယ် (၂) နာရီမှာ သာစည်က ပြန်ထွက်မှာကွ"

"ဟေ့ကောင် ... လူတွေအများကြီးပဲကွ၊ ပြည့်နေပြီ"

သူတို့အနားကိုရောက်တော့ ကားပေါ်မှာလူတွေအပြည့်ထိုင်နေသည်ကို တွေ့ရ၏။ နိုင်ငံခြားသားများနှင့် မြန်မာများအားလုံး ရောနှောထိုင်နေကြသည်။ ကားနောက် ဝဲယာတွင် ရပ်နေသူများကိုလည်း တွေ့ရ၏။

"ခဏလေးဗျာ၊ နိုင်ငံခြားသားအားလုံးပြီးရင် လုပ်ပေးပါ့မယ်" ပုဂံလက်မှတ် နှစ်စောင်ဟု လက်မှတ်ရောင်း ဂိတ်တဲကလေးဆီသွားပြီး အပြောမှာ အထဲမှာ လက်မှတ်ရောင်းသူက ပြန်ပြောလိုက်သည်။ နိုင်ငံခြားသား တိုးရစ်များကို ရောင်းအပြီးမှာ သူတို့အလှည့်ရောက်လာ၏။

"ပုဂံသွားမှာလား" ဟု လက်မှတ်ရောင်းက လှမ်းမေးသည်။

"ဟုတ်ကဲ့ … ပုဂံနှစ်စောင်" ဆိုတော့ တစ်စောင်အစိတ်ပေါ့ဟု ပြောသဖြင့် အစိတ်တန်နှစ်ရွက်ပေးပြီး လက်မှတ်နှစ်စောင်ကို ယူလိုက်သည်။

"တိုးရစ်တွေက သုံးဆယ့်ငါးကျပ် ပေးရတယ်ကွ"

"နိုင်ငံခြားသားမို့ ဖြစ်မှာပေါ့ကွာ" ဟု ခင်မောင်ကျော်က ပြောသည်။

"ဟာ … ဘယ်နေရာကစီးကြမလဲ"

ကားနားရောက်တော့ ကားပြည့်နေပြီ။

"တက်ကြ … တက်ကြ … ခေါင်မိုးပေါ်တက်ကြ"

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြသည်။ တိုးရစ်နှစ်ယောက် ခေါင်မိုးပေါ်တက်သွားကြ၏။ ကားစပယ်ယာက ရပ်နေသည့် တိုးရစ်နှစ်ယောက်ကို ခြေဟန်လက်ဟန်ပြပြီး တက်ခိုင်းလိုက်၏။

"ကဲ … တက်မယ်ကွာ"

ရဲအောင်ကပြောပြီး ခေါင်မိုးပေါ် တက်လိုက်၏။

ခင်မောင်ကျော်က သူ့နောက်က လိုက်တက်လာသည်။ ကားအမိုးပေါ်မှာလည်း အထုပ်တွေနှင့်အပြည့်ပင်။ အမိုးပေါ်မှာ လေးယောက် ခပ်ကျပ်ကျပ်ထိုင်စရာရသည်။

ကားစထွက်တော့နောက်မှာအတွယ်ကစပယ်ယာနှင့်ပါသုံးယောက်။ နိုင်ငံခြားသား တိုးရစ်တစ်ယောက် ပါသေး၏။

ကားက ပုဂံဆီဦးတည်ပြီး စထွက်ပြီ။

■

"ဟော့ကောင် ရဲ...၊ ဘာလဲ လွမ်းနေပြီလား"

ကန်တော့ပလ္လင် အထက်ပစ္စယံမှာထိုင်ရင်း ပုဂံရှုခင်းကို ငေးကြည့်နေဆဲ ခင်မောင်ကျော်က တစ်ပတ်ပတ်လျှောက်ပြီး သူ့အနားရောက်လာကာ မေးလိုက်သည်။

"လွမ်းနေတာ မဟုတ်ပါဘူးကွာ၊ သာစည်က ပုဂံကိုကားစီးလာတော့ ပြန်သတိရနေတာပါ။ လမ်းမှာ ကားဘီးပေါက်တော့ ငါတော့ ကြွပြီအောက်မေ့နေတာ"

"နောက်ဘီးပေါက်လို့ တော်သေးတာပေါ့ကွာ။ ကားက ထိုးကျမသွားလို့"

ကျောက်ပန်းတောင်းမရောက်ခင် လမ်းမှာ ကားနောက်ဘီး ပေါက်သွားသည်။ ကားဘီးပြန်တပ်ပြီး ကားဆက်ထွက်တော့ ခင်မောင်ကျော်က အမိုးပေါ်တက်မစီးရဲတော့။ ကားနောက်က တွယ်လိုက်လာခဲ့သည်။

"မသေကောင်း မပျောက်ကောင်းကွာ၊ ကားစီးရတာ အန္တရာယ်များလိုက်တာ"

"အခုအချိန် မင်းသေရင်လည်း ကျွတ်မှာမဟုတ်ဘူးထင်တယ်။ မြစန္ဒာကို ဒီလောက်ထိ စွဲလမ်းနေတာ"

မြစန္ဒာနှင့်ပတ်သက်သည့် ခံစားချက်များကို ခင်မောင်ကျော် တစ်ယောက်တည်းကိုသာ နောက်ပိုင်းမှာ သူပြောဖြစ်၏။ လှမြင့်တို့၊ သိန်းဇော်တို့ကို သူမပြောမိအောင် ဆင်ခြင်သည်။ တစ်ဆင့်တစ်ဆင့်နှင့် မြစန္ဒာပြန်ကြားမှာကို သူ စိုးရိမ်သည်။ သူ မြစန္ဒာအတွက် စွဲလမ်းကြီးစွာ ခံစားနေရသည်ကို မြစန္ဒာ မသိစေလို။ သိလို့ကော ဘာထူးမှာလဲလေဟု တွေး၏။ သူ့အတွက်ဖြင့် မြစန္ဒာ စိတ်သောကမရောက်စေလို။ သူ့အတွက်ဖြင့် ဆရာနှင့် မြစန္ဒာတို့ စကားခွန်းစ မပြောရစေလို။ သူ့ကိုနောက်ဆံတင်းလို့ မြစန္ဒာ၏ အတွေးမရှင်းမှာ စိုးရိမ်သည်မှာ အမှန်။ သူနှင့် မြစန္ဒာကို ဆရာက သက်ာမကင်းစကားဆိုသည်ကြားတော့ အနေအထိုင်ကအစ သူ ဆင်ခြင်သည်။ တတ်နိုင်လျှင် မြစန္ဒာမတွေ့အောင် နေ၏။ မြစန္ဒာ မမြင်အောင် ရှောင်၏။ တမင်စိမ်းကား

ခွဲခွာနေရက်ပါသည်ဟု မြစန္ဒာထင်လိုက ထင်စေတော့။ တချို့ကျောင်းသား၊ ကျောင်းသူတွေက ဆရာ့ကို ထင်ကြေးဖြင့် မြစန္ဒာနှင့် သူ ကတောက်ကဆ ဖြစ်လို့ မြစန္ဒာမာစီ မကျေနပ်လို့ ခဏပြတ်ကြတာဟု ပြောသည်ကြား၏။ သည်လိုအပြတ်မှာ မြစန္ဒာက ဆရာ့ကိုအဖြေပေးတာဟု ပြောသူက ပြော သေးသည်ဟု သိသည်၊ မြစန္ဒာအတွက် သူစိတ်မကောင်း။

"ဖေဖေကတောင် အခုမင်းနဲ့ ပုဂံလိုက်လာတာ မြစန္ဒာအတွက် ငါခံစား နေရလို့ စိတ်ပြေလက်ပျောက် လိုက်ချင်တာလို့ ထင်သေးတာပဲ"

"ဘာလဲ ... မင်းက မဟုတ်ဘူးလား၊ မခံစားရဘူးလား ..."

ဟိုဝေးဝေးမှ သဗ္ဗညုစေတီကို ညနေဆည်းဆာအောက်မှာ ကြည်ညို စွာ လှမ်းမြင်နေရသည်။

"ငါခံစားရတာ မင်းအသိဆုံးပါကွာ။ ငါ စန္ဒာ့အတွက် ဘယ်လောက် ခံစားရတယ်ဆိုတာ ပြောရင် ယုံချင်မှယုံကြမယ်။ ငါ စန္ဒာ့ကို ရင်ထဲက နင့်နင့် သီးသီး ချစ်မိတာပါ။ ဒါပေမဲ့ ခင်မောင်ကျော်ရာ ငါ့အချစ်ကြောင့် စန္ဒာ စိတ် ဆင်းရဲစရာ ဘာမှမဖြစ်စေချင်ဘူး။ အဲဒီစေတနာတစ်ခုတည်းနဲ့ပဲ ငါ့မေတ္တာကို ငါ ထာဝရမျိုသိပ်ထားဖို့ ဆုံးဖြတ်ထားပါတယ်။ ဒါပေမဲ့ ဖေဖေ ထင်ထားသလို မြစန္ဒာအချစ်ကို ငါမရလို့ စိတ်လေလွင့်နေတာမျိုး ငါ့ကိုယ်ငါ မထိန်းနိုင် မသိမ်း နိုင် ဖြစ်နေတာမျိုးတော့ ဘယ်တော့မှဖြစ်မှာမဟုတ်ဘူး။ စန္ဒာနဲ့ ဆရာ အေး အေးချမ်းချမ်းနဲ့ ဘဝကို လက်တွဲကြည်နူးသွားတာ ငါ မြင်ချင်ပါတယ်ကွာ။ ငါ့ ဘက်က ဘာမဆို သန့်သန့်စင်စင် အကူအညီပေးဖို့ အဆင်သင့်ပါ။ ဒါပေမဲ့ ဆရာက ငါ့ကို အမြင်တစ်မျိုးမြင်လာတော့ ငါ သူတို့ကို ရှောင်တယ်လေ"

ဆည်းဆာတွင်မြင်တွေ့နေရသော ပုဂံရှုခင်းသည် လွမ်းမောတသဖွယ် ရာဟု ထင်နေရသည်။ စေတီပုထိုးများ၊ ထနောင်းပင်များ၊ ကန္တာရပင်များကို အပေါ်စီးမှကြည့်နေရင်း ရှေးခေတ်ပုဂံပြည်ကိုမှန်း၍မြင်ယောင်နေမိသလိုလို။ စည်ကားသိုက်မြိုက်ခဲ့၊ ခမ်းနားခဲ့သော မင်းနေပြည်နေရာကြီးပါလားဟု တွေး ရင်း သတိသံဝေဂ ရရမလိုလို။ ရင်ထဲမှာ အမည်မသိသော ခံစားမှုတစ်ခုကို ထွေးပိုက် ဖက်တွယ်ထားရသည်တော့ သေချာသည်။ တစ်ဆက်တည်းမှာပင်

မြစန္ဒာအကြောင်းကို ပြောလျက် မြစန္ဒာကို သတိရလာတော့ ကြေကွဲဆို့နင့် စိတ်က ရင်ထဲမှာ ဖိတ်လျှံသည်။

"ချစ်သူဆိုတာ ထာဝရ သတိတရဖြစ်နေတတ်အောင် ဖန်တီးနေနိုင်သူပဲကွာ။ အသက်နဲ့အမျှ ဘယ်တော့မှ မေ့နိုင်မှာမှ မဟုတ်တော့တာ။ သူ့ကို ကောင်းစေချင်တာ၊ သူ့ကိုစိတ်ချမ်းသာစေချင်တာ၊ သူပျော်ရွှင် ကြည်နူးတာကိုပဲ တွေ့နေ မြင်နေချင်တာဆိုတဲ့ စေတနာ၊ မေတ္တာစိတ်တွေက သူနဲ့ ပတ်သက်ပြီး အမြဲဖြစ်နေတတ်လာတာပါပဲ။ ဘယ်လောက်ဝေးဝေး ဘယ်အခြေအနေရောက်ရောက် ရင်ထဲက ချစ်နေနိုင်တာပါပဲ။ အခု သူနဲ့ ဆရာနဲ့ လက်ထပ်သွားလို့၊ သားတွေ သမီးတွေ ရနေကြလို့ တို့အသက်အရွယ်တွေ ကြီးသွားရင်လည်း ဒီစေတနာမေတ္တာစိတ်ကတော့ ပျောက်သွားမယ်မထင်ဘူး သူငယ်ချင်းရ"

ဆွေးမြည့် လွမ်းဆွတ်ဖွယ် ပုံပြင်တစ်ပုဒ်နယ် ရင်ထဲကခံစားမှုကို ဖွင့်အန်ထုတ်ပြနေမိပြန်သည်။

"ငါ သိပါတယ် ရဲရာ။ ဒါကြောင့် ပြောတာပေါ့၊ မင်း မြစန္ဒာအပေါ်မှာ ဘယ်လောက်ချစ်တယ်၊ ဘယ်လောက်အနစ်နာခံချင်စိတ် ရှိတယ်ဆိုတာ ဘယ်တော့ မှ ဖုံးထားလို့ရမှာ မဟုတ်ဘူး"

"ဘာဖြစ်ဖြစ် ဆရာနဲ့ စန္ဒာမသိအောင်တော့ ငါ တတ်နိုင်သလောက် ကြိုးစားဖုံးဖိရတော့မယ်။ ငါ့ကိုတွေ့ရင် စန္ဒာက အားလုံးဖွင့်ပြီးတိုင်ပင်တယ်။ ဆရာနဲ့ သူနဲ့အကြောင်းကအစ အားလုံးကိုပြောတယ်။ ငါဘယ်လိုခံစားရမလဲ မင်းတွေးကြည့်လေ။ ဒါပေမဲ့ ငါဘယ်တော့မှ မနာလိုစိတ်နဲ့ မကောင်းတဲ့အကြံကို မပေးဖူးပါဘူး။ ဆရာက ငါ့ကိုတစ်မျိုးထင်ပြီဆိုတာ သိတော့ ငါ တုန်လှုပ်သွားတယ်။ ငါ ဒီလောက်စေတနာထားတာကို တစ်မျိုးထင်တော့ ဝမ်းလည်းနည်းတယ်လေ။ ဒါပေမဲ့ ငါက ရှုံးနေတဲ့လူ၊ အရှုံးပေးထားတဲ့လူ။ ဒီတော့ ငါ့ကိုနိုင်တဲ့လူက မသင်္ကာစိတ်မျိုးနဲ့ ကြည့်တာကို ခံရမှာပဲလေ။ မေ့တာပဲလို့ စိတ်ကိုဖြေပါတယ်။ မြစန္ဒာကိုတော့ ငါ တတ်နိုင်သလောက် ရှောင်နေလိုက်တယ်။ ရင်ထဲမှာတော့ တကယ်လွမ်းတယ်ကွာ။ အနီးအနားမှာ မိတ်ဆွေသူငယ်ချင်း

လို သူ့ကောင်းရာကောင်းကြောင်း ကူညီနိုင်တဲ့သူအဖြစ်တောင် နေခွင့်မရပါလား တွေးပြီး စိတ်မကောင်းဖြစ်ရတာ အမှန်ပဲလေ"

"သူတို့ လက်ထပ်မယ် ကြားတယ်နော်"

ခင်မောင်ကျော့စကားကြောင့် သူ ခင်မောင်ကျော်ကို လှည့်ကြည့်လိုက်၏။

"သူ့ဒိမ်က သဘောတူပါ့မလား"

"မတူမှာတော့ သေချာတယ်၊ ဒါပေမဲ့ ငါ စန္ဒာကို တစ်ခါပြောဖူးတယ်။ နင့်သဘောနဲ့နင် အဖြေပေးပြီး ချစ်သူတစ်ယောက်အဖြစ် လက်ခံထားတဲ့သူကို နင်က ဘယ်တော့မှ စမခွဲနဲ့၊ စမဖောက်နဲ့လို့။ ဒါ လူတစ်ယောက်ရဲ့ သစ္စာတရား တစ်ခုပဲ၊ ကိုယ့်စကားကို ကိုယ် တန်ဖိုးထားရမှာပဲလို့၊ ကိုယ့်လမ်း ကိုယ်ရွေးခဲ့ပြီးမှ နောက်ပြန်လှည့်ပြေးဖို့ ကြိုးစားရင် ဘယ်ဖြစ်မှာလဲလို့။ ပြီးတော့ မိန်းကလေးတစ်ယောက်ရဲ့ မဖောက်ပြန်တဲ့သစ္စာတရား၊ ကိုယ်ကျင့်တရားကိုထိန်းသိမ်းထားဖို့အဓိကငါပြောခဲ့တယ်။ ဆရာကငါ့ကိုသူ့ပြိုင်ဘက်လို့ပဲ ထင်လို့လား။ ဒါမှမဟုတ် သူက လူကြီးဆန်ဆန် စည်းကမ်းကြီးကြီးနဲ့ နေတတ်လို့ပဲလား မသိဘူးကွ။ လူငယ်တွေကို အထင်သေးကြည့်နဲ့ ကြည့်တတ် မြင်တတ်တယ်။ ပေါ့ပေါ့တန်တန် ကလေးတွေပဲလို့ သူ့စိတ်ထဲမှာ ထင်ထားသလိုပဲ။ အဲဒါကို ငါ မခံချင်ဘူး။ ဒါကြောင့် စန္ဒာ နင်လည်း လူငယ်ပဲ။ နင် ဆရာ့အပေါ်မှာ စဖောက်ရင် ဆရာက လူငယ်တွေကို ပိုပြီးအထင်အမြင်သေးသွားမယ်လို့ ပြောလိုက်မိသေးတယ်။ သူ့ချစ်သူဖြစ်လာမှတော့ တတ်နိုင်သလောက် နင် ဆရာ့စိတ်ကြိုက်ပုံစံ ပြောင်းပေါ့ဟယ်လို့ အကြံပေးလိုက်သေးတယ်လေ။ အဲဒီတော့ ငါ ထင်တာကတော့ သူ့ဒိမ်က သဘောမတူတူ စန္ဒာကတော့ ဆရာ့ကို လက်ထပ်မှာပဲ ထင်တယ်"

"အင်း ... မင်းကတော့ ဆရာနဲ့ စန္ဒာ လက်ထပ်ဖြစ်ဖို့အထိ စန္ဒာ့ကို တိုက်တွန်းတာတွေ ဆရာကတော့ သိမှာမဟုတ်ဘူးနော်"

သက်ပြင်းရှည်တစ်ခုကို ချလိုက်မိသည်။

"မလိုပါဘူးကွာ၊ သူတို့ လက်ထပ်ဖြစ်လို့ စန္ဒာ ချမ်းမြေ့တဲ့ အိမ်ထောင် တစ်ခုကို တည်ထောင်နိုင်ပြီး စိတ်ချမ်းသာရင် ငါကျေနပ်နိုင်ပါတယ်"

နေရောင်သည် တစတစဖြင့် ရုပ်သိမ်းပျောက်ကွယ်တော့မည်။ ရှေးနှစ်ပေါင်းများစွာ ပုဂံခေတ်က ရာဇကုမာရ်၏ မေတ္တာရနံ့သည် ယနေ့တိုင် ထုံပျံ့နေဆဲဟု ထင်သည်။

မေတ္တာတရား၏ ခိုင်ကျည်မှုကို သူရဲရဲယုံလိုက်၏။



## ၁၇

မန္တလေးရောက်တော့ နေ့လယ် (၁၁) နာရီခွဲကျော်ပြီ။ ည ခြောက်နာရီ ရထားမှာ လက်မှတ်မရလို့ ညကိုးနာရီထွက်မည့် ရထားလက်မှတ်ကို ခင်ထား ယူလာသည်။

"နင့်ကို ငါ တစ်ယောက်တည်း စိတ်မချဘူး"ဟု ခင်ထားက လက်မှတ် သွားမဝယ်ခင် ပြောသေးသည်။

"စိတ်ချပါ သူငယ်ချင်းရယ်၊ ငါသွားတတ်ပါတယ်။ ငါ့ဆီမှာ လိပ်စာ ရှိတာပဲ။ မြင်းလှည်း ငှားစီးသွားလိုက်ရုံပဲဟာ။ ဟိုမှာ ကိုကို့ကိုတွေ့မှာ သေချာ တယ်။ မန္တလေးရောက်ရင် အဲဒီ ကိုလှမြင့်ထွန်းတို့အိမ်မှာပဲ တည်းမှာ သေချာ တယ်"ဟု သူ ပြန်ပြောလိုက်သည်။

ဘူတာကို ခင်ထားနှင့် သူ့မေမေတို့ လိုက်ပို့ကြသည်။

တစ်လမ်းလုံး ရထားပေါ်မှာလည်း အိပ်မပျော်နိုင်။

အခုအချိန်မှာ မာမီသာ သူ့ကိုတွေ့လျှင် သတ်ပစ်ချင်လိမ့်မည်ဟု စဉ်း စားမိသေးသည်။ အိမ်ကို သတိရစိတ်၊ ကိုကို့ကို တွေ့ချင်စိတ်တို့ဖြင့် ရင်အခုန် မြန်၏။ စိတ်လှုပ်ရှား၏။ သူ့ကိုတွေ့လိုက်လျှင် ကိုကိုဘယ်လောက် ပျော်မည် နည်းဟု တွေးကြည့်မိသည်။ မျှော်လင့်မထားပါဘဲ ရောက်လာသော သူ့ကို ကြည့်လျက် ကိုကို ကြည်နူးနေပေမည်။

ချော်ဆိပ်ကို လိုက်ပို့ပေးပါဟု မြင်းလှည်းသမားကို ပြောပြီး ငှား၏။ ပြောသာပြောရသည် ဘယ်အနားမှာဟု သူမသိ။ တွေ့ချင်စိတ်စောနေ၍လား မသိ။ တော်တော်ဝေးသည်ဟု စိတ်ကထင်မိသည်။

ေရႊန္ျဖန္ျဖဴးေရး အရာရွိရိပ်သာေတြကိုေနာ်ဟု သူ ထပ္ေျပာလိုက္ေသးသည္။

ေရာက္ၿပီဟု ျမင္းလွည္းသမားက ေျပာေတာ့ လွမ္းအၾကည့္မွာ ဆင္တူေဆာက္ထားေသာ တစ္ထပ္တိုက္ကေလးေတြကို ေတြ႕ရသည္။ ဘယ္တိုက္မွန္း မသိေပမဲ့ ေမးၾကည့္လွ်င္ရမည္ဟု ေတြးထင္သည္။

ျမင္းလွည္းခရင္းလ်က္ ဆင္းလိုက္သည္။

ဝင္းထဲဝင္မိလွ်င္ ဝင္မိခ်င္း ေတြ႕သည့္လူကို ကိုလွျမင့္ထြန္းအိမ္ ဘယ္အိမ္ပါလဲရွင္ဟု ထပ္ေမးရသည္။

ဟိုဘက္ကတိုက္နဲ႔ တစ္လုံးျခားမွာ ေတြ႕တဲ့တိုက္ပဲဟု ေျပာ၏။ ခပ္သြက္သြက္ ေလွ်ာက္သြားလိုက္မိသည္။

လက္ဆြဲအိတ္ကေလးထဲမွာေတာ့ ခင္ထား ထည့္ေပးလိုက္သည့္ လုံခ်ည္ႏွင့္ အက်ႌအခ်ိဳ႕သာ ပါသည္။

အိမ္ေရွ႕အေရာက္ အဝတ္လွန္းေနေသာ အမ်ိဳးသမီးတစ္ဦးကို လွမ္းျမင္၏။

ကိုလွျမင့္ထြန္း အမ်ိဳးသမီးျဖစ္ရမည္ဟု တြက္သည္။

■

"ကၽြန္မ ကိုလွျမင့္ထြန္းနဲ႔ ေတြ႕ခ်င္လို႔ပါ"

အဝတ္လွန္းေနသည့္ အမ်ိဳးသမီးနားမွာ ရပ္ရင္း ေမးလိုက္သည္။ လွန္းလက္စအဝတ္ကို စန္႔စန္႔ရန္႔ရန္႔ျဖစ္ေအာင္ ျဖန္႔ေနလ်က္က သူ႕ကို ေျခဆုံးေခါင္းဆုံးၾကည့္သည္။ စိတ္ထဲမွာ တစ္မ်ိဳးျဖစ္သြား၏။ ငါေမးတာ မ်ားသြားလားမသိဟု စဥ္းစားမိေသးသည္။ ကိုေနမ်ိဳး လာပါသလားဟု စေမးမိရင္ ေကာင္းသားဟု ေတြးမိျပန္၏။

ထဘီကခပ္တိုတို၊ ဆံပင္က ပခုံးေပၚမွာ ျဖန္႔ဝဲေဝ့ဝိုက္က်ေနလ်က္အသက္က ႏွစ္ဆယ္ဝန္းက်င္ အမ်ိဳးသမီးငယ္တစ္ဦးက လာေမးေတာ့ အိမ္ရွင္မစိတ္ထဲ တစ္မ်ိဳးထင္သြားၿပီလား မသိ။

"ဘာကိစ္စရှိလို့လဲဟင်၊ အစ်မက ကိုလှမြင့်ထွန်းဇနီးပါ" သူ့ကို ကြည့်ရင်း ပြောလိုက်၏။ လက်ထဲက လျှော်ပြီးအဝတ်စိုများကို ကိုင်ထားသည်။

"ဩော် ... ကျွန်မ ... ကျွန်မက ဆရာဦးနေမျိုးနဲ့ တွေ့ချင်လို့ပါ။ ဆရာဦးနေမျိုး ဒီမှာမတည်းဘူးလားဟင်"

"ဩော် ... ကိုနေမျိုးလား ... ကိုနေမျိုး ဧည့်သည်လား" အမျိုးသမီးက ပြုံးဖော်ရယ်ဖော်ရလျက် စကားပြန်သည်။

"ဟုတ်ပါတယ် အစ်မ ... ဟုတ်ပါတယ်"

"ကိုနေမျိုးတို့ ဒီမနက်စောစောကပဲ ပုဂံသွားကြတယ် ညီမရယ်၊ မနေ့ကလာရင် တွေ့ရမှာ။ ကိုနေမျိုး တပည့်ထင်တယ်"

"ဟုတ် ... ဟုတ်ကဲ့"

နှုတ်မှ ထွက်သွားသော်လည်း မျက်လုံးမှာ ပြာဝေသွားပြီထင်သည်။ သွားပြီ ... သွားပါပြီ ... မျှော်လင့်ချက်တွေတော့ ကုန်ပါပြီဟု အားလျော့တွေးဖြင့် ယိုင်နဲ့ ခွေညွတ်၍လဲချင်လာသည်။ မျက်ဝန်းမှာ မျက်ရည်စတို့ ဝေ့လည်နေပြီ။ လမ်းခရီးတစ်လျှောက် ပင်ပန်းလာသမျှကို တွေ့ရမည်ပဲဆိုသည့် မျှော်လင့်ခြင်းဖြင့် အားတင်းခဲ့ရာ ယခုတော့ စိတ်ကိုလျှော့ချလိုက်မိပြီ။

"ကိုနေမျိုးကို တင်အောင်ခေါ်သွားတာကွယ့်၊ အစက သွားဖို့အစီအစဉ် မရှိပါဘူး"ဟု ဆက်ပြောသည့်စကား နားမှာ မကြားတစ်ချက် ကြားတစ်ချက်ဖြစ်၏။

"ကိုနေမျိုးကလည်း သူ့အမျိုးသမီးကို တော်တော်လေး စိတ်နာနေပုံရတယ်။ ညက သူပြောတာကို ကြားရတယ်လေ၊ ဒါနဲ့ စိတ်ပြေလက်ပျောက်ဆိုပြီး ကိုတင်အောင်က ပုဂံခေါ်သွားတာပဲ"

ကိုကိုက သူ့ကို စိတ်နာနေပြီတဲ့။ စိတ်နာနေပြီဆိုသည့် စကားက ရင်ကြားကို လှံဖြင့်ဆွသည့်နှယ် ခံစားလိုက်ရ၏။ ကိုကို့နောက်ကို မြစန္ဒာလိုက်လာတာ ကိုကိုမှ မသိသေးပဲကွယ်ဟု ဖြေတွေးတွေးမိသော်လည်း ဝေဒနာက ပြင်းစွာလောင်မြိုက်ဆဲ။

"အစ်မရယ် ကိုလှမြင့်ထွန်းရော ရှိလားဟင်"

အကျိုးအကြောင်းကို သိအောင် ကိုကို့သူငယ်ချင်းကို ပြောပြမည် တွေးလျက် မေး၏။

"သူလည်း မနက်ကပဲ ကိစ္စတစ်ခုရှိတာနဲ့ မေမြို့တက်သွားတယ် ညီမရဲ့ မှာစရာရှိလို့လား၊ မှာစရာရှိရင် အစ်မကိုမှာခဲ့လေ"

ကုသိုလ်ကံသည် သူ့ဘက်မှာမရှိတော့ပြီလားဟု အားငယ်စွာပင် တွေးမိ၏။ နေပါစေတော့လေ မပြောတော့ပါဘူးဟု စဉ်းစားလိုက်သည်။ ဘာဖြစ်ဖြစ် ပုဂံကို ဆက်လိုက်သွားမည် ဆုံးဖြတ်၏။ အခုမှတော့ ကိုကို့ကို မတွေ့ တွေ့ အောင်ကို ရှာရုံကလွဲ၍ ဘာမှမတတ်နိုင်။

"ဒါဆိုလည်း ကျွန်မကို ခွင့်ပြုပါဦးရှင်" ဟုပြောပြီး ...

"ကျွန်မ နာမည် မြစန္ဒာပါ၊ အစ်ကိုလှမြင့်ထွန်းကို ကျွန်မ လာသွားတယ် လို့ ပြောပေးပါရှင်။ ဆရာ့နောက် ကို လိုက်လာတာဆို သိမှာပါ" ဟု ဆက်ပြော လိုက်၏။

"စိတ်ချ၊ ပြောလိုက်မယ် ညီမ"

ကိုလှမြင့်ထွန်း အမျိုးသမီးက သူ့ကို သိမည်မဟုတ်။ ကိုကို့အမျိုးသမီး နာမည်ကိုလည်း မသိဟုထင်သည်။ ရှင်းပြနေလျှင်လည်း အချိန်ကြာမည်စိုးပြီး ရှင်းမပြဖြစ်တော့။ ကိုလှမြင့်ထွန်း ပြန်ပြောပြလျှင် ကိုလှမြင့်ထွန်းက သူလိုက် လာမှန်း ချက်ချင်းသိလိုက်မည်။

လမ်းမပေါ်အရောက် မြင်းလှည်းတစ်စီးကို တားလိုက်သည်။

ပုဂံသွားမည့် ကားဂိတ်လိုက်ပို့ပါဟု ပြောသည်။

ပုဂံရောက်တော့ ကိုကို့ကိုတွေ့မှာပါပဲဟု တွေးရင်း အားကိုတင်းလိုက် မိပြန်သည်။

မာမီတို့ကတော့ ဒီအချိန်ဆို သူ့ချစ်သူရင်ခွင်မှာ ပျော်နေမည်ဟု ထင် နေမှာပါလား။

■

သူ ကားဂိတ်ကိုရောက်တော့ ကားက ထွက်တော့မည်။

ကျပ်ကျပ်သတ်သတ် အလယ်မှာပင် ထိုင်စရာတစ်နေရာကို ရ၏။ ပုဂံကို ဘယ်အချိန်ရောက်မှာလဲဟု မေးကြည့်သည်။ ခြောက်နာရီကျော်ကျော် မောင်းရတယ်၊ည ခုနစ်နာရီလောက်တော့ ရောက်မှာပါဟု ပြော၏။ အချိန်စောပါသေးတယ်။ တည်းခိုခန်းတစ်ခုမှာ ဝင်တည်းပြီး နောက်နေ့မနက်မှာ တည်းခိုခန်းတွေမှာ လိုက်ရှာမည်ဟု စဉ်းစားလိုက်သည်။ ပုဂံမှာ တည်းခိုခန်းတွေ ဘယ်လောက်များလဲဟု အနီးမှ ခရီးသည်ကို စကားစပ်ပြီး မေးကြည့်၏။

သီရိပစ္စယာနဲ့ သမအပြင် ပုဂ္ဂလိကတည်းခိုခန်း ငါးခန်းလောက်တော့ ရှိမယ်ထင်တယ် ပြော၏။

နည်းနည်းလေးပဲ၊ တစ်ခုစီ တစ်စုစီလိုက်ရှာရင်တော့ တွေ့ရမှာပေါ့ဟု စိတ်ထဲထင်သည်။

ဒီတစ်ခါတော့ ပုဂံရောက်လျှင် ကိုကို့ကို တွေ့ရမှာ သေချာပြီပဲလေဟု အားတင်းစိတ်ဖြင့် ကျနေသည့်စိတ်ဓာတ်ကို မြှင့်တင်၏။

သို့တိုင်လျက် လူကခွေယိုင်ပြီး နုံးနေပြီ။

နားထင်နှစ်ဖက်က ထိုးကိုက်လာပြီး ခေါင်းတစ်ခုလုံး အုံနေသည်။ ခရီးပန်းသည့်ဒဏ်၊ အိပ်ရေးပျက်သည့်ဒဏ်၊ အစားအသောက်မမှန် ပင်ပန်းလွန်းသည့်ဒဏ်တို့ စုပေါင်း၍ ခန္ဓာကိုယ်ကို နှိပ်စက်ပြီထင်၏။

ရင်တွေ တလှပ်လှပ်တုန်လျက် တစ်ချက်ချက်မှာ မိုက်ခနဲဖြစ်ချင်လာသည်။

## ၃၀

ညစာ ထမင်းစားပြီးတော့ ခြောက်နာရီခွဲကျော်ပြီ။ အပြင်ဘက်မှာ မှောင်ရိပ်သန်းနေပြီ။ သမဝါယမ တည်းခိုခန်းမှာ တည်းဖြစ်ကြ၍ တည်းခိုခန်းရှိ စားသောက်ဆိုင်မှာပင် ညစာ စားဖြစ်ကြသည်။

စားသောက်ဆိုင်ထဲမှအထွက် လမ်းလျှောက်သွားရအောင်ကွာဟု ခင်မောင်ကျော်က ပြောသည်။ လျှောက်လေဟု ရဲကပြန်ပြောရင်း တည်းခိုခန်း ဝင်းထဲမှ ထွက်လာခဲ့သည်။

ကန်တော့ပလ္လင်ဘုရားမှ နေအဝင်ကို စောင့်ကြသူ နိုင်ငံခြားသားများ ဘုရားပေါ်က ဆင်းလာကြသည်မြင်၏။

ယွန်းထည်များနှင့် တိုလီမိုလီများရောင်းသော ဆိုင်များမှာ နိုင်ငံခြားသားများကို လှမ်းခေါ်နေသည် တွေ့၏။

ရှေ့တူရူရှိ ဇာဏီတည်းခိုခန်းကို လှမ်းမြင်နေရသည်။ လမ်းမကြီးကို လှမ်းအတက် လမ်းမကြီးဘေးကပ်လျက် ဇာဏီတည်းခိုခန်းအတွင်းမှာ ထိုင်ခုံနှင့်ထိုင်နေသော ဧည့်သည်များကို တွေ့၏။ လမ်းမကြီးအတိုင်း မြို့ထဲဘက်ဆီသို့ လျှောက်လာခဲ့သည်။

"တွေ့လားကွ ... ဟို ယွန်းဆိုင်တွေထဲမှာလည်း နိုင်ငံခြားသား တိုးရစ်တွေ"

ခင်မောင်ကျော်က လမ်း၏ဘယ်ဘက်ရှိ ဆိုင်များဆီကို မေးငေါ့ပြရင်း ပြော၏။ ရုပ်သေးပြပွဲဟု အင်္ဂလိပ်လို ရေးထိုးထားသော ဆိုင်တစ်ခုကိုလည်း တွေ့ကြရသည်။

"မြန်မာပြည်က ရုပ်သေးပွဲဟာ နိုင်ငံခြားသားပြဖို့ ကလေးကစားစရာ ပြပွဲလေးတစ်ခုအဖြစ်ပဲ ရှိတော့တာ ဝမ်းနည်းစရာပဲ။ တကယ့်ပညာသည်တွေ နည်းသွားပြီ၊ ရုပ်သေးပွဲဟာ ပပျောက်သွားပြီ"

ခင်မောင်ကျော်က ဘာသာ ရေရွတ်လာသည်။

"ဘုရား သွားဦးမလား ..."

ဘုရားဘက်ကို ချိုးမည့် လမ်းမအရောက်မှာ မျှော်ကြည့်ရင်း ရဲအောင် က မေးလိုက်သည်။

"နောက်နေ့မှ သွားတာပေါ့ကွာ ... အခု တည့်တည့်ပဲ ဆက်လျှောက်ရအောင်"

ဘုရားကိုသွားသည့်လမ်း ဘယ်ဘက်ဘေးမှာ ကပ်လျက် ကျန်စစ်သားမင်းကြီး တည်တော်မူသော အမျက်တော်ပြေဘုရားကို လှမ်း၍ဖူးမြော်ရ၏။ အနော်ရထာနှင့် ကျန်စစ်သားတို့၊ မဏိစန္ဒာတို့ဇာတ်လမ်းကို ပြန်သတိရ ရင်း မြစန္ဒာကို တမ်းတမ်းတတ သတိရလိုက်မိပြန်သည်လေ။

■

"ရက်စ် ... ရက်စ်"

"နိုး ... နိုး"

လမ်းဘေးမှ ယွန်းထည်ဆိုင်တစ်ခုအတွင်း ဝင်အကြည့်မှာ နိုင်ငံခြား သား နှစ်ယောက်နှင့် ဆိုင်ရှင်အဘွားကြီးကို တွေ့သည်။ ဆိုင်ကြမ်းပြင်ပေါ်မှာ စပို့ရုပ်သုံးထည်နှင့် ဘောလ်ပင် တစ်စည်း စီချထားသည်ကို တွေ့ရ၏။ တိုးရစ် စုံတွဲက အဘွားကြီးကို အင်္ဂလိပ်လို ဖြည်းဖြည်းပြောပြနေ၏။

"ဘာလိုချင်လို့လဲ"

သူတို့နှစ်ယောက် ဝင်လာတော့ အဘွားကြီးက လှမ်းမေးသည်။ မျက်နှာက မနှစ်မြို့ဟန်တူ၏။ သူစိမ်းတွေရှေ့မှာ အင်္ဂလိပ်လိုပြောရမှာ ရှက် နေသည်လား မသိ။

"ဆက်လုပ်ပါ ဒေါ်ဒေါ် ... ကျွန်တော်တို့က ယွန်းထည်တွေ ကြည့်မလို့ ပါ"

ဟု ခင်မောင်ကျော်က ပြောသည်။

"သစ်စိဝမ်း၊ အင်နိသစ်ဝမ်း"

တိုးရစ်အစ်မက မိကျောင်းရုပ် စပို့ရှပ်တစ်ထည်ကိုယူပြီး အဘွားကြီး ရှေ့ချလျက် အဘွားကြီးဘေးမှ ယွန်းအစ်တစ်ခုကို လှမ်းယူပြီး သူ့ရှေ့မှာ ချသည်။

ပြီးတော့ စပို့ရှပ်တစ်ထည်ကို ယွန်းအစ်တစ်လုံးနှုန်းနဲ့ စပို့ရှပ်သုံးထည် ယွန်းအစ်သုံးလုံးနှင့် လဲမည်ပြောသည်။

အဘွားကြီးက ခေါင်းခါရင်း နိုး ... နိုးဟု ပြော၏။

တိုးရစ်က ဒါဆိုရင် ဘယ်လောက်နဲ့ရောင်းမှာလဲ၊ သူ့မှာလည်း ရေမွှေး ပုလင်းတွေ ပါသေးတယ်၊ ဝယ်မလား မေးသည်။

အဘွားကြီးက နားလည်ဟန်မတူ။

တိုးရစ်တွေက ထပ်ပြီးပြောသည်။

အဘွားကြီးက "နိုး ... နိုး ... သား လာလိမ့်မယ်၊ ခဏနေဦး" ဟု မြန်မာ လိုပါ ညှပ်ပြောလိုက်သည်။

ခင်မောင်ကျော်က ရယ်တော့ အဘွားကြီးက လှမ်းကြည့်၏။ ရဲအောင် က ခင်မောင်ကျော်ကို လက်ဆွဲပြီး ဆိုင်ပြင်ထွက်လာခဲ့ကြသည်။

■

ကားဂိတ်နားအရောက်မှာ ကားတစ်စီး ထိုးဆိုက်လာသည်ကို တွေ့ ရ၏။

လမ်းဖြတ်ကူးပြီး ကားဂိတ်ဆီသို့ လျှောက်လာခဲ့ကြသည်။ လမ်းမီးများ လင်းနေပြီ။

ကားပေါ်မှ တိုးရစ်များ ဆင်းလာကြသည် ဖြစ်၏။ မြင်းလှည်းများ ရောက်လာပြီး တိုးရစ်များကို ပြောကြဆိုကြသည်။ မြန်မာခရီးသည် အချို့ လည်း ကားပေါ်မှ ဆင်းလာသည် တွေ့၏။

လက်ဆွဲသားရေအိတ်တစ်လုံး ဆွဲလျက်ရပ်နေသော အမျိုးသမီးကို စူးစိုက်ကြည့်ရင်း လျှောက်လာခဲ့သည်။ အတွေးဖြင့် ရင်ထဲမှာ တလှပ်လှပ် ခုန်၏။

နားထင်ကို လက်ညှိုးလက်မဖြင့် ညှပ်ပြီး ခေါင်းကို အောက်သို့ငုံ့ထားသည်ကို တွေ့ပြန်သည်။

"ခင်မောင်ကျော်၊ စန္ဒာနဲ့ မတူဘူးလား"

ပါးစပ်မှ ထွက်သွားသည်။

ခေါင်းကိုမော့လိုက်စဉ် မျက်နှာကို အထင်အရှားတွေ့လိုက်ရသည်။

"ဟင် ... မြစန္ဒာ ... မြစန္ဒာ"

ရဲအောင်က အပြေးတစ်ဝက် လျှောက်သွားလိုက်၏။ ခင်မောင်ကျော်က ကြောင်ပြီး ကြည့်နေ၏။

"စန္ဒာ ... စန္ဒာ ... မြစန္ဒာ"

အနားရောက်ခိုက် ရဲက ခေါ်သည်။

"ဟင် ... ရဲ"

မြစန္ဒာ အံ့အားသင့်စွာဖြင့် ရဲကိုစိုက်ကြည့်ရင်း အသံထွက်သွား၏။

"စန္ဒာ ... ပေးပေး ... နင့်လက်ကအိတ်၊ နင်အခု ဘယ်ကလာတာလဲ၊ ဘယ်သွားပါသေးသလဲ"

လက်မှအိတ်ကို အတင်းဆွဲယူရင်း ရဲအောင်က မေးသည်။

"ရဲ ... ရဲ ... ရဲရယ်"

မြစန္ဒာက ရဲအောင်၏ ပခုံးစွန်းပေါ် ခေါင်းစိုက်ကျလာသည်။

"နင် ... နေမကောင်းဘူးလားဟင်"

ပြောပြောဆိုဆို နဖူးကို လက်ဖြင့်စမ်းအကြည့်မှာ ရဲအောင် တုန်တုန် လှုပ်လှုပ် ဖြစ်သွား၏။

"စန္ဒာ နင်ကိုယ်တွေပူနေတယ်၊ ချစ်ချစ်တောက်နေတာပဲ"

မြစန္ဒာက ချက်ချင်း ခေါင်းထောင်လာပြီး ...

"ဟုတ်တယ် ... ရဲ၊ ငါ ... ငါဖျားနေပြီ"

"နင် လျှောက်လို့ရပ့ါမလား၊ ငါ မြင်းလှည်းငှားလိုက်မယ်"

"ဖြည်းဖြည်းလျှောက်လို့တော့ ရပါတယ်"

ခင်မောင်ကျော်က မြင်းလှည်းတစ်စီးကို တားပြီးမေး၏။ တိုးရစ်တွေ ပါလာသည်။ မရ ...။

"ဒီအချိန်မရဘူးထင်တယ်ကွ၊ ဖြည်းဖြည်းလျှောက်ပေ့ါ" ဟု ခင်မောင်ကျော်က ဝင်ပြောသည်။

"စန္ဒာ ဖြည်းဖြည်းပဲလျှောက်မယ်၊ ရပါတယ် ... ရဲ"

"ဒါဆို ငါ့လက်မောင်းကို အားပြုလျှောက်၊ နင့်ကြည့်ရတာ အရမ်းနွမ်းနေတာပဲ"

မြစန္ဒာက ရဲအောင် လက်မောင်းတစ်ဘက်ကို အားပြုရင်းလျှောက်သည်။

"တို့တည်းတဲ့ သမတည်းခိုခန်းမှာပဲ တည်းပေ့ါ"

မြစန္ဒာ ခေါင်းပင်မညိတ်နိုင်တော့။ နဖူးကို လက်ဖြင့်စမ်းကြည့်လိုက်စဉ် ကိုယ်က ချစ်ချစ်တောက်အောင် ပူလွန်းသည်ထင်၏။

မြစန္ဒာ အဖျားတက်နေပြီလား မသိ။

ကားဂိတ်မှ သူတို့ထွက်လာတော့ ကားပေါ်မှာပါသူ မြစန္ဒာနှင့်အတူ ပါလာသော ခရီးသည်မိန်းမကြီး၏ ပြောသံ ကြားရသည်။

"ကလေးမလေးက ကားပေါ်မှာကတည်းက အဖျားတက်လာတာ၊ ဒီမှာကြိုတဲ့သူရှိနေလို့ တော်သေးတာပေ့ါ"

## ၁၇

ဖူးဘုရားကို သွားမည်ဟု တင်အောင် ပြောသည်။

"ဖူးဘုရားကနေ တန့်ကြည်တောင်နဲ့ ကျွန်းချောင်းဘက်ကို ကြည့်ပြီး မင်း အားရပါးရဆွေးလို့ရတယ်"ဟု တင်အောင်က ထပ်ပြောသည်။

"အခုသွားမှာလား ..."

သူ တင်အောင့်ကိုကြည့်ရင်း မေးသည်။

"အေးပေါ့ ... အခုသွားမှာပေါ့"

"လာလေ ... သွားမယ်"

ပြောပြီး သူ ထသည်။

"ဟာ ... မင်းကလည်း ချက်ချင်းပဲ၊ ငါ အဝတ်အစားလဲဦးမှာပေါ့"

"ဒါဆို လာခဲ့ ... ငါ ထိပ်က စောင့်နေမယ်"

တင်အောင်ကိုပြောပြီးတော့ ဇာဂနီဧည့်ရိပ်သာရှေ့ဘက်သို့ ထွက်လာခဲ့သည်။ ဧည့်ရိပ်သာရှေ့ တံခါးဝမှာရပ်ရင်း စောင့်နေလိုက်၏။ မြင်းလှည်း တစ်စီး နှစ်စီး ဖြတ်သွားသည်ကို တွေ့သည်။ မြင်းလှည်းပေါ်မှာ နိုင်ငံခြားသား များကို လမ်းမီးရောင်နှင့် လှမ်းမြင်နေရ၏။ သီရိပစ္စယာဟိုတယ်ကို သွားသည် ထင် လိုက်၏။

စက်ဘီးနှင့်သွားလာကြသော နိုင်ငံခြားသားများကိုလည်း မြင်သည်။ မနက်က ရောက်ပြီးတော့ တင်အောင်နှင့်သူ စက်ဘီးတစ်စီးစီငှားပြီး သဗ္ဗညု သို့ သွားခဲ့ကြ၏။ တစ်နာရီ သုံးကျပ်နှုန်း ပေးရသည်။ တိုးရစ်တွေကလည်း

သူတို့လိုပင် စက်ဘီးငှားစီးကြသူများ ရှိ၏။ လမ်းသွားလမ်းလာများကို ကြည့်ရင်း တည်းခိုခန်းဆီသို့ပြန်ကြည့်လျက် တင်အောင့်ကိုမျှော်သည်။ တင်အောင် ရောက်မလာသေး။ လမ်းမပေါ်သို့ ထွက်ရပ်လိုက်သည်။

မြို့ထဲတူရှသို့ လှမ်းမျှော်ကြည့်လိုက်၏။ သည်ဘက်သို့ လာနေသော လူသုံးဦးကို လှမ်းမြင်ရသည်။ နှစ်ဦးက ရှေ့က၊ တစ်ဦးက နောက်ကလျှောက်လာသည်။ အမျိုးသမီးက ခေါင်းငုံ့စောင်းလျက် အမျိုးသားပခုံးမှာ မှီနွဲ့ရင်း အမျိုးသားလက်မောင်းကို ခိုလျက် လျှောက်လာသည်။

နိုင်ငံခြားသားတွေ မဟုတ်မှန်း သိလိုက်၏။

တဖြည်းဖြည်း နီးလာပြီ။

အကြည့်ကို စူးစိုက်ကြည့်မိ၏။

ဘုရား ... ဘုရား။ ရင်ထဲမှာ ထိတ်ခနဲဖြစ်သည်။ မျက်လုံးများ ပြာဝေလျက် အိုးထိန်းစက်သို့ လည်သွားပြီမှတ်၏။

"တောက်"

တက်တစ်ချက် အလိုလိုခေါက်လိုက်မိသည်။

ဒေါသတရားက ရင်ထဲမှာ အုံကြွလာ၏။

သမ တည်းခိုးခန်းများသွားသည့်ဘက်ကို ချိုးသွားသည်ကို လှမ်းမြင်သည်။ မြစန္ဒာနဲ့ ရဲအောင်။

လူမှားတာ ဖြစ်လေမလားဟု သေချာအောင် ထပ်ကြည့်၏။

သေချာသည်။ ဒီကောင်နှင့် ဒီကောင်မ။

တစ်ဦးကိုတစ်ဦး လက်မောင်းကို ဖက်တွယ်လျက် လျှောက်နေပါလား။

သူတို့အရှိန်နှင့် သူတို့မှို့ ထင်၏။ ဇာဂါတည်ခိုးခန်းဘက် လှည့်မကြည့်ကြလို့ သူ့ကိုမမြင်။

ကြည့်စမ်း။ ရေစက်က အခုထိတောင် မကုန်သေးပါလား။

မြစန္ဒာနှင့် ရဲအောင်တို့စုံတွဲ ခိုးပြေးကြပြီး ပုဂံရောက်နေသည်ဟု သူ အတပ်သိလိုက်သည်။ မြစန္ဒာ ပုဂံမှာရောက်နေမှန်းသိလျှင် တင်အောင်နှင့် သူ လိုက်လာမိမှာ မဟုတ်။

အခုတော့ ခံစားမှုသက်သာနိုးနှင့် လိုက်လာခဲ့သည်။ ဝေဒနာက ဒီရောက်မှ ပိုဆိုးလာချေပြီ။

မိမိချစ်သူတစ်ယောက် တစ်ပါးသူနှင့် ဖက်လှဲတကင်း လျှောက်သွားတာ တွေ့ရခြင်းဖြင့် နှလုံးသားကို မီးလျှံဖြင့်မြိုက်သည့်နှယ် ပူလောင်ခံခက်၏။

ဒေါသမာနဖြင့် ရင်တစ်ခုလုံး ကျွက်ကျွက်ဆူမျှ လောင်မြိုက်ရပြီ။

"လာ ... သွားကြစို့၊ အိမ်သာတက်နေလို့ကွာ" ဟုပြောပြီး တင်အောင် အနားကို ရောက်လာသည်။

သူ တင်အောင့်ကို ဖျတ်ခနဲကြည့်လိုက်၏။ သူ့ဆုံးဖြတ်ချက်ကို ချလိုက်သည်။

"ငါ ပူးဘုရားမလိုက်တော့ဘူး၊ ကားဂိတ်လိုက်ပြီး မနက်ဖြန်မနက် စောစော ကားလက်မှတ်ယူမယ်"

သူ တင်အောင့်ကို ပြောလိုက်သည်။

"ဟေ့ကောင် နေမျိုး ...၊ မင်း ရူးသွားပြီလား၊ ဘယ်လိုဖြစ်တာလဲ ..."

"ဘာမှမဖြစ်ဘူး၊ ငါ ရန်ကုန်ပြန်မယ်ကွာ"

"မနက်က ဆယ့်တစ်နာရီလောက်မှ ရောက်ပြီး မနက်ဖြန်ပြန်မယ် ဆိုတော့ မင်း ဘုရားတွေလည်းမစုံသေးဘူး နေမျိုး"

သူ ခေါင်းခါပြသည်။

"တော်ပြီကွာ ... ငါ မနေချင်တော့ဘူး၊ လာ သွားကြစို့ ..."

တင်အောင်က သူ့ကိုကြည့်ပြီး နားမလည်သလိုဖြစ်သည်။ သက်ပြင်းကို ချ၏။

■

"မနက်အစောကြီး ငါးနာရီထွက်တဲ့ကား ရှိတယ်၊ မန္တလေးကိုသွားမှာ" ဟု ကားဂိတ်ကပြောမှ သတိရသည်။

ဟုတ်သားပဲ မန္တလေး ပြန်ရောက်မှာပါလား၊ မန္တလေးရောက်လျှင် လှမြင့်ထွန်းကလည်း သူ့ကိုရူးသွားပြီလား ထင်ဦးမည်။ မန္တလေးကို သူ မပြန်ချင်တော့ ရန်ကုန်ကို တန်းပြန်ချင်၏။

"ရန်ကုန်ထွက်မယ့်ကား မရှိဘူးလားဗျာ"

"ရန်ကုန်ထွက်မယ့်ကား မရှိဘူးဗျ။ ခင်ဗျား မနက်ဖြန် (၂) နာရီကား စောင့်စီးရင် သာစည် ညရှစ်နာရီကျော်ကျော် ရောက်မယ်။ သာစည်ကို ည (၉) နာရီဆိုက်မယ့် ရထားစီးလို့ရမယ်။ ဒီနည်းပဲရှိတယ်"

သူ ခေါင်းကုတ်မိသည်။

"ဒုက္ခပါပဲဗျာ၊ ကျွန်တော် (၂) နာရီအထိ မစောင့်နိုင်တော့လို့"

တင်အောင်က ပါးစပ်အဟောင်းသားဖြင့် ကြည့်နေသည်။

"မနက်ဖြန်စောစော ရန်ကုန်ဆက်သွားမယ်ဆိုရင် တခြားဘယ်နည်းနဲ့ ရှိသေးလဲဗျာ၊ လုပ်စမ်းပါဦး" ဟု ထပ်ပြီး အကူအညီတောင်းနေမိသည်။

တတ်နိုင်လျှင် မြစန္ဒာရှိရာအရပ်မှာ တစ်စက္ကန့်မျှ သူမနေချင်။ ချက်ချင်း ပင် ကိုယ်ရောင်ဖျောက်၍ သွားချင်၏။ ကောင်းကင်ကို ပျံတက်၍ ဝေးရာသို့ ပြေးလိုက်ချင်ပါ၏။

"တစ်ခုပဲ ရှိတယ်၊ နောက်က တည်းခိုခန်းမှာ ချောက်က ကားရှိတယ်။ မနက်ဖြန်စောစော ပြန်ထွက်မယ်ကြားတယ်။ အဲဒီကား မေးကြည့်လို့ရရင် ချောက်အထိ ခင်ဗျားလိုက်သွား။ ချောက်ကနေပြီး ရန်ကုန်ကို ကားနဲ့ ဆက်ပြန် လို့ ရတယ်"

"အေးဗျာ ... ကောင်းတယ်ဗျာ၊ ကူညီစမ်းပါ၊ ကျွန်တော် ရန်ကုန်ကို အရေးတကြီး ပြန်စရာရှိနေလို့ပါဗျာ"

"ခဏစောင့်ဦး"

ပြောပြီး လက်မှတ်ရောင်းသူက နောက်ဘက်နားရှိ တည်းခိုခန်းသို့ သွား၏။

"ဘယ်လိုဖြစ်ရတာလဲ နေမျိုးရာ၊ မင်းဟာက ချက်ချင်းကြီး"

"ငါ ဒီမှာမနေချင်တော့ဘူးကွာ"

တင်အောင်ကို ဒါပဲပြန်ပြောလိုက်မိသည်။ မြစန္ဒာတို့စုံတွဲကို တွေ့လိုက် ရသည်ပြောလျှင် သူ့ကို သဘောထားကြီးကြီးထားဖို့ တင်အောင်က တရား ဟောနေပေဦးမည်။ တင်အောင်ကို ညမှပြောပြတော့မည်ဟု စဉ်းစား၏။

"ရတယ်ဗျ ... ဒိုကောပဲ၊ ခင်ဗျား မနက်ငါးနာရီအမီ ဒီတည်းခိုခန်း ရိပ်သာရှေ့ကို လာခဲ့"

လက်မှတ်ရောင်းသူက ပြန်ရောက်လာပြီး ပြော၏။

"ကျေးဇူးပါပဲဗျာ ..."

ဟု ပြောရင်း ချောက်ကိုသွားမည့် ကားနံပါတ်ကို သူမေးလိုက်သည်။



## ၂၀

သမတည်းခိုခန်းမှာ နှစ်ယောက်ခန်းတစ်ခုကို မြစန္ဒာအတွက် တစ်ခန်းလုံး ငှားလိုက်သည်။ အိပ်ရာပေါ် ရောက်သည်နှင့် တဟင်းဟင်း ညည်းညူလျက် မြစန္ဒာ အဖျားတက်လေပြီ။

စောင်တစ်ထည်ကို ရင်ဘတ်အထိခြုံပေးပြီး နဖူးကို လက်ဖဝါးဖြင့် စမ်းကြည့်လိုက်၏။ ချစ်ချစ်တောက်ပူဆဲ။

"ရဲ"

မြစန္ဒာအသံ တိုးညင်းညင်း ထွက်လာသည်။

"ငါ အနားမှာရှိတယ် စန္ဒာ၊ ဘာလိုချင်လို့လဲ၊ နင်ဘာမှအားမငယ်နဲ့"

"ရေနည်းနည်းပေးပါဟယ်"

"ခဏနေဦး ... ငါ သွားခပ်လိုက်မယ်"

အခန်းပြင်ထွက်သွားပြီး ရေအိုးစင်မှ ကျောက်ကာခွက်အနီဖြင့် ရေခပ်လာသည်။

"ရေရပြီ စန္ဒာ"

မြစန္ဒာက မျက်လုံးကို အားယူဖွင့်ကြည့်သည်။ ပြီး ခေါင်းကို ထူထောင်လိုက်၏။

"ကျွတ် ... ကျွတ်"

စုပ်သပ်ပြီးညည်းရင်း ခေါင်းက ခေါင်းအုံးပေါ်သို့ ပြန်ကျသွားသည်။

"ခေါင်းမူးလို့လား စန္ဒာ .."

"အင်း"

အသံတိုးလျလျ ထွက်လာသည်။

"နေ ... နေ ... ငါ တိုက်မယ်"

ရေခွက်ကို ခုတင်နှစ်လုံးအလယ်ရှိ စားပွဲခွန်းမှာ တင်လိုက်ပြီး မြစန္ဒာ၏ ခုတင်ပေါ်သို့ တင်ပါးလွှဲဝင်ထိုင်သည်။ မြစန္ဒာ ခေါင်းအောက်သို့ သူ့လက် တစ်ဖက်လျှိုလျက် ထိန်းမ,လိုက်၏။

"ဖြည်းဖြည်းထ ..."

မြစန္ဒာ၏ဦးခေါင်းက သူ့လက်ပေါ်မှာ အလိုက်သင့် မ,လာသည်။ ရေ ခွက်ကိုကျန်လက်တစ်ဖက်ဖြင့် လှမ်းယူပြီးတိုက်၏။ မြစန္ဒာက ရေကိုအငမ်းမရ သောက်ချလိုက်သည်။ ရေခွက်ကို ပြန်တင်ပြီး ခေါင်းအုံးပေါ်သို့ ပြန်ချပေး လိုက်၏။

"ရဲ ..."

မြစန္ဒာက သူ့ကို မျက်လွှာလှန်ကြည့်ပြီး ခေါ်လိုက်သည်။

"ပြောလေ စန္ဒာ ..."

ဘာမျှ ဆက်မပြောတော့ဘဲ စူးစိုက်ကြည့်နေသည်။

မြစန္ဒာ၏ မျက်ဝန်းမှ မျက်ရည်များ စီးကျလာတော့၏။

"အားမငယ်ပါနဲ့ ... စန္ဒာရယ်၊ ဒီလိုပဲ နေမကောင်းဖြစ်တတ်တာပဲ။ ခဏနေရင် ဆရာဝန်လာလိမ့်မယ်။ ဒီတည်းခိုခန်းက ဝန်ထမ်းတစ်ယောက်ကို အကူအညီတောင်းထားတယ်။ သူ့အသိ ဆရာဝန်ကို သွားခေါ်ပေးမယ် ပြော တယ်"

လျှောကျနေသော စောင်ကို အပေါ်ရောက်အောင် ဆွဲတင်ပြီး ခြုံပေး လိုက်ရင်း ပြော၏။

"ရဲရယ် ..."

သူ မြစန္ဒာမျက်နှာကို စူးစိုက်ကြည့်လိုက်သည်။

အိပ်ရေးများစွာပျက်လာဟန် မျက်တွင်းတို့ ချောင်ကျနေသည် ထင်၏။ သွယ်လျော့လျော့ မျက်နှာလေးမှာ ဖြူရော်ရော်ဖြစ်နေပြီလား မသိ။ အတော် သိသိသာသာပင် ပိန်ကျသွားသည် ထင်ရ၏။

"ငါ… ငါလေ … နင့်ကိုတွေ့တော့ အရမ်းအားရှိသွားတာပဲ"

မြစန္ဒာက ပြောပြီး မျက်လုံးကိုမှိတ်ထားလိုက်၏။

မြစန္ဒာမျက်နှာကိုကြည့်ရင်း သက်ပြင်းကို ချမိပြန်သည်။

■

"အဖျားက ၁၀၄ တောင်ရှိတယ်"

ဟု ဆရာဝန်ကပြောသည်။

ဆေးနှစ်လုံးထိုးပေးပြီး လေးနာရီခြားတိုက်ဖို့ဆေးတွေပေးသွားသည်။ ပြီးတော့ နဖူးပေါ်ကို ရေခဲရေဆွတ်ထားသော ရေဖတ်တင်ပေးဖို့ မှာသည်။

"သိပ်တော့ စိတ်မပူပါနဲ့ဗျာ၊ ခင်ဗျားအမျိုးသမီးက အားနည်းပြီးနေတယ်။ ခရီးက ပန်း၊ လေစိမ်းတိုက်တော့ ဖျားတာပေါ့"

ဆရာဝန်စကားကြောင့် ရင်ထဲမှာ တစ်မျိုးဖြစ်သွားရပြန်၏။ ခင်ဗျားအမျိုးသမီးတဲ့။ မြစန္ဒာ ရှက်သွားမည်အထင်နှင့် လှမ်းကြည့်ဆဲ မှိန်းနေသော မြစန္ဒာကို တွေ့သည်။

ဆရာဝန်ပြန်သွားတော့ စားသောက်ဆိုင်ကို ပြေးသွားပြီး ရေခဲတောင်းရပြန်သည်။ ဇလုံတစ်လုံးဖြင့် ရေခဲယူလာခဲ့ပြီ။ တဘက်တစ်ထည်ဖြင့် ရေခဲရေ ဆွတ်ရ၏။ ပြီးတော့ မြစန္ဒာဘေးမှာ ထိုင်ခုံတစ်လုံးဖြင့်ထိုင်ရင်း နဖူးပေါ်ကို ရေဖတ်တင်ပေးရသည်။ တင်ပြီးရေဖတ်ကို ရေညှစ်လိုက်၊ ရေခဲရေထပ်ဆွတ် လိုက်၊ နဖူးပေါ်တင်ပေးလိုက် လုပ်ရ၏။

"မင်းအိပ်ချင် အိပ်တော့ကွာ၊ ငါဒီမှာစောင့်ပေးမှ ဖြစ်မယ်"ဟု ခင်မောင် ကျော်ကို သွားပြောသည်။

"ငါ သိပါတယ်ကွာ၊ မင်းကိုရိုက်ပြီး အိပ်ပါပြောလည်း မင်း အိပ်နိုင်မှာ မဟုတ်ပါဘူး"

ခင်မောင်ကျော်ကို ဘာမှပြန်မပြောဘဲ ရယ်နေရင်း အနွေးထည်ကို ထပ်ဝတ်သည်။

"ရဲ…"

"ဘာလဲ စန္ဒာ ..."

ခါးကိုရှေ့ကိုင်းပြီး စန္ဒာ့စကားတိုးတိုးကို ကြားရအောင် နားထောင်လိုက်၏။

"နင် အိပ်ချင်အိပ်တော့လေ၊ ဆေးထိုးပြီးပြီပဲ၊ ရပါတယ် ..."

အားနာစကားကို မြစန္ဒာ ဆိုသည်။

"ငါ စောင့်နေမှဖြစ်မယ် စန္ဒာ၊ ရေဖတ်တင်ပေးရမယ်။ ပြီးတော့ နင့်ကို ဆေးတိုက်ရဦးမှာ။ ဆေးက လေးနာရီခြားတစ်ခါ၊ ဆယ့်နှစ်နာရီမှာ တစ်ခါ သောက်ရမယ်။ မနက်လေးနာရီမှာ တစ်ခါသောက်ရမှာ"

"ရပါတယ် နင်အိပ်တော့"

"ဘယ်ဖြစ်မလဲ၊ ငါ ဒီညတော့ တစ်ညလုံးစောင့်နေမယ်။ နင် ဆေးမသောက်ဖြစ်ဘဲ နေမှာစိုးတယ်"

"ရဲရယ် ..."

မြစန္ဒာက ညည်းညူသံဖြင့် တီးတိုးဆိုသည်။

"နင်ငါ့ကို ဘာမှအားမနာနဲ့၊ တစ်ညလေး အိပ်ရေးပျက်လို့ ငါ ဘာမှ မဖြစ် ဘူး၊ နင်နေကောင်းအောင်သာနေ ..."

*ရေဇလုံတစ်ခုထဲ ရေညှစ်ထည့်ပြီး တဘက်ကို ရေခဲရည်ပြန်ဆွတ်*လျက် ပြောလိုက်သည်။

"နင် ... နင်ငါ့ကိုမမုန်းဘူးလား ရဲ ..."

မြစန္ဒာက မျက်လုံးကိုကြိုးစားဖွင့်လျက် စူးစိုက်ကြည့်ရင်း မေးသည်။

*"တစ်သက်လုံးမမုန်းဘူး စန္ဒာ"*

မြစန္ဒာနဖူးပေါ်သို့ရေခဲရည်တဘက်ဆွတ်ကာတင်ပေးရင်းသူပြော၏။ မြစန္ဒာမျက်နှာက ပြုံးယောင်သန်းသွားသည်။

■

"အဖတ်ကလေးပါ စားလိုက်ပါလား စန္ဒာ"

ပြောပြီး မြူစွမ်ဖတ်ကိုဆယ်လျက် ခွံ့သည်။ ခေါင်းအုံးနှစ်လုံးကို မှီ ထောင်လျက် မြစန္ဒာက ခပ်လျှောလျှော ပြေပြေထိုင်သည်။

ခုတင်ဘေးမှာ ကုလားထိုင်တစ်လုံးမှာ ထိုင်ရင်း မြူစွမ်ပန်းကန်ကို ကိုင်လျက် ရဲအောင်က ခွံ့တိုက်နေ၏။

"တော်ပြီဟာ"

"တစ်ဇွန်းလောက် သောက်လိုက်ပါဦးဟာ၊ ဒါမှ နင်မြန်မြန် အားရှိလာမှာ" မြစန္ဒာက ပြုံးပြီး ပါးစပ်ဟ၏။ ရဲအောင်က မြူစွမ်တစ်ဇွန်းကို ခပ်တိုက်လိုက်သည်။

"နင့်အဖျားက တော်တော့ တော်ပါသေးတယ်။ ချက်ချင်းကျသွားလို့၊ ရောက်စ ညလို တစ်ရေးလေးဆို ငါလည်း မျက်လုံးမျက်ဆန်ပြူးနေတာ၊ ဘာလုပ်ရမှန်း မသိဘူး"

ဟု မြူစွမ်ပန်းကန်ကို စားပွဲပေါ်တင်လျက် လက်သုတ်ပဝါကိုယူပြီး လှမ်းပေးရင်း ပြောလိုက်၏။

နောက်တစ်နေ့မနက် ဆရာဝန်ရောက်လာပြီး ဆေးထိုးပေးသွား၏။

နောက်တစ်နေ့ညနေပိုင်းမှာ အဖျားလုံးဝ မရှိတော့။ ဆရာဝန်ရောက်လာကာ ကြည့်ပေးပြီး မြူစွမ်လေး ဆန်ပြုတ်လေးတိုက်ပါ ပြောသွားသည်။

"ငါ ပုဂံရောက်တာ နှစ်ရက်ရှိပြီနော်"

"အင်းလေ ... မနေ့က တစ်နေ့လုံးနဲ့ ဒီနေ့ပါဆို နှစ်ရက်ပေါ့"

မြစန္ဒာက သက်ပြင်းကိုချသည်။

ခြေရင်းမှ စောင်ခေါက်ကိုယူလျက် ဒူးဆစ်အထိ ရဲအောင်က လှမ်းခြုံပေးလိုက်သည်။

"ရဲရယ် ... နင်ငါ့ကို ဒီလောက်ဂရုစိုက်တော့ ငါမနေတတ်တော့ဘူး"

"စန္ဒာရယ် ... နင်ငါ့ကို ဘာမှအားမနာပါနဲ့။ ဒီမှာ နင့်ကိုပြုစုဖို့ ငါပဲရှိတာ။ တခြားဘယ်သူရှိလို့လဲ။ နင့်အဖျားကလည်း ခရီးသွားရင်း လာရင်းမှ ဖျားသေးတယ်။ နေပါဦး ... နင်က တစ်ယောက်တည်း ဘာဖြစ်လာတာလဲ"

မြစန္ဒာက သူ့မျက်နှာကို ဖျတ်ခနဲကြည့်လိုက်ပြီး သက်ပြင်းရှည်ကို ချသည်။

"ရဲ"

မြစန္ဒာက တီးတိုးခေါ်၏

သူ မြစန္ဒာ၏ မျက်နှာကို ကြည့်နေလိုက်သည်။

"သတင်းစာထဲမှာ နင် မတွေ့ဘူးလား"

"ဘာကိုလဲ စန္ဒာ ..."

မြစန္ဒာ ငြိမ်သွား၏။ ပြတင်းမှ လှမ်းမြင်နေရသော နွယ်သာကီပန်းရုံဆီ အကြည့်ရောက်နေသည် ထင်၏။

"ဘာကိုလဲ စန္ဒာ ... ပြောပါဦး"

သူ ထပ်မေးလိုက်သည်။

"ငါ့ကို အိမ်က သမီးအဖြစ်က စွန့်လွှတ်ကြောင်း ကြော်ငြာလေ"

မြစန္ဒာက ဖြည်းညင်းစွာ ပြောချလိုက်၏။

"စန္ဒာ နင်တကယ်ပြောတာလားဟင်"

မြစန္ဒာက ခေါင်းညိတ်ဖြေသည်။

"ဘယ်နေ့သတင်းစာလဲ စန္ဒာ"

"သောကြာနေ့"

"ငါ ဗုဒ္ဓဟူးနေ့ရထားနဲ့ ရန်ကုန်က ထွက်လာခဲ့တာ။ ကြာသပတေးနေ့ ပုဂံကို ရောက်တယ်။ သောကြာနေ့ဆို ငါ ဒီမှာရှိတယ်၊ ငါမတွေ့ပါလား"

"ကြေးမုံမှာလေ"

"အင်း ... ကြေးမုံ ဖတ်မိဘူးထင်တယ်၊ ဘာဖြစ်တာလဲ စန္ဒာရယ်"

မြစန္ဒာ မျက်လုံးအစုံကို မှိတ်လိုက်ဆဲ မျက်ရည်စတို့ စီးကျလာသည်ကို မြင်၏။ မြစန္ဒာကိုကြည့်ရင်း ရင်ထဲမှာ ဝေဒနာတစ်ခုလို ခံစားလာရသည်။

"ငါ ... ငါလည်း ဗုဒ္ဓဟူးနေ့က အိမ်ကထွက်တာပဲ"

"ဘယ်ကိုထွက်တာလဲ"

"မြောင်းမြကိုလေ"

"မြောင်းမြကို ဟုတ်လား"

မြစန္ဒာ ခေါင်းညိတ်ပြပြီး ...

"အဲဒီမှာ ဆရာရှိနေတယ်။ ဒါကြောင့် မြောင်းမြကို လိုက်သွားခဲ့တာ။ ငါ မှားပြီးနဲ့တူပါတယ် ရဲရယ်"

"ဆရာက အခုဘယ်မှာလဲ စန္ဒာ"

မြစန္ဒာက ခေါင်းကိုခါသည်။

"ငါမသိဘူး ရဲ..."

"ဟာ ... နင် ဆရာနဲ့ မြောင်းမြမှာ မတွေ့ဘူးလား"

"ဟင့်အင်း ငါရန်ကုန်ကို ပြန်လာတယ်၊ ငါ မြောင်းမြရောက်တော့ ဆရာက ရန်ကုန်ပြန်သွားပြီ ဆိုလို့လေ။ ရန်ကုန်ရောက်တော့ မန္တလေးသွားတယ်လို့ သိရတယ်။ မန္တလေးကို ဆက်လိုက်သွားတော့ ပုဂံသွားတယ် ပြောတယ်၊ ဒါနဲ့"

ရဲအောင်က အဝင်ဝကို လှမ်းငေးကြည့်နေလိုက်သည်၊ သက်ပြင်း တစ်ချက်ကို ချလိုက်မိ၏။

"နင် စောစောကပြောပါလား စန္ဒာရယ်၊ ပုဂံမှာ ဆရာရှိရင် ရှာလို့တွေ့ရ မှာပေါ့။ အေးလေ ... နင်ကလည်း ရောက်ရောက်ချင်း ဖျားနေတယ်၊ ငါလည်း ဘာမှမမေးဖြစ်ခဲ့ဘူး"

"ဖျားနေတော့ အိပ်မက်တွေ ကယောင်ကတမ်းမက်တယ် ရဲရယ် ...၊ အိပ်မက်ထဲမှာ ဆရာ့ကို ငါ တွေ့တယ်။ ငါ့ကို ဒေါသထွက်တဲ့မျက်နှာနဲ့ ကြည့်ပြီး မာန်မဲလွှတ်တယ်။ ပြီးတော့ ငါ့ကိုထားခဲ့ပြီး ထွက်သွားတယ်လေ။ ငါတော့ စိတ် လျှော့လိုက်ပါပြီ ရဲရယ်"

"နေမကောင်းတုန်း အိပ်မက်မက်တာပဲ၊ အားမလျှော့ပါနဲ့။ ငါ လိုက်ရှာ ပေးမယ်"

"တိုက်တိုက်ဆိုင်ဆိုင် နင်နဲ့ငါ တစ်ရက်တည်း အိမ်က ထွက်မိကြတယ် နော်"

မြစန္ဒာစကားကြောင့် သူ မြစန္ဒာမျက်နှာကို ငေးကြည့်လိုက်မိ၏။

## ၂

ခင်မောင်ကျော်က ကျောင်းမှာ ဆက်လုပ်စရာတွေ ရှိသေးသည်ဆိုပြီး ပြန်သွားပြီ။ သူက မြစန္ဒာ နေကောင်းအောင်စောင့်ဦးမည် ပြောလျက် ကျန်ခဲ့၏။ ပုဂံမှာ မြစန္ဒာနှင့်တွေ့ကြောင်း ဘယ်သူ့မှမပြောရန် သူ ပိတ်လိုက်သည်။ ခင်မောင်ကျော်က အေးပြီး နှုတ်လုံသောကြောင့် ဒီကိစ္စအတွက် သူမပူ။ မြစန္ဒာ အိပ်ရာပေါ်လှဲတော့ အခန်းထဲမှထွက်ခဲ့ပြီး စက်ဘီးတစ်စီး ငှားသည်။ စက်ဘီးနှင့် တည်းခိုခန်းတစ်ခုချင်းကို သူ လိုက်ရှာသည်။

"ဦးနေမျိုးဆိုတာ ဒီမှာတည်းသလားခင်ဗျာ"

နောက်ဆုံး ဇာဂနီတည်းခိုခန်းသို့ ရောက်လာ၏။

"မတည်းဘူး" ဟု ပြန်ဖြေသည်။

သူ တော်တော် စိတ်ဓာတ်ကျသွားသည်။ သီရိပစ္စယာတစ်ခုတည်းသာ မေးဖို့ကျန်တော့၏။ သီရိပစ္စယာက တစ်ယောက်ခန်း နှစ်ဆယ်ထင်တယ်။ ဒီလောက်ဈေးကြီးကြီးတော့ တော်ရုံလူ မတည်းကြ။ နောက်ဆုံးတော့ သွားမေးကြည့်မည် စဉ်းစားပြီး လှည့်ထွက်လိုက်၏။"

"နေဦးဗျ၊ ဦးနေမျိုးဆိုတာ ရန်ကုန်ကလား"

"ဟုတ်ပါတယ် ရန်ကုန်ကပါ"

သူ နောက်ပြန်လှည့်ပြီး ပြောလိုက်သည်။

"လွန်ခဲ့တဲ့နှစ်ရက်လောက်က ရှိတယ်ဗျ၊ နေဦး ..."

မှတ်ပုံတင်စာအုပ်ကို လှန်ရှာသည်။

"ဒီမှာတွေ့ပြီ၊ အခန်းနံပါတ် (၆) မှာဗျ၊ ဦးတင်အောင်နဲ့ ဦးနေမျိုးတဲ့"

"ဟုတ်လား ... ဒါဆို တွေ့ပါရစေဗျာ"

"မဟုတ်ဘူးဗျ၊ အခုမရှိတော့ဘူး၊ လွန်ခဲ့တဲ့နှစ်ရက်ကပဲ သူ ပြန်သွားပြီ။ အဲ ... သူ့မိတ်တွေ ဦးတင်အောင်ဆိုတာတော့ ရှိသေးတယ်၊ ခဏနေဦး ..."

ပြောပြီး အခန်းနံပါတ် (၆) ဆီသို့ သွားကြည့်ဟန်တူသည်။

"အခုမရှိဘူးဗျ၊ အပြင်ထွက်တယ်ထင်တယ်။ ညတော့ ပြန်ရောက်မှာပါ။ ဒီလူ တစ်နေကုန်ထွက်တယ်ဗျ"

ဟု ပြန်လာပြီး သူ့ကိုရှင်းပြသည်။

"ဦးနေမျိုးက ပြန်သွားတာ သေချာပါတယ်နော်"

"ဟုတ်ကဲ့ သေချာပါတယ်၊ အဲဒီအခန်းကို တခြားတစ်ယောက်တောင် ကျွန်တော် ထည့်ပေးလိုက်ပြီ"

ကျေးဇူးတင်စကား ဆိုပြီး လှည့်ထွက်လာခဲ့မိ၏။

■

"ပြန်သွားပြီတဲ့ စန္ဒာ ...၊ ဇာဂနီမှာ တည်းတယ်တဲ့။ စန္ဒာရောက်ပြီးတော့ နောက်မနက်မှာပဲ ဆရာပြန်သွားပြီ ပြောတယ်"

မြစန္ဒာအခန်းကို ဝင်လာခဲ့ပြီး သူ ပြောလိုက်၏။ သူ့ကိုမြင်တော့ မြစန္ဒာ လက်ဝါးနှစ်ဖက်ကို မျက်နှာမှာအပ်ပြီး ငိုချလိုက်တော့သည်။

"ခေါင်းကိုက်နေဦးမယ် စန္ဒာ၊ မငိုနဲ့၊ ရန်ကုန်ပြန်ရောက်ရင် တွေ့မှာပဲဟာ။ နင် ကောင်းကောင်းနေကောင်းလို့ အားရှိရင် ရန်ကုန်ပြန်ကြတာပေါ့။ ရန်ကုန်ရောက်တော့ ဆရာနဲ့တွေ့ရမှာပါ"

"မဟုတ်ဘူး ရဲ၊ မဟုတ်ဘူး"

မြစန္ဒာက ငိုရှိုက်ရင်း ပြော၏။

"ဘာလဲ စန္ဒာ"

"ဆရာပြန်သွားတာ ငါ သိတယ်"

"ဘယ်လို ... နင်သိတယ် ဟုတ်လား"

မျက်ရည်စတို့ကို လက်ဖမိုးဖြင့် သုတ်လိုက်ပြီး ဘေးမှာချထားသော စာရွက်ခေါက်ကိုယူလျက် သူ့ကိုလှမ်းပေးသည်။

"အဲဒါ ဆရာပေးသွားတဲ့စာ၊ မနေ့က ဒီတည်းခိုခန်းက အမှုထမ်းကို လူတစ်ယောက် လာပေးသွားတယ်တဲ့"

"ဦးတင်အောင်ဆိုတာ နေမှာ"ဟု ပြောရင်း စာကို သူလှမ်းယူလိုက်သည်။

"မနေ့က ငါနေမကောင်းဖြစ်ပြီး အိပ်နေတုန်းမို့ မပေးမိဘဲ သိမ်းထားတာတဲ့။ မေ့နေလို့ အခုမှ လာပေးတာပြောတယ်။ နင်ထွက်သွားတော့ လာပေးတာပဲ"

မြစန္ဒာစကားကို နားထောင်ရင်း စာရွက်ကို ဖြန့်ဖတ်လိုက်၏။

■

*မြစန္ဒာ*

*တစ်နေ့နေ့ ဒီလိုဖြစ်သွားမယ်လို့ အစကတည်းက ထင်ပြီးသားပဲ။ မြစန္ဒာရဲ့အချစ်ကို လုံးဝယုံကြည်စိတ်ချခဲ့တာမှ မဟုတ်တာ။ ဒါပေမဲ့ မြစန္ဒာဟာ ကိုယ့်ကိုထားခဲ့ပြီး အိမ်က ပေးစားတဲ့သူကိုပဲ ယူသွားမယ်ထင်ခဲ့တာ။*

*အခုလို ကိုယ့်ကိုစုတ်ပဲ့လုပ် တစ်ပတ်ရိုက်သွားမယ်လို့ မထင်ခဲ့မိတာ ကိုယ့်အမှားပဲ။*

*မြစန္ဒာ လုပ်သွားပုံ သိပ်ပိရိပါတယ်၊ သေသပ်ပါတယ်။ ကိုယ့်ကို ဟန်ပြစုတ်ပဲ့လုပ်ပြီး သွားခဲ့တဲ့ မြစန္ဒာကို ဘယ်တော့မှ ခွင့်လွှတ်နိုင်မှာ မဟုတ်ပါဘူး။*

*ဒီဘဝမှာမက နောင်ဘဝဘဝများစွာအထိ မြစန္ဒာကို ကျေနပ်နိုင်မယ် မထင်တော့ဘူး။*

*ဒီစကားတွေကို မပြောချင်ဘူး၊ မပြောမိအောင် ကြိုးစားမျိုသိပ်ထားမယ် စဉ်းစားပါတယ်၊*

---

လဝန်းရိပ်စာပေ

*ဒါကြောင့်လည်း ဒေါ်သထွက်တုန်း မဆုံမိအောင် ရန်ကုန်က ထွက်လာခဲ့တာ၊ ဘယ်ရေစက်ကြောင့် ပုဂံမှာ လာဆုံရတယ် မသိဘူး။*

*မြစန္တာတို့ကို တွေ့ရတော့ ရင်ထဲက ဒေါ်သတွေ ပေါက်ကွဲလာတယ်။ မျိုသိပ်နိုင်စွမ်း မရှိခဲ့ဘူး။ ဒါကြောင့် ဒီစာရေးပြီး ကိုယ့်သူငယ်ချင်းနဲ့ ပေးခိုင်းလိုက်တာ။*

*နောက်နောင် ကိုယ့်ကို ဘယ်မှာတွေ့တွေ့ မြင်မြင် နှုတ်ဆက်ဖို့၊ လူချင်း မျက်နှာချင်းဆိုင်ဖို့ မကြိုးစားပါနဲ့။ ခံရသူက ဘယ်တော့မှမေ့နိုင်မှာ မဟုတ်ပါဘူး။ ဒေါ်သတရားက အမြဲရှင်သန်နေမှာဆိုတော့ မြစန္တာရဲ့ အရိပ်ကိုတောင် ကိုယ်မတွေ့ချင် မမြင်ချင်ပါဘူး။*

*မြစန္တာကြောင့် မိန်းမတွေအားလုံးကိုလည်း စိတ်နာသွားပါတယ်။ ကိုယ့်ရဲ့ရိုးသားမှုနဲ့ အေးဆေးမှုကို ခုတုံးလုပ်သွားရက်လေခြင်းလို့ ထာဝရ နာကြည်းခံပြင်းမိပါတယ်။*

*ကိုယ့်ဘဝမှာ မြစန္တာဆိုတာ သေဆုံးသွားပြီလို့ ယူဆရမှာပါပဲ၊ ဘဝအဆက်ဆက် မြစန္တာလို မိန်းမမျိုးနဲ့ မဆုံရအောင်လည်း ဆုတောင်းရမှာပါပဲ၊*

*နေမျိုး*

■

"ဘာသဘောလဲ စန္ဒာ ..."

စာရွက်ကို ပြန်ခေါက်ရင်း မေးသည်။

မြစန္တာက ရဲအောင်မျက်နှာကို စူးစိုက်ကြည့်နေရင်း တွေတွေဝေး သည်။ စာရွက်ကို စားပွဲပေါ်တင်ထားလိုက်၏။

"ဆရာ ဘာတွေလျှောက်ရေးတာလဲ"

သူ ထပ်မေးသည်။

"ရဲ..."

မြစန္ဒာဆီက စကားကို သူ နားစွင့်နေလိုက်၏။

"ငါ နင်နဲ့ထွက်ပြေးသွားတယ်လို့ ဆရာ ထင်တယ်"

"ဘာ ... ဘာပြောတယ် စန္ဒာ"

ပြောပြီး ခေါင်းငိုက်စိုက်ကျသွားသည်။ လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်၏။ ရင်ထဲမှာ တင်းကျပ်လာသည်။

"မာမီတို့ကလည်း ငါ နင်နဲ့ ထွက်သွားတယ်ထင်မှာပဲ။ ငါ စဉ်းစားကြည့်တယ်လေ၊ ရန်ကုန်ရောက်တော့ ဆရာလည်း ဒီသတင်းတွေကြားမှာပေါ့။ အစကတော့ ငါခပ်ပေါ့ပေါ့ပဲ တွေးတာ။ ဆရာ့ကို ငါတွေ့ရင် ကိစ္စအားလုံး ပြေလည်သွားမှာပဲလို့ ... အခုတော့ ... အခုတော့ ..."

မြစန္ဒာပြောရင်း ရှိုက်သံပါလာသည်။

သူ မြစန္ဒာကို မော့်ကြည့်လိုက်မိ၏။

"တော်ပါပြီဟာ ... ဘယ်သူမှလည်း လိုက်ရှင်းပြမနေချင်တော့ပါဘူး" အားလျော့သံမှာ ဝမ်းနည်းကြေကွဲမှုတို့ ရောစွက်နေ၏။


"ဆရာကလည်းဟာ မစူးမစမ်းဘဲ ဒီလောက်တောင်"

"ထားပါတော့ဟာ၊ သူငါ့ကို ဘယ်လောက်စိတ်နာတယ်ဆိုတာ သူ့စာဖတ်ပြီး ငါသိပြီပဲ။ ပြီးတော့ သူက တရှုးထိုး၊ တော်ရုံတန်ရုံနဲ့ စိတ်ပြေတာ မဟုတ်ဘူး"

"မဟုတ်တာ ... တစ်ခုကိုတော့"

မြစန္ဒာက ခေါင်းခါပြီး သက်ပြင်းကိုချသည်။

"ရန်ကုန်ရောက်ရင် ငါ သွားရှင်းမယ်" ဟု သူပြောလိုက်သည်။



## ၂

နွယ်သာကီပန်းရုံမှာ ပန်းရောင်အပွင့်တို့ဖြင့် ဝေသည်။ ချွန်ချွန်သွယ်သွယ် အရွက်တို့က အစိမ်းရင့်ရောင်ရှိ၏။ အပင်ခြေမှ ဖြောင့်သွယ်သော ပင်စည်ရှိုးတံများ အစုလိုက်ထွက်လာသဖြင့် ပန်းရုံနွယ် အုပ်အုပ်ဆိုင်းဆိုင်း ဖြစ်သည်။ အဖြူရောင်၊ ပန်းရောင်၊ အနီရောင်စက္ကူပန်းတို့ကို ပေါင်းမိုးနွယ်ပြု၍ ပွင့်ဝေစေပြန်၏။

ခုံတန်းပြာသည် ပန်းရုံတို့ကြားမှာ ရှိသည်။ ပန်းခြံကလေးကို တည်းခိုဆောင်နှင့် စားသောက်ခန်းမကြားမှာ ပြုလုပ်ထား၏။

"အခန်းပိတ်ထားတော့ အပြင်ထွက်သွားတာလားလို့"

အသံကြားရာသို့ အကြည့်မှာ မြစန္ဒာကိုတွေ့သည်။

တစ်ဖက်စွန်းကို နည်းနည်းရွှေ့ပေးတော့ မြစန္ဒာ ဝင်ထိုင်လိုက်၏။

"နင် နေကောင်းတယ် မဟုတ်လား"

မြစန္ဒာမျက်နှာကိုကြည့်ပြီး မေးလိုက်သည်။ မြစန္ဒာက ပြုံးလျက်နှင့် ခေါင်းညိတ်၍ပြန်ဖြေသည်။

"ဒါဆို မနက်ဖြန် ရန်ကုန်ပြန်ကြရအောင်"

မြစန္ဒာက နှုတ်ဆိတ်လျက် ...

"နင့်ကိုသာ မတွေ့ရင် ငါတော့ဒုက္ခပဲ"

အတန်ကြာမှ နှုတ်က တီးတိုးပြောသည်။

"အိမ်က ထွက်လာကတည်းက အားတင်းထားခဲ့ရတာ၊ ပုဂံရောက်တော့ လူရောစိတ်ရော ဆက်တင်းထားလို့ မရနိုင်တော့တဲ့ အခြေအနေမျိုး ဖြစ်နေပြီလေ။ နင့်ကိုတွေ့လိုက်တော့ ရင်ထဲမှာ တကယ်ကြည်နူးသွားတယ်။ ရှာတာက တစ်ယောက်ပဲ၊ ဒါပေမဲ့ နင့်ကိုတွေ့တော့ ပျော်သွားတာအမှန်ပဲ ရဲ"

ရဲအောင်က နားစွင့်ထား၏။

"လူ့ဘဝမှာ ပုံစံချပြီးလုပ်တိုင်း မဖြစ်တာတွေ အများကြီးရှိတယ်ဆိုတာ ငါ တွေ့ဖူးသွားပါပြီ။ တခြားကိစ္စတွေကို ကြီးကြီးကျယ်ကျယ် ထည့်မတွက်ပါနဲ့ဦး။ အခု အိမ်ထောင်ပြုတဲ့ ကိစ္စတစ်ခုကိုတောင် ငါတော့ သင်ခန်းစာ တော်တော်ရသွားပြီ။ ကိုယ် လက်ခံထားတဲ့ ချစ်သူနဲ့ပဲ ဘာဖြစ်ဖြစ် လက်ထပ်မယ် ဆုံးဖြတ်ပြီး လက်ထပ်နိုင်အောင် စွန့်စွန့်စားစား အိမ်ပေါ်ကဆင်းခဲ့မိတယ်။ နောက်ဆုံးတော့ ချစ်သူကပဲ မုဆိုးတစ်ပိုင်း မိန်းမရှိင်းကြီး ထင်သွားတဲ့ ဘဝကို ရောက်သွားတယ်။ အိမ်က မာမီတို့ကလည်း သမီးဆိုးဆိုပြီး တစ်သက်ကျေမှာမဟုတ်ဘူး"

စက္ကူပန်းပွင့်ကလေးတွေ ပေါင်ပေါ်သို့ ကြွေကျလာသည်။ လက်ဖြင့် ကောက်ယူလျက် ကြည့်နေမိပြန်သည်။

"စန္ဒာ"

"ရဲ"

အကြည့်ဆုံမိကြပြန်သည်။

"ငါရှိနေတာ နင်နဲ့ ဆရာတို့အတွက် ဘာပြောပြော အနှောင့်အယှက် တစ်ခုလိုဖြစ်နေပြီနော်"

ရင်ထဲမှာ ခံစားမှုများစွာဖြင့် ပြောချလိုက်မိသည်။

"မဆိုင်ပါဘူး ရဲရယ် ..."

"မဟုတ်ဘူးလေ၊ ဆရာက နင်နဲ့ ငါ့ကို အမြဲတမ်း သံသယမျက်လုံးနဲ့ပဲ ကြည့်နေတာ။ သူ့ရင်ထဲမှာ ဒီသံသယက ဘယ်တော့မှ ရှင်းသွားမှာမဟုတ်ဘူး ထင်တယ်။ ငါသာ အခုချိန် နိုင်ငံခြားလိုနေရာ ရောက်နေရင် နင့်ကို ငါနဲ့ဘယ် ထင်ပါ့မလဲနော်"

"ထားပါတော့ဟာ၊ ဘယ်တတ်နိုင်မှာလဲ။ ပြီးတော့လည်း သံသယရှိချင်တဲ့သူက တစ်ယောက်မဟုတ် တစ်ယောက် ရှိချင်ရှိနေမှာပဲဟာ။ ပြောရရင် အားလုံးဟာ ငါ့အမှားချည်းပါပဲလေ။ ငါ စိတ်ကူးယဉ်ပြီး လုပ်ခဲ့မိတာတွေလည်း အများကြီးပါ"

"စန္ဒာ"

"ဟင်"

"နင်ကြားဖူးမှာပါ၊ အနော်ရထာနဲ့ ကျန်စစ်သား၊ မဏိစန္ဒာဇာတ်လမ်းလေ"

မြစန္ဒာ မျက်နှာကိုကြည့်လျက် ပြောလိုက်၏။

"အင်း ..."

"ငါထင်တယ်လေ၊ အနော်ရထာက မဏိစန္ဒာကို ချစ်မြတ်နိုးတာလည်း မဟုတ်ဘူး။ ဒါပေမဲ့ ငါ့ဘဏ္ဍာတော်ကို ကျန်စစ်သားဟာ သက်သက်စော်ကားတာပဲဆိုပြီး ခံပြင်းဒေါသထွက်တာ။ ဒီဒေါသတရားနဲ့ ကျန်စစ်သားကို အရိန္ဓမာ လှံနဲ့ ထိုးသတ်တာပဲလို့ထင်တယ်"

မြစန္ဒာက စူးစိုက် နားထောင်နေသည်။

"အဲဒီတော့ အနော်ရထာလို ချစ်သူအနေနဲ့ ချစ်မြတ်နိုးတာမဟုတ်ဘဲ ငါ့ ဘဏ္ဍာပဲဆိုတဲ့ အစွဲရှိတဲ့၊ အမြော်အမြင်ကြီးတဲ့ မင်းကြီးတောင် ဒေါသတရားကို မထိန်းသိမ်းနိုင်အောင် ရှိသေးတာပဲ စန္ဒာရယ်၊ ဆရာ့ကိုတော့ ..."

"ဘာလဲ ... ဆရာက ငါ့ကိုသိပ်ချစ်လို့ သိပ်အမြိုးကြီးသွားတာလို့ နင်ပြောချင်တာလား ရဲ ..."

"အင်း ... ဟုတ်တယ်၊ နင့်ကိုချစ်လည်းချစ်၊ ပြီးတော့ ငါ့ချစ်သူကို မဆိုင်တဲ့သူက ရယူသွားပါလားဆိုတဲ့ မာနတွေးကလည်းရှိတော့ နင့်ကိုတင်မကဘူး၊ ငါ့ကိုပါ ဒီတစ်သက်ကျေမှာမဟုတ်တာ သေချာတယ်လေ။ အနော်ရထာမင်းကြီးလို အာဏာစက်ရှိရင် ငါ့ကို ဖမ်းပြီး လှံနဲ့ထိုးသတ်မလားပဲ"

"ရဲရယ် ... ဆဒ္ဒန်ဆင်မင်းဇာတ်မှာ စူဠသုဘဒ္ဒါကို အမြိုးကြီးသူလို့ ဖွဲ့တယ်။ ဒါပေမဲ့ စူဠသုဘဒ္ဒါ အမြိုးကြီးတာက ဆဒ္ဒန်ဆင်မင်းရဲ့အချစ်ကို လိုချင်

လောဘကြီးလို့ဆိုတာ တွေ့ရတယ်။ နောက်ဘဝရောက်တောင် အငြိုးမပြေ သေးသလို ထားခဲ့တဲ့ မေတ္တာတရားကလည်း မပြေနိုင်တာ တွေ့ရတယ်လေ။ အခု ဆရာ ငါ့အပေါ်ထားခဲ့တဲ့ အငြိုးက မာနကြောင့်ဖြစ်တဲ့အငြိုး၊ ငါ့သိက္ခာ ငါ့မာနကို စော်ကားသွားသူရယ်လို့ အတ္တကိုထိပါးလို့ ဖြစ်ရတဲ့အငြိုးလို့ ထင် တယ်။ သူ့စာရဲ့ အဓိပ္ပာယ်ကို ငါ သဘောပေါက်တာကတော့ မချစ်လို့ စွန့်ပစ် သွားတာ ဂရုမစိုက်ဘူး၊ မခံစားရဘူး။ ဒါပေမဲ့ ငါ့ကိုခုတုံးလုပ်သွားတာ၊ ငါ့ရဲ့ အရှက်တရားကို ရအောင်လုပ်သွားတာကို မကျေနပ်ဘူးဆိုတဲ့ အဓိပ္ပာယ် ရောက်နေတယ်လေ"

အကြည့်ကို အဝေးမှာ စူးစိုက်ထားလျက် သက်ပြင်းကိုချသည်။

"အနိုင်ရပေမဲ့ ဘယ်တော့ ငါ ပြန်ရှုံးရမှာလဲဆိုတဲ့ သံသယအတွေးနဲ့ အမြဲထိတ်လန့်ပြီး အရိပ်ကိုတောင် ရန်သူထင်နေတဲ့သူလိုပဲ။ ဆရာဟာ ငါ့ကို အမြဲတမ်းပြိုင်ဘက်တစ်ယောက်လို မြင်နေတယ် စန္ဒာ၊ ငါ ... ငါလေ ..."

မြစန္ဒာက သူ့မျက်နှာကို စူးစိုက်ကြည့်နေမှန်း သူသိ၏။ တံတွေးကို မျိုချ လိုက်မိပြန်သည်။

"နင့်အတွက် အရှုံးပေးသင့်တယ် ထင်တာကို အရှုံးပေးပြီးပါပြီဟယ်။ တစ်သက်လုံးရင်းစား ပြန်မရနိုင်တဲ့ အစားထိုးလို့မရနိုင်တဲ့ အကြီးကျယ်ဆုံး ဆုံးရှုံးမှုတစ်ခုကို ငါရင်နင့်အောင်ခံစားပြီး အရှုံးသမားလို နေခဲ့ပြီပဲ"

"ငါ သိပါတယ် ရဲရယ်"

အသံတိုးလျလျက ရင်ထဲသို့တိုင် ကြားနိုင်အောင် စူးနစ်၏။

"နင့်ကို ငါပြောဖူးလားမသိဘူး စန္ဒာ၊ ဖေဖေ ငါ့ကိုအမြဲဆုံးမတယ်၊ လူ ဆိုတာ အရှုံးကို ရင်ဆိုင်ရဲရမယ်တဲ့။ တစ်ခါမဟုတ် တစ်ခါ ရှုံးဖူးမှာပဲတဲ့၊ ရှုံးတဲ့ အခါမှာ စိတ်ဓာတ်ကျစရာမလိုဘဲ နောက်တစ်ပွဲအနိုင်ရဖို့အတွက် အားမာန် မွေးရမယ်တဲ့။ အဲဒီလိုအားမာန်အသစ်နဲ့ အရှုံးကိုရင်ဆိုင်ရဲတဲ့ သတ္တိထက် ပိုပြီး ခက်ပြီး ပိုလိုအပ်တဲ့ စိတ်ဓာတ်သတ္တိတစ်ခု ရှိသေးတယ်တဲ့။ ကိုယ့်အကျိုး အတွက်ထက် တစ်ပါးသူအကျိုး ပိုများမယ်ထင်လို့ လိုအပ်လာတဲ့အခါမှာ ကိုယ်က အရှုံးပေးနိုင်ရမယ်တဲ့။ ရှုံးတဲ့ဒဏ်ကို ကြံ့ကြံ့ခံ ရင်ဆိုင်ရတာထက်

နိုင်ခြေရှိလျက်နဲ့ စေတနာ၊ မေတ္တာ ကိုယ်ချင်းစာနာစိတ်ကြောင့် အရှုံးပေးရ တာက ပိုခက်ပါတယ်တဲ့။ လူတိုင်းက အနိုင်နဲ့ပိုင်းပြီး အောင်နိုင်သူဖြစ်ချင်ကြ တာ။ အရှုံးသမားလို ဘယ်သူမှ မျက်နှာမငယ်ချင်ဘူးတဲ့။ အဲဒါ အရှုံးပေးနိုင် ဖို့က ကိုယ့်အတ္တထက် တစ်ပါးသူအပေါ်မှာ ညှာတာစာနာပြီး မေတ္တာတရား ကြီးမားမှသာ ဖြစ်နိုင်တဲ့ စိတ်ဓာတ်သတ္တိမျိုးပဲတဲ့။ နင် သဘောပေါက်လား စန္ဒာ"

မြစန္ဒာက ခေါင်းညိတ်ပြီး သူ့ကိုကြည့်၏။ ပြီးတော့ သူ့မျက်နှာကို ငေး ကြည့်ရင်း သူ့စကားကို နားစွင့်နေဆဲ။

"လက္ခဏဟာ လေးတော်တင်ခွင့်ရပါလျက်နဲ့ အစ်ကိုတော် ရာမကို ငဲ့ညှာပြီး လေးမတင်ဘဲနဲ့ သီတာဒေဝီကို စွန့်လွှတ်ခဲ့တာမျိုး၊ ပြီးတော့ ကျန်စစ် သားဟာ မဏိစန္ဒာကို ပိုင်ဆိုင်လိုစိတ်သက်သက် တစ်ခုတည်းသာကြည့်ရင် အဲဒီအချိန်က ကျန်စစ်သားမှာ ထောင်ထား ပုန်ကန်နိုင်လောက်အောင် အင်အား ကျောထောက်နောက်ခံ အပြည့်အဝရှိနေတာပဲ။ ဒါပေမဲ့ သူ အရှုံး ပေးသင့်တယ် ယူဆလို့ အရှုံးပေးပြီး မဏိစန္ဒာမင်းသမီးကို အနော်ရထာမင်း လက် ဆက်သခဲ့တယ်လေ။ တကယ်တော့ သူတို့မှာ လုပ်နိုင်တဲ့စွမ်းရည်တွေ ရှိပေမဲ့ အရှုံးပေးသင့်တဲ့အခါမှာ အရှုံးပေးရဲတဲ့သတ္တိ ရှိကြတယ်။ ကျန်စစ်သား ဆို ဘယ်လောက် ယောက်ျားကောင်းပီသတဲ့ စိတ်ဓာတ်ရှိသလဲ။ သူဟာ မဏိ စန္ဒာမင်းသမီးကို အသက်လောက် မြတ်နိုးစုံမက်ပါလျက်နဲ့ သူ့ လက်တွင်းက နေပြီး အနော်ရထာကို ဆက်သရတာ။ သူက မဏိစန္ဒာကို လိုချင်စိတ် သက် သက်နဲ့ ပုန်ကန်ခြားနားပြီး ပုဂံကို မပြန်တော့ရင် မလိုလားအပ်တဲ့စစ်ပွဲ ဖြစ် လာမယ်၊ နိုင်ငံသူ နိုင်ငံသားတွေ စစ်ကြောင့် သေကြရမယ်။ အချင်းချင်း စိတ်ဝမ်းကွဲပြားကြရမယ်။ ဘာပြောပြော လယ်တွင်းကိုးခရိုင်နဲ့ ထီးလှိုင်ဟာ ကျန်စစ်သားရဲ့ အင်အားတွေပဲ။ စစ်ကို မုန်းတီးစိတ်၊ ပြည်သူတွေကို ချစ်တဲ့ စိတ်ကြောင့် မဏိစန္ဒာကို လက်လွှတ်အရှုံးခံဖို့ ဆုံးဖြတ်လိုက်တာ ဖြစ်မှာပဲ လေ"

အိတ်ထဲက ဒူးယားဗူးကိုထုတ်ပြီး တစ်လိပ်ထုတ်ယူလျက် မီးညှိသည်။ မီးခိုးငွေ့ကို အဝေးသို့ မှုတ်ထုတ်လိုက်၏။

"စန္ဒာရယ် ... သူတို့လို ကြီးကြီးကျယ်ကျယ် ရည်ရွယ် မျှော်မှန်းချက်တွေ မကြီးပေမဲ့ လူတစ်ယောက်ကို နင့်နင့်သီးသီးချစ်တဲ့စိတ်နဲ့ အဲဒီလူ စိတ်ချမ်းသာစေချင်တဲ့ စေတနာ၊ အဲဒီလူ ဒုက္ခသောကတွေ ရင်မဆိုင်ရအောင် ဆိုတဲ့ အတွေးတွေနဲ့ ငါလည်း အရှုံးပေးသင့်တယ်ထင်တာကို အရှုံးပေးခဲ့ဖူးပါတယ်"

"ရဲရယ် ..."

ဆုံဆဲအကြည့်မှာ နှစ်ဦးလုံး ရင်ခုန်စိတ်လှုပ်ရှားစွာ ခံစားလိုက်ရ၏။ တစ်ဦး၏ရင်ခုန်သံကို တစ်ဦး၏နှလုံးသားမှ အတိုင်းသားကြားနိုင်သည်ယုံ၏။ ဟန်ဆောင်မှုသည် မျက်လုံးနှင့် နှလုံးသားမှာ မရှိနိုင်ပြီဟု ထင်ကြသည်။

"အခုလည်းငါဆရာ့ကို ဆက်ပြီးအရှုံးပေးသွားမှာပါစန္ဒာ၊ ကျန်စစ်သားလိုပဲ နင့်ကို ဆရာ့ဆီအရောက် ခေါ်သွားပြီး ဆက်သဖို့ ငါ စဉ်းစားထားပါတယ် စန္ဒာ။ ငါ့အပေါ်မှာရှိနေတဲ့ သံသယတရားကို ကြိုးစားပြီး ငါ ရှင်းပြမယ်။ အနော်ရထာလို မကျေနပ်လို့ သတ်မယ်ဆိုရင်တောင် သံသယတရား ကျေပျက်သွားမယ်ဆိုလို့ကတော့ အသေခံဝံ့ပါတယ်"

"တော်တော့ ... တော်တော့ ရဲရယ် ..."

"ဒါပေမဲ့ စန္ဒာ၊ ငါ နင့်ကို ကဗျာကလေးတစ်ပုဒ်နဲ့ ပတ်သက်ပြီး ပြောပြမယ်။ ငါ့ခံစားချက်တွေကို ငါအမြဲတမ်းမှတ်တမ်းရေးလေ့ရှိတယ်လေ။ တစ်နေ့တော့ မဂ္ဂဇင်းမှာ ကဗျာကလေးတစ်ပုဒ် ငါတွေ့ရတယ်"

"အရိန္ဒမာသိပါသည်တဲ့ အဲဒါက ခေါင်းစီး။ ကျန်စစ်သားနဲ့ မဏိစန္ဒာရဲ့ ဇာတ်လမ်းပါပဲ။ ဒါပေမဲ့ အိုင်ဒီယာလေးကိုကြိုက်လို့ ငါ့ရဲ့မှတ်တမ်းမှာ ကူးထားလိုက်တယ်။ အရိန္ဒမာလုံ့က အသည်းနှလုံးကိုမထိဘဲ ကြိုးကိုထိတာဟာ ကျန်စစ်သားမှာ အသည်းနှလုံးမရှိတော့ဘဲ မဏိစန္ဒာကို ဆက်သပြီးကတည်းက သေဆုံးနေပြီဆိုတာ အရိန္ဒမာလုံ့က သိလို့ပါတဲ့၊ ဖတ်ရင်းဖတ်ရင်း အလွတ်ရနေပြီလေ"

"ဆိုပြပါလား ..."

ရဲအောင်က မြစန္ဒာကို ဖျတ်ခနဲ တစ်ချက်ကြည့်လိုက်၏။ မြစန္ဒာက အဝေးကိုငေးရီပြီး နားစွင့်နေသည်။ စီးကရက်ကပြာခွေရင်း ကဗျာကို ဆိုပြလိုက်၏။

မသင့်လျော်တာ ချစ်လာခဲ့သူမို့
အရှင့်အပေါ်မှာ သစ္စာမဲ့သူလို့
ကဲ့ရဲ့ကာ ဆိုချင်ဆို
ပြုံငြင်လိုက ပြုံငြင်လိုက်
ကိုယ့်ထိုက်နဲ့ ကိုယ့်ကြမ္မာပေါ့
လက်လွှဲကာ ရွှေတော်ဆက်ရပေမယ့်
မွှေ့ပျော်ရက်တယ် သခင်ထင်သလား
ရင်ခွင်မှာ ဆယ်နေကဲသလို
အမြဲ ပူလောင်လှချည်ရဲ့
ကြိုးနှောင်ကာ အရှင်တည်းပါလို့
ရင်ထဲကို လှံမထိခင်က
ချစ်မိသူ အသည်းကြွေပြုန်းကာ
(မဂ္ဂီစန္ဒာရယ်...)
ကိုယ်ကတော့ အမြဲသေဆုံးခဲ့ပြီပဲ။

ကဗျာဆုံးတော့ တိတ်ဆိတ်ငြိမ်သက်နေကြ၏။ သက်ပြင်းချသံကို တစ်ခါခါ ကြားနေရဆဲမှာပင် ရှိုက်သံတစ်ခုက ထိန်းချုပ်မနိုင်ဘဲ ပေါက်ကွဲပေါ်ထွက်လာ၏။

စန္ဒာရယ် ... ဟု တီးတိုးရေရွတ်ရင်း မျက်ရည်စကို သုတ်ပေးလိုက်မိသည်။

# ၂၃

ပုဂံနှင့်ပတ်သက်၍ ရေးစရာအချက်အလက်များ တော်တော်ရပြီဟု တင်အောင်စဉ်းစားသည်။ ပုဂံမှာ နောက်တစ်ရက်နှစ်ရက်နေလျှင် လုံလောက်ပြီဟု တွေး၏။ ဒါပေမဲ့ မေမြို့ကိုတက်ဖို့က ကျန်သေးသည်။ အစကတော့ ပုဂံရေးကွက်များရလျှင် ရန်ကုန်ပြန်ရေးပြီး ဇာတ်သိမ်းမှ မေမြို့တက်ပြီး ရေးမည်ဟု စဉ်းစားထား၏။ မထူးပါဘူးလေ။ မန္တလေးပြန်ပြီး မန္တလေးက တစ်ခါတည်း မေမြို့တက်လိုက်တော့မည် တွေး၏။

ဒီနေ့ညနေတော့ ဘီယာလေးဘာလေး အေးအေးဆေးဆေး သောက်မည်တွက်ပြီး ကန်တော့ပလ္လင်ဘုရားမှ တဆက်တည်းပင် သမတည်းခိုခန်းထဲ ဝင်ခဲ့၏။ စားသောက်ရိပ်သာမှာ ဘီယာတစ်လုံးကိုမှာပြီး ပလော့များကို စဉ်းစားကြည့်နေမိသည်။

"ဟာ ... အစ်ကို တစ်ယောက်တည်းလား"

"ဟာ ... ဟော့ လာကွာ၊ ဘီယာသောက်ပါဦး"

"သောက် ... အစ်ကို သောက်ပါ"

သမတည်းခိုခန်းမှ အမှုထမ်းလေးက ဆိုင်ထဲဝင်လာပြီး သူ့ကို နှုတ်ဆက်သည်။

"တယ်လီဖုန်းခေါ်မလို့ အစ်ကို၊ ခွင့်ပြုပါဦး" ဟု ပြောလျက် ဆိုင်နောက်ထဲသို့ ဝင်သွား၏။

နေမျိုးကို ချက်ချင်းသတိရလိုက်သည်။

မင်းကို သိပ်ပြောလို့မဖြစ်ဘူး။ တော်တော်ကြာ မင်းက ဝတ္ထုထဲ ထည့်ရေးချင် ရေးနေမှာဟု သူ့အကြောင်းမပြောခင် နေမျိုးကဆိုသည်။

မရေးပါဘူးကွာ၊ မင်းပြောမှာသာ ပြောပါဟု မနည်းတောင်းပန်တော့မှ နေမျိုးက ပြောသည်။

မြစန္ဒာကို မတွေ့ချင်လို့ ရန်ကုန်ကထွက်လာတာ။ ပုဂံမှာ မြစန္ဒာတို့ကို တွေ့နေရသည်ဆို၏။ ရဲအောင်၏ ပခုံးကို မှီလျက် ရဲအောင်၏ လက်မောင်းရင်းကို တွယ်မှီကာ လမ်းလျှောက်လာကြသည်ကို သူ့မျက်လုံးဖြင့် မြင်လိုက်သည်ပြော၏။ ဒါကြောင့် ပုဂံက ချက်ချင်းပြန်ရန် ဆုံးဖြတ်ကြောင်း၊ ဘုရားတွေမှာ ဆုံမိပြီး ရေစက်မကုန်ဘဲ နောင်ဘဝမှာ ပြန်တွေ့ရမည်စိုးကြောင်း ရင်ဖွင့်သည်။

ပြီးတော့ စာတစ်စောင်ရေးပြီး သူ့ကိုပေးခဲ့၏။ အဲဒီတည်းခိုခန်းမှာ ဒီစာသွားပေးလိုက်ကွာ။ ဒါပေမဲ့ မင်းကိုယ်တိုင်မပေးနဲ့၊ မင်းကို သူတို့မတွေ့စေချင်ဘူး။ ငါ့သူငယ်ချင်းမှန်း မသိစေချင်ဘူးဟု ထပ်မှာသည်။ စိတ်ချပါကွာ၊ ငါ့အလုပ်နဲ့ငါ ရှုပ်နေတာ၊ မိုးလင်းကမိုးချုပ် ထွက်နေရတာ။ သူတို့ လာရှာရင်တောင် တွေ့မှာမဟုတ်ပါဘူးဟု သူ ပြန်ပြောခဲ့ရသေး၏။

"အစ်ကို မပြန်ရသေးဘူးလား၊ ရန်ကုန်ပြန်မှာလား"

စောစောက တည်းခိုခန်းအမှုထမ်းလေး ပြန်ထွက်လာပြီး မေးသည်။

"အေးကွာ … မပြန်ရသေးဘူး၊ တစ်ရက် နှစ်ရက်တော့ ကြာဦးမယ်၊ ရန်ကုန်မပြန်ခင် မေမြို့တက်ဦးမယ်ကွ"

"ကောင်းပါတယ် အစ်ကို" ဟု ပြောပြီး စားပွဲနားမှခွာသည်။

"နေပါဦးကွ" ဟု သတိရပြီး လှမ်းပြောတော့ အမှုထမ်းကလေးက ရပ်နေသည်။

"ဟိုနေ့က အစ်ကိုပေးခိုင်းတဲ့စာ ပေးပြီးပြီပေါ့နော်"

နေမျိုးစာပေးပြီး၊ မပြီး သူမေးလိုက်၏။

"ဟုတ်ကဲ့ အစ်ကို၊ ပေးပြီးပါပြီ၊ ဟိုအစ်မကို ပေးလိုက်တယ်။ အစ်ကိုပေးတဲ့နေ့က ချက်ချင်းမပေးဖြစ်ဘူး။ အစ်မက အိပ်နေလို့၊ ကျွန်တော်လည်း နောက်မေ့သွားတယ်၊ နောက်တစ်နေ့မှ ပေးလိုက်ရတယ် အစ်ကို"

"အေး ... ရောက်သွားရင် ပြီးတာပါပဲကွာ"

"သွားမယ် အစ်ကို"

နှုတ်ဆက်ပြီး စားသောက်ဆောင်မှ ထွက်သွားသည်။

ဖန်ခွက်ထဲသို့ လက်ကျန်ဘီယာကို ငှဲ့ထည့်လိုက်၏။

"ဖူးဘုရားက ပျူစောထီးတည်ခဲ့တာလို့ ပြောတယ် စန္ဒာ၊ စန္ဒာလည်း ကြားဖူးမှာပေါ့။ ဖူးတို့၊ ဝက်တို့၊ ရှူးပျံတို့ကို နှိမ်နင်းတဲ့ ပျူစောထီးလေ။ သူ တည်တာတဲ့။ ဒါပေမဲ့ အခု တွေ့ရတာကတော့ အရင်မူလပုံစံအတိုင်း ပြန်ပြီး တည်ထားတာတဲ့။ ဖူးဘုရားက ပုဂံငလျင်မှာ မြစ်ထဲထိုးကျ ပျက်စီးသွားတယ် တဲ့လေ"

ညနေပိုင်း ဖူးဘုရားကိုရောက်စဉ် ရဲအောင်က မြစန္ဒာကိုရှင်းပြ၏။ မြစ်ပြင်ကို ဖြတ်၍ ဝေ့တိုက်လာသောလေကို အားပါးတရ ရှူသွင်းလိုက်သည်။

"ဒါဆို ဒီဘုရားပြန်တည်တာ ဘယ်သိပ်ကြာဦးမလဲနော်"

မြစန္ဒာက တန့်ကြည့်တောင်ကို ငေးမျှော်ကြည့်နေရာမှ အကြည့်ကို ရဲအောင်မျက်နှာဆီသို့ ပို့ရင်း မေး၏။

"အင်း ... ၁၃၃၇၊ ဝါဆိုလန်းဆန်း (၁) ရက်၊ အင်္ဂါနေ့ မြေငလျင်လှုပ် တာတဲ့"

"အလဲ့ ... တယ်ဟုတ်ပါလား၊ ရက်စွဲတွေဘာတွေ အလွတ်ရလို့၊ ဘာလဲ ပုဂံမှာ တိုးရစ်ဂိုက်လုပ်တော့မလို့လား"

ရယ်ရင်း မြစန္ဒာက ပြောသည်။

"မဟုတ်ပါဘူးဟာ ... ဟိုကောင် ခင်မောင်ကျော်နဲ့ လျှောက်လိုက်ရင်း ဘုရားစုံရောက်တယ်။ ရာဇဝင်တွေရော ဘာတွေရော ဒီကောင်က လျှောက် မေးတော့ အားလုံးသိရတာပေါ့။ ဒီကောင်က ဗိသုကာပညာတင် စိတ်ဝင်စား

တာမဟုတ်ဘူးဟ။ သမိုင်းပါစိတ်ဝင်စားတာ၊ အခုနက စုနစ်ကတော့ ဒီကောင်တိုင်းထွာတာလိုက်ရင်း သဗ္ဗညုကို ခဏခဏရောက်တယ်လေ။ သဗ္ဗညုမှာ အထဲဝင်ဝင်ချင်း ရေးထားတဲ့စာကို ရောက်တိုင်းဖတ်မိတယ်။ ဒါကြောင့် မှတ်မိနေတာ"

"ဘာရေးထားလို့လဲ ..."

"အခုန ပြောသလိုပေါ့။ ၁၃၃၇ ခု၊ ဝါဆိုလဆန်း (၁) ရက်နေ့၊ အင်္ဂါနေ့ မြေငလျင်လှုပ်၍ ပျက်စီးသွားသည်။ ၁၃၃၇ ခုနှစ်၊ တပေါင်းလ ၁၅၊ သဗ္ဗညုကျောင်းဘုန်းကြီး ဦးဉာဏိန္ဒကြီးမှူး၍ ဒကာ၊ ဒကာမများ ကောင်းမှုဖြင့် ပြီးစီးသည်လို့ ရေးထားတာ ငါက လုပ်စရာမရှိတော့ ဖတ်ရင်းဖတ်ရင်း မှတ်မိနေတာပေါ့"

ဟု သူက မြစန္ဒာကို ရယ်ပြောပြောလိုက်၏။

"ပုဂံအကြောင်းကို ရဲတော်တော်သိနေပြီနော်"

"မသိပါဘူး စန္ဒာရယ် ... ဒါပေမဲ့ ပုဂံကိုရောက်ရင် ရင်ထဲမှာ တစ်မျိုးခံစားရတာတော့ အမှန်ပဲ၊ အရင်ကလည်း ရောက်ဖူးတယ်လေ။ ပုဂံက မြင်ကွင်းကို ကြည့်ပြီးတော့ တစ်ခုခုကိုလွမ်းသလို ဆွေးဆွေးမြည့်မြည့် ဖြစ်ရတယ်။ ရှေးတုန်း က ပုဂံပြည်ကို လွမ်းတာလား၊ ဘုရားအို၊ ဘုရားပျက်တွေကိုပဲ ကြည့်ပြီး သံဝေဂရတာလား မသိပါဘူး။ ခံစားရတာတော့ အမှန်ပဲလေ။ အခုတော့ စန္ဒာ့ကိုဆိုပြတဲ့ ကဗျာလေးကို ဖတ်ပြီးကတည်းက အနော်ရထာနဲ့ကျန်စစ်သား၊ မဏိစန္ဒာတို့ရဲ့ ဇာတ်လမ်းလေးနဲ့ဆိုင်တဲ့ ဘုရားတွေကို ရောက်ပြီး ပိုခံစားရတယ်လေ။ နောက်တော့ မြစန္ဒာကိုလည်း ပိုပြီးသတိရလာတယ်ဆိုရင် ယုံမလားမသိဘူး"

"ယုံပါတယ် ရဲရယ် ..."

ရင်ထဲမှာ နွေးထွေးစွာ ခံစားရင်းခုန်ရပြန်သည်။

"အမျက်တော်ပြေဘုရားကို မြစန္ဒာ ဖူးပြီးပြီလား"

"ဟင့်အင်း ..."

"ဖူးဘုရားကို အလာလမ်းမှာ ရှိတယ်လေ၊ ငလျင်လှုပ်တာက ပါသွားပြီး အခုတော့ ပြန်ပြုပြင်ထားတယ်"

"စန္ဒာ သတိမထားခဲ့မိဘူး"

"စေတီအထဲက မှန်ဝထဲမှာ ရုပ်ပွားတော်ရှိတယ် စန္ဒာ။ အဲဒီရုပ်ပွားတော်ကို သေသေချာချာစိုက်ကြည့် ကြည်ညိုလေ စိတ်ထဲမှာ ငြိမ်းချမ်းလေပဲကွယ်။ မြတ်စွာဘုရားရဲ့မျက်နှာတော်က စိုက်ကြည့်နေရင်း ပြုံးတော့မလိုလိုဖြစ်လာပြီး ကြည်နူးချမ်းမြေ့စရာကောင်းတာ အမှန်ပဲ။ ပုဂံက လူတွေကတော့ တန်ခိုးကြီးဘုရားတစ်ဆူလို့ အယုံအကြည်ရှိတယ်လေ။ သမိုင်းတွေ ဘာတွေထဲမှာ မပါတော့ လူသိနည်းနေတယ်။ ဒီမှာတော့ ဟိုတုန်းက အဖြစ်အပျက်တစ်ခု ရှိခဲ့ဖူးတယ် ပြောတယ်"

"ဘယ်လိုအဖြစ်အပျက်လဲဟင် ..."

"ဩော် ... ဒီအမျက်ပြေဘုရားထဲမှာ နေ့တိုင်း ပုတီးလာစိပ်နေတဲ့ လူတစ်ယောက် ရှိတယ်တဲ့။ အင်း ... လွန်ခဲ့တဲ့နှစ်ပေါင်း လေးဆယ်လောက်ကလို့ ပြောတယ်။ တစ်နေ့တော့ အဲဒီလိုပုတီးစိပ်နေတုန်းမှာပဲ ဝတ်ဖြူစင်ကြယ်နဲ့ ဖိုးသူတော်တစ်ယောက် ရောက်လာပြီးတော့ ဓာတ်လုံးတစ်လုံး ပေးတယ်တဲ့။ အဲဒီဓာတ်လုံးနဲ့ ဆေးကုတာ ရောဂါအားလုံးပျောက်လို့ နာမည်သိပ်ကြီးတယ် ပြောတယ်။ နောက်ပိုင်းတော့ ကြီးပွားချမ်းသာပြီး သူကြီးဖြစ်သွားတယ်တဲ့။ သူကြီးဖြစ်သွားတော့မှ မြေမှု၊ ကိုင်းမှုတွေမှာ အဂတိလိုက်စားမှုတွေ ဖြစ်လာရောတဲ့။ ဒါနဲ့ သူဆေးကုတဲ့ဓာတ်လုံးလည်း အလိုလိုပျောက်သွားတော့တာပဲတဲ့။ အဲ့ဒီပုဂ္ဂိုလ်က သေသွားတာ ဆယ်နှစ်ကျော်လောက်ပဲ ရှိသေးတယ်လို့ ပြောကြတယ်။ ဒါကြောင့် ဒီဘုရားဟာ တန်ခိုးအလွန်ကြီးတယ်၊ ဆုတောင်းပြည့်တယ်လို့ ယုံကြည်ကြတယ် စန္ဒာရဲ့"

"ရဲက တော်တော်သိနေပြီပဲ၊ ဘယ်သူတည်ခဲ့တာလဲဟင် ..."

အနောက်ဘက်မှာ နေလုံးသည် စုန်းစုန်းမြုပ်တော့မည်။ နောက်ဆုံးရောင်ခြည်သည် အားပျော့စွာဖြင့် မြစ်ပြင်ပေါ်သို့ ဖြာကျဆဲ။ တန့်ကြည့်တောင်သည် ဆည်းဆာရိပ်မှာ လှပနေမြဲ။

အကြည့်ကိုလွှဲ၍ မြစန္ဒာ၏မျက်နှာကို စူးစိုက်ကြည့်လျက် သက်ပြင်းချမိသည်။

"ကျန်စစ်သား တည်ခဲ့တာလေ၊ မဏိစန္ဒာဇာတ်လမ်းနဲ့ ဆက်နွှယ်နေတဲ့ ဘုရားပေါ့"

"ဩော် ..."

■

"ဟာဝေးတို့ ဘာတို့ရေးတဲ့ ရာဇဝင်စာအုပ်တွေမှာလည်း ပါတယ်ပြောတယ်။ သေသေချာချာ ဟုတ် မဟုတ်တော့ သုတေသီတွေမှပဲ သိမယ်လေ။ ဒါပေမဲ့ ကြားရတော့ ရင်ထဲမှာ စူးစူးရှရှခံစားလာရတာ အမှန်ပဲ။ အနော်ရထာတို့၊ ကျန်စစ်သားတို့၊ မဏိစန္ဒာတို့ကို မမြင်မတွေ့ရတော့ပေမဲ့ သူတို့နဲ့ ဆက်စပ်နေခဲ့တဲ့ ဒီဘုရားတွေကို ပြန်ဖူးရတော့ အမှတ်တရ အထင်ကရ ကျန်ခဲ့တဲ့ ပစ္စည်းတွေကိုတွေ့ပြီး ပြန်လွမ်းသလိုလွမ်းတယ် စန္ဒာရယ်"

စန္ဒာက သူ့စကားကို စိတ်ဝင်စားစွာ နားစွင့်နေသည်။

"မဏိစန္ဒာကို ပဏ္ဏာအဖြစ်ဆက်သတာ ကျန်စစ်သားက ရင်နင့်အောင်ချစ်မိပေမဲ့ သူ့အရှင် အနော်ရထာမင်းကို ချစ်သူမဏိစန္ဒာ ဆက်သခဲ့တာ။ အလေးရှိန်ရှိန်ကြည့်တော့ မုလေးပန်းပွင့် နစ်ပွင့်စာတိုးနေလို့ အနော်ရထာက စစ်ဆေးပြီး ကျန်စစ်သားနဲ့ ညိစွန်းတာကို သိသွားတာ။ ဒါတွေကတော့ စန္ဒာ သိပြီးသားတွေပါ။ အဲဒီလိုသိသွားတော့ အနော်ရထာမင်းကြီးက ကျန်စစ်သားကို အရှင်လတ်လတ်ကြိုးတုပ်ပြီး အရိန္ဒမာလှံနဲ့ပစ်တာပေါ့၊ လှံက ကြိုးကို ထိပြီး ကြိုးပြတ်သွားတယ်လေ။ ဒီအထိတော့ ငယ်ငယ်ကတည်းက ပုံပြင်တစ်ခုလို ကြားဖူးခဲ့တာပဲ။ ဒါပေမဲ့ ဒီအမျက်ပြေဘုရားတို့၊ တဘက်ကျဘုရားတို့၊ ပုဆစ်တုပ်စေတီတို့ကတော့ ဒီတစ်ခေါက်မှ ဖူးရ၊ သိရတာတွေပဲ"

"ဘာလဲ ရဲ ... တဘက်ကျဘုရားတို့၊ ပုဆစ်တုပ်စေတီတို့ ဆိုတာကလည်း မဏိစန္ဒာနဲ့ ကျန်စစ်သားဇာတ်လမ်းထဲမှာ ပါတာပဲလားဟင်"

"ဟုတ်တယ် စန္ဒာ၊ အနော်ရထာမင်းကြီးက လှံနဲ့ ပစ်လိုက်လို့ ကြိုးကို ထိပြီး ကြိုးပြတ်လွတ်သွားတော့ ကျန်စစ်သားဟာ ချက်ချင်းပဲ အရိန္ဒမာလှံကို ကောက်ပြီး အနော်ရထာမင်းကြီးကို ပြန်ပစ်ဖို့ ရွယ်လိုက်သတဲ့။ အဲဒီအခါမှာ

အနားမှာ ငိုယိုနေတဲ့ မယ်တော်က ကျွန်စစ်သားရဲ့လက်ကို ရုတ်တရက်ဖမ်းဆွဲလိုက်လို့ ကျွန်စစ်သားဟာ လှံနဲ့မပစ်လိုက်မိဘူး။ ကျွန်စစ်သားကို လှမ်းဆွဲလိုက်တဲ့ မယ်တော်ရဲ့ပခုံးပေါ်က တဘက်ဟာ မြေပေါ်ကို ကျသွားခဲ့တယ်။ အဲဒီနေရာကို ကျွန်စစ်သားမင်းဖြစ်တော့ ဘုရား တည်ခဲ့တယ်။ တဘက်ကျဘုရားလို့ ဒါကြောင့်ခေါ်တာလို့ ပြောတယ် စန္ဒာ"

"စိတ်ဝင်စားစရာပဲ ဆက်ပါဦး ရဲ..."

"ဒါနဲ့ ကျွန်စစ်သားဟာ ချက်ချင်းထွက်ပြေးခဲ့တယ်။ ပြေးရင်းက တစ်နေရာရောက်တော့ မယ်တော်ကို ပုဆစ်တုပ်ထိုင်ပြီး ကန်တော့ခဲ့တယ်လေ။ အဲဒီနေရာမှာ တည်ခဲ့တဲ့ဘုရားကိုတော့ ပုဆစ်တုပ်ဘုရားလို့ ခေါ်ခဲ့တယ်"

"အင်း..."

"ဒီလိုနဲ့ ဆက်ပြေးရင်းက အနော်ရထာမင်းကြီးရဲ့ကျေးဇူးတော်တွေကို ပြန်သတိရလာတယ်။ သူ့အပေါ် ကောင်းခဲ့ပုံ၊ တိုင်းသူပြည်သားတွေအပေါ်မှာ ကောင်းခဲ့ပုံတွေကို ပြန်တွေးမိလာတယ်။ ဒီလို စည်းစည်းလုံးလုံးဖြစ်အောင် နိုင်ငံထူထောင်ချင်တဲ့ မင်းကြီးရဲ့ မြင့်မားတဲ့ရည်ရွယ်ချက်တွေကို ပြန်စဉ်းစားပြီး ကြည်ညိုလာတယ်။ တိုင်းပြည်တည်ထောင်ဆဲ အခုလို ကာလမှာ မင်းပြစ်မင်းဒဏ် သင့်သူအနေနဲ့ နေပြည်တော်မှာ နေခွင့်မရနိုင်တော့ဘဲ ပြေးထွက်လာရတာကို ဝမ်းနည်းလာတယ်။ မဏိစန္ဒာကို ရင်ထဲကနင့်နေအောင် ချစ်မိပေမဲ့ အရှင်သခင်ဆိုတဲ့ အသိတရားနဲ့ လက်လွှဲပြီး ရှေ့တော်ဆက်ခဲ့တာ နှလုံးသားနဲ့စတေးပြီးမင်းကြီးရဲ့ကျေးဇူးတော်ကို တုံ့ပြန်ခဲ့တာတွေ။ မင်းကြီးက အသိအမှတ်မပြုဘဲ ငြိုးထန်ရက်စက်လွန်းပါလားလို့ တွေးရင်း ကြေကွဲဆို့နင့်လာတယ်။ သူ့အပေါ်မှာထားတဲ့ မင်းကြီးရဲ့အမျက်မာန်တွေ၊ ဒေါသတရားတွေ၊ ရန်ငြိုးတွေဟာ ပြေမှ ပြေပါ့တော့မလား စဉ်းစားပြီး မျက်ရည်ပေါက်ကြီးငယ် ကျလာရသတဲ့။ ဒါကြောင့် ဒီအငြိုးတွေ၊ အမျက်တွေ ပြန်ပြီး မြန်မြန်ပြေပါစေတော့ဆိုပြီး မင်းကြီးရှိရာဘက်ကို ပြန်လှည့်ပြီး ကန်တော့ခဲ့ပြန်တယ်။ အဲဒီလို ကန်တော့ခဲ့တဲ့ နေရာမှာ ကျွန်စစ်သားမင်းက ဘုရားတည်လိုက်ပြီး အမျက်

တော်ပြေ ဘုရားရယ်လို့ ခေါ်တွင်စေခဲ့တယ်တဲ့။ ပြီးတော့မှ မင်္ဂလာတံခါးက ထွက်ပြီး မြစ်ကို ဖြတ်ပြေးခဲ့တယ်လို့ ပြောကြတယ်"

"တကယ် ကြေကွဲစရာပဲနော်"

"ဟုတ်တယ် စန္ဒာ ... ကျန်စစ်သားရဲ့ဘဝဟာ ခံစားစရာ၊ ကြေကွဲစရာတွေ ပြည့်နေတဲ့ဘဝပဲလို့ ငါ ထင်တယ်။ နင် စဉ်းစားကြည့်စမ်း၊ အဲဒီလို အချစ်ရေးသာ ခံစားရတာ မဟုတ်ဘူး။ မြေးတော်ကိုနန်းပေးပြီး နောက်မှ ရောက်လာတဲ့ သားတော်ကို နန်း မပေးနိုင်ခဲ့တာတွေ။ သစ္စာကတိကို ထိန်းသိမ်းနိုင်ခဲ့ပေမဲ့ ဖခင် တစ်ယောက်ရဲ့ရင်မှာ သားနဲ့ပတ်သက်ပြီး ဘယ်လိုခံစားရမလဲဆိုတာ မှန်းကြည့်လို့ရပါတယ်။ ပြီးတော့ စေတနာရှေ့ထားပြီး ကယ်တင်ခဲ့ပေမယ့် စောလူးမင်းက အထင်အမြင်လွဲတာကိုလည်း ခံခဲ့ရတာ။ ကိုယ်က အသက်စွန့်ပြီး စေတနာ၊ မေတ္တာအပြည့်နဲ့ လုပ်တဲ့ကိစ္စမျိုးမှာ အထင်လွဲ၊ အမြင်လွဲခံရတာလောက် ရင်နင့်အောင်ခံစားရတာ ရှိနိုင်ပါ့မလား။ သူ့ဘဝမှာ ရင်ထဲမှာ ခံစားစရာတွေ ဘယ်လောက်ပဲ ပြည့်နေပြည့်နေ အနော်ရထာမင်းရဲ့ နိုင်ငံတည်ထောင်မှုလုပ်ငန်းကို သူ မျက်ခြည်မပြတ်ခဲ့ဘူး။ တိုင်းပြည်ပြု မင်းတစ်ပါးဖြစ်အောင် တည်ထောင်နိုင်ခဲ့တာပဲ စန္ဒာ"

"ဟုတ်တယ်နော် ... ကျန်စစ်သားရဲ့စိတ်ဓာတ်ဟာ တကယ်လေးစားစရာပဲ"

"စန္ဒာ ဖတ်ဖူးမှာပေါ့။ အနော်ရထာမင်း နတ်ရွာစံတော့ ကျန်စစ်သား ပုဂံပြန်ရောက်လာတယ်။ သူ့ကို နန်းအပ်ကြတာပဲ။ ဒါပေမဲ့ သူလက်မခံခဲ့ဘူး၊ သားတော် စောလူမင်းသာ နန်းရထိုက်တယ်ဆိုပြီး စောလူးမင်းကို နန်းတင်ဖို့ ကြိုးစားခဲ့သေးတာ။ တကယ်ဆို ပုဂံရာဇဝင်မှာ နန်းလိုချင်လို့ အဖေအရင်းကို သတ်၊ ညီအစ်ကိုအရင်းတွေ သတ်ကြဖြတ်ကြတာတွေ ရှိပါတယ်။ ကျန်စစ်သားဟာ ဒီလိုမဟုတ်ဘူး၊ ထီးနန်းကိုမက်မောမှု မရှိဘူး။ သစ္စာတရားကို စောင့်စည်းနိုင်ခဲ့တယ်"

"ဟုတ်ပ ..."

မြစန္ဒာက ပြောပြီး ပြုံးပြလိုက်သည်။

"ဘာလဲ ပြန်ချင်ပြီလား ..."

"ရပါတယ် ရဲရယ် ...၊ ရဲနဲ့ ဒီလိုနေရတဲ့အချိန်တွေဟာ ဘယ်တော့မှ မေ့မရနိုင်တော့မယ့် အချိန်တွေပါပဲ"

နှစ်ဦးလုံးကိုယ်စီ သက်ပြင်းချမိကြပြန်သည်။

"မှောင်လာပြီ ... ပြန်ရအောင်၊ လမ်းမှာ အမျက်တော်ပြေဘုရားကို ဝင်ဖူးကြမယ်၊ ဒီဘုရားဖူးပြီး ဆုတောင်းရင် ကိုယ့်အပေါ်မှာထားတဲ့ အမျက်တွေ၊ ဒေါသတွေ ပြေပျောက်သွားနိုင်တယ်လို့ ယုံကြည်ကြသတဲ့။ ဒီမှာ အမှုကိစ္စကြီးငယ်ဖြစ်လာရင်တောင် ဒီဘုရားမှာပဲ အဓိဋ္ဌာန်ပြုဆုတောင်းကြတယ် ပြောတယ်လေ။ တို့လည်း ဆုတောင်းကြရအောင် စန္ဒာ၊ နင်လည်း ငါ့အပေါ်မှာထားတဲ့ ဆရာရဲ့ အမျက်တွေ၊ ဒေါသတရားတွေ၊ သံသယတရားတွေ မြန်မြန် ပြေပျောက်ပါစေလို့ ဆုတောင်းရအောင်နော်"

"တော်ပါတော့ ရဲရယ် ... တော်ပါတော့၊ စန္ဒာ ငိုမိမယ် ..."

အသံကလှိုက်ပြီး ရှိုက်သံပါလာလေပြီ။

"နလုံးသားကိုစတေးပြီး အရှုံးပေးခဲ့တဲ့ လူတစ်ယောက်အပေါ်မှာ ထားတဲ့ဒေါသနဲ့ သံသယတွေပြေပါစေလို့ ငါတော့ ဆုတောင်းမိမှာပဲ စန္ဒာရယ်"

ပြောပြီးလှည့်အကြည့် မြစန္ဒာမျက်ဝန်းမှ မျက်ရည်စတို့ကို မီးရောင်ဖြင့် မြင်လိုက်နိုင်သည်။

ရင်ထဲမှာ ဆို့နင့်ကြေကွဲစွာ ခံစားလိုက်ရ၏။

"ငါ ရန်ကုန်မှာ ရှိနေရင်လည်း ဒီတစ်လပါပဲ စန္ဒာ။ သဘော်ာကိစ္စက အားလုံးနီးနီး အဆင်ပြေနေပြီလေ။ လေယာဉ်လက်မှတ်လောက် ဘာလောက်ပဲ ကျန်တော့တာ၊ အဆင်ပြေရင်လည်း နေ့ချင်းညချင်း ဖြစ်သွားမှာပါပဲလေ။ ငါ မြန်မာပြည်မှာ မရှိတော့ရင် နင်တို့အတွက် ပိုပြီးအဆင်ပြေတာပေါ့ စန္ဒာရယ်။ ငါတစ်ခုပဲ စိုးရိမ်တယ်၊ နင်တို့လက်ထပ်ပြီးရင်တောင် ဆရာက ငါ့အပေါ်မှာ သံသယမကင်းဖြစ်နေမှာ စိုးတယ်ဟာ"

လပြည့်ည အလင်းရောင်ကို ရထားပြတင်းမှတစ်ဆင့် မြင်နေရသည်။ တရိပ်ရိပ်နှင့် ပြေးဖြတ်နေဆဲ ရထားနောက်သို့ မြင်ကွင်းတို့က ပြေးလိုက်လာသည့်နှယ် ထင်မှတ်နေရဆဲ။ စင်စစ် မြင်ကွင်းတို့မှ ဝေးရာသို့ ဦးတည်ခုတ်မောင်းနေပါလား အသိသည် မြင်ကွင်းပျောက်မှ ဝင်လာတတ်စမြဲပင်။

"တော်တော့် ရဲရယ်၊ ငါအားလုံးကို စိတ်လျှော့ထားလိုက်ပြီ။ ဘာကိုမှ ငါ မျှော်လင့်မထားတော့ပါဘူး။ အကောင်းဆုံးဖြစ်အောင် စီစဉ်ပြီး လုပ်ကြည့်ပေမဲ့ အကောင်အထည်မပေါ်ဘဲ အဆိုးဆုံးဖြစ်သွားတာတော့ ကံတရားလို့ ဆိုရမှာပဲ"

ပြတင်းဝမှ ဝင်လာသော လေကြောင့် နဖူးဆံစများ ဖွာကျနေသည်။ လည်တိုင်ပေါ်သို့ ဖွေ့ဝဲကျနေသည့် ဆံပင်သည် နောက်သို့ တလူလူလွင့်ဖြာ၏။

"ရန်ကုန်ရောက်ရင်း ဆရာ့ကိုရှာပြီး ငါတွေ့မယ်"

"သူ စိတ်ပြေမယ်လို့ နင်ထင်သလား"

"ဒါတော့မသိဘူး၊ ရှင်းပြဖို့က ငါတို့ တာဝန်ပဲလေ။ ရှင်းပြလို့မှ လက်မခံရင်တော့ သူ့သဘောနဲ့ သူပေါ့ စန္ဒာ"

မြစန္ဒာက သူ့မျက်နှာကို လှမ်းငေးရင်း နားထောင်နေ၏။ ဘာမှပြန်မပြောဘဲ ငြိမ်နေသည်။

"ဆရာက ငါ့ကို တွေ့တွေ့ဆိုင်ဆိုင် တစ်ခါမှ မတွေ့ဘူးလေ။ ငါ့ကို မြင်တာ တွေ့တာတောင် မျက်နှာလွှဲသွားတတ်တယ်။ ငါ့ကိုသာတွေ့ပြီး တွေ့တွေ့ဆိုင်ဆိုင် မေးရင်လည်း သူ့ကို နင်နဲ့ပတ်သက်သမျှ ငါ ဝန်ခံရဲတာတွေ၊ ကတိပေးတာတွေ အများကြီးရှိပါတယ် စန္ဒာရယ်။ ငါ နင့်ကိုမပြောမိတာ တစ်ခုရှိတယ်၊ ငါ့အတွေးပေါ့လေ"

"ဘာလဲဟင်..."

မြစန္ဒာက ရှေ့တိုးပြီး နားထောင်သည်။

"နင် ဆရာ့ကို အဖြေပေးလိုက်ပြီဆိုတော့ နင်စိတ်ချမ်းသာမှု ထာဝရ ရနိုင်ပါ့မလားလို့ အတွေးဖြစ်ခဲ့မိတယ်။ ဒါပေမဲ့ အဲဒီအတွေးကို ငါမပြောဖြစ်ခဲ့ဘူး။ ဘာလို့လဲဆိုတော့ ငါကပြောလိုက်ရင် ငါ့ကို တစ်မျိုးထင်လေမလားတွေးမိလို့ပဲ။ ပြီးတော့ နင်ရော ငါရောဟာ သိပ်စိတ်ကူးယဉ်တဲ့ ကိစ္စတစ်ခုကို လုပ်ခဲ့မိပြီလားလို့လည်း စဉ်းစားမိသေးတယ်။ ဒါပေမဲ့ ငါ့ဘက်ကတော့ မြဲမြဲကြည့်ရင် နင် စိတ်ချမ်းသာတာ မြင်ချင်တယ်။ နင် ပျော်နေတာပဲ ကြည့်ချင်တယ်၊ နင်နဲ့ ပတ်သက်သမျှ အကောင်းပဲ တွေ့ချင်တယ်လေ"

လရောင်ဖြင့် တစ်ဦး၏ မျက်ဝန်းကို တစ်ဦးမြင်နိုင်ဆဲ ရင်ခုန်သံကိုပါ ကြားရမည်လား မသိ။

"နင့်လိုပါပဲ"

ဆိုသည့်စကား နှုတ်ဖျားမှ တီးတိုးထွက်လာခဲ့သည်။

■

"ဟင် ... မြစန္ဒာ"

"ဟင် ... ရဲ"

အိမ်ရှေ့တံခါးဝမှာရပ်တော့ ခင်ထားညို ပြေးထွက်လာသည်။ ရဲအောင်ကို မြင်တော့ အံ့ဩဟန်ပြ၏။ တံခါးကို ဖွင့်ပေးလိုက်သည်။

"လာထိုင် စန္ဒာ ...၊ ဆရာနဲ့ တွေ့လားဟင်... အဆင်ပြေရဲ့လား"

မထိုင်ခင်မှာပင် မြစန္ဒာကို ခင်ထားက မေးလိုက်သည်။

"မတွေ့ဘူး ခင်ထား"

မြစန္ဒာက စကားတုံးတိကို ပြောချလိုက်ရင်း ဆက်တီမှာ ဝင်ထိုင်သည်။ ရဲအောင်က ဝင်ထိုင်လိုက်ရင်း အကြောင်းစုံကို အတိုချုံး ရှင်းပြလိုက်၏။

"ဖြစ်မှဖြစ်ရလေ စန္ဒာရယ် ..."

ခင်ထားက မြစန္ဒာလက်ဖျားကို ဖျစ်ညှစ်ရင်းဆိုလိုက်သည်။

"အခု ဘယ်လိုလုပ်ကြမလဲဟင် ..."

ခင်ထားက စိုးရိမ်ကြီးစွာဖြင့် မေး၏။

"ငါ ဆရာ့အိမ်ကို လိုက်သွားမယ်၊ ဆရာ့ကိုတွေ့ပြီး အကျိုးအကြောင်း ရှင်းပြလိုက်မယ် ခင်ထား"

ရဲအောင်က ဝင်ဖြေသည်။

မြစန္ဒာက ပိုက်ဆံအိတ်ထဲက ဆရာပေးခဲ့သည့် စာရွက်ကိုထုတ်ယူလိုက်ပြီး ခင်ထားကို ပေးသည်။ ခင်ထားညိုက လှမ်းယူဖတ်ကြည့်နေ၏။

ဖတ်ပြီး စာရွက်တစ်ရွက်ကို ပြန်ခေါက်လျက် မြစန္ဒာကို ပေးလိုက်သည်။

"ဆရာ ဒီလိုတော့ မရေးသင့်ပါဘူး၊ သူ့စိတ်ထဲမှာ နာကြည်းရင်တောင် လူကြီးပီပီ သိုသိပ်ထားသင့်တာပေါ့" ဟု ခင်ထားညိုက ပြောလိုက်သည်။

ရဲအောင်နှင့် မြစန္ဒာက ဘာမှပြန်မပြောဖြစ်လိုက်။

မြစန္ဒာက စာရွက်ကိုယူပြီး တစ်စစီ တစ်စစီ အမွှာမွှာဖြစ်အောင် ဆုတ်ဖြဲပစ်လိုက်သည်။

ရဲအောင်နှင့် ခင်ထားတို့က မြစန္ဒာကို စူးစိုက်ကြည့်နေမိသည်။

"ခင်ထား ... စူဠသုဘဒ္ဒါလို အပြုံးကြီးတတ်တဲ့ မိန်းမရှိသလို ဆရာဦးနေမျိုးလို အပြုံးကြီးတဲ့ ယောက်ျားတွေလည်း ရှိတယ်နော်" ဟု မြစန္ဒာက မော့ကြည့်ရင်း ပြောလိုက်သည်။



## ၂၆

လမ်းမကြီးအတိုင်း ဝင်လာပြီး ညာဘက်လမ်းသွယ်လေးကို ချိုးပြီး လေးငါးအိမ်လောက် ကျော်တော့ ဆရာ့အိမ်ကို တွေ့ရ၏။

"ကျွန်တော် ဆရာနဲ့ တွေ့ချင်လို့ပါ"

ခြံဝမှာရပ်နေသော အမျိုးသမီးကြီးတစ်ဦးကို ရဲအောင်က မေးလိုက်သည်။

"မောင်နေမျိုးလား"

"ဟုတ်ပါတယ် ဒေါ်ဒေါ် ..."

"ဝင်သွားကွယ့်၊ အောက်ထပ်မှာ မေးကြည့်၊ ဒေါ်ဒေါ်က အပေါ်ထပ်ကပဲ၊ ခရီးသွားပြီး ပြန်ရောက်လာပြီကွယ်။ ဒါပေမဲ့ အိမ်ထဲကထွက်တာ ဒေါ်ဒေါ်ဖြင့် မတွေ့မိပါဘူး"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်ဟု" ပြောပြီး ခြံထဲဝင်လိုက်သည်။

အုတ်လှေကားသုံးထစ် တက်လိုက်ပြီး ပိတ်ထားသော သံစကာတံခါးကို ခေါက်သည်။

"ဆရာ ... ဆရာ" ဟု ပါးစပ်က ခေါ်လိုက်၏။

အိမ်ထဲကို လှမ်းအကြည့် ဧည့်ခန်းကိုတွေ့ရသည်။ ဆက်တီအပေါင်း တစ်စုံကို လှမ်းမြင်ရ၏။ ဘုရားပန်းများ ညှိုးနေသော ဘုရားစင်ကို ဧည့်ခန်း ခေါင်းရင်းမှာ တွေ့သည်။ ဘေးက ပြတင်းပေါက်မှာ အရောင်လွင့်နေပြီဖြစ်

သည့် ပန်းရိုက်တစ်သုံးဆယ်ပိတ် လိုက်ကာအပြာရောင်သည် ဖြူရော်ရော် ဖြစ်နေပြီ။

"ဆရာ ... ဆရာ" ဟု ဒုတိယအကြိမ် အသံကိုမြှင့်ပြီး ခေါ်လိုက်၏။

အိမ်တွင်းမှ လှုပ်လှုပ်ရှားရှား အသံကြားရပြီး လမ်းလျှောက်ထွက်လာသံ ပေါ်လာသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

သူနှင့်ရွယ်တူခန့်ရှိ လူငယ်တစ်ဦး တံခါးဝကို ရောက်လာပြီး မေးသည်။

"ကျွန်တော် ဆရာဦးနေမျိုးကို တွေ့ချင်လို့ပါ"

"ဘယ်သူလို့ ပြောလိုက်ရမလဲ"

"ရဲအောင်ပါ၊ ရဲအောင်လို့ ပြောလိုက်ပါ"

ချက်ချင်းပျက်သွားသော မျက်နှာကို သတိထားလိုက်မိသည်။ ခေတ္တတွေဝေပြီး သူ့မျက်နှာကိုကြည့်လျက် ချာခနဲလှည့်ထွက်သွား၏။

ခဏအကြာမှာ တံခါးအနီးသို့ ပြန်ရောက်လာသည်။

"မတွေ့ချင်ဘူးလို့ ပြောလိုက်ပါလို့ ပြောတယ်"

"ခင်ဗျာ ..."

ရဲအောင် မျက်စိမျက်နှာ ပျက်သွားသည်။

ဘာဖြစ်ဖြစ် ဆရာ သူ့ကိုတော့ လက်ခံစကားပြောမည်ဟု သူမျှော်လင့်ထား၏။ နောက်ဆုံး စိတ်ဆိုးပြီး ဒေါသထွက်ကောင်း ထွက်မည်။ တွေ့ခွင့်တော့ ရမည် ထင်ထား၏။

"ထပ်ပြောပေးပါဗျာ၊ မြစ်န္ဒာ လွှတ်လိုက်လို့ပါ အရေးကြီးတဲ့အကြောင်း ပြောချင်လို့ပါလို့ ပြောပေးပါဗျာ"

သူ တောင်းပန်တိုးလျှိုးသံဖြင့် ပြောမိပြန်သည်။

"ခဏစောင့်" ဟု ပြောပြီး လှည့်ထွက်သွားပြန်၏။

မကြာမီမှာ အိမ်ထဲမှာ အော်ဟစ်လိုက်သံကို ကြားရသည်။ သဲသဲကွဲကွဲ မဟုတ်သော်လည်း ဆရာ့အသံမှန်း သိလိုက်သည်။

"ကျွန်တော် ပြောသားပဲဗျာ၊ ခင်ဗျားတို့သက်သက် ဒုက္ခပေးတာ၊ ကျွန်တော့်ကို အော်လွှတ်တယ်၊ ခင်ဗျားတို့မျက်နှာကို မကြည့်ချင်ဘူးလို့ ပြောလိုက်ပါတဲ့၊ ဘယ်တော့မှ တွေ့ဖို့မကြိုးစားပါနဲ့တဲ့"

ထောင်းခနဲ ဒေါသက ထွက်သည်။ လက်ဝါးနှစ်ဖက်ကို ထပ်လျက် တင်းတင်းဆုပ်ထားလိုက်မိသည်။ ရင်ထဲမှာ ဒေါသကြောင့် လောင်မြိုက်ပူပန်၏။ လှေကားထစ်ကို ကျော်ဆင်းချလိုက်ပြီး ခြံထဲမှ ခပ်သုတ်သုတ် ထွက်လာခဲ့သည်။

■

"တွေ့လားဟင် ရဲ ...၊ ဆရာနဲ့ တွေ့ခဲ့လား"

ခြံထဲရောက်တော့ နှင်းဆီပင်တွေကြားမှ ခင်ထားက လှမ်းမေးသည်။ သူ ခင်ထားအနားသို့ ရောက်သွား၏။ သူ ခေါင်းယမ်းပြလိုက်သည်။

"စန္ဒာရော"

"စန္ဒာ အိမ်ပေါ်မှာထင်တယ်"

"ဆရာက စန္ဒာနဲ့ ငါ့ကို လုံးဝမတွေ့ချင်ဘူး၊ မမြင်ချင်ဘူး၊ နောက်ကို ဘယ်တော့မှ တွေ့ဖို့မကြိုးစားပါနဲ့လို့ ပြောလွှတ်တယ်ဟာ"

"တကယ် ... ဟုတ်လား၊ အဲဒီလိုပဲပြောလား ..."

"ဟုတ်တယ် ခင်ထား ..."

"နင် သူ့ကိုတော့ တွေ့ခဲ့တာပေါ့"

"ဟင့်အင်း ..."

"ဘယ်လို ..."

ခင်ထားက နားမရှင်းဖြစ်သွားပုံရသည်။

"ဆရာ့ကို မတွေ့ပါဘူး ...၊ ဆရာ့ညီလား ဘာလား တစ်ယောက်က တံခါးဝမှာ လာရပ်တယ်ဟာ။ ပထမတစ်ခါ ငါ့နာမည်ကို ပြောတယ်။ ဆရာ့ကို သွားပြောတော့ မတွေ့ချင်ဘူး ပြောတယ်တဲ့။ ဒါနဲ့ ငါက စန္ဒာလွှတ်လိုက်လို့ပါ၊ အရေးတကြီး ကိစ္စရှိလို့ပါလို့ ပြောပြီး နောက်တစ်ခေါက် သွားပြော

နိုင်းတယ်။ အဲဒီတော့ ဆရာက ငါနဲ့ မြစန္ဒာကို ဘယ်တော့မှမမြင်ချင် မတွေ့ ချင်ဘူး၊ နောက်လည်း မကြိုးစား ပါနဲ့လို့ ပြောလိုက်သတဲ့"

ရဲအောင်က ခင်ထားညိုကို ရှင်းပြလိုက်သည်။ ပြီးတော့ ခေါင်းကို ငိုက်စိုက်ချလျက် လွှင့်ပါလာသော သစ်ရွက်ခြောက်တစ်ရွက်ကို ခြေဖြင့် ကန်လိုက်သည်။

"တော်ပါပြီဟယ် ... ကိုယ့် ဆရာဆိုတော့ ဘာမှတော့ မဝေဖန်တော့ပါဘူး။ ဒါပေမဲ့ ... စန္ဒာ့အတွက် စိတ်မကောင်း သိပ်ဖြစ်တာပဲ"

ဟု ခင်ထားညိုက ပြောလိုက်သည်။

"ဟုတ်တယ် ... ငါလည်း စန္ဒာ့အတွက် အရမ်းခံစားရတာပဲ။ နင် စန္ဒာ့ကို ငါ ပြောတဲ့အတိုင်း ဆရာက မတွေ့ချင်ဘူး။ မမြင်ချင်ဘူးလို့ ပြောတာကို သွား မပြောနဲ့ဦး ခင်ထား။ စန္ဒာ အရမ်းစိတ်ထိခိုက်သွားမှာ စိုးတယ်"

ရဲအောင်က ခင်ထားမျက်နှာကို ဘေးတိုက်ကြည့်ရင်း ပြောလိုက်၏။

"နင်ပဲပြောလေ ရဲ ... ငါ ဘာမှမပြောပါဘူး"ဟု ခင်ထားက ပြန်ပြောလိုက်ဆဲ ...

"ငါ အားလုံးကြားပြီးပါပြီ" ဆိုသောအသံကို ကြားလိုက်ရ၏။

ခင်ထားနှင့် ရဲအောင်က ပြိုင်တူလှည့်အကြည့်မှာ နောက်ဘက် လမ်းပေါ်က မြစန္ဒာကို သူတို့ တွေ့သည်။ နှစ်ယောက်လုံး ဘာမှမပြောမိကြ။

"ငါကြားပါတယ်ဟာ၊ ငါ့အပေါ်မှာနင်တို့စေတနာထားတာ သိပါတယ်။ ဒါပေမဲ့ ဘာဖြစ်ဖြစ် ငါ့ခံစားချက်ဟာ အမြင့်ဆုံးရောက်ခဲ့ပြီးပါပြီ။ ဆက်တက်စရာ မရှိတော့ပါဘူး။ ရဲ မှတ်မိလား၊ ရထားပေါ်မှာ နင်သွားတွေ့မယ်လို့ ပြောတော့ စိတ်ပြေမယ်လို့ နင်ထင်လို့လားလို့ ငါမေးခဲ့တာလေ။ ငါက အားလုံးကို ကြိုတွက်ထားပြီးပါပြီဟယ် ..."

ရဲအောင်နှင့် ခင်ထားက နင်းဆီမြောင်းတစ်မြောင်းကို ဖြတ်လိုက်ပြီး လမ်းမပေါ် တက်လာခဲ့သည်။

မြစန္ဒာဘေးနားမှာ ရောက်လာ၏။

"ဒီမှာ ရဲ ..."

မြစန္ဒာက ပခုံးရှေ့ဘက်ရောက်နေသော ဆံပင်ကို နောက်ဘက်ပြန်ရောက်အောင် ခေါင်းတစ်ချက်ခါ၍ ပို့သည်။

ရဲအောင် မြစန္ဒာမျက်နှာကို လှမ်းကြည့်၏။ တင်းမာမှိုင်းညို့နေသော မျက်နှာဟု ထင်လိုက်၏။ နှုတ်ခမ်းကို တင်းတင်းစိထားရာမှ သူ့ကို ပြန်ကြည့်လိုက်၏။ ပြီးမှ စကားကိုဆက်သည်။

"လူတိုင်း လူတိုင်းဟာ ပုထုဇဉ်တွေပါ။ ကောင်းတဲ့စိတ်မျိုး မွေးမိသလို၊ မကောင်းတဲ့စိတ်မျိုးလည်း မွေးမိတာပါပဲ။ နူးညံ့တတ်၊ ကြင်နာတတ်သလို ကြမ်းတမ်းတတ်၊ ရက်စက်တတ်တာပါပဲ။ လူတိုင်းမှာ အတ္တတို့၊ မာနတို့၊ ဒေါသတို့ ရှိကြစမြဲပဲ၊ ငါ့မှာလည်း အတ္တ၊ မာနရှိတယ်ဆိုတာ သိတယ် ရဲ၊ ငါ့စိတ်ကို အနိမ့်ဆုံးရောက်အောင် နှိမ့်ချထားပြီးပြီ၊ အခု မရတော့ဘူး။ ငါ့မာနကို ငါ အစော်ကားမခံနိုင်တော့ဘူး၊ အောက်ကျမခံနိုင်တော့ဘူး ရဲ။ ဆရာ့ကိုမရလို့ ငါ့ဘဝမှာ ဘာမှထူးခြားမှု ဖြစ်လာမှာမဟုတ်ဘူး။ အချစ်အတွက်နဲ့ ငါ့ဘဝ လေလွင့်တိမ်းပါးသွားမှာလည်း မဟုတ်ဘူး။ ပြောရရင် ငါတစ်ယောက်တည်း အိမ်ပေါ်ပြန်တက်လို့ မာမီက ငါ့ကို သေအောင်မသတ်ပါဘူး၊ ပြန်လက်ခံမှာပါ။ ငါ့ဆုံးဖြတ်ချက်နဲ့ ငါလုပ်ခဲ့တဲ့ အမှားတစ်ခုအတွက် ငါ အရှက်ရရုံပဲရှိမှာပါ"

စကားသံတို့က တင်းမာပြတ်သားသည်။ မြစန္ဒာထံမှ မိဘအရှိန်အဝါနှင့် မာနစကားကို တစ်ခါမျှ မကြားခဲ့စဖူး။

"ဒီလို ဘယ်ဟုတ်ပါ့မလဲ သူငယ်ချင်းရယ်" ဟု ခင်ထားညိုက ပြော၏။

"တော်ပြီ ခင်ထား ... ငါ့စိတ်ကို ငါဆုံးဖြတ်ပြီးပြီ"

မြစန္ဒာက ခင်ထားစကားကို ဖြတ်လိုက်၏။

"စန္ဒာ ..."

ရဲအောင်က ခေါ်လိုက်သည်။

မြစန္ဒာက ရဲအောင်မျက်နှာကို မော့ကြည့်သည်။

ခင်ထားညိုက အိမ်ဘက်ကို ထွက်သွားတော့သည်။

"ငါ နှင့်အပေါ်မှာထားတဲ့ စေတနာတွေကို နှင်ယုံလား စန္ဒာ"

မြစန္ဒာက ပြန်မဖြေဘဲ တွေတွေစိုက်ကြည့်နေ၏။

"ပြောလေ စန္ဒာ ..."

မြစန္ဒာက ခေါင်းညိတ်ပြသည်။

"ငါအခု စာတစ်စောင်ရေးပြီး ဆရာ့ကို သွားပေးမယ်။ လူချင်း အတွေ့ မခံရင်တောင် စာကိုဖတ်ပြီးလို့ သံသယရှင်းသွားရင် ကျေနပ်သွားမှာပါ။ စာဖတ်ပြီးရင် ဆရာ့ကို ငါတို့စောင့်နေကြတာပေါ့။ ဒီညစောင့်လို့ မလာရင် မနက်ဖြန်တော့ နင့်သဘောအတိုင်းပဲ။ အခုတော့ ငါ ပြောတာကို နားထောင်ပါဦး၊ လာ... အိမ်ပေါ်သွားရအောင်"

အံကိုတင်းတင်းကြိတ်လျက် မြစန္ဒာက နင်းဆီခင်းကို ငေးမျှော်ကြည့်ရှုရင်း တွေတွေရပ်နေသည်။

"လာ စန္ဒာ ..."

မြစန္ဒာလက်ကို သူဖွဖွ ဆွဲခေါ်လိုက်၏။

ပြန်လှည့်လာသော မျက်နှာမှာ တင်းနေသော်လည်း မျက်ဝန်းမှာ မျက်ရည်စတို့ ဝေ့နေသည်။



## ၂၈

"မြစန္ဒာ အိပ်ပျော်နေလား ခင်ထား"

"ဟုတ်တယ် အိပ်ပျော်နေတယ်"

ခင်ထားက ပြန်ဖြေသည်။

"ရဲ ... နင် သေသေချာချာ ပေးခဲ့ရဲ့လားဟယ်"

ခင်ထားညိုက ရဲအောင်ကို မေးလိုက်သည်။ သတင်းစာကို ပြန်ချလိုက်ရင်း ပေးခဲ့ပါတယ်ဟု ရဲအောင်က ဖြေသည်။

"ဒါပေမဲ့ ... ဆရာ့လက်ထဲကိုတော့ မဟုတ်ဘူးပေါ့ဟာ။ ဟို ... သူ့ညီလား၊ အဲဒီတစ်ယောက်ကို ပေးခဲ့တာ"

"စာထဲမှာရော စုံအောင်ရေးထားလား"

"ရေးထားတာပေါ့၊ အဲဒီစာကို စန္ဒာ့ကိုတောင် မပြရဲဘူး။ စန္ဒာ ဘယ်လောက် အပင်ပန်းခံပြီး လိုက်ရှာတယ်ဆိုတာ အားလုံး ထည့်ရေးထားတယ်"

ခင်ထားညိုက လက်မှနာရီကို ကြည့်သည်။

"ငါးနာရီတောင် ကျော်ပြီ၊ နင် စာသွားပေတော့ ဆယ့်နှစ်နာရီတောင် မထိုးသေးဘူး"

" စန္ဒာရှေ့မှာ ဘာမှမပြောနဲ့ ခင်ထား၊ ငါလည်း ထင်ပါတယ်၊ ဆရာ မလာတော့ပါဘူး၊ တကယ်လာချင်ရင် ဖတ်ပြီးပြီးချင်း ရောက်လာမှာပေါ့"

■

"ဘယ်သူလဲ"

"ကိုရဲအောင်"

"မင်းကို ဘယ်နခါပြောရမလဲ၊ ငါ မတွေ့ချင်ပါဘူးလို့ ပြောထားတာ။ ငါ့ကို ဘာလို့ လာပြောတာလဲ၊ သွား ... သွား မတွေ့ဘူးလို့ပြောလိုက်"

အခန်းဝမှာ ရပ်နေသည့်ညီကို ဆရာဦးနေမျိုးက အော်သည်။

"မဟုတ်ဘူး အစ်ကို"

"ဘာမဟုတ်တာလဲ၊ မနက်ကလည်း မတွေ့ချင်ဘူးပြောပြီးပြီ။ ငါမရှိဘူး လို့ ပြောလိုက်ပါလား၊ ဘာလို့ ငါ့ကို လာပြောရတာလဲ"

"မဟုတ်ဘူး အစ်ကို"

ဆရာဦးနေမျိုးအနားသို့ သူ့ညီက ရောက်လာရင်း ပြောသည်။

"ဘာမဟုတ်တာလဲကွ၊ ငါမတွေ့ချင်ဘူး၊ သွားပြောလေကွာ"

"ပြန်သွားပါပြီ၊ အစ်ကို့ကို ဒီစာပေးသွားခဲ့တယ်။ ဆက်ဆက် ဖတ်ဖြစ် အောင် ဖတ်ကြည့်ပါတဲ့"

ပြောရင်း စာအိတ်ကို လှမ်းပေးသည်။

"မင်း တော်တော်ခက်တဲ့ကောင်ကွာ၊ သူတို့နဲ့ပတ်သက်လာရင် ငါ ဘာမှမကြားချင်ဘူး။ မသိချင်ဘူးလို့ပြောထားရက်နဲ့ ပေးပေး..." ဟုပြောလျက် သူ့ညီ လက်မှ စာအိတ်ကို ဆွဲယူလိုက်သည်။

ပြီးတော့ ရုတ်တရက် စာအိတ်ကို အစိတ်စိတ်အမြွာမြွာ ဆွဲဆုတ်ပြီး စားပွဲခုံဘေးမှ အမှိုက်ခြင်းထဲသို့ ပစ်ပေါက်ချလိုက်၏။

"နောက်တစ်ခါဆို ဘာမှယူမထားနဲ့" ဟု ပြောလိုက်သည်။

သူ့ညီက ဆရာဦးနေမျိုးကို ငေးကြည့်နေလျက်...

■

"မလာတော့ဘူး ထင်ပါတယ်"

ရဲအောင်က ခင်ထားကို ပြောသည်။

"ဟုတ်တယ် ... ခြောက်နာရီကျော်ပြီ"

"ငါ ပြန်မယ် ခင်ထား"ဟု ပြောပြီး ထလိုက်၏။ ဧည့်ခန်းနောက်ဘက် ဗီရိုဘေးမှာချထားသော သူ့အိတ်ကိုယူပြီး ပြန်လှည့်လာသည်။

"နေဦး ရဲ..."

"ဘာလဲ"

"နင် ဘယ်ကိုပြန်မှာလဲ"

"အိမ်ပြန်မှာပေါ့"ဟု ရဲအောင်ကပြော၏။

"စန္ဒာကိုပြောလိုက်၊ မနက်အစောကြီး ငါ လာမယ်လို့။ ငါမလာခင် ဘယ်မှ ထွက်မသွားစေနဲ့နော် ခင်ထား"

ခင်ထားညိုက ခေါင်းညိတ်ပြလိုက်၏။

"ရဲ... နင်အိမ်ပြန်လို့ဖြစ်ပါ့မလား"

"ဘာဖြစ်လို့လဲ ခင်ထား"

"နင့်ကို စန္ဒာတို့အိမ်က တစ်ယောက်ယောက်တွေ့သွားရင် မေးလား စမ်းလားနဲ့ အကုန်ရှုပ်ကုန်မယ်ထင်တယ်"

လွယ်ထားသော သားရေအိတ်ကို ကြမ်းပြင်ပေါ်သို့ ပြန်ချလိုက်သည်။

"နင့်အိမ်ကရော နင့်ကို စိတ်ပူနေမလား မသိဘူး"

"ငါထင်တာတော့ စန္ဒာတို့အိမ်ကထင်သလို ငါ့အိမ်ကလည်း ထင်နေမှာပေါ့ ခင်ထား။ သတင်းက ချက်ချင်းရောက်မှာပဲလေ။ ခင်မောင်ကျော် ပုဂံက ပြန်ရောက်မှန်းသိလို့ လာမေးရင်လည်း မန္တလေးကိုဆက်သွားတယ် ပြောကွာ လို့ မှာလိုက်တယ်။ ပြန်ရောက်မှပဲ ရှင်းပြရတော့မှာပဲ"

သူ ခင်ထားညိုကို ပြောပြလိုက်သည်။

"ဒါဆို နင် ဒီတစ်ညတော့ အိမ်မပြန်ရင် ကောင်းမယ်ထင်တယ်"

ခင်ထားညိုစကားကို သူ သေသေချာချာ စဉ်းစားကြည့်သည်။ ဆရာက ညမှာ ရောက်လာချင် လာဦးမလားဟု တွေးကြည့်မိသေးသည်။ မြစန္ဒာအိမ်က သူ့ကိုမြင်သွားပြီး မေးလား စမ်းလားလုပ်နေပါက ဖြေရမှာ အခက်ကြုံနေမည် သေချာ၏။

"ငါ ဒီည ခင်မောင်ကျော်တို့အိမ် သွားအိပ်လိုက်ဦးမယ်ဟာ"

"အေး ... ကောင်းတယ်"

"စန္ဒာ့ကို ဂရုစိုက်ပါပာယ်၊ နေကောင်းကာစဆိုတော့ ပြန်ဖျားမှာလည်း စိုးရတယ်။ ပြီးတော့ စိတ်ထိခိုက်ပြီး တစ်ခုခုဖြစ်မှာ အစိုးရိမ်ဆုံးပဲ"

သူ ခင်ထားညိုကိုမှာပြီး အိတ်ကို ဆွဲမလွယ်လိုက်သည်။

"စိတ်ချပါ၊ မနက်စောစောသာလာခဲ့ ..."

ခင်ထားညိုက လှေကားအပေါက်ဝထိ လိုက်ပို့ရင်း ပြောလိုက်၏။

လမ်းရောက်တော့ စောနေပြီဟု တွေးလိုက်မိသည်။

လက်မှနာရီကို မြှောက်အကြည့် ခြောက်နာရီမထိုးသေး၊ ခင်ထားညို က အားနာစရာမရှိသော်လည်း သူ့မိဘများကို အားနာသည်။ အိမ်တံခါးဖွင့်မှ ဖွင့်ပါ့မလား တွေးပြီး စိုးရိမ်မိ၏။

ညက တစ်ညလုံးအိပ်မပျော်။ ကျိန်းစပ်နေသော မျက်လုံးအစုံကို လက်ဖြင့် ပွတ်သပ်မိပြန်သည်။

နင်းကြွင်းတို့ ဝေ့ဆိုင်း၍ ဝေသည်။

ဝင်းခြံတံခါးမှ လှမ်းအကြည့် အိမ်ရှေ့တံခါး ဖွင့်ထားသည်ကို တွေ့၏။ ဝင်းတံခါးကတော့ သော့ခတ်ထားခြင်း မရှိသောကြောင့် ဖွင့်ဝင်လိုက်ပြီး ချိတ်ကို ပြန်ချိတ်သည်။

နင်းဆီခင်းဘေးမှ ဖြတ်လျှောက်လာခိုက် "ရဲ" ဟု ခေါ်သံကြား၏။ မြစန္ဒာအသံပဲဟု သိပြီး ရင်မှာအေးမြသည်။

အသံလာရာကိုလှမ်းကြည့်ဆဲ နင်းဆီခင်းထဲမှာ မြစန္ဒာကို တွေ့၏။ သူ မြစန္ဒာရှိရာသို့ သွားလိုက်သည်။

"စန္ဒာ အစောကြီး အိပ်ရာကထသလား"

အနားရောက်ခိုက်မှာ မေးသည်။

"ဟုတ်တယ် ရဲ..."

"ဘာလဲ အိပ်မပျော်လို့လား"

မြစန္ဒာက ပြန်မဖြေ။

"ငါတော့ ညက တစ်ညလုံး အိပ်လို့မရဘူး စန္ဒာ"

မြစန္ဒာက သူ့မျက်နှာကို မော့ကြည့်၏။

"ညက ဆရာ ရောက်လာသေးသလား"

မြစန္ဒာက ခေါင်းရမ်းပြသည်။ မြစန္ဒာမျက်နှာ ကွက်ခနဲ ပျက်သွားသည်ကို သိ၏။

"ငါနင့်ကို တစ်ခုပြောမယ် စန္ဒာ၊ နင် စိတ်အေးအေးထားပြီး နားထောင်၊ ငါညက တစ်ညလုံး စဉ်းစားပြီးမှပြောတာ"

မြစန္ဒာက သူ့စကားကို နားစွင့်နေမှန်းသိ၏။

"စန္ဒာ"

မြစန္ဒာ၏မျက်နှာကို စူးစိုက်ကြည့်ရင်း ခေါ်လိုက်သည်။ သူ့အသံသည် ရင်ထဲကလာသလို လှိုက်လှိုက်လှဲလှဲ ရှိနေ၏။ မြစန္ဒာက သူ့ကို အကြည့်ဆုံသည်။

"ငါ နင့်ကို သိပ်ချစ်တယ် စန္ဒာ၊ ငါဒီတစ်သက်မှာ မပြောတော့ဘူးလို့ စိတ်ဆုံးဖြတ်ထားတဲ့ စကားပဲ။ ငါ ဖွင့်မပြောပေမဲ့လည်း ငါ့ရင်ထဲမှာတော့ ဘယ်လိုခံစားနေရတယ်ဆိုတာ နင် သိမယ်လို့ ငါထင်ပါတယ်။ ဒီဘဝမှာ ပြောခွင့်မကြုံတော့ဘူးလို့ ထင်ထားပေမဲ့ ဖွင့်ပြောဖို့ ညကတော့ ငါ ဆုံးဖြတ်လိုက်တယ်လေ"

မြစန္ဒာက မျက်လွှာကို ချထားသည်။ ခြေမဖြင့် ဖိနပ်ကိုကုပ်လျက်နေ၏။

"ငါ ညကတော့ စဉ်းစားတယ်လေ၊ ဆရာနဲ့ပတ်သက်လို့ ငါ တာဝန်ကျေပြီလို့ အောက်မေ့တယ်။ လူကိုယ်တိုင် သွားတယ်၊ တွေ့ခွင့်မရခဲ့ဘူး၊ စာရေးပေးခဲ့တယ်၊ ဆရာ ရောက်မလာဘူး။ တကယ်တော့ နင်စဉ်းစားကြည့်ပါ စန္ဒာ။ ဆရာ နင့်ကိုမချစ်ခင် ငယ်ငယ်လေးကတည်းက ငါ နင့်ကို ချစ်ခဲ့မိတာပါ။ ဒါပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် ငါ နောက်ဆုတ်ခဲ့ရတယ်၊ ပြီးတော့ ကိုယ့်ချစ်သူကို တစ်ပါးသူ လက်အပ်ဖို့အတွက် ငါကိုယ်တိုင် ကြိုးစားခဲ့ပါတယ်။

ငါလည်းလူပဲ စန္ဒာရယ်၊ ဒီထက်တော့ ပိုပြီးမျိုသိပ်မထားနိုင်တော့ဘူး။ ဒီထက်ပိုပြီး မခံစားချင်တော့ဘူး။ ငါ နင့်ကိုလက်ထပ်ပါရစေ စန္ဒာ"

မြစန္ဒာ ခေါင်းမော့လာသည်။ ရဲအောင်မျက်နှာကို အကြည့်ရောက်သည်။ သူ့အကြည့်က ရိုဝေညို့ဆိုင်း၏။

"ငါ နင့်ကိုလက်ထပ်မယ် စန္ဒာ"

မြစန္ဒာ၏ ပခုံးတစ်ဘက်ကို ဆုပ်ကိုင်လျက် ပြောလိုက်သည်။

"ရဲရယ် ... ရဲရယ် ..."

ရဲအောင် ရင်ခွင်ထဲသို့ မြစန္ဒာ ယိုင်ကျလာ၏။ မျက်နှာအပ်ထားသော ရဲအောင်၏ အင်္ကျီမှာ မျက်ရည်တို့ဖြင့် စွတ်စိုနေသည်။ မြစန္ဒာ၏ ဆံပင်စကို ယုယစွာ နမ်းမိပြန်၏။

လေဖြင့်ပါလာသော ပန်းနံ့သည် ဝန်းကျင်ကို ဆွတ်ပျံ့လာသည်။ တစစဖြင့် နှင်းကြွင်းတို့ပြယ်လေပြီ။

■

"နင်တကယ်ပြောနေတာလား ... ရဲ"

ခင်ထားကိုပြောပြတော့ ခင်ထားက အံ့သြသည်။

"တကယ်ပေါ့ ခင်ထား၊ ငါ စန္ဒာ့အပေါ်မှာ ဘယ်လောက်ချစ်တယ်ဆိုတာ ဖွင့်မပြောခဲ့ပေမဲ့ နင်တို့လည်း အသိပါ။ ဒီတစ်သက်မှာ ပြောခွင့်မရတော့ဘူး လို့ ထင်ထားခဲ့တာပဲ"

"ငါ အရမ်းဝမ်းသာတယ် ရဲရယ်၊ ကိုဇော်သိရင် ဘယ်လောက်များ ဝမ်းသာပြီး ပျော်မလဲမသိဘူး"

ခင်ထားက မြစန္ဒာလက်ဖျားကိုကိုင်ရင်း ပြောလိုက်၏။

"ဟုတ်တယ် ... သိန်းဇော်သိရင် သိပ်ပျော်မှာပဲ"

ဟု ရဲအောင်က ပြော၏။

မြစန္ဒာက မျက်လွှာကို ချထား၏။

"နင် ဘယ်လိုစီစဉ်မယ် စိတ်ကူးထားလဲ ရဲ" ဟု ခင်ထားက မေးသည်။

"ငါတို့အခုမနက်ပဲ တရားရုံးမှာ လက်မှတ်ထိုးပြီး လက်ထပ်လိုက်မယ် လေ။ နင်ရယ်၊ လှမြင့်ရယ် အသိသက်သေလုပ်ပေါ့၊ ဟုတ်ဘူးလား"

ခင်ထားက ပြုံးပြီး ခေါင်းညိတ်သည်။

"နင်တို့က ငါတို့ထက်တောင် စောသွားပြီ" ဟု ရယ်ပြောပြော၏။

"ငါအခု မြို့ထဲသွားပြီး လက်ထပ်စာချုပ်တွေ ဘာတွေ စီစဉ်လိုက်မယ်။ အပြန်မှာ လှမြင့်ကို ဝင်ခေါ်ခဲ့မယ်။ နင်တို့ အိမ်ကပဲစောင့်နေပေါ့"

"အေး ... ကောင်းတယ်၊ နင် သိဂီကိုပါ တစ်ခါတည်း ဝင်ခေါ်ခဲ့ပါဟယ်။ သိဂီ စန္ဒာ့ကိစ္စတွေကို ဘာမှသိမှာမဟုတ်ဘူး ထင်တယ်။ သိဂီနဲ့ ငါလည်း တစ်ခါမှ မတွေ့ရဘူး"

"ဟုတ်တယ် သိဂီကိုပါ ရအောင်ခေါ်ခဲ့နော် ရဲ" ဟု မြစန္ဒာက ပြောလိုက်သည်။

"လက်မှတ်ထိုးပြီးတော့ ဘာကျွေးမှာလဲ ... ရဲ" ဟု ခင်ထားညိုက မေးလိုက်သည်။

"နင်တို့ကြိုက်တဲ့နေရာ ပြောလေ၊ အာဒိုင်တီမှာ စားမလား၊ လှည်းတန်းမှာ စားမလား"

"ဟာ ... နင့်ဟာကလည်း အင်းလျားလိတ်မှာလား၊ စထရင်းမှာလား မေးစမ်းပါဟ" ဟု ပြောပြီး ခင်ထားညိုက ရယ်သည်။

"ဒါက ပဏာမပေါ့ဟာ၊ အိမ်ပေါ်ပြန်ရောက်တဲ့ အခါကျတော့ တစ်မျိုး ပေါ့" ဟု ရဲအောင်က ပြောသည်။

ပြတင်းမှဝင်လာသော မနက်ခင်းလေပြည်သည် လတ်ဆတ်အေးမြနေ၏။ ပန်းရနံ့တို့ သင်းထုံနေသည်ထင်၏။ ကြည်နူးနှစ်သက်ဖွယ်ဖြင့် အရာရာသည် နသစ်နေပြီ တွေးမိ၏။

မြစန္ဒာနှင့် တရားရုံးမှာ လက်ထပ်ပြီးလျှင် ညနေပိုင်း အိမ်ကိုပြန်မည်။ ဖေဖေနှင့် မေမေတို့ကို ကန်တော့မည်။ ဖေဖေနှင့် မေမေတို့က တင့်တောင့် တင့်တယ် တောင်းရမ်းလက်ထပ်ခြင်းမျိုး မဟုတ်သဖြင့် စိတ်ထဲမှာ ထိခိုက်မှာ

တော့ သေရှာ၏။ အပြစ်တစ်ခုလို မုန်းတီးနာကြည်းမည် မဟုတ်ဟု သူ အသေ အချာ တွက်သည်။

"ကိုယ့်ခြေပေါ် ကိုယ်ရပ်တည်နိုင်ပြီလို့ ယုံကြည်တဲ့နေ့မှာ လွတ်လွတ် လပ်လပ် ဆုံးဖြတ်ပြီး လွတ်လွတ်လပ်လပ် လုပ်နိုင်ပါတယ်"လို့ ဖေဖေ ခဏ ခဏ ပြောခဲ့ဖူး၏။

အိမ်ထောင်ကျပြီဆိုတော့ ကိုယ့်ခြေပေါ် ကိုယ်ရပ်နိုင်အောင် ကြိုးစား ရတော့မည်။ မြစန္ဒာကိုခွဲပြီး တစ်စက္ကန့်မျှပင် အဝေးကို မသွားချင်သော်လည်း သဘောကလိုက်ဖို့ မြန်မြန်အဆင်ပြေချင်သည်။ ဒါမှ ကိုယ့်ခြေပေါ်ကိုယ်ရပ်နိုင်ဖို့ မြန်မြန်အဆင်ပြေမည် တွေး၏။

ဘယ်သောအခါကာလမှ ရရှိနိုင်တော့မည် မဟုတ်ဟု ထင်ခဲ့၊ တွေးခဲ့ သော မြတ်နိုးဆုံးအရာကို လက်ခံရရှိသူ၏ အပျော်သည် ဘယ်အပျော်နှင့်မျှ လဲနိုင်မည်မဟုတ်။ လောကမှာ အရာရာသည် ပြည့်စုံသွားပြီဟုပင် သူ့ရင်ထဲ မှာ ခံစားလိုက်မိတော့၏။

"ဒါဆို ငါသွားတော့မယ်။ နင်တို့ အဆင့်သင့်လုပ်ထား။ ပြီးတာနဲ့ တန်းသွားကြမယ်"

"သွား ... သွား၊ ငါတို့ ဝတ်စားပြင်ဆင်ပြီး အသင့်စောင့်နေမယ်"ဟု ခင်ထားညိုက ပြန်ပြောလိုက်သည်။

■

လက်ထပ်စာချုပ်ကို ဝယ်သည်။

ကံကောင်းချင်တော့ ကျောင်းက အသိမိတ်ဆွေတစ်ယောက်ဆိုင် ဖြစ် နေ၏။

"မင်းတို့ ထွက်ပြေးသွားတယ်တော့ ကြားသားပဲ၊ ဘာလို့ အခုမှ လက် ထပ်တာလဲ"ဟု မေးနေသေးသည်။

"ဒီလိုပါပဲကွာ"

ဟု စကားရှည်နေမည်စိုး၍ စကားကိုဖြတ်၏။

"သတင်းစာ ကြော်ငြာတွေတော့ တို့သူငယ်ချင်းတွေက စိတ်ဝင်စားနေကြတာ။ ဆရာနဲ့လား မင်းနဲ့လားပေါ့။ နောက်မှ မင်းဆိုတာ သေချာသွားတာ"ဟု ဆက်ပြောနေသေးသည်။

သွားမယ်ကွာဟု နှုတ်ဆက်တော့ ညှော်စံပွဲလုပ်ရင် ငါ့ကို ဖိတ်ဦးဟု မှာလိုက်သေး၏။

စိတ်ချ၊ စိတ်ချဟု ပြောပြီး ထွက်လာခဲ့သည်။

လက်ထပ်စာချုပ်ထည့်ထားသော စက္ကူအိတ်အရှည်လေးကို ကိုင်ရင်း ခပ်သွက်သွက် လမ်းကိုဖြတ်ကူးလိုက်၏။ စိတ်ထဲမှာ ပေါ့ပါးသွက်လက် လွတ်လပ် ပျော်ရွှင်နေမိသည်။

လှမြင့်တို့အိမ်ကို ကားငှားသွားမည် တွေး၏။ ပြီးမှ သတိရသည်။ သိင်္ဂီတို့အိမ်က ဒီအနားမှာတင် ရှိတာပဲ။ သိင်္ဂီကို အရင်ဝင်ခေါ်ပြီးမှ လှမြင့်အိမ်ကို ကားငှားပြီး သွားမည်။ ပြီးမှ တောက်လျှောက် ခင်ထားညိုတို့အိမ်သို့ သွားမည် တွေး၏။

သိင်္ဂီတို့ လမ်းရှိရာသို့ ပေါ့ပါးစွာ လျှောက်လာခဲ့မိသည်။ သိင်္ဂီတို့အိမ်က ထွက်ရင်တော့ ဈေးမှာဝင်ပြီး စန္ဒာတို့အတွက် သဇင်ပန်းဝယ်ဦးမည် စဉ်းစားမိသေး၏။

"ဟင် ... ရဲ"

အသံထွက်ပြီး တံခါးဝကိုပြေးလာသည်။ သီဂီမျက်နှာက တစ်မျိုးဖြစ်နေသည်ဟု ထင်ဆဲမှာပင်။

"ဟင် ... ဆရာ"

နှုတ်က အသံထွက်သွား၏။

နောက်ကျောပေးထိုင်နေရာမှ တံခါးဝကို လှည့်အကြည့် ဆရာနှင့် အကြည့်ဆုံသည်။

"မောင်ရဲအောင်"

ဟု ခေါ်ရင်း ဆရာက နေရာမှထလာ၏။

သီဂီကလည်း ကြောင်ပြီးရပ်ကြည့်နေသည်။ ရဲအောင်ကလည်း တံခါးဝမှာပင်ရပ်လျက် အထဲသို့မဝင်မိ၊ ဆရာက အနားသို့ ရောက်လာ၏။

"အတော်ပဲ မောင်ရဲအောင် ...၊ အခုပဲ ဆရာ သီဂီကို လာမေးတာ။ မောင်ရဲအောင်ကို ဘယ်မှာတွေ့နိုင်မလဲဆိုတာ"

ဆရာက ပြော၏။

"ဟုတ်ကဲ့ ဆရာ ..."

"ငါနဲ့ နင်တို့အားလုံးနဲ့ ကျောင်းပိတ်ကတည်းက အဆက်အသွယ် ပြတ်သွားတယ်လို့ ဆရာ့ကို ငါ ပြောပြနေတာ"ဟု သီဂီက အခုမှ အသိဝင်လာသလိုဖြင့် ပြောသည်။

"ကျွန်တော် ဆရာ့ဆီကို ..."

ဆရာက လက်ကာလျက် စကားဖြတ်ပြောသည်။

"ဆရာ အားလုံးသိပါတယ် မောင်ရဲအောင်၊ အခု မောင်ရဲအောင်နဲ့ စကားပြောချင်လို့ ဆရာတို့ ဒီနားက လက်ဖက်ရည်ဆိုင် သွားရအောင်"

"ဒီဧည့်ခန်းမှာ ပြောပါလား ဆရာ" ဟု သိင်္ဂီက အိမ်ထဲဝင်ရန်ဖိတ်၏။

"နေ ... နေ ... သိင်္ဂီ၊ ဆရာတို့ လက်ဖက်ရည်ဆိုင်မှာပဲ ပြောလိုက်ရအောင်"

ပြောပြီး ဆရာက ဧည့်ခန်းစားပွဲပေါ်မှ စက္ကူအိတ်ကလေးကို သွားယူပြီး လာ ... သွားကြစို့ဟု ခေါ်ပြီး ရှေ့မှဆင်းသည်။

ရဲအောင်က ဆရာ့နောက်မှ လိုက်သွားသည်။ သိင်္ဂီက တံခါးဝမှာ ရပ်ရင်းကြည့်နေသည်။

"သိင်္ဂီ ပြီးမှ ငါပြန်လာခဲ့မယ်"

နောက်လှည့်ပြီး ရဲအောင်က လှမ်းပြောလိုက်၏။

■

"ဟာ ... အစ်ကို မပြန်ရသေးဘူးလား"

ပြတိုက်ထဲမှထွက်အလာ တင်အောင်ကို သမတည်းခိုခန်းမှ အမှုထမ်းလေးက နှုတ်ဆက်လိုက်သည်။

"မနက်ဖြန် ပြန်တော့မယ်ကွ၊ ပုဂံမှာ တော်တော်လေး ကြာသွားပြီ" ဟု တင်အောင်က ပြန်ပြောလိုက်သည်။

"ဒါဆို အတော်ပဲ အစ်ကိုရာ ...၊ အစ်ကို့ကို ကျွန်တော် ပစ္စည်းတစ်ခု လူကြုံပေးလိုက်ပါရစေ"

"နေဦးကွ၊ အစ်ကိုက မန္တလေးတက်ပြီး မန္တလေးက မေမြို့ဆက်သွားဦးမှာ။ သုံးလေးရက်ကြာပြီးမှ ရန်ကုန်ပြန်ရောက်မယ် ထင်တယ်။ ပေးချင်လည်း ပေးလိုက်လေ"

တင်အောင်က ပြန်ပြောလိုက်၏။

"ဒီလို အစ်ကိုရာ ... အစ်ကို စာပေးခိုင်းလိုက်တဲ့ အမျိုးသမီး သိတယ် မဟုတ်လား"

"အေး ... ဆိုပါဦး"

တင်အောင် စိတ်ဝင်စားသွားသည်။

"သူ့အမျိုးသားထင်တာပဲ၊ အတူပြန်သွားတဲ့တစ်ယောက် အစ်ကိုရာ"

"အေး ... သူ့အမျိုးသားလေ"

မောင်ရဲအောင်ကို ပြောမှန်း သိလိုက်ရ၏။

"သူတို့ နေ့လယ်ကပဲပြန်သွားကြတယ် အစ်ကို၊ အဲဒါ အမျိုးသားအခန်းကို ကျွန်တော်တို့ရှင်းတော့ အိပ်ရာခေါင်းအုံးအောက်မှာ စာအုပ်တစ်အုပ် ကျန်ရစ်ခဲ့လို့"

"နေပါဦးကွ ... အမျိုးသားအခန်း ရှင်းတော့လို့ မင်း ပြောတယ်။ သူတို့ လင်မယားက တစ်ခန်းတည်း မအိပ်ဘူးလား"

"တစ်ခန်းတည်းတော့ မဟုတ်ဘူး အစ်ကို၊ အမျိုးသမီးက တစ်ခန်း၊ အမျိုးသားက တစ်ခန်းပဲ။ ဒါကြောင့် သူ့အမျိုးသား ထင်တာပဲလို့ ကျွန်တော် မယုတ်မလွန်ပြောတာပါ"

တင်အောင် ပိုပြီးစိတ်ဝင်စားသွား၏။ မြစန္ဒာနှင့် ရဲအောင်တို့ တစ်ခန်းတည်း အတူမအိပ်ဘူးဆိုသည့် ကိစ္စအတွက် တွေးစရာတွေ ဝင်လာသည်။

"ကျွန်တော်တော့ သူငယ်ချင်းလား၊ သမီးရည်းစားလား တစ်ခုခုဖြစ်မယ် ထင်လို့"ဟု တင်အောင်ကို ဆက်ပြောပြန်သည်။

"နေပါဦးကွ ... ဘာစာအုပ်လဲ၊ ဝတ္ထုစာအုပ်လား ..."

"မဟုတ်ဘူး အစ်ကို၊ ဒိုင်ယာရီလို မှတ်စုစာအုပ်ပဲ။ ကျွန်တော်တော့ မဖတ်ကြည့်ပါဘူး၊ အရေးကြီးမယ်ထင်လို့။ ပြီးတော့ အစ်ကိုက အမျိုးသမီးဆီကို စာတစ်စောင်လာပေးတော့ သူတို့နဲ့အစ်ကို သိမှာပဲလို့တွေးမိလို့ပါ"

"လာကွာ... စာအုပ် ငါ လိုက်ယူမယ်။ ငါနဲ့တော့ မသိဘူး၊ ငါ့သူငယ်ချင်းနဲ့တော့ ရင်းနှီးတယ်။ ဒီလိုလုပ်မယ်၊ ငါရန်ကုန်ကို မပြန်ဖြစ်သေးပေမဲ့ ရန်ကုန်ပြန်မယ့်လူရှိတယ်။ သူက ငါ့သူငယ်ချင်းနေတာနဲ့ သိပ်လည်းမဝေး ဘူး။ သူ့ကို ပေးခိုင်းလိုက်ရင် ရမယ်"

ပြောရင်း သမတည်းခိုခန်းဘက်သို့ လျှောက်လာခဲ့ကြသည်။ တည်းခိုခန်းထဲ ဝင်လိုက်ပြီး ကောင်တာနှင့် ဧည့်ခန်းရှိရာသို့ ရောက်လာကြ၏။

"ခဏလေး အစ်ကို … ကျွန်တော် သွားယူလိုက်မယ်"

ဝန်ထမ်းလေးက ကောင်တာနောက်ဝင်သွားပြီး စာအုပ်ကို ယူလျက် ပြန်လာသည်။

"အဲဒီစာအုပ်ပဲ အစ်ကို …"

သားရေအဖုံးဖြင့် အနက်ရောင်မှတ်စုစာအုပ်ကလေးကို လှမ်းယူလိုက်သည်။

"အစ်ကို့သူငယ်ချင်းဆီ ပို့ပေးလိုက်မယ်ကွာ။ သူကတစ်ဆင့် ပြန်ပေးနိုင်မယ်လို့ အစ်ကို ထင်တယ်လေ"

"ကောင်းပါတယ် အစ်ကို …"

မောင်ရဲအောင်၏မှတ်စုစာအုပ်ကလေးကိုယူပြီးတင်အောင်ပြန်ထွက်လာခဲ့သည်။ စိတ်ထဲမှာ လိပ်ခဲတည်းလည်း ဖြစ်နေ၏။

မြစန္ဒာနှင့် မောင်ရဲအောင်တို့ တစ်ခန်းတည်းမနေသည့်ကိစ္စ၊ ထိုကိစ္စနှင့် ဆက်စပ်လျက် နေမျိုးပြောသလို သူတို့ခိုးပြေးကြတာ ဟုတ်နိုင်ပါ့မလားဟု အတွေးကဝင်လာသည်။

သူတစ်ပါး၏စာအုပ်ကို ဖွင့်ဖတ်ကြည့်ရမှာလည်း လိပ်ပြာကမလုံချင်။ သူတစ်ပါး၏ ကိုယ်ရေးကိုယ်တာ ကိစ္စများကို မသိဘဲဖတ်ကြည့်ရမှာ မဝံ့မရဲ ဖြစ်နေ၏။

သိချင်စိတ်ကလည်း ပြင်းပြလာသည်။ နောက်ဆုံးတော့ ဘာဖြစ်ဖြစ် သူငယ်ချင်းနေမျိုးအတွက် တစ်ခုခုတော့ ထူးခြားနိုင်သည်ပဲတွေးကာ စာအုပ်ကိုလှန်ပြီး ဖတ်ကြည့်လိုက်မိသည်။

ဖတ်ရင်းဖတ်ရင်း အလွန်အံ့အားသင့်စရာများကို တင်အောင် သိလိုက်ရတော့၏။

■

စားပွဲပေါ်မှ စာအိတ်ကိုယူပြီး စာအိတ်ထဲမှ စာအုပ်ကလေးကို ဆရာက ထုတ်ယူလိုက်သည်။ ရဲအောင်က စာအုပ်ကလေးကို စူးစိုက်ကြည့်ရင်း ဟုတ်ပါတယ်၊ ကျွန်တော့်စာအုပ်ပါ ဆရာ။ ညကမှ စာအုပ်ကျန်ခဲ့တာ ကျွန်တော်လည်း သိရပါတယ်ဟု ပြောပြီး လှမ်းယူလိုက်၏။

"တင်အောင်က စာအုပ်ကလေးကို စာအိတ်ထဲထည့်ပြီး ရန်ကုန်က လူကြုံနဲ့ ပို့ပေးလိုက်တယ် မောင်ရဲအောင်။ အဲဒီလူက ဒီမနက်စောစောပဲ ဆရာ့ဆီကို လာပေးခဲ့တယ်။ စာအိတ်ထဲမှာ တင်အောင်က စာတစ်စောင်ရေးထားပါတယ်။ ဆရာတင်အောင် စာကိုဖတ်ကြည့်ပြီးတော့ ပထမ တင်အောင်နောက်နေတယ် ထင်တာလေ။ မင်း ထင်ထားတာတွေ တစ်ခုမှမဟုတ်ဘူးဆိုတာ သိရအောင် ဒီစာအုပ်ကလေးက ဘယ်စာမျက်နှာမှာ၊ ဘယ်စာမျက်နှာတွေကို ဖတ်ကြည့်ပါလို့ ညွှန်းထားတယ်။ သူများရဲ့ ကိုယ်ရေးကိုယ်တာကို မသိဘဲ၊ ခွင့်မတောင်းဘဲဖတ်တာ ရိုင်းပေမဲ့ မင်းရဲ့ စိတ်ထဲမှာရှိနေတဲ့ ဒေါသတွေ၊ အတ္တတွေ ပျောက်သွားမှာမို့ တိုက်တွန်းတာပါလို့ ရေးထားတယ်။ ပြီးတော့ မောင်ရဲအောင်ကိုလည်း တောင်းပန်ပေးပါ၊ ဒီစာအုပ်ကို ပိုင်ရှင်ဆီမှာ ခွင့်မတောင်းဘဲ သူလည်း ဖတ်မိသွားပါတယ်လို့ ရေးထားတယ် မောင်ရဲအောင်"

စားပွဲပေါ်မှာချထားသော လက်ဖက်ရည်ခွက်ကို စူးစိုက်ပြီး ငေးငေးကြည့်နေမိသည်။ ရင်ထဲမှာတော့ တလှပ်လှပ်ခုန်နေသည်။

"မောင်ရဲအောင်ကို ဆရာ တောင်းပန်ချင်တာ အများကြီးပါ။ တင်အောင့် အညွှန်းစာမျက်နှာအတိုင်း ဖတ်လိုက်တော့ ပြီးခဲ့တဲ့အပတ် ဗုဒ္ဓဟူးနေ့က မောင်ရဲအောင် ပုဂံသွားခဲ့တာ။ ပုဂံရောက်တဲ့ညက မြစန္ဒာကို သတိရတာ၊ အနော်ရထာမင်းကြီးကို မဏိစန္ဒာမင်းသမီး ဆက်သလိုက်ရတဲ့ ကျွန်စစ်သားမင်းလို မောင်ရဲအောင် ခံစားရတာတွေကို ရေးထားတာ တွေ့ရတယ်လေ။ အဲဒီမှာပဲ ဆရာထင်တာတွေ အားလုံးမှားပြီဆိုတာ သိလိုက်ရပါတယ်။ မနေ့က မောင်ရဲအောင် ဆရာ့ကို တွေ့ဖို့လာတာ၊ နေ့လယ်ပိုင်း စာလာပေးတာတွေကို ပြန်တွေးမိပြီး ဆရာလုပ်တာတွေ အားလုံးမှားပြီဆိုတာ နောင်တရပါတယ် မောင်ရဲအောင်"

စီးကရက်တစ်လိပ် မီးညှိဖွာရှိုက်လိုက်သည်။ မီးခိုးငွေ့ကို အဝေးသို့ မှုတ်ထုတ်ပစ်လိုက်၏။

"ကျွန်တော် ဘာလုပ်ပေးရမလဲ ဆရာ ..."

အသံကမပြိမ်၊ တုန်ခါနေပြီဟု မိမိဘာသာ သိလိုက်၏။

■

"ဆရာ မောင်ရဲအောင်ကို အခွင့်အရေးတစ်ခု တောင်းပါရစေ။ ဆရာ့ကို မြစန္ဒာနဲ့ တွေ့ပေးပါ။ အထင်မှား အမြင်မှားဖြစ်ခဲ့တာတွေကို ဆရာ ရှင်းပြပါရစေ၊ မြစန္ဒာကို နာကြည်းမုန်းတီးတဲ့ စာတစ်စောင်ကို ဆရာ ရေးပေးခဲ့မိပါတယ်။ မြစန္ဒာကို ကျေနပ်သည်အထိ ဆရာ တောင်းပန်ချင်ပါတယ် မောင်ရဲအောင်။ ဆရာ အခုလိုဖြစ်ရတာဟာ မြစန္ဒာအပေါ်မှာ ထားခဲ့မိတဲ့ ဆရာ့အချစ်ကြောင့်ပါ။ ဆရာ သူ့ကိုချစ်လွန်းလို့ သဝန်တိုမိတာ၊ အမြင်မကြည်မလင် ဖြစ်မိတာတွေကို သူ့ကို ရှင်းပြချင်ပါတယ်"

ဆေးလိပ်ပြာကို ခါချလိုက်သည်။ အတွေးပေါင်းစုံတို့ ခေါင်းထဲမှာ ရှုပ်ရှက်ခတ်နေ၏။

"မြစန္ဒာရဲ့ ဆရာ့အပေါ်မှာထားခဲ့တဲ့ မေတ္တာတရားကိုလည်း ဆရာ သဘောပေါက်ပါပြီ မောင်ရဲအောင် ..."

အခုချိန်ခါမှာ မြစန္ဒာ ဘယ်မှာရှိတယ်ဆိုတာ ကျွန်တော် မသိဘူးဆရာဟု ပြောလိုက်လျှင်လည်း တစ်ခွန်းတည်းပင်။ ကျွန်တော်နဲ့ မြစန္ဒာ လက်မှတ်ထိုး လက်ထပ်ပြီးပြီဟု ပြောလိုက်လျှင်လည်း အရသာ။

မိမိ မြစန္ဒာကို လက်လွှတ်အဆုံးရှုံးခံမည်လား။

မြစန္ဒာကို မိမိယုံကြည်သည်။ မြစန္ဒာသည် ဆုံးဖြတ်ချက်ကို ခဏခဏ ပြင်တတ်သူမဟုတ်။ ဆရာနှင့် တွေ့ပေးသော်လည်း ဆရာ့တောင်းပန်စကားကို ကြားပြီးသော်လည်း မြစန္ဒာသည် ဆရာနှင့်လက်ထပ်မည် မဟုတ်ဘဲ မိမိကိုသာ လက်ထပ်လိမ့်မည်ဟု တစ်ထစ်ချ ယုံကြည်သည်။

"ဆရာ့ကို ကူညီပါ မောင်ရဲအောင်ရယ်၊ ဆရာ့မှာ မောင်ရဲအောင်နဲ့ မြစန္ဒာတို့အပေါ်မှာ အထင်မှား၊ အမြင်မှားနဲ့ နာကျည်းမုန်းတီးစိတ်တွေ မွေးခဲ့မိပါတယ်။ မစ္ဆရိယစိတ်တွေ ထားခဲ့မိပါတယ်။ ဆရာ မင်းတို့နှစ်ယောက်ကို မတောင်းပန်ရရင် အသေဖြောင့်မယ် မထင်ပါဘူး"

ဆရာ့မျက်နှာကို တစ်ချက်လှမ်းကြည့်ရင်း ဆရာ့ကို ကရုဏာသက်လာမိပြန်သည်။

"ကျွန်တော် မနေ့က ဆရာ့ကိုရှင်းပြဖို့ လူကိုယ်တိုင် လာခဲ့ပါတယ်။ နေ့လယ်မှာ အကျိုးအကြောင်းအားလုံးရေးပြီး စာတစ်စောင်ထားခဲ့ပါသေးတယ်"

"ဟုတ်ပါတယ် မောင်ရဲအောင်၊ ဆရာမွန်ထူပြီး အဆုံးဖြတ်မှားခဲ့တာပါ။ မောင်ရဲအောင်တို့ နိုးပြေးပြီး ရန်ကုန်ပြန်ရောက်လာလို့ ဆရာ့ကို လာတောင်းပန်စကားဆိုဖို့ လာတာပါပဲလို့ ဆရာထင်သွားခဲ့လို့ပါ"

"ဆရာ ..."

စီးကရက်တိုကိုချပြီး ဖိနပ်ဦးနှင့် နင်းလိုက်သည်။

"ဆရာ ကျွန်တော့်မှတ်စု မှတ်တမ်းပေါ့လေ။ အဲဒါတွေလည်း ဖတ်ပြီးပြီဆိုတော့ ကျွန်တော် ရှင်းရှင်းပဲပြောမယ် ဆရာ"

"ပြောပါ မောင်ရဲအောင် ..."

တံတွေးကို မျိုချလိုက်မိပြန်သည်။

"ကျွန်တော် ငယ်ငယ်လေးကတည်းက မြစန္ဒာအပေါ်မှာ ခင်မင်ခဲ့မိတယ်၊ နောက် ချစ်ခဲ့မိပါတယ်။ ကျွန်တော် မြစန္ဒာကို ဘယ်အထိချစ်ခဲ့တယ်ဆိုတာ ကျွန်တော့် ခံစားချက်နဲ့ ရေးထားတဲ့စာတွေဖတ်ပြီး ဆရာသိမှာပါ။ ဒါပေမဲ့ ဆရာ၊ မြစန္ဒာနဲ့ ကျွန်တော်နဲ့ကို မြစန္ဒာတို့မာမီက ဘယ်လိုမှ သဘောတူမှာ မဟုတ်ပါဘူး။ မြစန္ဒာတို့မာမီက ကျွန်တော်တို့ မိသားစုအပေါ်မှာ အထူးသဖြင့် ကျွန်တော့်အဖေအပေါ်မှာ ဘယ်တော့မှ ကျေနိုင်မှာမဟုတ်ပါဘူး ဆရာ၊ ကျွန်တော်တို့က ငယ်တော့ ဘာမှ သေသေချာချာ မသိခဲ့ရပါဘူး။ အရင်က မြစန္ဒာတို့ ဒက်ဒီက ကျွန်တော့်ဖေဖေရဲ့ လက်အောက်မှာ အလုပ်လုပ်ခဲ့ဖူးပါ

တယ်။ ကျွန်တော့်ဖေဖေနဲ့ ခဏခဏ ပြဿနာဖြစ်ဖူးတယ် ပြောပါတယ်။ ခြုံပြောရရင်တော့ ကျွန်တော့်ဖေဖေကြောင့် နေရာမရဘူး၊ အနိမ်ခံရတယ်၊ ပြဿနာမျိုးစုံ ဖြစ်တယ်လို့ မြစန္ဒာ မာမီက ထင်ပါတယ်။ ဖေဖေ ရုတ်တရက် အလုပ်ကနားလိုက်ရပြီး မြစန္ဒာတို့ဒယ်ဒီက အခုနေရာရောက်အောင် အတက် မြန်မြန်နဲ့ တက်သွားပါတယ်။ ကျွန်တော့်ဖေဖေနဲ့ အဆက်ဆံလုပ်တာကို အန္တရာယ်တစ်ခုလို စိတ်ထဲမှာ ထင်လာပါတယ်။ မြစန္ဒာကိုလည်း ကျွန်တော်နဲ့တောင် အဆက်အသွယ် ဖြတ်ခိုင်းပါတယ်"

စကားကိုဖြတ်ရင်း ဆရာ့မျက်နှာကို တစ်ချက်ကြည့်လိုက်မိသည်။ ဆရာက နားစွင့်နေ၏။

" မြစန္ဒာနဲ့ ကျွန်တော် ချစ်သူဘဝရောက်ရင်လည်း ဘယ်လိုမှ မြစန္ဒာ စိတ်မချမ်းသာနိုင်ပါဘူး ဆရာ။ သူ့မာမီက တတ်နိုင်သလောက် ဖျက်မှာခွဲမှာ ပါ။ ပြီးတော့ ကျွန်တော်တို့ အိမ်ထောင်ကျခဲ့ရင်လည်း မြစန္ဒာဟာ သူ့အိမ်နဲ့ သေခန်းပြတ်သဘော ဖြစ်သွားရမှာပါ။ အဲဒါတွေ စဉ်းစားပြီးတော့ ကျွန်တော် မြစန္ဒာကို ဖွင့်မပြောဘဲနေခဲ့တာပါ ဆရာ။ ကျွန်တော် အမိကပြောချင်တာက တော့ ကျွန်တော်ဟာ မြစန္ဒာ စိတ်ချမ်းသာမှုကို ဘယ်အထိအလေးအနက် တွေးခဲ့တယ်ဆိုတာပါပဲ။ ပြီးတော့ ဆရာ ..."

ဆရာနှင့် အကြည့်ဆုံဖြစ်လိုက်သည်။

"အိမ်က လူကြီးတွေ ပေးစားတာကိုယူပြီး မြစန္ဒာ စိတ်ညစ်နေမှာ လည်း ကျွန်တော် စိုးရိမ်တယ် ဆရာ။ ဒါကြောင့် ဆရာ့နောက်လိုက်သွားဖို့ လည်း ကျွန်တော် သူနဲ့ ဆွေးနွေးခဲ့ဖူးပါတယ်။ ကျွန်တော်တွက်တာက ဆရာ့ ကို သူကိုယ်တိုင် သူ့သဘောနဲ့ လက်ခံခဲ့တဲ့ချစ်သူ။ ပြီးတော့ ဆရာနဲ့ဆို သူ့ အိမ်က စိတ်ဆိုးရင်လည်း ခဏပဲ၊ ကြာတော့ ပြန်ခေါ်မှာပဲ တွက်မိတယ်လေ။ ဆရာ စဉ်းစားကြည့်ပါ ဆရာ။ ကျွန်တော် သိပ်ချစ်မိသူတစ်ယောက်ကို သူများ နဲ့ လိုက်သွားဖို့အထိ တိုက်တွန်းအားပေးခဲ့မိတာ သူ့ကို ကျွန်တော် သိပ်ချစ် လွန်းလို့ပါ။ ကျွန်တော့်ရင်ထဲမှာ ဘယ်လိုခံစားရတယ်ဆိုတာ ပြောမပြတတ် ပါဘူး ဆရာ။ ကျွန်တော်နဲ့ လက်ထပ်မိလို့ မိဘမေတ္တာရိပ်က ထာဝရစွန့်ခွာ

ရမှာကိုလည်း ကျွန်တော် သူ့အတွက် မလိုလားခဲ့ပါဘူး ဆရာရယ်။ ဒါကြောင့်လည်း ကျွန်တော့် ရင်ထဲမှာ ဝေဒနာကို ကျွန်တော့်ဘာသာပဲ ခံစားပြီးနေခဲ့တာပါ။ ဆရာနဲ့ မြစန္ဒာတို့ကိုကြည့်ပြီး ကျွန်တော် မုဒိတာပွားနိုင်အောင် ကြိုးစားပါတယ် ဆရာ။ ကျွန်တော်လည်း လူပဲ ဆရာရယ်၊ ကိုယ်အင်မတန် မြတ်နိုးတဲ့ အရာကို ဘယ်သူက စွန့်ပစ်ချင်ပါ့မလဲ။ သူများလက်ကို ဘယ်သူက အပ်ချင်ပါ့မလဲ"

"မောင်ရဲအောင် ဘာကိုဆိုလိုချင်တာလဲ၊ ဆရာ နည်းနည်းရှောသွားပြီ" ဟု ဆရာကပြော၏။

"ဟုတ်တယ် ဆရာ ...၊ ကျွန်တော် ပြောတာ နည်းနည်းရှောသွားပါတယ်။ ကျွန်တော် မြစန္ဒာကို ဘယ်လောက်ချစ်တယ်ဆိုတာ သိအောင် ပြောမိသွားလို့ပါ"

"ဆရာ သဘောပေါက်ပါတယ် မောင်ရဲအောင် ..."

ရဲအောင်က မျက်နှာကို မော့လိုက်ပြီး ဆရာ့မျက်နှာကိုကြည့်သည်။ ပြီးမှ

"အခု ဆရာရယ် ... ကျွန်တော် မြစန္ဒာနဲ့ ညကပဲ လက်မှတ်ထိုး လက်ထပ်လိုက်ပြီ"

"ဗြော်"

ဆရာ့မျက်နှာ ချက်ချင်းညှိုးကျသွားသည်ကို မြင်၏။

"အဲဒီလို လက်ထပ်လိုက်ပြီဆိုရင် ကျွန်တော်တို့ အလွန်ရှိမှာလား ဆရာ၊ မနေ့က ညနေအထိ ဆရာ့ကို စောင့်ပါတယ်။ စာဖတ်ပြီး ဆရာ လိုက်လာမှာပဲလို့ ထင်ခဲ့ကြပါတယ်။ ဆရာရောက်မလာတော့ စန္ဒာ့ကိုလည်း သူ့အိမ်က အမွေပြတ်တွေ ဘာတွေ ကြေညာထားပြီဆိုတော့"

"ဆရာ နားလည်ပါပြီ မောင်ရဲအောင် ... မောင်ရဲအောင်တို့ နှစ်ယောက်လုံးမှာ အပြစ်မရှိပါဘူး။ ဆရာ့ အမှားချည်းပါပဲ၊ အထူးသဖြင့် မြစန္ဒာ ဆရာ့အပေါ်မှာထားတဲ့ မေတ္တာတရားနဲ့ သတ္တိကို ဆရာ နားလည်ပါတယ်။ ဘာဖြစ်ဖြစ် ဆရာ မြစန္ဒာကိုတော့ တောင်းပန်ပါရစေ"

သက်ပြင်းရှည်ချလိုက်သံကို ရဲအောင်ထံမှ ကြားလိုက်ရ၏။ ငုံ့ထားဆဲ ခေါင်းကို ပြန်မော့ပြီး ဆရာဟု ခေါ်လိုက်စဉ် ပါးပြင်ပေါ်မှာ မျက်ရည်စတို့ စီးကျလာသည်။

"ကျွန်တော်တို့ လက်ထပ်ဖို့ ဘာမှမစီစဉ်ရသေးပါဘူး ဆရာရယ်" ဟု ရဲအောင်က ပြောချလိုက်ပြီး နှုတ်ခမ်းကို ဖိလိုက်ထားလိုက်မိသည်။

"ဆရာ့ကို မြစန္ဒာဆီအရောက် ကျွန်တော် ပို့ပေးပါမယ် ဆရာ။ ပြီးတော့ ဆရာတို့ လက်ထပ်လိုက်ကြပါ။ မြစန္ဒာအိမ်က ဆရာနဲ့သာ လက်ထပ်မှန်း သိရင် ကြာကြာပစ်ထားမှာ မဟုတ်ပါဘူး။ အခုဟာက ကျွန်တော်နဲ့ထင်လို့ သူတို့မကျေနပ်ဖြစ်ကြတာပါ၊ မြစန္ဒာ ဆရာနဲ့ လက်ထပ်တာသိရင် သူ့မိဘတွေက ပြန်ခေါ်မှာပါ၊ မြစန္ဒာအတွက် အဆင်ပြေမှာပါ ဆရာရယ်"

ဆုံးဖြတ်ချက်ကိုချရင်း ပြောလိုက်သည်။ လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်မိ၏။

" မြစန္ဒာ ဆရာ့ကိုလက်ထပ်တာ၊ မထပ်တာ တစ်ပိုင်းပေါ့ မောင်ရဲအောင်ရယ်။ ဆရာကတော့ သူ့ကို တောင်းပန်ချင်တာပါပဲ၊ မောင်ရဲအောင်ကို လည်း ဆရာ တောင်းပန်ပါတယ်၊ ဆရာ့ကို ခွင့်လွှတ်ပါကွယ်"

■

မြင်ကတည်းက
ရင်ထဲက စွဲခဲ့တယ် မဂၢီစန္ဒာ
ဘုရင့်ဘဏ္ဍာ မတော်မတရားနဲ့
အရှင့်အာဏာ စော်ကားခဲ့သူမို့
ဩော်... ဓားထိကာ အသေသတ်ရင်လည်း
ကျေနပ်မှာပါ၊
မလျော်တာ အစက်ကြံဆမိလို့
အနော်ရထာ မျက်မာန်ရှမှာလည်း
ခံရမယ် အသေအချာသိပေမယ့်

ဝေဒနာရှိသူ ရင်မှာ မအေးလေတော့
သေဘေးကိုတဲ့ မမြင်သာ
အကြင်နာက နစ်ဆင့်ပိုကဲ၊
မသင့်လျော်တာ ချစ်လာခဲ့သူမို့
အရှင့်အပေါ်မှာ သစ္စာမဲ့သူလို့
ကဲ့ရဲ့ကာ ဆိုချင်ဆို
ငြိုငြင်လိုက ငြိုငြင်လိုက်
ကိုယ့်ထိုက်နဲ့ ကိုယ့်ကြမ္မာပေါ့
လက်လွှဲကာ ရှေ့တော်ဆက်ရပေမယ့်
မွေ့ပျော်ရက်တယ် သခင် ထင်သလား
ရင်ခွင်မှာ ဆယ်နေကဲသလို
အမြဲပူလောင်လှချည်ရဲ့
ကြိုးနှောင်ကာ အရှင်တည်းပါလို့
ရင်ထဲကို လှံမထိခင်က
ချစ်မိသူအသည်း ကြွေပြုန်းကာ
(မဏိစန္ဒာရယ်)
ကိုယ်ကတော့ အမြဲသေဆုံးခဲ့ပြီပဲ၊

မှတ်စုစာအုပ်ကိုဖွင့်ပြီး စာအုပ်မှာကူးထားသော "အရိန္ဒမာသိပါသည်" ကဗျာလေးကို ဖတ်ကြည့်သည်။ ရင်ထဲမှာ ဆို့နင့်လောင်မြိုက်စွာ ခံစားလာရ၏။ မနက်ကမှ ဆောက်တည်ခဲ့သော စိတ်ကူးယဉ် အဆောက်အအုံသည် ချက်ချင်း ပြိုပျက်ရလေပြီ။ ထာဝရစွန့်လွှတ်ရပြီ အသိကြောင့် ကြေကွဲလောင်ကျွမ်းသည်။ မှတ်စုစာအုပ်ထဲမှ ကဗျာကူးထားသော စာရွက်ကလေးကို ညီညီညာညာဖြစ်အောင် ဆွဲဆုတ်ယူလိုက်၏။

လက်ထပ်စာချုပ် ထည့်ထားသော အိတ်ကလေးကို စားပွဲပေါ်မှ ကောက်ယူပြီး အတွင်းမှ လက်ထပ်စာချုပ်ကို ထုတ်ယူလျက် လွယ်အိတ်ထဲ

ထည့်သည်။ မှတ်စုစာအုပ်မှ ဆွဲဆုတ်ယူလိုက်သော ကဗျာစာရွက်ငယ်ကို စာအိတ်ထဲသို့ ထည့်လိုက်၏။

ဆရာက သူ့လှုပ်ရှားမှုအားလုံးကို ကြည့်နေဆဲ။

"ခဏလေးနော် ဆရာ"

ဟု ပြောပြီး လက်ဖက်ရည်ဆိုင်ကောင်တာမှာ သွား၍ ကော်တောင်းသည်။ ကောင်တာက ကော်မရှိဘူးပြောပြီး စာရွက်ချုပ်သည့် ချုပ်စက်ကလေး ထုတ်ပေး၏။ စာအိတ်ထိပ်မှာ ချုပ်စက်ကလေးနှင့် ချုပ်လိုက်သည်။

"သွားရအောင် ... ဆရာ"

■

ခင်ထားညိုတို့အိမ်မရောက်ခင် တစ်အိမ်ကျော်ရှေ့မှာ သူရပ်လိုက်၏။

"ဟိုရှေ့ တစ်အိမ်ကျော်ကအိမ်က ခင်ထားညိုတို့အိမ်ပဲ ဆရာ၊ အဲဒီမှာ မြစန္ဒာ ရှိပါတယ်။ သူ့ကို ဒီစာအိတ်ကလေးတော့ ပေးပေးပါ ဆရာ။ ကျွန်တော် ပေးတယ် ပြောလိုက်ပါ"

"မောင်ရဲအောင်ပါ လိုက်ခဲ့ပါ ..."

"ကျွန်တော် မလိုက်ပါရစေနဲ့ ဆရာ ...၊ ကျွန်တော် တောင်းပန်ပါတယ် ဆရာရယ်၊ ကျွန်တော့်ကို ထပ်မခေါ်ပါနဲ့ ဆရာရယ်"

ဆရာက ဘာမှထပ်မပြောတော့ဘဲ သက်ပြင်းကိုချ၏။

"ကျွန်တော်သွားမယ် ... ဆရာ"

ဟု နှုတ်ဆက်လျက် ချာခနဲ လှည့်ထွက်လာခဲ့သည်။



"ငါ ဘယ်မှာရှိတယ်ဆိုတာ ဘယ်သူ့ကိုမှ မသိစေချင်ဘူး ခင်မောင်ကျော်။ အိမ်ကိုတော့ မင်းပဲ သွားပြောပေးပါကွာ။ အိမ်က စိတ်ပူနေမှာလည်းစိုးတယ်၊ မြစန္ဒာနဲ့ ကိစ္စကိုလည်း အိမ်က တစ်မျိုးထင်နေမှာပဲ။ မြစန္ဒာနဲ့ ငါ ဘာမှမဟုတ်ဘူးဆိုတာရယ်။ ငါ ပဲခူးက သူငယ်ချင်းအိမ် ရောက်နေတယ်ဆိုတာရယ် မင်းပြောပေးပါကွာ။ သဘော်ာကိစ္စထူးရင်လည်း မင်းငါ့ဆီကို ချက်ချင်းဖုန်းဆက်ပေးကွာ"

"နေပါဦး ... မင်းက ဘာဖြစ်လို့ အိမ်မပြန်ချင်ရတာလဲ"

ခင်မောင်ကျော်က သူ့ကိုမေး၏။ ပြီးတော့ စကားဆက်သည်။

"မင်း ငါနဲ့အတူ ပုဂံပါလာတယ်၊ နောက်နေ့ မန္တလေးပြန်သွားတယ်လို့ မင်းမှာတဲ့အတိုင်း မင်းအိမ်ကို ငါသွားပြောတော့ မင်းအဘိုးကြီးက ကောင်မလေးနဲ့ မန္တလေးမှာချိန်းထားလို့ ဖြစ်မှာပေါ့လို့ ပြောသေးတယ်"

"မင်း မသိဘူး ခင်မောင်ကျော်၊ ငါ အခုလို ဆရာ့ကိုပို့ပြီး ထွက်လာတာကို စန္ဒာမသိဘူး။ ဘာဖြစ်ဖြစ် စန္ဒာ ငါ့ကိုလိုက်ရှာနိုင်းမှာပဲ။ ခင်ထားဖြစ်ဖြစ် ငါ့အိမ်ကို တစ်ယောက်ယောက်လာနိုင်တာပဲ။ ငါ့ကိုတွေ့ရင် ငါ့ကြောင့် မြစန္ဒာနဲ့ ဆရာ လက်မထပ်ဖြစ်မှာ စိုးတယ်ကွာ"

ခင်မောင်ကျော်က သူ့ကို နားလည်စွာဖြင့် ကြည့်သည်။

■

ပဲခူးကားပေါ်မှာ ပါလာခဲ့သည်။

အရိန္ဒမာသိပါသည် ကဗျာကို စိတ်ထဲက ရွတ်ဆိုနေရင်း တမြည့်မြည့်နှင့် ခံစားနေရ၏။

မြစန္ဒာက သူ့ကိုအထင်လွဲမှာလားဟု စဉ်းစားတွေးပူပြန်သည်။ ဘာဖြစ်ဖြစ် ဆရာကိုလည်း သူ စာနာတတ်သည်။

အချစ်ကြောင့် ကျွမ်းမြိုက်လောင်ကျွမ်းသော ဝေဒနာကို ဘာသာခံစားတော့မည် တွေး၏။

အရှုံးပေးသင့်တယ်ထင်လို့ အရှုံးပေးလိုက်တာပါပဲ မြစန္ဒာရယ်ဟု ရင်ထဲက ပြောနေမိပြန်သည်။

ရှောင်ရက်နိုင်သူ၊ လက်လွှဲစွန့်ခွာရက်သူဟု ထင်မှာလား။

လက်လွှဲကာ ရှေ့တော်ဆက်ရပေမယ့် မွေ့ပျော်ရက်တယ် သခင်ထင်သလားဟု ကဗျာတစ်ပိုင်းစကို ရွတ်နေမိပြန်သည်။

ချစ်မိသူအသည်း ကြွေပြုန်းကာ အမြဲသေဆုံးခဲ့ရပြီကော မြစန္ဒာရယ်။ အမြဲ သေဆုံးခဲ့ရပြီကောကွယ်။

ကျန်စစ်သား၏ ရင်ထဲမှာ အသည်းကြွေပြုန်းပြီ ဆိုတာကို အရိန္ဒမာလုံ့က သိပါသည်ဟု ကဗျာလေးကဆိုသည်။

အခုကော...

မြစန္ဒာ သိမှသိနိုင်ပါ့မလားကွယ်...



# အပိုင်း သုံး

၁

မြစ်ကို ဖြတ်၍လိုက်လာသော လေကြောင့် တစ်ကိုယ်လုံး အေးနေသည်။ ကျွန်းချောင်းဘက်မှ မီးရောင်များကို ဘာရယ်မဟုတ် ငေးမောကြည့်နေရင်း ဆေးလိပ်ဗူးကို ထုတ်လိုက်သည်။

"ကြေကွဲစရာပါပဲ ကိုရဲ ...၊ ကိုရဲနဲ့ နောက် ပြန်တွေ့သေးသလားဟင်"

ဒူးယားဆေးလိပ်တစ်လိပ်ကို ထုတ်ယူမီးညှိလျက် မီးခိုးတို့ကို အမှောင်ထဲသို့ မှုတ်ထုတ်လိုက်၏။ မြစ်ကမ်းဆီသို့ဆင်းရာ အုတ်လှေကားဘေးကမ်းပါးသရက်ပင်ကြီးဆီမှ သစ်ရွက်ကို လေတိုးသံကြားနေရသည်။

"ကိုရဲ ပဲခူးရောက်ပြီး သုံးရက်အကြာမှာ ခင်မောင်ကျော် လိုက်လာတယ်လေ။ လေယာဉ်လက်မှတ် ရောက်ပြီဆိုလို့ ကမန်းကတမ်းလာပြီး လုပ်စရာရှိတာ လိုက်လုပ်ပြီးတော့ ရန်ကုန်က ထွက်ခဲ့ရတာပဲ။ အိမ်ကို စာရေးတော့လည်း လိပ်စာ ဘယ်သူ့မှမပေးပါနဲ့လို့ မှာထားပြီး အားလုံးနဲ့ အဆက်အသွယ်ဖြတ်လိုက်တယ်လေ။ ကိုရဲ သင်္ဘောလိုက်ပြီး မကြာဘူး မေမေ ဆုံးသွားတယ်။ ကိုရဲလည်း မပြန်ဖြစ်ခဲ့ဘူး၊ နှစ်နှစ်အတွင်း ကိုရဲ မပြန်ခဲ့ဘူးလေ။ နောက်တော့ အိမ်ကို ရောင်းလိုက်တယ်။ ဖေဖေတို့လည်း အခုနေတဲ့နေရာကို ပြောင်းသွားတယ်ဆိုတာ စာလှမ်းရေးတယ်။ နှစ်နှစ်ကျော်တော့ ကိုရဲ မြန်မာပြည် တစ်ခေါက် ပြန်ရောက်တယ်။ ဒါပေမဲ့ ကြာကြာမနေခဲ့ဘူး၊ ပြန်ခါနီးမှာ လှမြင့်နဲ့ ခဏတွေ့လိုက်တယ်၊ ဘယ်သူ့မှလည်း သွားမတွေ့ခဲ့ဘူးလေ။ သိန်းဇော်တို့ ခင်ထားတို့ သားတွေ၊ သမီးတွေလည်း ရနေပြီဆိုတာတော့ လှမြင့် ပြောလို့သိရတယ်။

စန္ဒာနဲ့တော့ လုံးဝပြန်မတွေ့တော့ဘူး။ စုံလည်း မစုံစမ်းမိဘူး၊ လှမြင့်ကလည်း ခဏလေးတွေ့တော့ စကားမစဖြစ်ဘူးလေ။ မတွေ့ကြတာပဲ ကောင်းပါတယ် သက်ရယ်"

ဆေးလိပ်ကိုပြာခြွေရင်း သက်ပြင်းရှည်ကို ချမိပြန်သည်။

ဘာဖြစ်ဖြစ် ရင်ထဲမှာတော့ ဝေဒနာက နမျစ်နေဆဲပါလားဟု ဘာသာ နားလည်၏။

"ကိုရဲ မြစန္ဒာကို လွမ်းနေလားဟင် ..."

သက် အသံတိုးတိုးကို ကြားရတော့ သက်မျက်နှာကို လှည့်ကြည့် လိုက် ၏။

"သက်ကို အမှန်အတိုင်း ဖြေမယ်နော်"

"ဖြေပါ ကိုရဲ ..."

"လွမ်းတယ် သက်ရယ်"

သက်ထံမှ အသက်ရှူသံပြင်းပြင်းကို ကြားရသည်ထင်လိုက်၏။ ခေတ္တမျှ ဆိတ်ငြိမ်သွားပြန်သည်။ မြစ်ထဲမှ တံငါလှေ၏ တက်ခတ်သံကို ကြားနေ ရဆဲ။

"ကိုရဲအကြောင်းတွေ ကြားရတော့ သက် ကိုရဲကို ကိုယ်ချင်းစာပြီး နားလည်ပါတယ် ကိုရဲ၊ ပြီးတော့လေ ..."

စကားကို ခေတ္တနားရင်း သူ့ဘက်သို့ သက်က မျက်နှာလှည့်လာသည်။

"ပြောပါ သက် ..."

"ကိုစိုးလည်း ကိုရဲလိုပဲ ခံစားနေမယ်ဆိုတာ တွေးပြီး စိတ်မကောင်း ဖြစ်ရတယ်"

"ကိုစိုးက သက်ရဲ့ချစ်သူပေါ့နော်"

"ဟုတ်ပါတယ် ကိုရဲ ...၊ သူတို့က မိဘမရှိကြပါဘူး၊ သူ့အစ်ကိုက သူ့ကို ကျောင်းထားပေးခဲ့တာပါ။ သူက ပညာကို ကြိုးစားတယ်လေ၊ အခု ဌာနမှာ ဆရာ လုပ်ရင်း အမ်ဆက်တက်နေရတော့ သူ့လစနဲ့သူ အနိုင်နိုင်ပေါ့၊ ဘာဖြစ် ဖြစ် သက်မှာ သတ္တိရှိပါတယ်။ သက် သူ့နောက်ကို လိုက်ရဲပါတယ်။ ဒါပေမဲ့

သက် ကြောင့်တော့ သူ ဒုက္ခမပိုစေချင်တာ အမှန်ပဲ။ သက်ကြောင့် သူ့ပညာရေးထိခိုက်မှာ စိုးတယ်၊ သက်အိမ်ကတော့ သဘာမတူဖြစ်မှာ သေချာတယ်။ သူ့မှာလည်း ငွေစုပြီးဆောင်းပြီး မရှိဘူးဆိုတော့ သက်ကြောင့် သူ ကသီမှာပဲ။ သူက ကျပြန်တော့ သူ့ကိုစွအားလုံးပေါ့လေ၊ ပညာရေးကအစ သူစွန့်လွှတ်ရပါတယ်တဲ့။ သက်ကြောင့် သူ ဘယ်လောက်ပင်ပန်းပင်ပန်း အပင်ပန်းခံနိုင်မှာပါတဲ့။ ဒါပေမဲ့ သက် ဒုက္ခဆင်းရဲရောက်မှာကို သူမကြည့်ရက်နိုင်ပါဘူးတဲ့လေ။ သူ့ကြောင့် သက် ဘဝညှိုးနွမ်းသွားမှာကို သူ မလိုလားဘူးတဲ့လေ။ ဒါပါပဲ ကိုရဲရယ် ...။ တစ် ယောက်အပေါ် တစ်ယောက်ညှာကြရင်း တစ်ယောက်ဒုက္ခရောက်မှာ တစ်ယောက် စိုးရိမ်ကြရင်းနဲ့ တွေ့ဝေခဲ့ကြတယ်ပေါ့။ ဒါကြောင့်လည်း ကိုရဲနဲ့ စေ့စပ်ဖို့ အိမ်ကစီစဉ်တာကို ဘာမှအတင်းအကျပ် မငြင်းခဲ့တော့ဘူးလေ"

"သက် ..."

"ပြောပါ ကိုရဲ ..."

"ကိုရဲကို သက် နားလည်စေချင်ပါတယ်၊ ကိုရဲကြောင့်ဆိုပြီး ကိုရဲအပေါ်မှာ သက် စိတ်မကွက်စေချင်ပါဘူး"

"ကိုရဲကို သက်နားလည်ပါတယ် ကိုရဲ၊ ကိုရဲနဲ့ တွေ့ပြီး ရင်းနှီးလာတဲ့အခါ ကိုရဲကို ပိုနားလည်လာပါတယ်။ အခွင့်အရေးမယူတတ်တာ၊ စကားမရှုပ်တတ်တာ၊ စိတ်မဆိုးတတ်တာတွေကအစ ကိုရဲကို သက် လေးစားမိပါတယ်။ မိဘချင်း ကလည်း သိပ်ရင်းနှီးနေတော့ ကိုရဲကို သက်ရဲ့အစ်ကိုတစ်ယောက်လို ယုံကြည်မိတာ၊ ခင်မင်မိတာ အမှန်ပါပဲ ကိုရဲ"

မြစ်ပြင်ကို မျက်နှာမူထိုင်နေရာမှ ကိုယ်ကို တစောင်းလှည့်လိုက်သည်၊ သက်ဘက်သို့ မျက်နှာကို တူရူပြုမိလိုက်၏။

"သက်"

"ရှင်"

"သက်အကြောင်းတွေ ကိုရဲကို ဘာကြောင့်ပြောပြရတာလဲဟင်"

"သက် ပုဂံကိုရောက်တော့ ရင်ထဲမှာ ဆွေးဆွေးမြည့်မြည့် ခံစားရတာ အမှန်ပါ ကိုရဲ ...။ ကိုစိုး သက်ကိုပြောခဲ့တဲ့ စကားတွေကို ပြန်ကြားယောင်နေမိတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ ကိုရဲ ပြောခဲ့သလို ကျန်စစ်သားနဲ့ မဏိစန္ဒာ အကြောင်းကိုကိုစိုးကသက်ကိုပြောပြခဲ့တယ်လေ။ပုဂံရောက်တော့အဲဒါတွေ အားလုံးကို ပြန်ကြားယောင်ပြီး သတိရနေတယ်။ ကျန်စစ်သားလို ချစ်သူကို ဆက်သရမှာပါဆိုတဲ့ စကားက နှလုံးသားကို သံချွန်နဲ့ဆွသလိုဖြစ်အောင် ခံစားရပါတယ် ကိုရဲရယ်။ ပြီးတော့ သက်နဲ့ လက်ထပ်မယ့် ကိုရဲလည်း သက် အကြောင်းတွေကို အားလုံး သိထားစေချင်တယ်လေ။ လက်ထပ်ပြီးမှသိလို့ အဲဒီအကြောင်းကြောင့် အိမ်ထောင်ရေး မသာယာတာ မဖြစ်စေချင်ပါဘူး။ ဒါကြောင့် သက် ကိုရဲကို ပြောပြခဲ့မိတာပါ။ အခုတော့ ကိုရဲအကြောင်းကိုပါ သိရတော့ သက်အတွက်လည်း ပိုကောင်းသွားပါတယ်။ လက်မထပ်ခင်မှာ တစ်ယောက်အကြောင်း တစ်ယောက် ပွင့်ပွင့်လင်းလင်း သိထားကြတာ အကောင်းဆုံးလို့ ထင်ပါတယ် ကိုရဲရယ်"

"ကိုရဲ တစ်ခုမေးမယ်နော်"

"မေးပါ ကိုရဲ"

"သက်ချစ်သူနဲ့ ကွဲအောင်ဖန်တီးတာ ကိုရဲကြောင့်ဆိုပြီး ကိုရဲကို သက် မမုန်းဘူးလားဟင်"

"ကိုရဲရယ် သက်ပြောပြီးပြီပဲ၊ ကိုရဲမဟုတ်ရင်လည်း တခြားတစ်ယောက် ဝင်လာမှာပါပဲ။ အိမ်က ကိုစိုးနဲ့ သက်ကို ဘယ်လိုမှ သဘောတူမှာမှ မဟုတ်တာ။ ဒါပေမဲ့ တစ်ခုတော့ ရှိတာပေါ့။ ကိုရဲသာ နိုင်ငံခြားက ပြန်မရောက်သေးရင် အချိန်တွေဆွဲထားလို့ ရနိုင်တယ်။ နောက်ပိုင်းမှာ အခြေအနေတစ်မျိုး ဖြစ်သွားနိုင်တာပေါ့။ အခုတော့ ပြန်းစားကြီး ကိုရဲ သင်္ဘောပြန်မတက်ခင် လက်ထပ်ပေးဖို့ စီစဉ်မယ်ဆိုတော့ ပိုအကျပ်တွေ့သွားတာပေါ့လေ"

သက်ပြင်းချလိုက်မိပြန်၏။

"ကိုရဲက အရှုံးကို တစ်ခါရင်ဆိုင်ဖူးပြီဆိုတော့ ဒီဝေဒနာကို ဘယ်လောက်ခံစားရတယ်ဆိုတာ အသိဆုံးပဲ သက်ရယ်"

သူ့စကားကြောင့် သက်မျက်နှာက သူ့ဘက်လှည့်လာသည်။

“အေးလာပြီ သက် ....၊ ကိုရဲတို့ ပြန်ကြရအောင်”

ပြောရင်း ထိုင်ခုံမှ ထလိုက်သည်။

တစ်ဖက်ကမ်းမှ မီးရောင်တို့ကို လှမ်းမြင်နေရဆဲ။

"တကယ်ပြောတာလား ကိုဇော် ..."

ခင်ထားညိုက မယုံသလိုမေး၏။

"တကယ်ပြောတာ ခင်ထား၊ ကိုဇော်လည်း သိပ်အံ့ဩသွားမိတယ်။ ဒီတစ်ခေါက် ပုဂံကို ကားငှားလိုက်သွားတာ သူငယ်ချင်းတွေ ပြန်တွေ့ရအောင် သွားသလိုပါပဲ"

"အိမ်လာဖို့ ကိုဇော် မမှာခဲ့ဘူးလားဟင်"

ပက်လက်ကုလားထိုင်ဘေးမှာ ထိုင်ချလိုက်ရင်း ခင်ထားညိုက သိန်းဇော်ကို မေး၏။

"မှာတော့မှာခဲ့တာပေါ့ ခင်ထားရယ်။ ရဲ ကြည့်ရတာလည်း အလုပ်ရှုပ်နေပုံ ရပါတယ်။ လက်ထပ်မယ့်ကိစ္စနဲ့ သင်္ဘောပြန်တက်မယ့်ကိစ္စနဲ့ အားပုံမရပါဘူး၊ ရဲက ဝပြီးဖြူနေတယ်ကွ"

"ခင်ထားဖြင့် ရဲကိုမတွေ့ရတာ ကြာလှပြီ"

သမီးကြီးက ပြေးလာပြီး သိန်းဇော်၏ ပက်လက်ကုလားထိုင်ပေါ်တက်သည်။ သိန်းဇော်က ဆီးယူပွေ့လျက် နမ်းလိုက်၏။

"ကိုဇော် ... ရဲအမျိုးသမီးက ချောရဲ့လားဟင်"

"ချောတယ် ခင်ထားရဲ့ တည်တည်ငြိမ်ငြိမ်ပဲလေ"

"တော်သေးတာပေါ့နော်။ ကိုဇော် မပြောမိလိုက်လို့၊ ပြောလိုက်ရင် ရဲပြန်သတိရနေဦးမှာ"

လာ ... သမီး၊ မေမေ့ဆီလာဟု ကုလားထိုင်ပေါ်မှ ဆင်းလာသည့် သမီးကို လှမ်းခေါ်ရင်း ပေါင်ပေါ်ပွေ့ထားလိုက်၏။

"ကိုယ်လည်း ပြောထွက်တော့မလို့ပါပဲ ခင်ထားရဲ့ တိုက်တိုက်ဆိုင်ဆိုင်ပဲကွာလို့ ပြောပြီးပြီ။ ဘာတိုက်ဆိုင်တာလဲကွလို့ မေးသေးတယ်။ နောက်မှ စကားကို လျှောချလိုက်ရတာ။ ဪ ... မင်းနဲ့ တိုက်တိုက်ဆိုင်ဆိုင် တွေ့နေလို့ပါ ဘာညာနဲ့"

"အင်းနော် ... တကယ်ပဲ တိုက်တိုက်ဆိုင်ဆိုင်"

ဟု ပြောရင်း သမီးတင်ပါးကို လက်ဝါးဖြင့် ပုတ်ပေးနေလိုက်၏။

"မြစန္ဒာနဲ့တော့ စကားမပြောလိုက်ရပါဘူး၊ စန္ဒာက မြင်းလှည်းပေါ်မှာလေ၊ ဘုရားတွေကို သွားတယ်ထင်ပါတယ်၊ အဖော်သုံးလေးယောက်လည်းပါတယ်"

"အင်းနော် ... စန္ဒာနဲ့လည်း မတွေ့ရတာကြာပြီ။ သူ့အဖေ နိုင်ငံခြားမှာ အမှုထမ်းတော့ သူလိုက်သွားတာ သိရတယ်။ နောက်ပြန်ရောက်နေတယ်သာ ကြားပြီး လူချင်းမတွေ့ရတော့ဘူး။ နေပါဦး ကိုဇော် ... စန္ဒာတို့ကိစ္စကို ရဲ သိလား ဟင်"

သိန်းဇော်က ကုလားထိုင်ပေါ်မှ ကိုယ်ကိုမတ်လျက် ဆေးပေါ့လိပ်ကို လှမ်းယူရင်း "ဘာကိစ္စလဲ ခင်ထား" ဟု မေး၏။

"ဟိုလေ ... ဆရာနဲ့ လက်မထပ်ဖြစ်တာ၊ ပြီးတော့ စန္ဒာ သူ့အိမ်ကို ပြန်သွားခဲ့တာလေ"

"ဟာ ... ဘယ်သိပ့်မလဲ ခင်ထားရဲ့ ဒီတုန်းက ချက်ချင်းလိုလို ရဲက လည်း သင်္ဘောလိုက်ဖို့ ထွက်သွားခဲ့တာ။ နောက်တော့လည်း ဘယ်သူနဲ့မှ အဆက်အသွယ်မလုပ်တော့တာ"

"ခင်ထားဖြင့်လေ အခုထိ သတိရနေတုန်းပါပဲ။ အဲဒီနေ့က ဆရာ ရောက်လာပြီး တွေ့တော့ ရဲ ပေးလိုက်တဲ့ကဗျာလေးကို ဖတ်ပြီး စန္ဒာ ချုံးပွဲချငိုတာ အခုထိ မြင်ယောင်နေသေးတယ်။ ပြီးတော့ ဆရာ့ကို သူ ဘယ်တော့မှ လက်မထပ်ဘူးလို့ ပြောခဲ့တာတွေ ပြန်ကြားနေမိတယ် ကိုဇော်ရယ်"

"ကိုယ်လည်း ရဲကိုတွေ့တော့ ရဲများ စန္ဒာအကြောင်း မေးမလားနဲ့ တထိတ်ထိတ်ပါပဲ။ ရဲကမေးရင် ဘာပြန်ဖြေရမှန်း မသိဘူးလေ။ ခုလို သူ အိမ်ထောင်ပြုခါနီးကျမှလည်း ဘာမှမသိစေချင်၊ မခံစားစေချင်တော့ဘူးပေါ့။ တော်သေးတာပေါ့၊ ကိုယ်တို့ တွေ့ပြီး သိပ်မကြာလိုက်ဘူး။ သူ့ဇနီးလောင်းနဲ့ ယောက္ခမလောင်း ရောက်လာတယ်လေ"

ပေါင်ပေါ်မှာ အိပ်ပျော်သွားသော သမီးငယ်၏ နဖူးဆံစကို ခင်ထားက သပ်တင်ပေးနေသည်။ သိန်းဇော်က ဆေးပေါ့လိပ်တိုကို ဆေးလိပ်ခွက်ထဲ ပြန်ထည့်ထားလိုက်၏။

"အဖြစ်အပျက်တွေက ဘာမှမကြာသေးသလိုပါပဲ ကိုဇော်ရယ် ...။ ကာယကံရှင်တွေက ဘယ်လောက်ခံစားရမလဲ မသိဘူး။ ခင်ထားတို့တောင် ကြားထဲက ရင်နင့်ပါရဲ့"

ဟု ခင်ထားညိုက ပြောလိုက်သည်။

"အင်း ... မကြာသေးဘူးလို့ စိတ်ထဲမှာထင်ရပေမဲ့ သမီးကြီးတောင် သုံးခါလည်ကျော်ခဲ့ပြီပဲ ခင်ထားရယ်"

သိန်းဇော်က ပက်လက်ကုလားထိုင်နောက်ကို မှီလှဲချလိုက်ရင်း ပြောသည်။

ခင်ထားညိုက သမီးကြီး၏ နဖူးကို ငုံ့နမ်းလိုက်၏။

"ခင်ထားတော့ စန္ဒာ့မာမီလို မဖြစ်အောင် ကြိုးစားရမှာပဲ။ သမီးကြီးဟာ ခင်ထားအတွက် ဘာမှမခံစားရစေချင်ပါဘူး ကိုဇော်ရယ်"

သိန်းဇော်က ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်တော့၏။ ခရီးပန်းသဖြင့် အိပ်ငိုက်စပြုနေပြီ။



"အစ်ကို မင်းကိုဘာမှမပြောချင်ဘူး ကိုစိုး၊ ကိုယ့်ကံစွကို ကိုယ့်ဘာသာပဲ ဆုံးဖြတ်တာ ကောင်းပါတယ်။ မင်းလည်း ကိုယ့်ခြေပေါ် ကိုယ်ရပ်နိုင်အောင် ကြိုးစားနေတဲ့သူပဲလေ။ ပြီးတော့ ကျောင်းသားလူငယ်ဘဝမှ မဟုတ်တော့တာ။ ဒါပေမဲ့ အစ်ကိုတစ်ခုပဲ ပြောချင်တယ်၊ မိန်းမတစ်ယောက်အတွက် ခံစားရပြီး မိန်းမတွေအားလုံးဟာ သစ္စာမရှိဘူး ဘာညာဆိုတဲ့အစွဲမျိုး မထားမိစေနဲ့။ ရင်ထဲမှာ အစွဲအလမ်းကြီးကြီးနဲ့ အငြိုးမထားမိစေနဲ့ပေါ့ကွာ။ အစ်ကို့တုန်းက အဲဒီလို ဖြစ်ခဲ့ဖူးလို့ အစ်ကိုပြောနေတာ မင်း သိပါတယ်လေ။ အစ်ကို ဘယ်လောက်ထိ ခံစားခဲ့ရတယ်ဆိုတာ"

ဆရာနေမျိုးက ဧည့်ခန်းမှာထိုင်ရင်း သူ့ညီကို ပြောနေ၏။ ခေါင်းငိုက်စိုက် ချထားလျက်က ကိုစိုး မျက်နှာမော့လာသည်။

"သက်က ကျွန်တော့်ကိုပြောပါတယ် အစ်ကို၊ သူ ကျွန်တော့်နောက်ကို အချိန်မရွေး လိုက်ရဲပါတယ်တဲ့။ ဒါပေမဲ့ ကျွန်တော်ကိုယ်တိုင်က သက် ဆင်းရဲဒုက္ခရောက်မှာကို စိုးရိမ်နေမိတာ။ သက်ကို ညှာတာထောက်ထားနေမိတာပါ အစ်ကို"

"ဒီမှာ ကိုစိုး။ အစ်ကို တစ်ခုပြောမယ်၊ မင်း သက်ကို လက်လွှတ်ရလို့ ဆုံးရှုံးပြီမထင်နဲ့ ငါ့ညီ။ မင်း သက်အပေါ်မှာထားတဲ့ စေတနာမေတ္တာတရားကြောင့် မင်းက သက်ကိုစွန့်လွှတ်ဖို့ ဆုံးဖြတ်တာပဲ။ အဲဒီစေတနာ မေတ္တာတရားကပဲ ထာဝရ အောင်နိုင်သူဖြစ်အောင် ဖန်တီးနိုင်တာပဲ ကိုစိုး။ မင်းကြည့်

လေ၊ အစ်ကိုတုန်းက မောင်ရဲအောင်ဟာ မေတ္တာစေတနာအပြည့်နဲ့ အစ်ကို့ကို အရှုံးပေးသွားခဲ့တယ်။ ဒါပေမဲ့ အစ်ကို မြစန္ဒာရဲ့ မေတ္တာတရားကို မရလိုက်ပါဘူး။ မြစန္ဒာရဲ့မေတ္တာတရားဟာ မောင်ရဲအောင်အပေါ်မှာပဲ ထာဝရရှိနေတော့မယ်ဆိုတာ အစ်ကို နားလည်လိုက်တယ်လေ"

ဆရာနေမျိုးကပြောပြီး ကုလားထိုင်နောက်မှီမှာ ခေါင်းတင်ပြီး ကိုယ်ကို လျှော့မှီချလိုက်သည်။

"အစ်ကို ..."

ကိုစိုးက ခေါ်လိုက်၏။

ဆရာနေမျိုးက ခေါင်းကိုမတ်ပြီး ပြောလေဆိုသည့်သဘောနှင့် ကြည့်သည်။

"ကိုရဲအောင်နဲ့ မြစန္ဒာတို့ လက်ထပ်ဖြစ်သလားဟင်"


ကိုစိုးက မေးလိုက်သည်။

"ငါမသိဘူး ကိုစိုး ...၊ မြစန္ဒာ ငါ့ကို လက်မထပ်တော့ဘဲ သူ့အိမ်ပြန်သွားပြီးနောက်လမှာပဲငါလည်းမြောင်းမြစက်ရုံကို ပြောင်းခဲ့ရတာ။ ဟိုရောက်တော့ ငါလည်းရန်ကုန်မပြန်ဘဲဇာတ်မြှုပ်နေလိုက်တာမင်းအသိပဲလေ။ ဘာသတင်းမှ မရတော့ဘူး"

"ကျွန်တော် သက်ကို သိပ်ချစ်လွန်းလို့ စွန့်လွှတ်ရပေမဲ့ ရင်ထဲမှာ နင့်နေအောင် ခံစားရတယ် အစ်ကိုရာ"

ကိုစိုးက သူ့အစ်ကိုနေမျိုးကို လှမ်းကြည့်ရင်း ပြောလိုက်သည်။

"သိပ်ချစ်ရင် ဒီလိုချည်းပဲ ကိုစိုး" ဟု ဆရာနေမျိုးက ပြန်ပြောလိုက်၏။



"သက်"

လမ်းလျှောက်နေရင်း သက်က ခြေလှမ်းတုံ့သွားသည်။

"ဘာလဲ ကိုရဲ ..."

"ရှေ့မှာ အမျက်တော်ပြေ ဘုရားလေ"

"ဩော် ... ဟုတ်သားပဲ"

"အဲဒီဘုရားမှာ ကိုရဲနဲ့ မြစန္ဒာ နှစ်ယောက် ဆုတောင်းခဲ့ကြတာပေါ့"

ရှေ့မှာ လှမ်းမြင်နေရသော အမျက်တော်ပြေဘုရားကို လှမ်းကြည့်လိုက်မိကြသည်။ အတွင်းရွှေစည်းခုံ ဘုရားရှေ့နားသို့ သူတို့ရောက်လာကြပြီ။

အတွင်းရွှေစည်းခုံဘုရားပြီးလျှင် အမျက်တော်ပြေဘုရားကို ရောက်တော့မည်။

"ကိုရဲ လွမ်းနေပြီလားဟင် ..."

ရဲအောင်က တစ်ချက်ရယ်လိုက်ရင်း...

"သက်ရယ် ... ကိုရဲက ဒီဘုရားမှာ ဆုတောင်းခဲ့တဲ့အတိုင်း ပြည့်ဝခဲ့ပါတယ်။ ကိုရဲအပေါ်မှာ ဆရာဦးနေမျိုးထားခဲ့တဲ့ အမျက်တွေ ပြေသွားခဲ့တယ်လေ။ ကိုရဲကတော့ မြစန္ဒာကို စွန့်လွှတ်ရတာပေါ့။ ကိုရဲက မြစန္ဒာနဲ့အတူ ဆုတောင်းတုန်းက ကိုရဲနဲ့ မြစန္ဒာအပေါ်မှာ ထားခဲ့တဲ့ ဆရာ့ရဲ့အမျက်တွေ ပြေပါစေတော့လို့ ဆုတောင်းခဲ့တာကိုး။ အခုလည်း ကိုရဲနဲ့ သက် ဘုရားမှာ ဆုတောင်းကြရအောင်နော်"

သက်က ရဲအောင်ကို လှည့်ကြည့်သည်။

"ကိုရဲအပေါ်မှာ အငြိုးအချက်ထားခဲ့ရင် သက်ကိုရော ကိုစိုးကိုပါ ကျေပါစေလို့ ကိုရဲ ဆုတောင်းမှာပါ။ ကိုရဲ ဆုတောင်းပြည့်လာဦးမယ်လို့ ထင်ပါတယ် သက်ရယ်။ ကိုစိုးက ကိုရဲအပေါ်မှာ အမျက်ထားရင်တောင် ပြေပျောက်သွားမှာပါ။ ပြီးတော့ ကိုစိုးနဲ့ သက်တို့ ပေါင်းဆုံကြမှာပါကွယ်"

"ဘယ်လို ကိုရဲ ... ဘယ်လို"

"ကိုရဲ ဆုံးဖြတ်လိုက်ပါပြီ သက်ရယ်၊ ကိုရဲလို ခံစားရတဲ့ဝေဒနာမျိုး သက်ချစ်သူကို မခံစားစေချင်ဘူးလေ။ ဒါကြောင့် ကိုရဲ နောက်ဆုတ်လိုက်ပါမယ်။ စေ့စပ်ဖို့ကိစ္စပျက်အောင် ကိုရဲပဲ ကိုရဲရဲ့ဖေဖေကို ပြောပါမယ်။ ကိုရဲရဲ့ တာဝန်ပဲ ထားလိုက်ပါတော့။ သက်တို့ချစ်သူချင်း ပေါင်းဆုံနိုင်မှာပါကွယ်"

အမျက်တော်ပြေဘုရားရှေ့သို့ ကိုရဲနှင့် သက်တို့ ရောက်လာကြသည်။

"လာ ... သက် ကိုရဲတို့ ဘုရားဖူးပြီး ဆုတောင်းကြရအောင်။ ကိုရဲက ကိုရဲအပေါ်ထားတဲ့ အမျက်တွေပြေပါစေ ဆုတောင်းမယ်။ သက်က ချစ်သူချင်း ပေါင်းရပါစေလို့ ဆုတောင်း ... ဟုတ်လား"

ပြောပြီး သက် လက်တစ်ဖက်ကိုဆွဲလျက် ဘုရားထဲသို့ဝင်ရန် ချီးကွေ့ချလိုက်၏။

"ကိုရဲရယ် ..."

သက်က အံ့သြဝမ်းသာစွာ ဆိုလိုက်သည်။

ပထမတော့ အံ့ဩရသည်။ နောက်တော့ ရင်ခုန်လှုပ်ရှားစွာဖြင့် ဟုတ်မှ ဟုတ်ပါ့မလားဟု စူးစိုက် ကြည့်နေမိသေးသည်။

မြစန္ဒာတို့က ဖူးဘုရားသွားရာလမ်းထောင့်ရှိ လက်ဖက်ရည်ဆိုင်မှာ ကော်ဖီသောက်ဖြစ်ကြသည်။ မြစန္ဒာက ဖူးဘုရားသွားရာ လမ်းဘက်ကို မျက်နှာမူလိုက်ပြီး ထိုင်မိ သည်။ စားပွဲက အပြင်ခပ်ကျကျ ထောင့်စွန်းမှာရှိ၍ ဖူးဘုရားသွားရာလမ်းကို လှမ်းမြင်နေရသည်။

ဖူးဘုရားဘက်မှ လျှောက်လာသည့်စုံတွဲကို အမှတ်ထားမိသော်လည်း ခပ်ဝေးဝေးက မည်သူမည်ဝါမသိ။

အမျက်တော်ပြေဘုရားရှေ့ အရောက်မှာ ရဲပါလားဟု မြစန္ဒာ သိလိုက်သည်။

ရဲ၏ ဟန်ပန်အမူအရာသည် ဘယ်အခါမှ မျက်စိထဲက မထွက်နိုင် မေ့ပျောက်သွားနိုင်မည်မဟုတ်ဟု ဘာသာ သိထားသည်ပဲ။ ယခုလည်း ခပ်ဝေးဝေးကပင် ရဲဖြစ်မည်ဟု ထင်မိသား။

ပြီးတော့ နှစ်ဦးဆုတောင်းခဲ့ရာ အမျက်တော်ပြေဘုရားကို ငေးမျှော်ရင်း ရဲကို သတိရနေသည်ပဲလေ။

ဘုရားရှေ့အရောက် လက်ကိုဆွဲပြီး ဘုရားထဲဝင်သွားတာ တွေ့လိုက်ရတော့ သောက်လက်စ ကော်ဖီပန်းကန်ထဲသို့ ရေနွေးကြမ်းကို အယောင်ယောင် အများများနှင့် ငှဲ့ထည့်လိုက်မိသည်။

ဪ … ရဲတောင် အိမ်ထောင်ကျသွားပြီပဲဟု ရင်ထဲမှာ အသိဝင်သည်။ ရဲနဲ့ မတွေ့ရတာ နှစ်တွေကြာပြီဖြစ်သော်လည်း တစ်နေ့မှ မေ့မရနိုင်သည့်အဖြစ်ကို ဘာသာ အသိဆုံးပင်။

ရဲနှင့်ဝေးခဲ့ကြပြီး ဒယ်ဒီနှင့်အတူ နိုင်ငံခြားမှာ နှစ်နှစ်လိုက်နေခဲ့သော်လည်း ရဲကို ထာဝရ သတိရနေသည်သာ။

ရန်ကုန်ပြန်ရောက်တော့လည်း ရဲကို လွမ်းနေဆဲ။ ခင်ထားတို့၊ သီကြီတို့နှင့်ပင် အဆက်အသွယ်မလုပ်တော့ဘဲ နယ်ကို အလုပ်ဖြင့်ပြောင်းခဲ့သည်ပဲလေ။

ရဲရယ် …။

ရဲတို့ ဇနီးမောင်နံကို နှုတ်ဆက်ချင်ပေမဲ့ စန္ဒာကြောင့် ရဲ ဘာမှမစံစားရစေချင်တော့ပါဘူးကွယ်။

မေ့နေမှာပဲလို့ ထင်ပြီလေ။ မေ့လက်စနဲ့ အားလုံးကို ရဲ မေ့ထားနိုင်ပါစေကွယ်။


တွေးနေခိုက်မှာပင် ဘုရားထဲမှ ပြန်ထွက်လာသော ရဲတို့စုံတွဲကို လှမ်းမြင်ရသည်။

စကားတပြောပြောနှင့် လမ်းမကြီးပေါ်သို့ တက်လာ၏။ ဟိုဝေးဝေးရှေ့တူရူကို လျှောက်သွားကြပြီလေ။

ရဲတို့ဘဝလမ်းကို သာယာဖြောင့်ဖြူးစွာ လျှောက်နိုင်ပါစေလို့ အမျက်တော်ပြေဘုရားမှာပဲ စန္ဒာ ဆုတောင်းပေးမှာပါ ရဲရယ် …။ အဲဒီဘုရားက ဆုတောင်းပြည့်တယ် စန္ဒာလို့ ရဲ တစ်ခါကပြောတယ်လေ။

ခါးမှ လက်ကိုင်ပဝါကိုထုတ်လျက် မျက်ဝန်းကို တို့လိုက်သည်။ ရှေ့မှ သူငယ်ချင်းတစ်စုက စကားကောင်းပြီး ရယ်ပွဲဖွဲ့နေ၏။

ဘုရားမှ ကြေးစည်သံကို သဲ့သဲ့ကြားလိုက်ရသည်လေ။



အိပ်ရာထဲရောက်ပြီး အတော်ကြာသည့်တိုင် အိပ်မပျော်။ အခန်းထဲမှ ထွက်ပြီး ပန်းခြံထဲသို့ လျှောက်လာခဲ့မိသည်။ စက္ကူပန်းများ အုပ်မိုးထားရာ ထိုင်ခုံမှာ ခပ်လျောလျော ဝင်ထိုင်လိုက်မိသည်။ နွယ်သာကီပန်းရုံများကို လှမ်း၍ ငေးမောနေသည်။

သည်ခုံမှာပဲပေါ့။

မြစန္ဒာနဲ့အတူ ထိုင်ခဲ့ကြတာ။

အတွေးမှာ မြစန္ဒာ အလိုလိုရောက်လာတော့သည်။

သိပ်သတိရတာပဲ မြစန္ဒာရယ်။

ရင်ထဲမှာ ဖြစ်တည်ခဲ့တဲ့အချစ်၊ နှစ်ပေါင်းဘယ်လောက်ကြာမှ ပြယ်မှာ တဲ့လဲကွယ်။

မြစန္ဒာနဲ့ ဆရာတို့ရဲ့အိမ်ထောင်ရေး သာယာဖြောင့်ဖြူးပါစေတော့ဟု သူ ဆုတောင်းလိုက်မိသေးသည်။

ပုဂံ၏ အငွေ့အသက်သည် မြစန္ဒာကို ပိုပြီးလွမ်းဆွတ်တသဖွယ်အဖြစ် ဖန်တီးနေပြီထင်၏။

ရှေးနှစ်ပေါင်းများစွာကလက်ရာ ဘုရားစေတီတို့ အိုးဟောင်းပျက်ပြို နေလေပြီ။

သို့တိုင်လျက် ပုဂံသားတို့၏ မေတ္တာရနံ့သည် သည်နေရာမှာ ထုံပျံ့နေဆဲပင်။

ပုဂံသားတို့၏ စည်းရုံးမှု၊ သတ္တိဖျတ္တိနှင့် စွမ်းရည်သည် သည်နေရာမှာ တည်တံ့ကျန်ရစ်နေဆဲပင်။

ကျန်စစ်သားမင်းကြီး၏စွမ်းရည်နှင့်စိတ်ဓာတ်သတ္တိသည်ပုဂံသားများ၏ အဆက်အနွယ် ပြည်သူအားလုံးမှာ စီးစိမ့်ဝင်ရောက်နေမည်ဟု ထင်သည်။ သည်လိုပင် မြစန္ဒာကို ပြောခဲ့ဖူးသည်။

ကျန်စစ်သားနှင့် မဏိစန္ဒာလို ရာဇဝင်မှာ မကျန်ရစ်နိုင်ခဲ့သော မိမိနှင့် မြစန္ဒာတို့၏ ဇာတ်လမ်းကိုတော့ မည်သူမည်ဝါ သိနိုင်ပါမည်နည်း။

အစုအချိန်၌ အရိန္ဒမာလုံသာ တစ်နေရာရာမှာ ရှိနေခဲ့ပါလျှင် မိမိရင်ထဲ၌ အသည်းနလုံး ကြွေပြုံးခဲ့ရသည်ကို သိနိုင်လိမ့်မည်လား တွေးလိုက်မိပြန်သည်။

ပေးခဲ့သည့် ကဗျာတစကို သတိတရဖြစ်လာပြန်၏။

လက်လွှဲကာ ရှေ့တော်ဆက်ရပေမယ့်
မွှေ့ပျော်ရက်တယ် သခင်ထင်သလား
ရင်ခွင်မှာ ဆယ်နေကဲသလို
အမြဲပူလောင်လှချည်ရဲ့
ကြိုးနောင်ကာ အရှင်တည်းပါလို့
ရင်ထဲကို လုံမထိခင်က
ချစ်မိသူအသည်းကြွေပြုန်းကာ
(မဏိစန္ဒာရယ်)
ကိုယ်ကတော့ အမြဲသေဆုံးခဲ့ပြီပဲ။
အမြဲသေဆုံးခဲ့ပြီပဲ၊ အမြဲသေဆုံးခဲ့ပြီပဲ။
အမြဲသေဆုံးခဲ့ပြီပဲ မြစန္ဒာရယ်။

■

နှင်းစက်ထိစို၍
အို… အနုမျစ်ဆုံးနှင်းဆီ
လေပြင်းခြွေ၍ မြေပေါ်သို့ရောက်သည့်တိုင်
သခင့်အဆင်းကို မြင်ခွင့်မရ
သခင့်ရနံ့ကို နမ်းခွင့်မကြုံနိုင်သော်လည်း
သခင်နှင့် အဝေးဆုံးအရပ်မှ
သခင်လည်းသိမည်၊ မြင်မည်မဟုတ်သော
"ရေသောက်မြစ်" သည်
သခင့်အတွက်
ရေကြည် ရေစက်တို့ကို
ခက်ခဲစွာ စုပ်ယူဖြန့်ဝေနေနိုင်ရန်
ပို၍ဝေးရာ ဝေးရာ အနက်ဆုံးသို့ ရောက်အောင်
မြေအောက်သို့ တိုးဝင်နေဆဲပါကွယ်။

မှတ်စုစာအုပ်မှာ ရေးခဲ့ဖူးသည်ကို အဆွေးပြန်ပြန်၍ ဆိုကြည့်လိုက်မိပြန်သည်။ ရင်ထဲမှာ ကြေကွဲကျွမ်းမြည့်သော်လည်း ကျေနပ်နိုင်ခဲ့ပါ၏။

■

ဝေးကွာခြင်းနှင့် အချိန်ကာလသည် မေတ္တာတရားကို ပျက်ပြယ် ကွယ်ပျောက်သွားအောင် မစွမ်းဆောင်နိုင်ပါလားကွယ်။ ။

# အရှိမှာ သိပါသည်

မောင်စိန်ဝင်း(ပုတီးကုန်း)

4500 Kyats

54033210002